www.burmeseclassic.com

ဂမ္ဘီရဆန်းကြယ် လုံးချင်း ဝတ္ထု

# မင်းဓက္က

ဓိကြာဒေဝီ




www.burmeseclassic.com



www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓ ဂုဏံ အဟံ ဝန္ဒာမိ


မင်းစက္ကာ—စိတြဒေဝီ

| | | |
|---|---|---|
| အဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၂၈၇၀၁၀၇ |
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၂၀၇၀၂၀၇ |
| ထုတ်ဝေခြင်း | - | ပထမအကြိမ်၊ ၂၀၀၇ ခုနှစ်၊ ဧပြီလ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၂၀၀ ကျပ် |
| အဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဒေါ်မြင့်မြင့်တင် (မြင့်သီဟိပုံနှိပ်တိုက်) အမှတ် (၂၀၈)၊ လမ်း -၃၀၊ ပန်းဘဲတန်း၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | - | ဦးလှနိုင် (မြိတ်စာပေ) အမှတ် ၆၆၊ ဗိုလ်ဥတ္တမလမ်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်။ |
| ဖြန့်ချိရေး | - | မြိတ်စာပေ၊ (ဖုန်း-၇၀၄၄၉၀) အမှတ်-၁၉၀၊ ၃၁ လမ်း၊ ရန်ကုန်။ |
| စီစဉ်သူ | - | ကိုလှနိုင် (မြိတ်) |
| အထက်မြန်မာပြည် ဖြန့်ချိရေး | - | နဂါးစာပေ၊ (မန္တလေး) ထွန်းဦးစာပေ (မန္တလေး) |


BURMESE CLASSIC .com

# မင်းစက္ကာ

# စိတြဒေဝီ

www.burmeseclassic.com

www.burmeseclassic.com

ပဥ္စ ဂုဏ အပဲ ဝန္နာမိ

# ငြိတ်စာပေ

အမှတ် ၁၉၀၊ ၃၁ လမ်း (အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း-၇၀၄၄၉၀

## အခန်းစဉ်

### စိတြဒေဝီ

၁။ ကြာပွတ်ကိုင်သောမိန်းကလေး
၂။ ခေါင်းပွကမ္ဘာ
၃။ အနာဂတ်ဖလ်လုံး
၄။ ပေးဆပ်သူဆရာ
၅။ ရင်ထဲက ဆရာ
၆။ ရေခဲပြင်ခရီး
၇။ ကမ္ဘာမြေအောက်ခရီးအစ
၈။ တိုင်းပြည်အသစ်တစ်ခုလော
၉။ စိတြဒေဝီ
၁၀။ မဏ္ဍိမာသို့အဝင်
၁၁။ အတွေ့မှုးမှုးသင်္ချိုင်းမှာ
၁၂။ လက်ဝါးတောင်ကိုဖြတ်ကျော်၍
၁၃။ ကျောက်မျက်လုံးနှင့် ဝိညာဉ်ချုပ်လိပ်ပြာ
၁၄။ မဂ္ဂကဖိတ်ခေါ်ခြင်း
၁၅။ မဂ္ဂနှင့် တွေ့ဆုံခြင်း
၁၆။ ဘာနုရဲ့ အကြံအစည်
၁၇။ လျှို့ဝှက်ဂူကြီးထဲကတိုက်ပွဲ
၁၈။ နေရာသစ်တစ်ခုဆီကို ရောက်ရှိသွားကြခြင်း
၁၉။ ခေါင်းပွကမ္ဘာကြီးထဲက ရှန်ဘဲလား
၂၀။ ဂူထဲမှာ တဝဲလည်လည်
၂၁။ တောင်ပိုင်းအာဂါသာခရီး
၂၂။ တိုက်ပွဲစတင်ခြင်း
၂၃။ ကောင်းကင်ထက်ကပြာမှုံများ
၂၄။ ဘာနု၏ ဇာတ်သိမ်း
၂၅။ မီးတောင်ပေါက်ကွဲခြင်း
၂၆။ မြေပေါ်ကမ္ဘာဆီသို့

www.burmeseclassic.com

www.burmeseclassic.com

(၁)

# ကြာပွတ်ကိုင်သောမိန်းကလေး

ဆီးနှင်းများက တသောသောဖြင့် ကျဆင်းလျက်ရှိသည်။ အလွှာလိုက်၊ အဖတ်လိုက်၊ တဖွဲဖွဲကျနေကြသည့် နှင်းဖတ်များသည် မိုးရွာသလိုပင်၊ မျက်နှာမူပြီး ရှေ့တည့်တည့်ဆီသို့သွားနေသောသူသည် ဝါးနှစ်ရိုက်ခန့်အကွာအဝေးကိုပင် ကောင်းစွာမမြင်နိုင်။

မြင့်လွန်းသော တောင်ကြီးများသည် ဘေးမှပတ်ပတ်လည်ဝိုင်းရံလျက်ရှိကြသည်။ တောင်ကြားလမ်းများက ပေါများလှသည်။ ဝက်ပါနွယ် အကွေ့အကောက်၊ အတားအဆီးများကလည်း ပေါများလှသည်။ လက်ယှက်ထိုးနေကြသော လမ်းများကလည်းရှိနေကြသည်။

လမ်းတွေပေါ်မှာ နှင်းထုကြီးက ဖုံးလွှမ်းနေလျက်ရှိသည်။ မြေပြင်ထက်မှာ တစ်ထွာလောက်များ ထုထပ်နေကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ နေပြောက်မထိုးနိုင်လောက်အောင်ပင် နှင်းခေါင်မိုးကြီး က ဆီးပြီးမိုးထားသလို ရှိနေသည်။

မြင်းနှစ်ကောင်က,သော ရထားတစ်စီးသည် တောင်ကြားလမ်းတစ်ခုပေါ်မှာ အပြေးနှင်လာနေလျက်ရှိသည်။ မြင်းရထားကြီးပေါ်မှာ မိန်းကလေးတစ်ယောက်၊ လွန်စွာမှချောမောလှပပြီး မဟာဆန်သော မျက်နှာလေးသည် တစ်ခါတစ်ခါမှာ ထက်မြက်သော အသွင်ကို ပြောင်းလဲသွားတတ်သည်။ မြင်းရထားက တလျင်တလျားဖြင့် ပြေးသွားနေစဉ်မှာ မိန်းကလေး၏ ရှည်လျားနက်မှောင်သော ဆံကေသာမျှင်များသည် လေမှာ တဖားဖားဖြင့် လွင့်မျောလျက်ရှိနောကသည်။ မိန်းကလေး၏ ကိုယ်ပေါ်မှာ လေးနှင့်မြားကျည်တောက်ကို လွယ်ထားသည်။ အအိမ်ပါသော ဆောင်မါးကိုလည်း စလွယ်သိုင်းထားသေးသည်။ မြင်းရထားသည် ခရီးတစ်လျောက်လုံး မရပ်မနားတောက်လျှောက်ပင် နှင်လာခဲ့ဟန်တူသည်။ မြင်းကြီးများသည် သန်မာတောင့်တင်းလှသော်လည်း ခရီးဝေးကိုဖြတ်သန်းလာခဲ့ရသောကြောင့် မောပန်းနွမ်းနယ်လျက်ရှိနေကြလေပြီ။

လွန်စွာမှ အေးခဲသောဒေသဖြစ်သော်လည်း မြင်းနှစ်ကောင်သည် ချွေးဒီးဒီးကျနေလျက်ရှိကြသည်။ မိန်းကလေးသည် လှည်းနောက်ကို တစ်ချက်လှည့်ကြည့်လိုက်သည်။ အတော်ခပ်လှမ်းလှမ်းအကွာအဝေးဆီကို လှုပ်ရှားနေသော မည်းမည်းသဏ္ဍာန်များကို တွေ့လိုက်ရသည်။

မိန်းကလေး၏နောက်က လိုက်လာနေကြသော





မြင်းသမားများပင်တည်း။ သူမသည် အံကိုတစ်ချက်တင်းတင်းကြိတ်လိုက်သည်။ ညာလက်မှာကိုင်ထားသည့် ကြာပွတ်ကိုလည်း တစ်ချက်ဝှေ့ယမ်းလိုက်သည်။

"ရှမ်း"

ကြာပွတ်သံကြောင့် မြင်းတွေက တိုးပြီးတော့ ပြေးသွားခဲ့ကြသည်။ ကြာပွတ်က ကိုယ်ပေါ်ကို ကျမလာသော်လည်း အချက်ပေးသံကိုသိကြသည်။ မိမိတို့သခင်မသည် သူတို့ကို မည်သည့်အခါမှ မရိုက်နှက်ခဲ့ပါ။

နောက်မှလိုက်လာကြသည့် မြင်းများမှာ အားလုံးဆယ်ကောင်တိတိရှိကြသည်။ မြင်းသမားတွေကလည်း ဆယ်ယောက်ပင်။ သူတို့၏ ကိုယ်ပေါ်မှာလည်း ဓါး၊ လှံ၊ လေး၊ မြားများကလည်း အပြည့်အစုံပင် ပါလာခဲ့ကြသည်။ ရှေ့မှ မြင်းလှည်းကို သဲကြီးမဲကြီးပင် လိုက်နေကြသူများပင်တည်း။

"ဟိုတ်ရှေ့မှာ တွေ့နေရပြီ၊ သင်း. . ငါတို့လက်က လွတ်မြောက်အောင် မပြေးနိုင်ပါဘူးကွာ၊ မိကိုမိစေရမယ်ဟေ့"

ဘာနုက ကြိမ်းဝါးလိုက်သည်။ သူသည် ခေါင်းဆောင်ပီပီရှေ့ဆုံးကလိုက်လာခဲ့သည်။ သူ့ခေါင်းထဲမှာ သံမှုစွဲအောင် မြဲမြဲစွာမှတ်သားထားသည်က စိတြဒေဝီသည် သူ့လက်ထဲကို ရောက်လာရစေမည်။ သူ့မယားဖြစ်စေရမည်ဟုပင်။

စိတြဒေဝီကလည်း ဘာနု၏လက်ထဲကို လုံးဝအရောက်မခံ၊ အသက်ကိုသာ အသေခံလိုက်မည့်သူ၊ တစ်ခါယ်တော့ ဘာနုသည် ဝက်ဝံကြီးတစ်ကောင်၏ ခန္ဓာကိုယ်မျိုးရှိသူတည်း၊ ခက်ထန်ကြမ်းတမ်းသော မျက်နှာထားရှိသူ ပုတ်မာမှုတစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



ကမ်းခတ်အောင်တတ်မြောက်ထားသူပင်တည်း။

စိတြဒေဝီသည် အခြေအနေကို ရိပ်စားမိလိုက်သည်။ သူ့မြင်းနှစ်ကောင်သည် ကြာကြာပြေးနိုင်ကြမည်မဟုတ်၊ မကြာမီမှာ ဘိုင်းဘိုင်းလဲကျပေရော့မည်။ မိမိအတွက် သူတို့ကို အဟာန့်အတားတစ်ခုခု ပြုနိုင်မှ တန်ကာကျပေလိမ့်မည်။

ထို့ကြောင့် . .

မြင်းဇက်ကြိုးကို ပါးစပ်မှာ အရင်ကိုက်ထားလိုက်သည်။ ကျောဘက်ရှိ ကျည်တောက်ထဲမှာ မြားတွေကအပြည့်၊ လက်နောက်ပြန်နှိုက်ယူလိုက်ရာ မြားငါးချောင်းက ပါလာခဲ့သည်။

ကိုယ်ကိုနောက်သို့လှည့်ပြီး မြားတံဝါးချောင်းကို ညို့မှာ တစ်ခါတည်းတင်လိုက်သည်။ မြား၏အရင်းပိုင်းသည် ညို့မှာ စုစည်းပြီးတင်နေကြသော်လည်း မြားအချွန်ပိုင်းကတော့ ရှေ့မှာယပ်တောင်သဏ္ဌာန်ခွဲဖြာပြီး လေးကိုင်းမှာထိထားကြသည်။

စိတြဒေဝီသည် လေးညို့ကို တင်းတင်းဆွဲလိုက်သည်။ နှုတ်ခမ်းအထိရောက်လာခဲ့သည်။ မြင်ကွင်းထဲကို မြင်းသမားများက တည့်တည့်ကြီးတိုးဝင်လာခဲ့ကြသည်။ ထို့နောက် လေးညို့ကိုလက်မှ လွှတ်လိုက်လေသည်။

“ဝှစ် . . ”

“ဝှီး . . ”

မြားငါးစင်းသည် ညို့မှ တစ်ပြိုင်တည်းထွက်သွားခဲ့ကြသည်။ ပြင်းထန်သော ညို့၏ကန်အားကြောင့် အသံက ကျယ်လောင်မြည်ဟည်းသွားခဲ့လေ၏။ မြားငါးစင်းစုပေါင်းပြီး ထွက်သွားခဲ့သော အသံကြီးက ပတ်ဝန်းကျင်ကို ရိုက်ခတ်သွားခဲ့ကြသည်။ လေကိုခွင်းပြီး တဟုန်ထိုးပင် ထွက်သွားခဲ့ကြသည်။





မြားများသည် အမြင့်ကိုတက်သွားခဲ့ကြပြီး မြားတံ တစ်ချောင်းနှင့်တစ်ချောင်း ဝေ့ကာ၊ ဝိုက်ကာ၊ ယှက်ကာ၊ လေထဲမှာ ကစားခဲ့ကြသည်။ အံ့ဘွယ်ကောင်းလှပေစွ၊ ထို့နောက် . . တစ်နေရာတည်းမှာ ပြန်ပြီးစုဆုံသွားကြပြီး အမြင့်ကို တရှိန်ထိုးပင်, တက်သွားခဲ့ကြလေသည်။

နောက်မှလိုက်လာကြသော ဘာနုနှင့် မြင်းသမားများသည် စိတြဒေဝီ၏လှုပ်ရှားမှုကို မမြင်တွေ့လိုက်ကြ၊ နောက်ကသာ တရမန်းကြမ်းပင် လိုက်လာနေကြလေသည်။

မြင်းတစ်ချို့ပေါ်က လေးသမားများက မြင်းကိုလက်လွှတ်စီးကာ လေးနှင့်မြားကို ထုတ်ယူလိုက်ကြသည်။

“ဟေ့ . . ဟေ့၊ မင်းတို့မပစ်ကြနဲ့၊ လူကိုမှန်သွားလိမ့်မယ် . . ”

ဘာနုက ဟန့်တားလိုက်သည်။ သို့သော် . .

“လူကို မပစ်ဘူး၊ မြင်းကိုပစ်မှာ . . မြင်းကိုထိမှ ဆက်ပြီးမပြေးနိုင်တော့ပဲ လှည်းပါမှောက်သွားမှာပေါ့ . . ”

တစ်ယောက်က စောဒက တက်ကာပြောလိုက်သည်။ သူတို့လည်း နောက်ကနေ တောက်လျှောက်လိုက်လာခဲ့ကြရသည်မှာ ပင်ပန်းခဲ့ကြလေပြီ၊ ဘာနုသည် သူ့လူများ၏ဆန္ဒကို နားလည်လိုက်သည်။ အပြစ်မယူလိုတော့။

“အေး . . ကောင်းပြီ၊ မြင်းကိုထိအောင်ပစ်၊ လူကို



www.burmeseclassic.com

www.burmeseclassic.com



မမှန်စေနဲ့. . ”

လေးသမားနှစ်ယောက်သည် မြင်းများကို ဒူးနှစ်ဖက်ဖြင့်ညှပ်၍စီးကာ. . အဆိပ်လူးမြားများကို ညို့မှာတင်လိုက်သည်။

ထိုစဉ်. .

စိတြာဒေဝီပစ်လိုက်သည့် မြားတံများသည် ကောင်းကင်ထက်မှဝေ့ကာဝိုက်ကာ ကစားပြီးနောက် အောက်ကို တရှိန်ထိုးပင် ကျဆင်းလာခဲ့ကြသည်။

“ဝိုး. . ”

“ဟာ. . မြား. . မြားတွေ”

တစ်ယောက်က မြားတံများကို ရိပ်ကနဲဆို မြင်လိုက်ရ၍အော်ပြီး သတိပေးလိုက်သည်။ နောက်ကျသွားခဲ့လေပြီ။

မြားတံများသည် လူငါးယောက်၏ လည်မျိုရင်ဝနှင့်လက်မောင်းစသည်တို့ကို ဖောက်ဝင်သွားခဲ့ကြသည်။

“အား. . ”

“အား”

ဘာနုသည် ရိပ်ကနဲမြင်လိုက်သော မြားတံကို ဓါးဖြင့်ရိုက်ထုတ်ပစ်လိုက်သော်လည်း မမီတော့၊ မြားသည် အသက်ဝင်နေသည့်အလား ကွေ့ဝိုက်ရှောင်တိမ်းသွားပြီ သူ့လက်မောင်းကိုစိုက်ဝင်သွားခဲ့လေတော့သည်။ သူ့ကိုမြားထိသွားပြီကို ဘာနုသိလိုက်ရသည်။ အသည်းကြောင်သူမဟုတ်၊ သွေးရဲသူဖြစ်၍အံကိုကြိတ်ကာ ခံလိုက်သည်။ ထို့နောက် မြားတံကို လက်ဖြင့်ဆွဲနှုတ်ပစ်လိုက်လေသည်။





လေးသမားနှစ်ယောက်သည် မြားကထိသွားခဲ့ကြသည့်။ တစ်ယောက်ကလည်မျို၊ တစ်ယောက်ကရင်ဝ၊ သို့သော် သတ္တိကောင်းကြပြီး အသည်းမာကြသူများဖြစ်ကြသည်။ နှစ်ယောက်စလုံးဒဏ်ရာကိုယ်စီရထားကြသည့်အထဲက မြားတွေကိုပစ်လွှတ်လိုက်ကြသည်။

“ဝှစ်”

“ဝှစ်”

မြားများသည် လေကိုခွင်းကာ ထွက်သွားခဲ့ကြသည်။ စိတြာဒေဝီသည် သူမဆီကို မြားများပစ်လွှတ်လိုက်ပြီကို သိလိုက်သည်။

ချက်ချင်းလိုလိုပင် မြားတံများက သူမဆီကို ရောက်လာခဲ့ကြသည်။ မြားတံတစ်ချောင်းကို လေးကိုင်းဖြင့် ရိုက်ထုတ်လိုက်နိုင်သည်။ တစ်ချောင်းကတော့ မြင်းတစ်ကောင်ကို ထိမှန်သွားခဲ့လေသည်။

“ဟီး. . ဟီး. . ဟီး. . ဟီး”

မြင်းသည် နာကျင်စွာဖြင့် အော်လိုက်သည်။ ကဆုန်ပေါက်သွားသည်။ မြင်းရထားသည် သိမ့်သိမ့်ခါသွားခဲ့ရသည်။ သူမသည်ပင် မြင်းရထားပေါ်မှာ ကတိမ်းကပါးဖြစ်သွားခဲ့ရသည်။

သို့သော်. .

မြင်းလိမ္မာကြီးသည် ဒဏ်ရာရထားသော်လည်း ပြန်လည်၍ တည်ငြိမ်လာပြီး ကျန်မြင်းကောင်တစ်ကောင်နှင့်အတူ ဆက်ပြီးပြေးသွားခဲ့သည်။



www.burmeseclassic.com

"တောက်၊ ဘာနု၊ ငါ့ကို တောက်လျှောက်လိုက်ပြီး အနှောင့်အယှက်ပေးတယ်၊ သင်းရင်လည်းသေမှ၊ ငါရင်လည်း သေမှအေးမယ်. . "

စိတြာဒေဝီက ကြိမ်းဝါးလိုက်သည်။ ဘာနုမှာလည်း သူအပါအဝင် လူခြောက်ယောက်သာကျန်တော့သည်။ စိတြာ့ဒေဝီ၏နောက်ကို တောက်လျှောက်လိုက်နေကြဆဲ၊ မြင်းရထားနှင့် တော်တော်လေးကို နီးကပ်လာခဲ့လေပြီ။

"ဟိတ်. . ဒေဝီ၊ နင်မပြေးနဲ့တော့. . ငါ့လက်က လုံးဝကို မလွတ်နိုင်တော့ဘူး၊ ရပ်လိုက်စမ်း၊ ရထားကို ရပ်လိုက်စမ်း. . "

ဘာနုသည် နောက်ကနေ အော်ဟစ်ပြီး သတိပေးလိုက်သည်။ သူသည် မြားဆိပ်တက်ကာ မျက်လုံးတွေပင် ပြာဝေလာခဲ့လေပြီ၊ မာန်သွင်းကာ ပြောလိုက်ရပေမယ့် အားကမရှိတော့။

"ဟား. . ဟား. . ဟား. . ဟား သူ့အိုကြီး၊ ကျွန်မကို ရှင်. . မိအောင်ဖမ်းလေ၊ ဒီအတိုင်းတော့ အညံ့မခံဘူးဟေ့၊ အသက်ချင်းလဲပစ်လိုက်မယ်၊ ငါ့နောက်က လိုက်မလာနဲ့၊ ရှင်လည်း မြားဆိပ်သင့်ပြီး မကြာခင်မှာ သေရတော့မှာ. . "

"အေး. . ငါပဲ သေမလား၊ နင်ပဲ ငါ့လက်ထဲကို ရောက်လာမလားဆိုတာ စောင့်ကြည့်ကြသေးတာပေါ့"

ဘာနုကလည်း စိတ်ကိုတင်းကာ ပြောလိုက်လေ၏။ သူ့ကိုယ်သူလည်း သိပ်ပြီးမဟာန်နိုင်တော့၊ စိတြာဒေဝီသည် မြင်းကောင်းတစ်ကောင်တည်းနှင့် ဘယ်လိုမှပြေး၍ မရနိုင်





ကြောင်းကို သဘောပေါက်သွားခဲ့ရသည်။ နောက်က မြင်းများသည်လည်း နီးကပ်သထက်နီးကပ်လာခဲ့လေပြီ၊ နောက်ထပ် မြားများပစ်လွှတ်ရန် အခွင့်ကမသာတော့၊ ထို့ကြောင့် မြင်းရထားပေါ်မှာပါလာသော ငွေသေတ္တာလေးကို ကောက်ယူလိုက်သည်။ ဘာနုက မြင်သွားခဲ့လေ၏။

"ဟိတ်၊ အဲ့ဒီသေတ္တာကိုထားခဲ့၊ မင်းယူမသွားနဲ့. . "

"ဒါရှင်နဲ့ ဘာဆိုင်လို့လဲ၊ လုံးဝမပတ်သက်ဘူး"

စိတြာဒေဝီသည် မြင်းကောင်းပေါ်ကို လွှားကနဲဆို ခုန်တက်လိုက်သည်။ ထို့နောက် ရထားနှင့်တွဲထားသော မြင်းများ၏ကိုယ်ပေါ်မှ သားရေပတ်ကြိုးများကို ဓါးဖြင့်ဖြတ် တောက်ပစ်လိုက်လေသည်။

မြင်းတွေကတခြား၊ လှည်းကတစ်ခြားဖြစ်သွားခဲ့ရသည်။ စိတြာဒေဝီက မြင်းကိုဒုန်းစိုင်းကာ နှင်သွားခဲ့သည်။ နောက်မှာကျန်ခဲ့သော မြင်းရထားသည် အရှိန်ဖြင့် လိမ့်ပြီး လိုက်ပါလာခဲ့သည်။

"ဟာ. . ဟိုမှာ စိတြာဒေဝီ ညာဏ်များသွားပြီ. . "

ဘာနုသည် လွတ်လွတ်ကျွတ်ကျွတ် ထွက်ပြေးသွားသော စိတြာဒေဝီ၏နောက်ကို သဲကြီးမဲကြီးပင် လိုက်လေတော့သည်။ မြင်းရထားကလည်း ရှေ့မှာ အရှိန်ဖြင့် ပြေး၍ကောင်း နေဆဲ၊

မြားဒဏ်ရာရသွားခဲ့သော မြင်းကြီးသည် တစ်ကောင်တည်းတော်တော်ကလေးကို ပြေးသွားနေခဲ့ပြီးမှ ဒုန်းထောက်ပြီးတော့ လဲကျသွားခဲ့လေ၏။ ထို့နောက်. . တုံးလုံးပစ်လဲသွားခဲ့သည်။

www.burmeseclassic.com



စိတြာဒေဝီသည် မြင်းလိမ္မာကြီး၏ နောက်ဆုံးအခြေအနေကို မြင်တွေ့လိုက်ရလေသည်။ သွားပြီ၊ သခင်မအပေါ်မှာ အသက်သေသည်အထိ တာဝန်ကျေပြွန်ခဲ့သော မြင်းလိမ္မာကြီး၊ သူရဲကောင်းပီသစွာပင် ကျဆုံးခဲ့ရလေပြီ။

သူမကို ကျောပေါ်မှာတင်ဆောင်ပြီး ခေါ်လာခဲ့သော မြင်းကြီးသည်လည်း မယုတ်လျော့သေးသော ခွန်အားဖြင့် ပြေးနေဆဲပင်။ ခွာတစ်ချက်ရုတ်လိုက်တိုင်းမှာ နှင်းဖတ်တွေက ဖွားကနဲ၊ ဖွားကနဲပင်. . လွင့်စင်ပြီးတော့ ထွက်သွားခဲ့ကြသည်။

ရှေ့မှာ ချောက်ကြီးတစ်ခု။

အသူရာနက်ရှိုင်းလှသည့် ချောက်ကြီးက ဆီးပြီးတော့ ခံနေသည်။ ဘယ်လောက်မှ မဝေးတော့၊ ပြေးလမ်းမရှိတော့သည့်အခြေအနေကို သူမ. . သိလိုက်သည်။ သို့သော်. .

ဣန္ဒြေမပျက်ပင် မြင်းကို ဒုန်းစိုင်းကာ ဆက်၍နှင်သွားခဲ့သည်။ နောက်မှ. . ဘာနုတို့ကလည်း တရမန်းကြမ်းပင် လိုက်လာနေကြဆဲ၊ စိတြာဒေဝီသည် မြင်းပေါ်မှနေ၍ နောက်ကို တစ်ချက်လှည့်ကြည့်လိုက်သည်။

ဘာနုသည် အရှိန်ဖြင့် ပြေးနေဆဲရှိသော မောင်းသူမဲ့ မြင်းရထားကြီးနှင့် ယှဉ်ပြီးတော့ လိုက်ပါလာနိုင်ခဲ့သည်။ ဘာနု၏ မျက်လုံးအစုံသည် မြင်းရထားပေါ်မှာ ခလောက်ဆံနေသော ငွေရောင်သေတ္တာလေးတစ်လုံးကို တွေ့သွားခဲ့ရသည်။

"ဟင်. ."

သူအံ့အားသင့်သွားပြီး မြင်းပေါ်မှနေ၍ လှမ်းကာ ကောက်ယူလိုက်သည်။ ငွေသေတ္တာလေးကို ရလိုက်၍





ဝမ်းလည်းသာသွားခဲ့ရသည်။ စိတြာဒေဝီဆီကို ငွေသေတ္တာလေး တစ်လုံးပါသွားခဲ့သည်ကို သိလျက်နှင့် မေ့လျော့သွားခဲ့ရသည်။ ငွေသေတ္တာလေးက လက်ထဲကိုရောက်လာသည်နှင့် သေတ္တာ အဖုံးလေးက အလိုလိုပင် ပွင့်သွားကာ ဖြူဖြူအငွေ့များက ထွက်ပေါ်လာသည်။ ထိုအငွေ့များသည် ဘာနုနှင့် သူ့လူများဆီကို ချက်ချင်းပင်ရောက်သွားခဲ့သည်။

"အား. ."

"အား"

မျက်နှာပြင်တစ်ခုလုံး မီးအပူရှိန်အဟပ်ခံလိုက်ကြရသလို. . နီရဲသွားခဲ့ကြသည်။ အားလုံးအငိုက်မိသွားခဲ့ကြလေပြီ။ ထို့နောက် မျက်နှာအရည်ပြားပေါ်မှာ အမြှုပ်များထွက်ပေါ်လာကြသည်။ အခိုးအငွေ့များကလည်း တငွေ့ငွေ့ဖြင့် ထွက်လာခဲ့ကြလေရာ. .

"အား"

"အား"

တခဏအတွင်းမှာ အားလုံး ေမြင်မကာန်းနှင့် ဖြစ်သွားခဲ့ကြရသည်။ မြင်ကွင်းတွေကို အမှောင်ဖုံးသွားခဲ့ကြရသည်။

ဘာနုသည် စိတြာဒေဝီ၏လှည့်ကွက်ထဲမှာ အမိခံလိုက်ရလေပြီ။ ငွေသေတ္တာသည် အတုသာလျှင်ဖြစ်ခဲ့ကြောင်းကို အသိနောက်ကျခဲ့လေပြီတည်း၊ စိတြာဒေဝီ၏ ပဥ္စလက်အတတ်ပညာသည် အံ့ဩစရာပင်။

ရှေ့မှာ ချောက်ကြီးက နီးသည်ထက်နီးလာခဲ့သည်။ စိတြာဒေဝီသည် သူ၏မြင်းကြီးကို အရှိန်မလျော့ပဲ လျင်မြန်သော



www.burmeseclassic.com

www.burmeseclassic.com



အဟုန်ဖြင့် တင်လိုက်သည်။ မြင်းကြီးကလည်းပဲ လာမည့်ဘေးကို မြင်လျက်နှင့် ခြေကုန်တင်ကာ ပြေးနေဆဲ၊ ချောက်ကြီးက မိန်းကလေးဆီကို ပြေးလာနေသည်။

"ကိုင်း"

မြင်းကြီးသည် ချောက်ကြီးကို လွှားကနဲဆို ခုန်ကျော်သွားခဲ့လေသည်။ နက်ရှိုင်းလှသော အသူရာချောက်ကြီးကို ကျော်ဖြတ်သွားပြီးမှ တစ်ဖက်ကို ချောမောစွာပင် ကျရောက်သွားခဲ့လေသည်။

နောက်မှလိုက်ပါလာကြသော ဘာနုတို့လူစုသည် ရှေ့မှာချောက်ကြီးက ပါးစပ်ကြီးဟကာ စောင့်ကြိုနေသည်ကို မသိ. . မမြင်၊ တခဏအကန်းပမာ ဖြစ်သွားခဲ့ကြသော မျက်လုံးတွေက မှောင်နဲ့မည်းမည်း။

မြင်းတွေကို တဟုန်ထိုးနှင်သွားခဲ့ကြရာက အေးကနဲ စိမ့်ကနဲအထိအတွေ့ကို ခံစားလိုက်ကြရသည်။ မြင်းများ၏ ခြေထောက်များမှာ မြေပြင်နှင့် လွတ်သွားခဲ့ကြလေ၏။ အသူရာ ချောက်ကြီးထဲမှ ပင့်ပြီးတိုက်ခတ်လာခဲ့သော လေက တဟူးဟူးနှင့် အော်မြည်နေလျက်ရှိကြရာ. . ဘာနုနှင့် သူ့လူများက သိလိုက်ကြလေပြီ။ မိမိတို့သည် ချောက်ကြီးတစ်ခု ထဲသို့ ထိုးပြီးကျသွားခဲ့ကြလေသည်တကား။

"အား"

"အား. . "

(၂)

# ခေါင်းပွကမ္ဘာ

သူ့ကို လူထူးလူဆန်းတစ်ယောက်ဟု အပေါင်းအသင်းများက ယူဆထားကြသည်။ သူဆိုသည်မှာ မျိုးဆက်၊ အသက်က နှစ်ဆယ့်ငါးနှစ်ကျော်ရုံလောက်ပဲ ရှိသေးသည်။ လောကကြီး၏ အတွေ့အကြုံကို ကောင်းကောင်းသိထားခဲ့လေပြီ။ မြန်မာပြည် တစ်နံတလျားသာမက အာရှတိုက်၊ ဥရောပတိုက်၊ အမေရိကန်တိုက်တစ်တိုက်လုံးကိုပင် ပြုပြစ်င်အောင် လှည့်လည်ခဲ့ပြီးဖြစ်သည်။

ပထဝီကို အထူးစိတ်ဝင်စားသူပီပီ ယင်းဘာသာရပ်ကို အထူးစိတ်ဝင်စားကာ သင်ယူခဲ့သည်။ ပထဝီမြေကြီးနှင့် သက်ဆိုင်သော (GEOGRAPHY) ပညာကို ဒေသနာအရ သင်ကြားခဲ့သည်။ ထို့ကြောင့် GEOGRAPHY ပထဝီမြေကြီး ကျွမ်းကျင်သူဖြစ်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မျိုးဆက်သည် ကြွယ်ဝချမ်းသာသောမိဘများမှ ဆင်းသက်လာသူပီပီ၊ အဆင့်အတန်းမြင့်စွာနေတတ်သော်လည်း အောက်သက်လည်းကြေသူတစ်ဦးဖြစ်သည်။ မရှိဆင်းရဲသားများ၏ဘဝကို စာနာတတ်ကာ ကိုယ်တိုင်လည်း အောက်ခြေဆင်းကာ လေ့လာခဲ့သူပင်။

ထို့ကြောင့် လူချစ်လူခင်များသည်။ မိမိထက် နိမ့်ကျသူများကိုလည်း စာနာတတ်ကာ ပေးကမ်းရက်ရောတတ်သူဖြစ်၍ သူ့မှာ ရန်သူမရှိပေ။ မိတ်ဆွေအပေါင်းအသင်းများသာ တိုးပွားလာခဲ့လေသည်။

မျိုးဆက်သည် လွန်စွာမှ လျို့ဝှက်တတ်သူဖြစ်သည်။ သူသည် ပထဝီဘာသာရပ်ကို စိတ်ဝင်စားသူဖြစ်သည်။ ဆရာဝန်တစ်ယောက်ဖြစ်နိုင်သော်လည်း ဆေးကျောင်းမတက်ပဲ သာမန်ဘာသာရပ်တစ်ခုကိုသာ သင်ကြားပြီး ဘွဲ့တစ်ခုကိုရအောင် ယူလိုက်သည်။

တစ်ရက်တွင်. .

စီးပွားရေးလုပ်ငန်းရှင်များ၊ အတတ်ပညာရှင်များ၊ ဘာသာရေးသမားများ၊ စာပေဝါသနာအိုးများ၊ စသည့် မိတ်ဆွေများနှင့် စကားအတူပြောဖြစ်ကြသည်။ ထိုသူတွေများထဲတွင် မျိုးဆက်သည် အငယ်ဆုံးဖြစ်သည်။

"မောင်မျိုးဆက်က ငါတို့အထဲမှာ အနေအထိုင်သိုသိပ်တယ်၊ လျို့ဝှက်ချက်တစ်ခုခုကတော့ အမြဲပဲရှိနေတယ်လို့ထင်တယ်၊ ဘဝမှာ ပြည့်စုံနေတဲ့သူဖြစ်လို့ စီးပွားရေးအတွက်ကတော့ မပူရပါဘူး၊ ဒါပေမယ့် ဦးအကဲခတ်မိရသလောက်





ဆိုရင်. . ကြီးမားတဲ့အကြံအစည်တစ်ခုခုတော့ ရှိနေလိမ့်မယ်လို့ထင်တယ်. ."

လူတစ်ယောက်၏အင်္ဂါရုပ်ကို ဖတ်တတ်သော ဦးရွှေနိုးကမျိုးဆက်ကိုကြည့်ပြီး ဝေဖန်လိုက်သည်။ တစ်ကယ်တော့ မည်သည့်စကားများ မျိုးဆက်ဆီက ထွက်လာလိမ့်မလည်းဟု နှိုက်ထုတ်လိုက်ခြင်းပင်။ လူငယ်တစ်ယောက်၏ အနေအထိုင်၊ အပြုအမူတွေကို လူကြီးတွေက ဥပေက္ခာပြုမထားကြပဲ စိတ်ဝင်စားနေကြသည်က ထူးခြားချက်တစ်ခုပင်။

ဦးရွှေနိုး၏စကားကြောင့် မျိုးဆက်က မည်သို့တုန့်ပြန်စကားပြောလိမ့်မည်မလဲဟု အားလုံးက မျှော်လင့်နေကြလေသည်။

"ကျွန်တော့်မှာ လျို့ဝှက်ချက်ဆိုတာ မရှိပါဘူး၊ ဒီအတိုင်းပါပဲ. . ဒါပေမယ့် ယုံကြည်လက်ခံထားတာကတော့ ရှိတယ်. ."

"မောင်မျိုးဆက်က ဘာကိုယုံကြည်လက်ခံထားတာလဲ၊ ကြီးပွားရေးလား. . စီးပွားရေးလား. ."

အတတ်ပညာရှင် ဦးတိတ်စိန်က ရေလာမြောင်းပေးသဘောဖြင့် ကြားဖြတ်ပြီး မေးလိုက်သည်။ ဦးတိတ်စိန်သည် ဂန္ဓာလရာဇ်တိုင်းဖြစ်နာမည်ကြီး တရုတ်ကြွေပန်းအိုးကြီးများကို မြန်မာနိုင်ငံမှာပင် လက်ရာမြောက်စွာ ဖန်တီးကာ ရောင်းချနေသူဖြစ်သည်။ ပန်းအိုးကြီးများအပြင် ရေတကောင်းကြီးများ၊ ကြွေသောက်ရေခွက်များကိုလည်း ပြုလုပ်ပြီးရောင်းချနေသူဖြစ်သည်။ ယင်းပစ္စည်းများပေါ်မှာ ရေးဆွဲတတ်သော ဆေးရေး



www.burmeseclassic.com

www.burmeseclassic.com



ပန်းချီအလှအပများသည် အသက်ဝင်ကာ လက်ရာမြောက်လွန်းလှသည်ဖြစ်၍ လူတိုင်းစိတ်ဝင်စားကြသည်။ ကမ္ဘာအရုပ်ရုပ်ကို တင်ပို့ရောင်းချရကာ ယင်းလုပ်ငန်းဖြင့် အတော်ပင်စီးပွားဖြစ်လျက်ရှိသည်။

"ကျွန်တော်တို့ရဲ့ ကမ္ဘာကြီးဟာ ခေါင်းပိတ်မဟုတ်ပဲ ခေါင်းပွဖြစ်နေတယ်ဆိုတာ ဦးယုံပါသလား. ."

"ဘာ. . ဘာကွယ့်၊ မင်း ဘာပြောလိုက်တယ် မောင်မျိုးဆက်၊ ကမ္ဘာကြီးဟာ ခေါင်းပွကြီးမဟုတ်ပဲ၊ အာ. . မဟုတ်သေးပါဘူး၊ ခေါင်းပိတ်ကြီး မဟုတ်ပဲ ခေါင်းပွဖြစ်နေတယ်. . ဟုတ်လား"

မိမိတို့သည် မောင်မျိုးဆက်ဆီက သိချင်သည်က တခြား၊ ဖြေလိုက်သည်က တစ်ခြားကြောင့် နားမလည်နိုင်အောင်ပင်ဖြစ်သွားခဲ့ကြရသည်။

"ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော်တို့ အခုနေထိုင်တဲ့ ကမ္ဘာကြီးဟာ ခေါင်းပွကြီးတစ်ခုဖြစ်နေပြီး ကမ္ဘာဝမ်းခေါင်းကြီးထဲမှာ မြို့ကြီးတွေရှိကြတယ်တဲ့၊ အဲ့ဒါကို သုတေသီတွေ၊ ပညာရှင်တွေက ပြောကြတယ်. ."

"ဖြစ်နိုင်ပါ့မလားကွယ်၊ ကမ္ဘာကြီးဟာ ခေါင်းပွကြီးတစ်ခုဖြစ်နေမယ်ဆိုရင် ငါတို့လို မြေပေါ်မှာ နေထိုင်ကြတဲ့ လူသားတွေ၊ တိုက်တာတွေ၊ အဆောက်အဦးတွေ၊ သစ်ပင်တွေ. . အစရှိတဲ့အရာတွေအားလုံးဟာ တစ်နေ့မဟုတ် တစ်နေ့အောက်ကိုကျွံပြီးတော့ ကျသွားကြမှာပဲ. .

ကမ္ဘာမြေကြီးရဲ့ အောက်မှာ မြို့ပြအဆောက်အဦးတွေ





တည်၊ လူတွေနေထိုင်ကြတယ်ဆိုတာ သာပြီးတော့ မဖြစ်နိုင်ကြသေးတယ်၊ လေကို ဘယ်လိုရှုကြမလဲ၊ ဘယ်မှာလည်း အလင်းရောင်၊ ဘယ်မှာလည်း အသက်မွေးဝမ်းကြောင်း. . စိုက်ပျိုးဖို့မြေတွေ. ."

ကုန်သည်ကြီး ကိုမိုးက စကားကိုဝင်ထောက်လိုက်သည်။ သူသည် ကုန်ဈေးနှုန်းအတက်အကျ၊ ကုန်ပစ္စည်းများကို မည်သည့်အချိန်မှာစပြီးရောင်းလျှင် တွက်ခြေကိုက်မည်။ မည်သည့်အချိန်မှာ ပြန်ရောင်းလျှင် အမြတ်အစွန်းများများ ရရှိမည်။ ဒါလောက်ပဲသိသူဖြစ်သည်။

"၁၉၂၆ ခုနှစ်က အမေရိကန်ရေတပ်ဗိုလ်ချုပ် ရစ်ချတ်အီးဘ(ဒ်)ဟာ မြောက်ဝင်ရိုးစွန်းပေါ်မှာ လေယာဉ်တစ်စီးနဲ့ ပျံသန်းပြီးရောက်ရှိခဲ့တယ်တဲ့၊ တောင်ဝင်ရိုးစွန်းပေါ်ကိုတော့. ၁၉၂၉ ခုနှစ်က ရောက်ခဲ့တယ်တဲ့. ."

"နေပါဦး၊ ငါတို့အခု ဆွေးနွေးနေတဲ့ စကားနဲ့ မင်းပြောနေတာတွေက ဘယ်လိုများ ပတ်သက်နေလို့လဲ. ."

ကိုမိုးကပင် မေးလိုက်လေ၏။ မျိုးဆက်က လက်ကာပြလိုက်ပြီး. .

"ကျွန်တော့်စကားမဆုံးသေးပါဘူး ခင်ဗျာ၊ တဆိတ်ကျေးဇူးပြုပြီးတော့ သည်းခံပြီးနားထောင်ပေးပါ၊ ဗိုလ်ချုပ်ရစ်ချက်အီးအတ်(ဒ်)ဟာ သမိုင်းတွင်စေတဲ့ ပထဝီဝင်ဆိုင်ရာ ရှာဖွေတွေ့ရှိချက်ကြီးကို ဖြစ်လာစေတဲ့သူပါ၊ သူဟာ တကယ့် ဂမ္ဘီရနယ်မြေစစ်စစ်ကြီးတစ်ခုဆီကိုရောက်ခဲ့တာ အမှန်ပါပဲ"

"ဂမ္ဘီရနယ်မြေစစ်စစ်ကြီး ဟုတ်လား၊ စိတ်ဝင်စားလာ



www.burmeseclassic.com

www.burmeseclassic.com



ပြီကွယ်၊ ဆက်ပြီးပြောပြပါဦး. . ”

ဦးရွှေနိုးက တစ်ကယ်ပင် စိတ်ဝင်စားသွားခဲ့ရသည်။ မျိုးဆက်ကတော့ မည်သူတွေ စိတ်ဝင်စား. . မဝင်စား၊ စကားကို စ,ပြီးမှတော့ ပြောလက်စနှင့်ဆက်ပြီး ပြောရတော့သည်။

“သူရဲ့နေ့စဉ်မှတ်တမ်းထဲမှာ သူဟာ ကမ္ဘာ့အတွင်းပိုင်း လောကထဲကို ရောက်ခဲ့တယ်လို့ ဆိုထားပါတယ်၊ သူ့ရဲ့အဖော်တွေနဲ့အတူ ၁၇-မိုင်ခရီးအထိ ရောက်သွားခဲ့ကြပါတယ်၊ အဲ့ဒီမှာ တောင်တန်းတွေ၊ ရေကန်တွေ၊ မြစ်တွေ၊ စိမ်းလန်းတဲ့ စိုက်ခင်းတွေနဲ့ တိရစ္ဆာန်တွေကိုလည်း တွေ့ခဲ့ကြရတယ်လို့ ဆိုပါတယ်. .

သူတို့တွေ့ခဲ့ရတဲ့ တိရစ္ဆာန်တွေကတော့ သမိုင်းမတင်မီခေတ်က သတ္တဝါကြီးတွေဖြစ်နေကြတယ်၊ ကြောက်စရာလည်း သိပ်ကောင်းကြတယ်တဲ့. . ”

“ကမ္ဘာမြေကြီးရဲ့အောက်မှာ အဲ့ဒီလိုအခြေအနေမျိုး ရှိနေကြသလား၊ အင်း. . ဆက်စမ်းပါဦးကွယ်”

ဦးရွှေနိုးသည် တစ်ကယ်ပင် စိတ်ဝင်စားသွားခဲ့ရသည်။ သူသည် အထူးအဆန်းများကိုသာ နားထောင်ရမည်ဆိုလျှင် ထမင်းစားဖို့ရန်ပင် သတိရသူမဟုတ်၊ ကလေးဆန်သည်ဟု ဆိုရမည်လား။

“ရစ်ချက်အီး၊ ဘာ့(ဒ်)ဟာ ခေါင်းပွကမ္ဘာကြီးထဲမှာ သိပ်ပြီးဖွံ့ဖြိုးတိုးတက်နေတဲ့ မြို့ကြီးတွေကိုလည်း တွေ့ခဲ့ရတယ်တဲ့၊ ကမ္ဘာ့ဝမ်းခေါင်းကြီးထဲမှာရှိနေတဲ့ အပူချိန်ကတော့ ၇၄ ဒီဂရီဖာရင်ဟိုက်ရှိတယ်လို့ သိရပါတယ်၊ သူဟာ အဲ့ဒီမြို့ကြီးကို အဖော်တွေနဲ့အတူ ရောက်သွားခဲ့တယ်လို့ သိရပါတယ်၊





မြေအောက်နိုင်ငံကြီးကို အာဂါသာ (AGARTHA)လို့ခေါ်ပါသတဲ့၊ အဲ့ဒီအာဂါသာရဲ့ မြို့တော်ကြီးကတော့ ရှမ်ဘဲလား ပါပဲတဲ့. . ”

“တော်လောက်ပါပြီကွယ်၊ ယုံတမ်းစကား. . ယုံတမ်းပုံပြင်တွေကို မောင်ရင်က တစ်ထစ်ကျလက်ခံထားတာကိုးကွယ့်၊ လူတွေဟာ အင်မတန်စိတ်ကူးယဉ်တတ်တဲ့ သူတွေပဲကွယ့်၊ ထူးထူးဆန်းဆန်းတွေကို ချဲ့ကားပြီးတော့ ယုတ္တိယုတ္တာရှိအောင် ကြံဖန်ပြီးပြောတတ်ကြတယ်၊ မောင်ရင့်လို နုနယ်တဲ့ ဦးနှောက်လေးက ဒါတွေကို လက်ခံထားတယ်ဆိုရင်တော့ သဘာဝလောကကြီးက ပြောင်းပြန်မြင်နေတာပဲ. . ”

ဦးရွှေနိုးကပင်လျှင် မျိုးဆက်ကို ရှုံ့ချစကားဆိုလိုက်သည်။ မျိုးဆက်က အပြုံးမပျက်ပဲ. .

“တစ်ကယ်တော့ သဘာဝလောကကြီးထဲမှာကိုက ထူးခြားဆန်းကြယ်မှုတွေက ပြည့်နေကြတာပါ ဦး၊ လူသားတွေ လိုက်မမီနိုင်တဲ့ အကြောင်းအရာအဖြစ်အပျက်တွေဟာ အများကြီးပဲရှိနေကြပါတယ်၊ တစ်ကယ့်ဖြစ်တည်မှုနဲ့ ကမ္ဘာ့မြေအောက်တစ်နေရာမှာ ရပ်တည်နေနိုင်ကြတဲ့ သီးခြားကမ္ဘာတစ်ခုမရှိနိုင်ပါဘူးလို့ ဘယ်သူမှ မငြင်းဆိုနိုင်ပါဘူး. . ”

“ကျွန်တော်တို့ကတော့ မြေပေါ်လောကပေါ့၊ ထပ်ပြီးပြောရဦးမယ်၊ မြေအောက်လောကမှာလည်း မြေပေါ်မှာလိုပဲ ကိုလိုနီနယ်ပယ်တွေ အများကြီးရှိကြတယ်တဲ့၊ အဲ့ဒီအထဲမှာ ရှမ်ဘဲလားဟာလည်း တစ်ခုအပါအဝင်ပါပဲတဲ့၊ ဦးတို့က စိတ်မဝင်စားကြဘူးဆိုရင်တော့ ဆက်ပြီးမပြောတော့ပါဘူးလေ. . ”



www.burmeseclassic.com

www.burmeseclassic.com



"မောင်မျိုးဆက် ယုံကြည်လက်ခံထားတယ်ဆိုတာက ဘာကိုလဲ. . "

ဦးတိတ်စိန်က စကားအစဦးကာလကို ပြန်ကောက်လိုက်သည်။ အားလုံး၏မျက်နှာက မျိုးဆက်ဆီကို လှည့်သွားခဲ့ကြပြန်သည်။

"ကျွန်တော်ကတော့ ကမ္ဘာ့ခေါင်းပွကြီးရှိနေတယ်ဆိုတာကိုလက်ခံတယ်၊ ယုံတယ်. . စကြာဝဠာအနန္တရှိသလို ကမ္ဘာမြေကြီးရဲ့ အောက်ခေါင်းပွကမ္ဘာကြီးထဲမှာလည်း တိုင်းပြည်တွေ၊ မြို့ကြီးပြကြီးတွေ၊ လူတွေရှိနေကြတယ်ဆိုတာ ယုံတယ်"

"ဟင်. . "

"ဟာ. . "

အားလုံး၏နှုတ်မှ အာမေဋိတ်သံအသီးသီးက ထွက်ပေါ်လာခဲ့ကြလေသည်။ မျိုးဆက်ကို အတွေးခေါင်သော လူငယ်တစ်ယောက်ဟု မှတ်ချက်ချလိုက်ကြသည်။

"ကမ္ဘာ့အတွင်းပိုင်းကိုဆင်းတဲ့ လိုဏ်ပေါက်ကြီးတွေဟာ မြောက်ဝင်ရိုးစွန်းနဲ့ တောင်ဝင်ရိုးစွန်းရဲ့ တစ်နေရာမှာရှိရလိမ့်မယ်၊ အဲ့ဒီမှာ. . ကမ္ဘာမြေကြီးရဲ့ ဗဟိုချက်ရှိနေလိမ့်မယ်လို့ ကျွန်တော်ယုံကြည်လက်ခံထားတယ်. . "

မျိုးဆက်၏စကားကြောင့် အားလုံးက သက်ပြင်းချလိုက်ကြလေသည်။ မည်သူကမှ လက်မခံကြသေးချေ။



## (၃)
## အနာဂတ်ဗလီလုံး

မျိုးဆက်သည် လူငယ်တစ်ယောက်ပေမယ့် တစ်ချို့က တစ်ယူသန်သူ မိမိ၏ယုံကြည်ချက်သည်ပင် အမှန်ဟု တရားသေအစွဲကို လက်ကိုင်ထားသူတစ်ယောက်ဟု ရင်းနှီးသောသူများက ယူဆထားကြသည်။

သို့သော်. .

မျိုးဆက်၏ အထုံပါရမီကြောင့် ဘူမိဗေဒပညာရပ်ကို စွဲမြဲစွာ လိုက်စားခဲ့သည်ကိုက ကမ္ဘာမြေကြီး၏ အကြောင်းတို နက်နက်နဲနဲသိထားသူမို့ လူသာမန်တို့နှင့် အငြင်းပွားစရာ ဖြစ်ခဲ့ရသည်ပဲလား၊ သူ့စကားကို မည်သူကမှ လက်မခံနိုင်ကြ၊ ယင်းကလည်း ပညာရပ်တစ်ခုကို လေးစားရ ဘူမိဗေဒ ပညာရှင်တစ်ဦးဦးမဟုတ်ခဲ့ကြ၍ လူပြိန်းဆန်ဆန်လက်မခံနိုင်ကြခြင်းပင်ဖြစ်ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"သူတို့နဲ့ ငါ ပြင်းခုန်နေလို့က အပိုပဲ၊ ဘာအကြောင်းမှ ထူးလာမှာ မဟုတ်ဘူး၊ ခေါင်းပွကမ္ဘာကြီးနဲ့ ပတ်သက်တဲ့ အယူအဆကို ငါလက်ခံထားတယ်ဆိုတဲ့ လျှို့ဝှက်ချက်သာ လူသိသွားတယ်၊ တော်ပြီ . . နောက်ကို ဒီကိစ္စနဲ့ပတ်သက်ပြီး လူပုံအလယ်မှာ မဆွေးနွေးတော့ဘူး၊ ငါတစ်ချက်မှားသွားပြီ"

မိမိကို ဇီဇာကြောင်သူ၊ ကိုယ်ထင်ရာကိုယ်တွေးပြီး ရူးနှမ်းနေသူဟု ထင်ကြလည်း ဂရုမစိုက်ပါ။ မဟောသဓာထုံး နှလုံးမူပြီး လျှို့ဝှက်ချက်ကို မည်သူ့ကိုမှ မပြောသည်က အကောင်းဆုံးပင်။ နှုတ်ဆိတ်ခါ နေတတ်သူတစ်ယောက်က ယခုလို နှုတ်ဆော့မိလိုက်သည့်အတွက် အပြစ်တစ်ခု ပြုလုပ်မိ လိုက်သလိုပင်။

"ကိုယ့်ထက်အသက်ကြီးကြပေမယ့်လည်း ကိုယ့်လောက် အတွေ့အကြုံမရင့်ကျက်ကြလို့ပဲ၊ ဗဟုသုတနည်းပါးကြလို့ပဲလေ၊ အဲ့ဒီလူတွေဟာ သဘာဝတရားရဲ့ ဆန်းကြယ်မှုကို မသိကြ ပေဘူး. ."

ထိုသူများက မိမိ၏အယူအဆကို လက်မခံကြသည့် အတွက် မကျေမနပ်မဖြစ်မိတော့၊ အားလုံးသာ အယူအဆချင်း သာတူနေကြမည်ဆိုလျှင် အမှန်တွေချည်းကိုသာလက်ခံသော သူများ၊ အမှားချည်းကိုသာ လက်ခံကြသောသူများ ဖြစ်လာကြ လိမ့်မည်။

မျိုးဆက်သည် မိဘများနှင့်အတူမနေပဲ အိမ်ခွဲပြီးတော့ နေသည်။ လွတ်လပ်မှုကို လိုလားသောကြောင့်ဖင်၊ သို့တစေ. . လူငယ်တစ်ယောက်ဖြစ်သော်လည်း မကောင်းမှုမှန်သမျှ





ထိမ်းနိုင်သူဖြစ်သည်။ အတွေးအခေါ်၊ အယူအဆများအမြဲ တိုးတက်စေရန် ကြိုးစားနေသူတစ်ဦးပင်တည်း။ မိဘနှစ်ပါးက တောင်ကြီးမှာ စီးပွားရေးအခြေကျစွာဖြင့် နေနိုင်ကြပြီး သားဖြစ်သူကို လိုလေသေးမရှိအောင် ထောက်ပံ့ထားလေ သည်။ နောင်တစ်ချိန်လိုအပ်သောအချိန်တွင် မိဘများ၏ ရတနာရောင်းဝယ်ရေးအလုပ်ကို ဦးစီးကာ လုပ်ကိုင်ရမည် ဖြစ်၏။

လောလောဆယ်မှာတော့ သားဖြစ်သူကို အလိုလိုက် ထားလေသည်။ တစ်ပတ်တစ်ကြိမ်တော့ ဖုန်းနှင့်အဆက် အသွယ် လုပ်ကြသည်။

တစ်ရက်တွင် မျိုးဆက်သည် ဗဟန်းဘက်ကိုရောက် လာခဲ့သည်။ ရှေးဟောင်းပစ္စည်းဆိုင်သုံးလေးဆိုင်ကို ဝင်ကြည့် သည်။ စိတ်ဝင်စားစရာတွေ့လျှင်လည်း ဝယ်တတ်သည်။ စိတ်တိုင်းကျ ပစ္စည်းရှာမတွေ့၍ ကြားတောရလမ်းဘက်သို့ လျှောက်လာခဲ့စဉ်မှာ . .

"နင်. . ငါ့ကို လိုက်ပြီးမနှောင့်ယှက်နဲ့နော်၊ ငါ့မှာ ပိုက်ဆံတစ်ပြားမှ ပါမလာဘူး၊ သွား. . သွား"

"လုပ်မနေစမ်းပါနဲ့၊ နင့်မှာ ပိုက်ဆံတွေပါလာတယ်ဆို တာ. . ငါသိတယ်၊ အခုချက်ချင်းပေးစမ်း၊ နာသွားချင်လို့လား"

လူတစ်ယောက်က ဂျစ်(ပ်)စီမလေးတစ်ယောက်ကို အနိုင်ကျင့်နေသည့် မြင်ကွင်းပင်၊ ထိုသူသည် ရိုလားဒိန်တစ် ယောက်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖက်ကလည်း သူမ၏ လက်မောင်းတစ်ဖက်ကို ဆုပ်ကိုင်ထား သည်။

"ဟော့ကောင်၊ မင်း. . သူ့ကို မနှောင့်ယှက်ရင် ကောင်း လိမ့်မယ်. ."

မျိုးဆက်က နောက်ကနေ လျှောက်လာပြီး ဝင်တား လိုက်သည်။ ကုလားဒိန်သည် လက်တစ်ဖက်က ဂျစ်(ပ်)စီမလေး ၏လက်မောင်းကို ဆုပ်ကိုင်ထားရင်းက လှည့်ကြည့်လိုက်သည်။

"ဟော့ကောင်၊ မင်းနဲ့ ဘာဆိုင်လို့ ဝင်ရှုပ်တာလည်းကွ၊ အခုချက်ချင်းထွက်သွားစမ်း. ."

"မင်း. . မိန်းကလေးတစ်ယောက်ကို အနိုင်ကျင့်ပြီး စော်ကားနေလို့ ငါက တားဆီးနေရတာကွ၊ ထွက်သွားရမှာက မင်း၊ သဘောပေါက်လား. ."

"ဩော်. . မင်းက လူစွမ်းကောင်းဝင်လုပ်ချင်တယ် ပေါ့လေ၊ ဟုတ်လား. . သေချင်ပြီထင်တယ်"

ထိုသူသည် ဘောင်းဘီအိတ်ထဲက မောင်းပြန်ဓါးကို ထုတ်လိုက်ကာ. .

"ဖြောင်း"

ခလုတ်ကိုနှိပ်လိုက်သည်နှင့် ခြောက်လက်မအရှည်ရှိ သည့်ဓါးက ကန်ပြီးတော့ ထွက်လာခဲ့သည်။ ထို့နောက်. . မျိုးဆက်ကို ထိုးထည့်လိုက်လေတော့သည်။

"အို. ."

ဂျစ်(ပ်)စီမလေး၏နှုတ်မှ အထိတ်တလန့်သံထွက်ပေါ် လာခဲ့လေသည်။ မျိုးဆက်သည် ကုလားဒိန်၏ဓါးကိုင်လက်ကို





ပုတ်ထုတ်ပစ်လိုက်သည်။ တရှိန်ထိုးဝင်လာခဲ့သော ဓါးကိုင်လက် က. . လမ်းလွဲသွားခဲ့လေ၏။ မျိုးဆက်သည် ကုလားဒိန်၏ လက်ကောက်ဝတ်ကို ပုတ်ထုတ်လိုက်သော လက်နှင့်ပင်၊ ဆတ်ကနဲဆို ဆုပ်ကိုင်လိုက်ပြီး လိမ်ချိုးလိုက်လေ၏။

"အား. ."

နာကျင်စွာဖြင့် အော်လိုက်သံက အကျည်းတန်စွာဖြင့် ထွက်ပေါ်လာခဲ့လေသည်။ ဓါးလွတ်ကျသွားသည်။ မှတ်လောက် သားလောက်အောင်ထပ်ပြီး ဆုံးမလိုက်ဦးမည်ဟု ဆုံးဖြတ် လိုက်သည်။

"ခွပ်"

"အား"

ညာလက်သီးတစ်လုံးက မေးရိုးကိုပင့်ပြီးကော်တင် လိုက်သည်။ ကုလားဒိန်သည် ခေါင်းလန်သွားပြီး ပလက်ဖောင်း ပေါ်ကို ပစ်ကျသွားခဲ့ရလေ၏။

"မင်းထွက်သွားစမ်း၊ ပေကပ်ကပ်လုပ်နေဦးမယ်ဆိုရင် တော့. . သည့်ထက်ပိုပြီးတော့ နာမယ်. ."

ကုလားဒိန်သည် အသားနာတော့လည်း ကြောက်သွား ခဲ့ရသည်။ လူပုံကန္တဲ့သလိုထင်ရပေမယ့် မျိုးဆက်၏လက်သီးက မန္တဲ့ပြင်းလှသည်။ တစ်ချက်လောက် မြည်းစမ်းကြည့်လိုက်ခဲ့နှင့် ကောင်းကောင်းသဘောပေါက်သွားခဲ့ရပြီ။

ထို့ကြောင့်. .

အောက်မှာကျနေသော ဓါးကိုပင်မကောက်နိုင်တော့ပဲ မျိုးဆက်ကို ပေစောင်းစောင်းနှင့်ကြည့်ကာ နေရာမှ ထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့လေတော့သည်။ မျိုးဆက်က ဓါးကိုကောက်ယူလိုက်သည်။ ထွက်နေသော ဓါးကို ခလုတ်နှိပ်ကာ အထဲကို ပြန်သွင်းလိုက်သည်။

ဂျစ်(ပ်)စီမလေးသည် မျိုးဆက်ကို အံ့အားတသင့်ဖြင့် ကြည့်နေရာက အနားကို လျှောက်လာခဲ့သည်။

"ရှင်က တော်တော်သတ္တိကောင်းတာပဲ၊ ရှင်သာဝင်ပြီး မကူညီရင် ကျွန်မကြိုးစားပြီးရှာထားတဲ့ငွေတွေ ဟိုကောင် လက်ထဲပါသွားတော့မှာ. ."

"ကျွန်တော့်မှာ ကူညီရမယ့် ဝတ္တရားရှိပါတယ်၊ သူ. . ခင်ဗျားကို နောက်ထပ်နှောင့်ယှက်ရဲမှာ မဟုတ်တော့ပါဘူး"

"အဲ့ဒီအတွက် ကျေးဇူးအများကြီးတင်ပါတယ်၊ အဲ့ဒီ ကျေးဇူးကို ကျွန်မဘယ်လိုစပ်ရပ့ါမလဲ. ."

"ကျေးဇူးရယ်လို့ သဘောမထားပါဘူး၊ အဲ့ဒီအတွက် ခေါင်းထဲမှာ မထားပါနဲ့. ."

ဂျစ်(ပ်)စီမလေးသည် မျိုးဆက်ကို စကားတစ်ခွန်းပြော ရန်ရည်ရွယ်လိုက်စဉ်မှာပင် အမှတ်မထင် သူမ၏မျက်ဝန်း တွေထဲမှာ အရောင်ပြောင်းလဲသွားသလို. .

"အို. . ရှင့်မှာ ထူးခြားမှုတွေရှိနေတယ်၊ ဘဝတစ်ခုလုံး အပြောင်းအလဲတွေနဲ့ ကြုံရတော့မယ်၊ မဟုတ်သေးဘူး. . ဒီလိုပြောလို့မဖြစ်သေးဘူး၊ ကျွန်မသေသေချာချာကြည့်ပေး ချင်တယ်၊ ရှင်. . ကျွန်မနဲ့လိုက်ခဲ့ပါလားဟင်. ."

မျိုးဆက်,တစ်ချက်တော့ တွေဝေသွားခဲ့ရသည်။ ဂျစ်(ပ်)စီမလေးသည် မိမိ၏အနာဂါတ်ကို ဟောကိန်းထုတ်ချင်



သည်ထင်ပါ၏။ မိမိငြင်းပယ်မိလိုက်လျှင်လည်း သူမ၏ တက်ကြွနေသော စေတနာနှင့် ဆန္ဒကို ဥပေက္ခာပြုရာ ရောက် ပေလိမ့်မည်။

"ကျွန်တော်က ဘယ်ကိုလိုက်ရမှာလဲ၊ ကျွန်တော့်မှာ ကားပါလာတယ်၊ လာလေ. . သွားကြတာပေါ့"

ဂျစ်(ပ်)စီမလေးသည် သူမ၏စေတနာကို အသိအမှတ် အပြုခံလိုက်ရသည့်အတွက် ကျေနပ်သွားခဲ့ရလေ၏။

တစ်ခဏအကြာတွင်. .

မျိုးဆက်က ဂျစ်(ပ်)ဆီမလေးကို သူမ၏ကားလေးဖြင့် ခေါ်သွားခဲ့လေသည်။ မဂိုလမ်း(ရွှေဘုံသာလမ်း)ဘက်ဆီကို ဖြစ်လေသည်။

မကြာမီမှာပင်. .

ဂျစ်(ပ်)စီမလေး ညွှန်ပြသော ခြံဝင်းကျယ်ကြီးတစ်ခုထဲ သို့ကားကို မောင်းဝင်သွားခဲ့လေသည်။

ကြီးမားသော ခြံဝင်းကျယ်ကြီးတစ်ခုထဲမှာ ဟောင်းနွမ်း နေသော တစ်ထပ်တိုက်ပုပုလေးတစ်လုံးက ငြိမ်သက်စွာပင် ရှိနေပါ၏။

မျိုးဆက်သည် ဂျစ်(ပ်)စီမလေး ညွှန်ပြသည့်အတိုင်း ပေါ်တီကိုရှေ့မှာ ကားကိုရပ်လိုက်သည်။ သူမသည် ကားပေါ်မှ ဆင်းကာ အိမ်တံခါးကို သော့နှင့်ဖွင့်ပြီး ဝင်သွားခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲကိုရောက်သွားသောအခါ မျိုးဆက်သည် ဂျစ်(ပ်)စီမလေး၏အခြေအနေကို အံ့အားသင့်ပြီးတော့ ကြည့်နေမိသည်။

"ရှင်. . အံ့အားသင့်နေတယ်နဲ့တူတယ်၊ ဒီအိမ်ဟာ ကျွန်မ အပိုင်မဟုတ်ပါဘူး၊ အိန္ဒိယကိုပြန်သွားတဲ့ ကုလားသူဌေးတစ်ယောက်က ကျွန်မကိုပေးခဲ့တာပါ၊ သူ့ကို ကျွန်မက အနာဂတ်ဟောကိန်းတစ်ခု ထုတ်ပေးခဲ့လေတော့. . အင်းမှန်သွားတယ်ပေါ့လေ

သူဘဝကလည်း အကြီးအကျယ်ပြောင်းလဲသွားခဲ့တယ်၊ ဒီမှာမဟုတ်ဘူး၊ ဘုံဘေမှာ. . သူ့လုပ်ငန်းတွေက အဆသုံးဆယ်လောက်တိုးတက်အောင်မြင်သွားခဲ့တယ်. .

ဒါကြောင့်မို့ သူလည်း ကျေးဇူးတင်ပြီးတော့ ဒီအိမ်ကြီးကိုအပ်ထားပြီး ပြန်သွားတာပဲ၊ ပြန်လာတော့မယ်တော့ မထင်မိပါဘူးလေ. .

ဂျစ်(ပ်)စီတစ်ယောက်ဟာ အိမ်နဲ့အတည်တကျနေနေရလို့ အံ့အားသင့်နေတာလား. ."

"ကျွန်တော် လူတစ်ယောက်ကို ဒီလိုအထင်သေးတတ်တဲ့ စိတ်မျိုးလည်း မထားတတ်ပါဘူး၊ ဒါပေမယ့် နည်းနည်းတော့အံ့အားသင့်သွားမိတာ အမှန်ပဲ. ."

မျိုးဆက်က ဝန်ခံလိုက်သည်။ ဂျစ်(ပ်)စီမလေးက လှပသောအပြုံးလေးဖြင့် တုံ့ပြန်လိုက်ပြီး. .

"ရှင်က. . ပွင့်လင်းတယ်၊ ကောင်းတယ်၊ ကဲ. . ရှင့်ကို ကျွန်မမေးချင်တယ်"





"မေးပါ. . ဘာမေးမှာလဲ"

"အနာဂတ်ဟောကိန်းဆိုတာကို ရှင်ယုံသလား"

"ဒီလိုပညာမျိုးကို ကျွန်တော်ကြားဖူးနားဝရှိထားပါတယ်၊ သက်သေအထောက်အထားတွေနဲ့ မှန်ကန်ချက်တွေကိုလည်းလေ့လာမှတ်သားဖူးပါတယ်. ."

"ရှင်က အပေါ်ယံရှပ်ပြီးတော့ ပြောလိုက်တာကိုး၊ ကိုယ်တိုင်ကော ယုံကြည်မှုရှိသလား"

"ယုံကြည်မှုဆိုတာထက်. . လက်ခံသင့်သလောက်တော့လက်ခံထားပါတယ်၊ ကျွန်တော် မပယ်ရှားပါဘူး. ."

"ကျွန်မသဘောပေါက်ပြီ၊ ကိုယ်တွေ့အကြုံသေးတော့ မသိသေးဘူးပေါ့လေ၊ ကဲ. . ရှင့်ရဲ့အနာဂတ်ကို ကြည့်ကြစို့. ."

ဂျစ်(ပ်)စီမလေးသည် မျိုးဆက်ကို အခန်းလေးတစ်ခုဆီကို ခေါ်သွားခဲ့သည်။ ဆယ်ပေပတ်လည်အခန်းလေးတစ်ခုပင်ဖြစ်သည်။ အခန်းထဲမှာ စားပွဲတစ်လုံး၊ ကုလားထိုင်နှစ်လုံးရှိသည်။ စားပွဲပေါ်မှာ စာအုပ်ထူကြီးများကို သုံးလေးအုပ်တွေ့လိုက်ရသည်။

စိတ်တန်ခိုးနှင့် ပတ်သက်သော ဗေဒင်၊ လက္ခဏာများနှင့်ပတ်သက်သော ဝိဇ္ဇာဉ်နှင့်သက်ဆိုင်သော စာအုပ်များပင်၊ အားလုံးသည် အင်္ဂလိပ်ဘာသာ၊ ဟိန္ဒူဘာသာ၊ သက္ကတဘာသာစသည်တို့ဖြင့် ရေးသားထားလေ၏။ ဤစာအုပ်များကို ဂျစ်(ပ်)စီမလေးကပဲ ဖတ်လေသလား၊ အိန္ဒိယသို့ပြန်သွားသော သူကြီး၏ စာအုပ်တွေပဲလား မပြောတတ်ပါ။

သို့သော်. .



www.burmeseclassic.com

www.burmeseclassic.com



ဂျစ်(ပ်)စီမလေးကား အင်္ဂလိပ်စကားပြောရာ၌ လေယူလေသိမ်းကအစ ပီပြင်လှပေသည်။ မျိုးဆက်သည် နိုင်ငံတစ်နိုင်ငံတွင် ခရီးလှည့်လည်နေကြသော ဂျစ်(ပ်)စီများကို တွေ့ခဲ့ရဖူးလေသည်။

ဆိုရလျှင်. .

ဂျစ်(ပ်)စီများသည် ခြေသလုံးအိမ်တိုင်သမားများ ဖြစ်ကြလေသည်။

စားပွဲပေါ်မှာ အခြားပစ္စည်းတစ်ခုလည်းရှိသေး၏။ အဝတ်နက်စလေးဖြင့် ဖုံးအုပ်ထားသော အရာတစ်ခု။

သူမက ထိုအဝတ်စလေးကို ဖယ်ရှားပစ်လိုက်သော အခါ ဖလ်လုံးကြီးတစ်လုံးက ပေါ်လာခဲ့လေသည်။

"ရှင့်ရဲ့အနာဂတ်ကို ဒီဖလ်လုံးကြီးပေါ်မှာ ထင်မြင်လာအောင်ကြည့်လို့ရတယ်၊ အတိတ်ကာလက အကြောင်းကိုလည်း ပြန်ပြီးကြည့်လို့ရတယ်၊ ကဲ. . ပြောပါ အတိတ်ကိုကြည့်မလား၊ အနာဂတ်ကိုကြည့်မလား"

သူမသည် မျိုးဆက်၏ မျက်လုံးများကို စူးစိုက်၍ကြည့်ကာ. . မေးလိုက်လေ၏။ ဆွဲငင်အားပါရှိသော မျက်ဝန်းတစ်စုံဖြစ်နေသည်ကို သိလိုက်ရ၏။

မျိုးဆက်သည် ထိုအတတ်ပညာများကို နားမလည်သော်လည်း လူဆိုသည်မှာ အတိတ်ကဖြစ်ပြီးခဲ့သည်များထက် ရှေ့ဖြစ်မည့်အရာများကို ပို၍ပြီးတော့ စိတ်ဝင်စားတတ်ကြသူများ ဖြစ်ကြလေရာ. .

"ရှေ့ဖြစ်ကိုပဲ သိချင်ပါတယ်"





ဟု သူမ ကျေနပ်အောင် ပြောလိုက်ရလေ၏။ သူမသည် အခန်းတံခါးကို ပိတ်လိုက်သည်။ ပြင်ပမှ အလင်းရောင်မဝင်သောအခါ မှောင်ရီရီလေးဖြစ်သွားခဲ့လေ၏။ ဖလ်လုံးက အလယ်၊ သူမက တစ်ဖက်မှာ. . မျိုးဆက်က စားပွဲ၏တစ်ဖက်မှာရှိနေကြလေ၏။ ဂျစ်(ပ်)စီမလေးသည် ဖလ်လုံးကို စူးစိုက်ကာကြည့်နေပြီး နှုတ်မှ တစ်ခုခုကို ရွတ်ဆိုလျက်ရှိနေလေသည်။

သူမ၏မျက်ဝန်းတွေသည် တဖြည်းဖြည်းအရောင်တောက်ပလာနေသည်ဟု ထင်ရသည်။ မျက်နှာလေးကလည်း ပို၍ပြီးတော့ ဝင်းလက်လာခဲ့လေသည်။ ယခုအချိန်တွင် အခန်းထဲ၌ နှစ်ယောက်တည်းရှိနေကြ၍ လှပသော မိန်းကလေးတစ်ယောက်နှင့်အတူနေရသော ပုရိသယောကျ်ားတစ်ယောက်အတွက် စိတ်လှုပ်ရှားစရာပင်ဖြစ်သည်။ သို့သော် မျိုးဆက်မှာ ထိုကဲ့သို့သော မသမာသည့်စိတ်မျိုး မဖြစ်ပေါ်ခဲ့ပေ။

"ကဲ. . အစ်ကိုတော်၊ ကျွန်မရဲ့ မျက်လုံးတွေကို ခဏလောက်ကြည့်နေလိုက်စမ်းပါ"

သူမ၏အသုံးအနှုန်းက ပြောင်းလဲသွားခဲ့သည်။ အစ်ကိုတော်ဟု လေးလေးစားစားနှင့် ခေါ်လိုက်လေသည်။ မျိုးဆက်ကလည်း ဂျစ်(ပ်)စီမလေး၏ ရွှန်းလက်တောက်ပသော မျက်ဝန်းတွေကို စိုက်ကြည့်နေလိုက်လေ၏။

တစ်ခဏအတွင်းမှာပင် မိမိ၏အသည်းနှလုံးများကို စွမ်းအားရှင်တစ်ဦးဦးက ဆွဲနှုတ်ပြီးတော့ ယူလိုက်သည်ဟု ခံစားလိုက်ရလေ၏။ ရင်ထဲမှာလည်း ဘာမှမရှိတော့သလို ဟာလာဟင်းလင်းကြီး ဖြစ်သွားခဲ့ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်. .

ခေါင်းထဲမှာ မူးနောက်သလိုလို၊ ဝေရီထွေပြားသော အာရုံက ပူးကပ်လာသလိုဖြစ်သွားခဲ့ရလေသည်။

ခန္ဓာကိုယ်လည်း တစ်ချက်ယိမ်းယိုင်သွားသလို ခံစားလိုက်ရ၍ စားပွဲစွန်းကိုပင် လက်ဖဝါးဖြင့် ဆုပ်ကိုင်ထားမိရလေသည်။ မျက်လုံးတွေက ရှေ့မှာထိုင်နေသော ဂျစ်(ပ်)စီမလေးကိုပင် မမြင်နိုင်တော့သလို ဖြစ်သွားခဲ့ရလေသည်။ တစ်ခဏကြာပြီးနောက်. .

"ကဲ. . ဘရာသား၊ ဖလ်လုံးကို ကြည့်လိုက်ပါ၊ စိတ်ကို တင်းမထားပါနဲ့၊ လျှော့ထားပါ. . သက်တောင့်သက်သာ အနေအထားနဲ့ပဲ ကြည့်နေပါ. ."

သူမဆီက အသံက နားထဲကိုဝင်လာခဲ့လေသည်။ ခေါင်းထဲမှ အလင်းရောင်တစ်ခုက လက်ကနဲဆိုဖြစ်သွားပြီး အကြည်ဓါတ်ကြီးက လွှမ်းမိုးလာခဲ့သည်။ မျက်လုံးအကြည့်သည် ဖလ်လုံးကြီးဆီကို ရောက်သွားခဲ့လေသည်။

စိတ်သည် အရာရာကို ဦးဆောင်သည်ဖြစ်ရကား အားကောင်းသော စိတ်ဓါတ်ခွန်အားတစ်ခုကို မိမိပိုင်ဆိုင်လိုက်ရသည်ဟု ထင်မိလိုက်လေသည်။

[ဂျစ်(ပ်)စီမလေး၏ ပဥ္စလက်အတတ်ပညာမှော်သွင်းမှုခရီးကိုကြည့်ကြပါစို့]

ဖလ်လုံးကြီးသည် တစ်ဖက်သို့ တိုးလျှိုပေါက်မြင်နိုင်သော်လည်းပဲ ကြည့်နေရင်းမှာပင် နို့နှစ်ရောင်တဖြည်းဖြည်း ပြောင်းလဲသွားခဲ့လေသည်။



စက္ကန့်များစွာအထိ မြင်ကွင်းက အဖြူထည်သက်သက် ရှိနေသေးသည်။ နောက်တော့ လှုပ်ရှားမှုများက ပေါ်လာခဲ့ကြလေသည်။ အစကနဦးမှာ ပေါ်လာသည်က ဆီးနှင်းများကျနေသော ပတ်ဝန်းကျင်တစ်ခု။

ခပ်ဝေးဝေးတွင် ဖြူဆွတ်သော တောင်တန်းကြီးများကိုလည်းတွေ့လိုက်ရလေသည်။

[ရေခဲတောင်ကြီးများဖြစ်နိုင်သည်. . .]

နေရာလမ်းတစ်လျှောက်လုံးသည် ဆီးနှင်းများဖုံးလွှမ်းလျက်ရှိသော သစ်ပင်ကြီးများ၊ လမ်းများဖြစ်နေကြသည်။

တစ်ခါတစ်ရံမှာ ရေခဲတောင်ကျားကြီးတစ်ကောင်၊ နှစ်ကောင်သည် တောထဲမှာ ဖြတ်သွားဖြတ်လာလုပ်နေလျက်ရှိနေကြသည်။ မြင်ကွင်းက တစ်မျိုးပြောင်းလဲသွားခဲ့ပြန်လေသည်။

ရေခဲများ၊ ဝါးမြိုထားသော ဂူလိုဏ်ကြီးတစ်ခုက မျက်စိရှေ့မှာပေါ်လာခဲ့ပြန်သည်။ ဂူလိုဏ်ကြီးထဲကို မျိုးဆက်ရောက်သွားခဲ့သည်။ အောက်ကိုဆင်းသော တွင်းပေါက်ကြီးတစ်ခုကို တွေ့လိုက်ရလေသည်။

တွင်းပေါက်ကြီးသည် ဒယ်အိုးပမာရှိနေသည်။ တွင်းနံရံပတ်ပတ်လည်တွင် ကျောက်ထစ်များ၊ ဂမူများကျောက်ချွန်များကရှိနေသည်။ အောက်ကိုငုံ့ကြည့်လိုက်ရာတွင် အသွားရာနက်လှကြောင်း စိတ်ထဲက အလိုလိုနေရင်း သိနေမိသည်။ ချောက်ကြီးထဲကို ဆင်းသွားခဲ့လျှင် မည်သည့်နေရာသို့ရောက်သွားနိုင်မလဲဟု အလိုလိုပင် သိချင်နေမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်. .

နောက်ထပ်မြင်ကွင်းတစ်ခုက ရောက်လာခဲ့ပြန်သည်။ မြို့ကြီးတစ်မြို့ပင်ဖြစ်သည်။ တစ်မြို့လုံး ပြိုးပြိုးပြက်ပြက်နှင့် ရွှေရောင်၊ ငွေရောင်တောက်ပနေလျက်ရှိသည်။

ယင်းမြို့ကြီးသည် ရှေးဟောင်းမြို့တော်ကြီးဖြစ်ပြီး မြင့်မားသောတောင်ကြီးများပေါ်မှာသော်လည်းကောင်း၊ တောင်စောင်းများပေါ်မှာသော်လည်းကောင်း၊ တောင်အောက်မှာသော်လည်းကောင်း၊ အိမ်များကို တည်ဆောက်ထားကြသည်။

လှိုဏ်မြောင်ချောက်ကမ္ဘားကြီးများကိုလည်း တွေ့လိုက်ရသည်။ ထူးခြားသော အဝတ်များကို ဝတ်ဆင်ထားကြသော မြို့သူမြို့သားများသည် ပြုံးရွှင်ရယ်မောကာ သွားလာနေကြသည်။

ထိုမြင်ကွင်းများလည်း တဖြည်းဖြည်း မှုန်ဝါးဝါးနှင့် ပျောက်ကွယ်သွားခဲ့ကြလေသည်။

ထို့နောက်. .

မိမိ၏မျက်စိရှေ့မှောက်ကို ဖျတ်ကနဲဆို ရောက်လာခဲ့သော သဏ္ဍာန်တစ်ခု၊ အနီးကပ်မျက်နှာချင်းဆိုင် တွေ့လိုက်ရသောကြောင့် အံ့အားသင့်သွားသလိုပင် ခံစားလိုက်ရလေသည်။ သူတွေ့လိုက်ရသည်ကား မိန်းကလေးတစ်ယောက်ပင်၊ မျက်နှာလေးကနုနယ်လှပလွန်းနေပြီး ကျော့ရှင်းသောကိုယ်ဟန်ရှိသည်။ ရှည်လျားနက်မှောင်သော ဆံကေသာမျှင်များသည် လေမှာ လွင့်မျောနေကြသည်။





မိန်းကလေးသည် သားမွေးအကျီကို ဝတ်ဆင်ထားပြီး အချိုးအဆက်ကျသော ခန္ဓာကိုယ်လေးက ပေါ်လွင်လျက်ရှိသည်။ ကျောထက်မှာလည်း လေးနှင့်မြားကို လွယ်ပိုးထားလေသည်။

သူမရပ်နေသော အနေအထားသည် မျိုးဆက်နှင့် မျက်နှာချင်းဆိုင်ဖြစ်နေသည်။ မျက်နှာချင်းက လွန်စွာမှပင် နီးကပ်လျက်ရှိသည်။ မိန်းကလေး၏အပြုံးကို သူမွေးထွေးစွာ ရရှိလိုက်ချိန်မှာ ရင်ခုန်သွားခဲ့ရသည်။

သူ့ကို တမင်ပြုံးပြနေသလိုဖြစ်နေသည်။ နှုတ်ခမ်းဖူးဖူးလေးက ရွရွလှုပ်နေကာ စကားပြောတော့မလိုပင် ရှိနေသည်။ ထူးခြားသည်က သူမ၏နဖူးပြင် နာသယ်အထက်တွင် မှဲ့လေးတစ်လုံးကရှိနေသည်။ ထူထပ်သော မျက်ခုံးမွေး တစ်စုံသည် နှာယောင်ထက်မှာလာပြီး ဆုံမိ...ကာမလိုရှိသည်။ မှဲ့နက်လေးနှင့် နီးကပ်လျက်ရှိသည်။

နဖူးပြင်အလယ်ဗဟိုတည့်တည့်တွင်ရှိသော မှဲ့ကို ရတနာဆံကျစ်ဟုခေါ်သည်။ ထိုမှဲ့ပိုင်ရှင်မိန်းကလေးများသည် လင်ကောင်းသားကောင်းကို ရတတ်လေသည်။

မိန်းကလေး၏ ရှန်းလက်သော မျက်ဝန်းလေးတွေသည် မျိုးဆက်ကို ရွှန်းရွှန်းစားစားနှင့်ကြည့်နေလျက် ရှိနေလေရာ မျိုးဆက်မှာ ဖလ်လုံးကိုလက်နှင့်ကိုင်မိတော့မလိုပင်ဖြစ်သွားခဲ့ရလေသည်။

ထိုစဉ်. .

မြင်ကွင်းက ဝါးလာပြီး ပျောက်ကွယ်သွားခဲ့လေတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဖလ်လုံးသည် အဖြူထည်ကြီးအဖြစ် ကျန်ရစ်ခဲ့သည်။ ထို့နောက် တဖြည်းဖြည်းနှင့်ပြန်ပြီးတော့ ကြည်လင်လာခဲ့လေ၏။

ထိုအခါ. .

မျိုးဆက်၏ ရင်ထဲမှာ ဟာပြီးတော့ကျန်ရစ်ခဲ့ရသည်။

"ကဲ၊ ဘာတွေကိုမြင်လိုက်ရသလဲ ကျွန်မကိုလည်း ပြောပြပါဦး ဘရာသာ. ."

ဂျစ်ပစီမလေးက မျိုးဆက်ကို အေးဆေးစွာပင် မေးလိုက်လေ၏။

"မြင်ကွင်းတွေကတော့ အစုံပဲ၊ မယုံကြည်နိုင်လောက်အောင်ကို ဆန်းကြယ်တယ်. ."

မျိုးဆက်သည် ဖလ်လုံးကြီးထဲမှာ သူမြင်တွေ့ခဲ့ရသည်များကို မှတ်မိသမျှ ပြန်ပြီးပြောပြလိုက်လေ၏။

"အင်း. . ဒီအတိုင်းဆိုရင်တော့ ရှင့်ရဲ့အနာဂတ်ဖြစ်ရပ်တွေဟာ တော်တော့်ကိုထူးခြားတာပဲ၊ စောင့်ကြည့်ကြသေးတာပေါ့လေ. ."

ဂျစ်ပစီမလေးက တွေဝေနေသော မျိုးဆက်၏ မျက်နှာကို ပြည့်ဝသောအပြုံးလေးဖြင့် ကြည့်ရင်း ပြောလိုက်လေ၏။ မျိုးဆက်သည် ထိုနေရင်း အိပ်မက်မက်နေသလို ခံစားခဲ့ရသည်။ ထို့နောက် သူမကို နှုတ်ဆက်ကာ ပြန်လာခဲ့လေ၏။

## (၅)
## ပေးဆပ်သူ့ဆာရာ

မျိုးဆက်သည် ဂျစ်ပစီမလေးဆီက ပြန်လာပြီးကတည်းက ရင်ထဲမှာ တစ်မျိုးကြီးပင် ခံစားနေမိရသည်။

"ငါ. . စိတ်ညို့ခံလိုက်ရပြီထင်တယ်၊ ဖလ်လုံးကြီးထဲမှာပေါ်လာခဲ့တဲ့အရာတွေဟာ အပြုစားခံရတဲ့ ငါ့စိတ်ကြောင့် အိပ်မက်မက်နေသလိုဖြစ်ပြီး ထင်လာမြင်လာခဲ့တာပဲလား. .

ဒါမှမဟုတ် အပြင်မှာရှိနေတဲ့ အရာတွေကို ငါမြင်ဖူးထားလို့ ဖလ်လုံးကြီးထဲမှာ ပုံရိပ်လာထင်နေတာလား၊ မနေ့က မှာရှိနေတဲ့ သဏ္ဍာန်တွေဟာ မသိစိတ်ထဲမှာ ကိန်းအောင်းနေသလိုမျိုးဖြစ်နေတယ်၊ ဂျစ်ပစီမလေးက စိတ်ညို့ပြီး ဖော်ထုတ်လိုက်တဲ့အခါမှာ စိတ်မျက်စိထဲမှာ ပေါ်လာတာကို ဖလ်လုံးကြီးထဲမှာ ပေါ်လာတာလို့ တစ်ကယ်ထင်နေမိတာလား"

အဖြေကိုရှာမရ၊ ဖလ်လုံးကြီးသည် သူ့ကို ဖမ်းစားလျက်

www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။ မိန်းကလေး၏မျက်နှာကို မျက်စိမှိတ်လိုက်တိုင်းမှာ ထပ်တလဲလဲပင် မြင်ယောင်နေလျက်ရှိသည်။

"တော်တော့်ကို တတ်နိုင်တဲ့ ဂျစ်ပစီမလေးပဲ၊ ငါ့ရင်ထဲမှာရော. . မျက်လုံးထဲမှာရော၊ စွဲထင်နေအောင် တတ်နိုင်စွမ်းရှိပါပေတယ်"

မျိုးဆက်သည် တစ်ယောက်တည်း သဘောကျကာ အသံထွက်သည်အထိ ရယ်မိလိုက်လေသည်။ ဖလ်လုံးကြီးထဲမှာ ပေါ်လာသော မြို့ကြီး၏သဏ္ဍာန်. . အဆောက်အဦများကိုလည်း ရက်အတန်ကြာသည်အထိ မြင်ယောင်နေခဲ့ပြီးမှ မှေးမှိန်ကာပျောက်ကွယ်သွားခဲ့လေသည်။

မျိုးဆက်သည် နောက်ထပ် သူ၏မိတ်ဆွေများနှင့် တွေ့ဆုံဆွေးနွေးခြင်းအမှုမပြုတော့ပေ။ ထိုသူများသည် မိမိထက် အသက်ကြီးကြသော်လည်း မိတ်ကောင်းဆွေကောင်းများဖြစ်ကြသည်။

သို့သော်. .

မိမိ၏ယုံကြည်ချက်ကို ပျက်ပြားအောင် ဖန်တီးကြသူများအဖြစ်လည်း တစ်ဖက်ကရပ်တည်နေကြပြန်သည်။

ကမ္ဘာကြီး၏ အလယ်ဗဟိုတွင် ဥမင်လိုဏ်ခေါင်းကြီးရှိနေသည်ကို မိမိတစ်ဦးတည်းက ယုံကြည်ချက်တစ်ခုဖြစ်ပေါ်နေသည့်အတွက် ထိုသူများက ယုတ္တိယုတ္တာမရှိဟု မိမိကို ရှုံ့ချ





နေမိသလိုဖြစ်သွားခဲ့ရသည်။

ပထဝီဗေဒသိပ္ပံပညာတွင် အားနည်းလျက်ရှိနေကြသူများပေမို့ အပြစ်တော့ မတင်မိပါ။ ပထဝီဗေဒကို ကျွမ်းကျင်ကြသူပညာရှင်များသည်ပင် ထိုအယူအဆကို လက်မခံတတ်ကြပေ။

တစ်နေ့တွင်. .

ရှေးဟောင်းပစ္စည်းလက်ရာများကို စုဆောင်းထားသော အခန်းထဲကို မျိုးဆက်ဝင်လာမိခဲ့သည်။ ဝါသနာကြီး၍သာ ရသမျှ ရှေးဟောင်းပစ္စည်းများကို ဝယ်ယူစုဆောင်းထားခြင်းပင်ဖြစ်သည်။

ဤပစ္စည်းများကို မည်သူ့ကိုမှလည်း သူမပြသခဲ့ပါ။ ကမ္ဘာအရပ်ရပ်ရှိ ရှေးဟောင်းပစ္စည်းများကား အမျိုးအမည်စုံလင်လှပေသည်။ ရှေးဟောင်းပြတိုက်လေးတစ်ခုပမာ ရှိနေသည်။

မှန်ဘီရိုများ၊ နံရံကပ်စင်များ၊ စင်များပေါ်မှာ အားလုံးအစီအရီပင်ရှိနေကြသည်။ နတ်ဖရားရုပ်တုများ၊ ပိရမစ်ပုံစံငယ်များ၊ ဖာရိုဘုရင်ရုပ်တုများ၊ ဒင်္ဂါးပြားများ၊ အီဂျစ်မင်းသမီးရုပ်တုများ၊ လားမားဘုန်းတော်ကြီးရုပ်တုများ၊ ရှေးဟောင်းပန်းချီကားချပ်များ အစရှိသဖြင့် စုံလင်လှပေသည်။

မျိုးဆက်သည် မိမိစုဆောင်းထားသော ရှေးဟောင်းပစ္စည်းများကို တစ်ခါတစ်ရံမှာ ဝအောင်ကြည့်ရှုတတ်သည်။

ပေစာများ၊ ပုရပိုဒ်များ၊ မြန်မာဘုရင်ရှေးမင်းများခေတ်ကစစ်သည်များ၊ စစ်ကဲများ သုံးကြသည့် ဓါး၊ လှံ၊ ပုဆိန်များ ကိုယ်ကြပ်အကျီများအထိ ပါဝင်သည်။



www.burmeseclassic.com

www.burmeseclassic.com



မျိုးဆက်သည် သစ်သားဘီရိုကြီးတစ်လုံးဆီကို မျက်စိကရောက်သွားခဲ့သည်။ ဤဘီရိုကြီးထဲမှာလည်း ရှေးဟောင်းပစ္စည်းများကို ထားရှိသည်။ ကျောက်ခေတ်က လက်နက်များ၊ ကျောက်ခွက်များ၊ ကြေးအိုးများ အထိ ပါဝင်သည်။

ဘီရိုကြီးကို ဖွင့်လိုက်သည်။ အထဲမှာ ရှေးဟောင်းပစ္စည်းများက အစီအရီပင်၊ တစ်ခုချင်းကိုလိုက်ပြီး ကြည့်သည်။ ဝါသနာပင်၊ အားရကျေနပ်စွာကြည့်ပြီးသောအခါ ဘီရိုကိုပြန်ပြီး ပိတ်မည်အပြုမှာ မျက်လုံးအစုံက တစ်နေရာကို ရောက်သွားခဲ့လေသည်။

ဘီရိုထောင့်တွင် ရုပ်တုလေးတစ်ခု၊ ဘီရို၏ ဒုတိယအထပ်မှာ တွေ့လိုက်ရခြင်းပင်ဖြစ်သည်။ မိန်းကလေးတစ်ယောက်၏ ရုပ်တုပင်ဖြစ်သည်။ သူ. . တိဗက်ကို ရောက်ခဲ့စဉ်က လမ်းပြတစ်ဦးက လာရောက်ရောင်းချသွားခြင်းပင်ဖြစ်သည်။

ဤရုပ်တုလေးကို တစ်ကြိမ်မျှသာကြည့်ပြီး ဘီရိုထဲမှာ သိမ်းထားမိခဲ့သည်။ မေ့လျော့နေမိခဲ့သည်။

လက်ကရုပ်တုလေးဆီကို အလိုလိုပင်ရောက်သွားခဲ့သည်။ ယူပြီးကြည့်မိလိုက်သည်။ ချက်ချင်းမှာပင် မျိုးဆက်အံ့အားသင့်သွားခဲ့ရသည်။ ဤရုပ်တုလေးက မိန်းကလေးတစ်ယောက်ပင်၊ သူကောင်းစွာပင် မြင်ဖူးနေခဲ့သည်။ မှတ်မိနေခဲ့သည်။ အကြိမ်ကြိမ်ပင် ပြန်ပြီးတော့ စဉ်းစားမိသောအခါ ခေါင်းထဲမှာ ပေါ်လာခဲ့လေ၏။

"ဟင်. . ငါဖလ်လုံးထဲမှာ မြင်လိုက်ရတဲ့ မိန်းကလေး





ပုံနဲ့တစ်ထေရာတည်းကို တူနေပါလား. ."

နှုတ်မှ တအံ့တသြနှင့် ထွက်သွားခဲ့သည်။ မျက်နှာလေးကအစ. . ဝတ်စားဆင်ယင်ပုံကအစ. . နွဲ့နှောင်းသော ကိုယ်ဟန်လေးကအစ အားလုံးတသဝေမတိမ်းပင် တူညီလျက်ရှိနေလေသည်။

ရှည်လျားသော ဆံကေသာမျှင်များက လေထဲမှာ လွင့်မျောလျက်ရှိနေသည်။ လေးနှင့်မြားကို ကိုယ်မှာလွယ်ထားသည်။

ထူထပ်စွာနက်မှောင်သော မျက်ခုံးမွေးတစ်စုံ၏ကြားနဖူးပြင်မှာ ရတနာဆံကျစ်ခေါ် မှဲ့နက်ကလေးတည်နေသည် အကာစ လုံးဝကို တူညီနေသည်။ ပြုံးယောင်သန်းလျက်ရှိသော မျက်လုံး၊ နှုတ်ခမ်းလေးတွေကအစ ရွှန်းလဲ့သော အကြည့်သည် မိမိကို ဖမ်းစားလျက်ရှိနေလေသည်။

"ဒီရုပ်တုလေးကို ငါတစ်ကြိမ်ပဲ ကြည့်ဖူးခဲ့လိမ့်မယ်၊ အမှတ်တမဲ့ကြည့်ဖူးခဲ့တဲ့ ရုပ်တုလေးရဲ့ ရုပ်သွင်ကို ဖလ်လုံးထဲမှာပြန်ပြီးမြင်လာမိတာဟာ ငါ့ရဲ့မြုပ်ကွယ်နေတဲ့ မသိစိတ်ကို ပြန်ပြီးတူးဖော်ပေးလိုက်တာပဲ. .

ဖလ်လုံးထဲမှာ ပေါ်လာတာ တစ်ကယ်မဟုတ်ဘူး၊ ငါ့ရဲ့မနောအာရုံထဲမှာ ပေါ်လာခဲ့တာပဲ၊ ဂျစ်ပစီမလေးဟာ စိတ်ညှို့အတတ်ပညာနဲ့ ဖော်ထုတ်လိုက်တာပဲ မြဲမယ်၊ တော်တော့်ကို တတ်နိုင်တယ်၊ အံ့သြစရာပါပဲလား. .

ကြောက်စရာလည်းကောင်းတယ်၊ ဒီမိန်းကလေးကို တစ်ကြိမ်မြင်ဖူးတာနဲ့ ငါ့ရဲ့ရင်ထဲမှာ စွဲသွားခဲ့ရပြီ၊ ငါ. . ကမ္ဘာ



www.burmeseclassic.com

www.burmeseclassic.com



အရပ်ရပ်ကို လှည့်လည်ပြီးတော့ သွားလာခဲ့တာ များပြီ. .

စွဲမက်စရာကောင်းတဲ့ မိန်းကလေးတွေကို တွေ့ခဲ့တာတောင် ငါရင်မခုန်ခဲ့ဘူး၊ အဝိညာဏက အသက်မရှိတဲ့ ဟောဒီရုပ်တုလေးကိုမြင်မိကာမှ ငါဘာဖြစ်လို့ ရင်ခုန်သွားခဲ့ရတာလဲ”

မျိုးဆက်သည် လက်ထဲမှာ ကိုင်ထားသည့် ရွှေရောင်အဆင်းနှင့် ရုပ်တုလေးကို တပ်မက်စွာပင် ငေးရီပြီးတော့ ကြည့်နေမိသည်။ ထို့နောက် ရင်ထဲမှာ အပ်ထားမိလိုက်လေတော့သည်။

“ဖလ်လုံးကြီးထဲမှာ ငါမြင်ခဲ့ရတဲ့ မြို့ကြီးပြကြီးတွေ မြင့်မားတဲ့တောင်တန်းကြီးတွေဟာ ငါ့ရဲ့အမှတ်သညာထဲမှာ မရှိပဲနဲ့ ဘာကြောင့် ပေါ်လာခဲ့ရတာလဲ. .

မဟုတ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး၊ ငါစိတ်ညို့ခံလိုက်ရသလိုလို. . အိပ်မွေ့အချခံရသလိုလို ရှိနေစဉ်မှာ အိပ်မက်မက်နေတာမျိုးပဲ ဖြစ်ရမယ်. . ”

မျိုးဆက်သည် တွေးရင်းမှာပင်လျှင် အဖြေကိုရှာမရပဲဖြစ်လာခဲ့ရသည်။ ရက်အတန်ကြာသည်အထိ ထိုအဖြစ်အပျက်သည်သာ တစ်ချိန်လုံးအလွှမ်းမိုးခံနေရလေသည်။

နောက်ပိုင်းတွင်. .

အိပ်မက်ထဲအထိပင် ရောက်လာတတ်သည်။ ထိုကြီးကျယ်ခမ်းနားသော မြို့ကြီးကို မိမိရောက်သွားခဲ့သည်။ တောတောင်ကြီးထဲမှာ တည်ဆောက်ထားသော မြို့ထဲမှာ မိန်းကလေးကိုနေရာအနှံ့လိုက်ပြီးတော့ ရှာနေမိသည်။ မတွေ့ပါ။



သည့်နောက်. .

အိပ်မက်မှ လန့်ပြီးတော့ နိုးသွားခဲ့ရသည်ချည်းပင်။ အိပ်မက်သည် တစ်ကြိမ်တည်းမဟုတ်၊ မကြာခဏပင် မက်တတ်လာခဲ့သည်။ တစ်ကြိမ်မှာ ထိုမိန်းကလေးနှင့် ပက်ပင်းတိုးမိသည်။ မျက်နှာချင်းဆိုင်ဆုံမိသည်။

မိန်းကလေးက သူ့ဆီကိုပြေးလာခဲ့သည်။ ရင်ခွင်ထဲကိုရောက်လာခဲ့သည်။ ညှို့သက်သောကိုယ်လုံးလေးကို ကျစ်ကျစ်ပါအောင်ပင်ဖက်ထားမိလိုက်ကြသည်။

သို့သော်. .

ပရောဂတစ်ခုကြောင့် အိပ်မက်သည် ပျက်ပြယ်သွားခဲ့ရသည်။

“ဆရာလေး. . ဆရာလေး၊ ဒီကနေ့. . စောစောသွားစရာကိစ္စရှိတယ်ဆို. . ထပါတော့. . ”

ကိုမြမောင်က အခန်းအပြင်ဘက်မှလာပြီးတော့ နှိုးသည်။ ထို့ကြောင့် အိပ်မက်သည်လည်း ပျယ်ပြယ်သွားခဲ့ရလေသည်။ အလိုလိုနေရင်း အလိုမကျဖြစ်သွားခဲ့ရလေသည်။ ကိုမြမောင်ကိုလည်း စိတ်ဆိုးရခက်၊ မဆိုးရခက်ဖြစ်သွားခဲ့ရသည်။

“ဪ. . သူ့ခင်ဗျာ၊ ငါမှာထားလို့လာနှိုးတာပဲလေ”

ဟု ဖြေသိမ့်လိုက်ရလေတော့သည်။

သို့သော်. .

မိန်းကလေးသည် မိမိ၏အနားမှာပဲ ရှိနေသေးသည်ဟု ထင်နေမိကာ မျက်လုံးတွေက လှည့်ပတ်ပြီးတော့ ရှာနေမိသေး

www.burmeseclassic.com

www.burmeseclassic.com



သည်။ တစ်ကယ်. . မတွေ့ရင်ထဲမှာ ဟာသွားခဲ့ရသည်။ မိနစ်တော်တော်များများကြာသည်အထိ ရင်ထဲမှာ မပျောက်ပျက်ပဲရှိနေမိသည်။ ထို့နောက် တဖြည်းဖြည်းနှင့် စိတ်သက်သာရာရသွားခဲ့ရလေသည်။

ထူးခြားသည်က မိန်ကလေးနှင့် ပတ်သက်သော အိပ်မက်သည် တစ်ရက်ခြား. . နှစ်ရက်ခြားဆိုသလို မက်လာတတ်ခြင်းပင်တည်း။

မျိုးဆက်သည် ဂျစ်ပစီမလေးဆီကို နောက်တစ်ခေါက်ရောက်သွားခဲ့သည်။ အိမ်မှာမရှိခဲ့လျှင်ဟူသော အတွေးကကားမောင်းနေရင်း တွေးလာမိခဲ့သေးသည်။

သို့သော်. .

သူမဆီကိုရောက်သွားသောအခါ အဆင်သင့်ပင်တွေ့လိုက်ရသည်။ သူမသည်လည်း အံ့အားသင့်သွားခဲ့လေသည်။

“ဟော. . ဘရာသာ၊ ဆာရာ့ဆီကို တစ်ခေါက်လာပြန်ပြီ. . ”

ဂျစ်ပစီမလေးက သူမ၏နာမည်ကို ထုတ်ဖော်ပြီးတော့ပြောလာခဲ့သည်။ ယခုမှပင် အမည်ကိုသိသွားခဲ့ရလေတော့သည်။

“ဟုတ်တယ်၊ မလာလို့ကိုမဖြစ်ဘူး၊ ကျွန်တော်. .





ခင်ဗျားဆီက ပြန်သွားပြီးကတည်းက ဖလ်လုံးထဲမှာ မြင်ခဲ့ရတဲ့အရာတွေကို ဘယ်လိုမှ ဖျောက်ဖျက်ပစ်လို့ မရခဲ့ဘူး. .

အိပ်မက်ထဲမှာလည်း ဒါကိုပဲ ထည့်ပြီးတော့ မက်တယ်၊ အလိုလိုနေရင်းနဲ့လည်း သတိရနေတတ်တယ်၊ အထူးသဖြင့် အဲ့ဒီမိန်းကလေးက ကိုယ့်ကိုဖမ်းစားနေတယ်၊ ကိုယ့်ရဲ့အသိကိုရော. . နှလုံးသားကိုပါ စိုးမိုးနေတယ်. . ”

“မိန်းကလေး. . ဟုတ်လား”

ဆာရာက မျက်ဝန်းလေးတွေ ဝိုင်းစက်သွားကာ. . မေးလိုက်၏။

“ဟုတ်တယ်လေ၊ ကိုယ်ပြောခဲ့တဲ့ မိန်းကလေးပဲပေါ့၊ တစ်ကယ်ဆို. . ခေါင်းထဲမှာ မရှိသင့်တော့ဘူး၊ အချိန်တိုတိုနဲ့ပျောက်ပျက်သွားသင့်တာပဲ မဟုတ်လား. . ”

ဆာဆရာက မျိုးဆက်ကိုပြုံးပြီးတော့ ကြည့်နေလိုက်သည်။ တစ်ယောက်နှင့်တစ်ယောက် အသုံးအနှုန်းတွေ ပြောင်းလဲလာခဲ့ကြသည်။ ရင်းနှီးမှုတွေရှိလာခဲ့ကြသည့် သဘောပဲမဟုတ်ပါလား။

“မင်းက ဘာပြုံးတာလည်း ဆာရာ”

“မိန်းကလေးတစ်ယောက်ကို အပြင်မှာ မမြင်တွေ့ရပဲနဲ့. . စွဲလန်းမှုသက်သက်ဖြစ်နေတဲ့ ဘရာသာကို ကျွန်မ. . အံ့အားသင့်နေမိလို့ပါ. . ”

“မင်းပြောတာ မှန်တယ်၊ ကိုယ့်ကိုကိုယ်တိုင်လည်း အံ့အားသင့်နေမိတယ်၊ မင်း. . ငါမြင်မက်ခဲ့တဲ့ ဖလ်လုံးထဲက အတုအယောင်ပုံရိပ်တွေကို ပြန်ပြီး နှုတ်ယူပေးပါ၊ ဒီလိုမှ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ရင်တော့ ကိုယ်ဘယ်လိုမှ နေလို့မရတော့ဘူး. . "

"ဘရာသာက အတုအယောင်တွေလို့ ထင်နေသလား၊ ဒါတွေဟာ အစစ်အမှန်တွေပါ၊ နောင်အနာဂါတ်မှာ တစ်ကယ်ဖြစ်လာမယ့်အကြောင်းအရာတွေပါ၊ ဘရာသာဟာ အဲ့ဒီအရပ်ကိုအမှန်တကယ်ရောက်သွားလိမ့်မယ်၊ အဲ့ဒီမိန်းကလေးနဲ့ တွေ့ကိုတွေ့ရလိမ့်မယ်. . "

မျိုးဆက်သည် အိမ်မှာကျန်ခဲ့သော ရုပ်တုလေးကို သတိရမိသွားခဲ့ရသည်။ ဆာရာကိုပြမိလိုက်ရင် အံ့အားသင့်သွားမိလိမ့်မည်။ ရုပ်တုကိုအကြောင်းပြုပြီး ဆာရာက သူ့ဟောကိန်းမှန်သည်ဟု သွေးနထင်ရောက်သွားလိမ့်မည်ကို မလိုချင်။

ဆာရာသည် နေရာမှထရပ်လိုက်ပြီး ဘီရိုပေါ်မှာ တင်ထားသည့် ကြေးကလပ်ခွက်လေးဆီကို လျှောက်သွားခဲ့သည်။

ကလပ်ခွက်လေးထဲတွင် မီးသွေးခဲရဲရဲလေးများကို ထည့်ထားသည်။ အငွေ့တလူလူထွက်နေလျက်ရှိသည်။ ဆာရာ၏ လက်က တုတ်ချောင်းလေးတစ်ချောင်းဖြင့် မီးသွေးခဲများကို ဆွပေးလိုက်သည်။ မီးတောက်လေးများက ဟုပ်ကနဲဆို တောက်လာခဲ့လေသည်။

ထို့နောက်. .

မျိုးဆက်ထိုင်နေသော နှစ်ယောက်ထိုင်ဆိုဖာပေါ်မှာ အတူယှဉ်ပြီးတော့ ထိုင်လိုက်သည်။

"ဆာရာက ဘရာသာ့ကို အတုအယောင်တွေလုပ်ပြနေတာမဟုတ်ပါဘူး၊ အစစ်အမှန်တွေပါ၊ သံသယမဖြစ်ပါနဲ့၊ ဒါနဲ့



အဲ့ဒီမိန်းကလေးက တော်တော်လှသလားဟင်၊ ဆာရာလောက်လှသလား. . "

"လှတာကတော့ တော်တော်လေးကို လှတယ်၊ ဒါပေမယ့် လှလို့စွဲလန်းသွားတာ မဟုတ်ပါဘူး၊ သူ့အဲ့သလောက်အထိမလှလည်းပဲ တမ်းတ၊ သတိရနေမိမလား. . မပြောတတ်ဘူးလေ. . မင်းက တစ်မျိုးလှနေတာပဲလေ. . "

"ဒါဆို ဆာရာက လှတဲ့အထဲမှာလည်း ပါဝင်နိုင်သေးတာပေါ့နော်. . "

"ဪ. . မင်းရဲ့အလှက မိန်းကလေးအချင်းချင်းတောင် မနာလိုဖြစ်တတ်တာမျိုး. . "

ဆာရာက တစ်ခစ်ခစ်ဖြင့် ရယ်လိုက်လေသည်။

"ကျေးဇူးတင်ပါတယ်၊ ဘယ်မိန်းကလေးကမှ ချောတယ်၊ လှတယ်လို့ပြောကြရင် မကြိုက်ဖူးဆိုတာမျိုး မရှိကြဘူးလေ၊ ဒါပေမယ့် ဆာရာရဲ့အလုပ်ကို သိသွားကြတဲ့လူတွေကတော့ မနှစ်သက်ကြပါဘူး၊ ချစ်ရမှာကြောက်ကြလို့ အဟင်းဟင်း. . "

"မဆိုင်တာကွာ၊ မင်းရဲ့အလုပ်က မွန်မြတ်ပါတယ်၊ မင်းက မိန်းကဆိုးလေးမှမဟုတ်ပဲ၊ မင်းမှာ ယောကျ်ားတွေနှစ်သက်ကြတဲ့ အရည်အချင်းမျိုးရှိပါတယ်. . "

"ဒါပေမယ့် ကျွန်မရဲ့အလှကို လုပ်နေတဲ့အလုပ်က ဖုံးကွယ်ဆီးပစ်လိုက်တယ်၊ တစ်ခါတစ်လေလည်း စဉ်းစားမိပါတယ်၊ ငါ. . ဘာဖြစ်လို့များ ဒီအလုပ်ကို လုပ်နေမိပါလိမ့်လို့၊ အခုလိုအားပေးတာ ကျေးဇူးတင်ပါတယ်. "

www.burmeseclassic.com

မျိုးဆက်၏ လက်ဖဝါးကို ဆုပ်ကိုင်ပြီးတော့ ပြောလိုက်လေ၏။ မျိုးဆက်လည်း ဆာရာ၏ အပြုအမူကြောင့် အံ့အားသင့်သွားခဲ့ရလေ၏။

ကြေးကလပ်ခွက်ထဲမှ မီးတောက်လေးက တဖြည်းဖြည်းနှင့် မှိန်သွားပြီး အခိုးအငွေ့တွေက တလူလူဖြင့် ထွက်လာခဲ့ကြလေသည်။ မဆိုစလောက် ထူးခြားသော ရနံ့လေးက အခန်းထဲမှာ စိမ့်ပျံ့လာခဲ့ရသည်။

"ရှင်. . အဲ့ဒီမိန်းကလေးကို တစ်ကယ်ပဲ မေ့ဖျောက်လို့ မရဘူးလား. . ဟင်"

"ကိုယ့်ရင်ထဲမှာကိုက ဒီအတိုင်းပဲဖြစ်နေတာကိုး. . "

"တစ်ကယ်လို့များ. . အင်း၊ အခုနေပေါ့လေ၊ သူ့ကို အပြင်မှာမမျှော်လင့်ပဲတွေ့လိုက်ရရင် ရှင်သိပ်ဝမ်းသာသွားမှာပဲနော်၊ ဘရာသာ. . "

"မဖြစ်နိုင်တာတွေ မပြောပါနဲ့ ဆာရာ၊ ငါက အချစ်ရူးကြီးသက်သက်ဖြစ်နေတာ မဟုတ်ဘူးနော်၊ မင်းရဲ့ညို့ချက်က ငါ့ရဲ့ရင်ထဲမှာ စွဲငြိနေတာ၊ ဒါကို မင်းဖျောက်ဖျက်ပေးရမယ်၊ ငါ့ရဲ့ခံစားချက်ကို ပုံမှန်အတိုင်းဖြစ်အောင် ပြန်လုပ်ပေးရမယ်"

ဆာရာက မျိုးဆက်၏ အနားနားသို့ကပ်ပြီး. .

"မရတော့ဘူး၊ ဒါအမှန်တွေချည်းပဲ. . ရှင်လက်ခံနိုင်ရမယ်လေ. . လောလောဆယ် ရှင့်ရဲ့ ဆန္ဒကိုဖြည့်ဆည်းပေးချင်ပါတယ်. . ဘရာသာရယ်. . "

မည်သည့်အတွက်ကြောင့်လည်းမသိ၊ မျိုးဆက်မှာ ယစ်မူးဝေရီလာသော ဝေဒနာမျိုးကို ခံစားလာရသည်။



စိတ်အစဉ်သည် လွင့်ပျံ့သွားခဲ့ရပြီး ဟိုးအဝေးကြီးဆီကိုရောက်သွားခဲ့လေ၏။

"သူက အဝေးကြီးမှာ မရှိပါဘူး၊ ဒီမှာပ. .. ဒီကိုရောက်နေပါပြီ"

လွင့်မျောနေသော အသိကို ပြန်ပြီးတော့ ချုပ်တည်းမိလိုက်သည်။ မိန်းကလေးက သူ၏ရင်ခွင်ထဲမှ လွတ်ထွက်သွားသည်။ လေကိုဖမ်းသလို. . လိုက်ပြီးဖမ်းနေမိသည်။

သူ့ရှေ့မှာရပ်နေသော မိန်းကလေးတစ်ယောက်၊ ဆာရာမဟုတ်တော့၊ ဟာစိမ့်စိမ့်ဖြင့်ကြည့်နေရင်းမှာပင် မျိုးဆက်၏ရင်ထဲမှာ ပြင်းထန်စွာပင် လှုပ်ရှားသွားခဲ့ရသည်။ ဖလ်လုံးထဲမှာ တွေ့ခဲ့ရသည့် မိန်းကလေးဖြစ်နေသည်။ မိန်းကလေးသည် မျိုးဆက်ကို ညို့မျက်ဝန်းတွေဖြင့် ကြည့်နေခဲ့သည်။

မျိုးဆက်သည် နေရာမှထ,ကာ မိန်းကလေးဆီကို လျှင်မြန်စွာပင် လျှောက်သွားခဲ့သည် ထိုအခါ မိန်းကလေးသည် သူ့ရင်ခွင်ထဲကို ပြေးဝင်လာခဲ့သည်။

ထို့နောက်. .

နားထဲမှာ မည်သည့်အသံမှမကြားရတော့လောက်အောင်ပင် တိတ်ဆိတ်မှုများက ကြီးစိုးသွားခဲ့ရသည်။ အချိန်မည်မျှကြာသွားခဲ့သလည်းမသိ၊ မျိုးဆက် အိပ်ယာက နိုးလာခဲ့သည်။ အခန်းသည် ပြာလဲ့လဲ့ မီးလုံးလေး၏ အလင်းရောင်နှင့်

www.burmeseclassic.com



သာဆွတ်ဖျန်းထားလျက်ရှိသည်။

မျိုးဆက်ရုတ်တရက်သတိရသွားသလိုဖြစ်သွားခဲ့ရပြီး မိမိ၏ဘေးကို လှည့်ကြည့်မိလိုက်သောအခါ အံ့ဩတုန်လှုပ်သွားခဲ့ရလေသည်။

ဆာရာသည် မိမိ၏ဘေးမှာ နှစ်ခြိုက်စွာပင် အိပ်မောကျနေသောကြောင့်ပင်တည်း။



## (၅)
## ရင်ထဲက ဆာရာ

ထိုကိစ္စဖြစ်ပြီးခဲ့သည့်နောက်ပိုင်းတွင် မျိုးဆက်သည် ဂျစ်ပစီမလေးဆာရာဆီကို အခေါက်ခေါက်အခါခါပင် သွားရောက်ခဲ့သော်လည်း အိမ်မှာမရှိတော့ပါချေ။

မိမိကျူးလွန်ခဲ့သည့်အမှားအတွက် တာဝန်ယူပေးဆပ်ရန် ဆန္ဒရှိခဲ့သော်လည်း ဆာရာက အတွေ့မခံတော့ပါ။

တစ်ရက်တွင်. .

မျိုးဆက်ဆီကို ဖုန်းဖြင့်ဆက်သွားလာခဲ့သည်။ ထိုသူသည် အခြားသူမဟုတ်၊ ဆာရာပင်တည်း. .

"ဟဲလို. . ဘရာသာလား"

မျိုးဆက်အံ့အားသင့်သွားခဲ့ရသည်။ ထိုသို့ပြောတတ်ခေါ်တတ်သူသည် ဆာရာပင်မဟုတ်ပါလား. .



www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . ဆရာ၊ ဟုတ်ပါတယ်နော် . . ပြောစမ်းပါ ဆရာ . ."

မျိုးဆက်က အငမ်းမရပင် မေးလိုက်လေသည်။

"ဟုတ်ပါတယ်၊ ကျွန်မ ဆရာပါ၊ ရှင် ကျွန်မကို လိုက်ရှာနေတယ်ဆိုတာ သိတယ်၊ မရှာပါနဲ့တော့ . . ရှာလည်း တွေ့မှာမဟုတ်ပါဘူး . ."

"ဒီလိုဘယ်ဟုတ်ပါ့မလဲ ဆရာ၊ ကိုယ့်ဟာ မင်းအပေါ် မှာခွင့်မလွှတ်နိုင်တဲ့ အမှားတစ်ခု ကျူးလွန်မိခဲ့တယ်လေ၊ အဲ့ဒီအတွက် ကိုယ်က တာဝန်ယူရမယ်မဟုတ်လား၊ ကိုယ်ဟာ လူယုတ်မာတစ်ယောက်မဟုတ်ဘူး၊ အဲ့ဒီလိုလည်း အထင်မခံ နိုင်ဘူးလေ . ."

"ဘာရာသာမမှားပါဘူး၊ ဆရာလည်း မမှားပါဘူး၊ အဝေးမှာရှိနေတဲ့ မိန်းကလေးတစ်ယောက်ရဲ့ ချစ်ခြင်း မေတ္တာကို တောင့်တနေတဲ့ရှင့်ကို စိတ်ကျေနပ်မှုရှိအောင် ဆရာက ဖြည့်ဆည်းပေးလိုက်တာပါ . ."

"မဟုတ်သေးဘူး ဆရာ၊ မင်းဒီလိုနည်းနဲ့ ကိုယ့်ကို ကူညီလိုက်တာ မင်းအတွက်ဘယ်လောက်အထိ နစ်နာသွားခဲ့ တယ်မှတ်သလဲ၊ ဒါကိုကော . . မင်းစဉ်းစားမိရဲ့လား၊ ကိုယ်က တော့လက်မခံနိုင်ဘူး ဆရာ . ."

"ကျွန်မကတော့ လက်ခံတယ်၊ ဘာကြောင့်လည်းဆို တော့ . . ကိုယ့်အပေါ်ကောင်းတဲ့လူတစ်ယောက်အပေါ်မှာ စေတနာနဲ့ပြန်ပြီးတော့ တုံ့ပြန်တာ ပိုပြီးတော့တောင် မှန်ကန် သေးတယ်၊ အဲ့ဒီအတွက် ကျွန်မရဲ့ အသွေးအသားတွေကိုတောင်





ပေးမိရင်လည်း မလွန်ပါဘူးလေ . ."

"ငါဟာ မင်းအတွက် ဘာများကောင်းကွက်ရှိလို့လဲ ဆရာ၊ မင်းဆီက ငွေတွေကို လုယက်ခဲ့တဲ့လူကို ငါတိုက်ခိုက် ခဲ့တာကလွဲလို့ တခြားဘာမှမရှိခဲ့ပါဘူး . ."

"မှန်ပါတယ်၊ အဲ့ဒီတစ်ချက်လေးနဲ့ ရှင့်ကို ကျွန်မ လေးစားသွားရတာပါ၊ ကျွန်မတို့လို လူမျိုးတွေကို အဲ့သလို ကူညီမယ့်သူ စာနာတတ်မယ့်သူ မရှိခဲ့ပါဘူး၊ ရှင်ဟာ တခြားလူတွေနဲ့ မတူခဲ့လို့ပေါ့၊ ပြီးတော့ မြန်မာလူမျိုးတွေရဲ့ နှလုံးသားက သိပ်ပြီးနူးညံ့သိမ်မွေ့တယ်၊ လူလူချင်း မခွဲခြား တတ်ပဲ ရိုင်းပင်းကူညီတတ်တယ်ဆိုတာ ကျွန်မနားလည်သွား လို့ပေါ့ . .

ဒီမှာ ဘရာသား၊ ရှင့်မှာ ဖောက်ပြန်တတ်တဲ့ စိတ်မျိုး မရှိခဲ့ပါဘူး၊ ကျွန်မကသာ ရှင့်ကိုလေးစားပြီးတော့ အဲ့ဒီကနေ အလိုလိုချစ်သွားမိရတာပါ . ."

"ဟင် . . မင်းက ငါ့ကိုချစ်တယ် ဟုတ်လား"

"ဟုတ်တယ်၊ ချစ်မိသွားတယ်၊ ဒါပေမယ့် ပိုင်ဆိုင်မှု ကိုမလိုလားတဲ့အချစ်မျိုးပါ၊ ကျွန်မတို့လူမျိုးတွေဟာ နေရာမှာ အတည်တကျမရှိတတ်ကြပါဘူး၊ ခြေသလုံးအိမ်တိုင်သမားတွေ ပါ၊ ဘယ်ကမ်းရောက်လို့ ဘယ်သောင်မှာ တင်နေကြတာမလဲ ဆိုတာကိုလည်း မပြောနိုင်ကြပါဘူး . .

ဒါကြောင့်မို့ ဆရာဆိုတဲ့ ကျွန်မဟာ ရှင့်ကို ချစ်ပေ မယ့် မပိုင်ဆိုင်ချင်ပါဘူး၊ ရှင့်ကိုလည်း ဒုက္ခမပေးချင်ပါဘူး လေ . ."



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလည်း မဟုတ်သေးဘူးလေ ဆရာ၊ ကိုယ်က မင်းကို လက်ထပ်ယူမှာပေါ့၊ မင်းအတွက် ကိုယ်. . တာဝန်ယူရမှာပေါ့. ."

"ရှင် ကျွန်မကို မချစ်ပဲနဲ့ ဒီလိုစကားမျိုးကိုပြောတယ်၊ တစ်ကယ်တော့ ရှစ်ချစ်တာက တခြားတစ်ယောက်ကိုပါ၊ ရှင့်ရဲ့ ဖူးစာရှင်ကလည်း ကျွန်မ. . မဟုတ်ပါဘူး၊ အဲဒီတော့ . ."

"ဆရာ မင်းဒီလိုမပြောပါနဲ့ ငါ့မှာ ချစ်သူဆိုတာ မရှိပါဘူး၊ ငါ့ရဲ့စိတ်ကူးထဲမှာ ထင်ယောင်မြင်ယောင်တာတွေကိုတစ်ကယ်လို့ ထင်နေတာပါ၊ ငါ. . အခု အဲ့ဒီလိုခံစားမိခဲ့တာတွေပြေသွားပါပြီ. ."

ဖုန်းထဲမှ တခစ်ခစ်နှင့်ရယ်သံက ထွက်ပေါ်လာခဲ့သည်။

"မင်းက ဘာရယ်တာလဲ ဆရာ"

"ဟုတ်မှာပေါ့လေ၊ ဒီလိုခံစားချက်မျိုးက လောလောဆယ်အခိုက်အတန့်မှာ ပြေသွားမှာပေါ့၊ အဲ့ဒီထူးဆန်းတဲ့ မိန်းကလေးနေရာမှာ ဆရာက မမျှော်လင့်ပဲရောက်လာလို့ မဟုတ်လား၊ ဘာရာသာက ဆရာ့ကို အဲ့ဒီမိန်းကလေးလို့ထင်ပြီး ချစ်မိသွားတယ်လေ. .

အဲဒါကြောင့် ခံစားချက်ကို ဆန္ဒ၊ အာသီသတွေက ဖြည့်ဆည်းပေးလိုက်တဲ့အတွက် စိတ်ကျေနပ်မှုရရှိသွားခဲ့တာပဲပေါ့. ."

"ဆရာ၊ အရိပ်အယောင်ကို ငါက တစ်ကယ်လို့ ထင်မိခဲ့တာလား၊ ဟုတ်ပါတယ်လေ၊ ငါ မင်းအပေါ်မှာ ဟို





မိန်ကလေးလို့ထင်မိခဲ့ပြီး ချစ်မိခဲ့တာလည်း ဖောက်ပြန်မှုပဲ မဟုတ်လား၊ ငါ. . မင်းကို တစ်ယောက်ယောက်ကိုယ်စား အသုံးချမိခဲ့သလိုဖြစ်သွားခဲ့တာ စိတ်မကောင်းပါဘူး. . ဆရာ. ."

"မဟုတ်သေးပါဘူးလေ၊ ဘာရာသာက မသိလို့မှားတာ၊ ဆရာက သိသိကြီးနဲ့ကို အမှားခံလိုက်တာပါ၊ ဆရာက အပေါ်စား အပြုအမူမျိုးနဲ့ လုပ်လိုက်တာတော့ မဟုတ်ပါဘူး၊ ဆရာ့မှာလည်း နှလုံးသားရှိပါတယ်၊ ချစ်တတ်ပါတယ်၊ အဲ့ဒီလိုပဲလေ၊ ရှင့်လိုပဲပေါ့၊ ဆန္ဒနဲ့အာသီသကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ပေးဆပ်. . ဖြည့်ဆည်းပေးလိုက်တာပါ. .

ဒီ့ထက်ပိုပြီးတော့ မျှော်လင့်ချက်ထားလို့မရဘူးဆိုတာ သိပါတယ်၊ ဩော်. . ပြီးတော့ တစ်ခုတော့မှာထားရဦးမယ်၊ ရှင်. . ဆရာ့ကို တွေ့ဖို့မကြိုးစားပါနဲ့တော့. .

ဆရာလေ၊ အခုနာရီပိုင်းအတွင်းမှာပဲ ခရီးဝေးကို သွားတော့မှာမို့ပါ၊ ဘယ်တော့ ပြန်ရောက်မလဲဆိုတာကိုတော့ မသိနိုင်သေးဘူး၊ ပြန်လာနိုင်မှလည်း လာတော့မယ်၊ ဆရာ့ကို လိုက်မရှာပါနဲ့တော့. .

အချိန်တိုတိုလေးအတွင်းမှာ အခုလို ဆုံဆည်းခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ဒါလောက်နဲ့ပဲ တော်လောက်ပါပြီ. . ဆရာ ကျေနပ်မိပါတယ်. ."

ဆရာသည် ဖုန်းကိုချသွားခဲ့လေပြီ၊ မျိုးခက်သည် ငူငူငိုင်ငိုင်ကြီးဖြစ်ကာ မလှုပ်မယှက်နေ,နေမိတော့သည်။

"ငါ. . သူ့ဆီကိုသွားလည်း တွေ့နိုင်တော့မှာ မဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဆာရာရယ်၊ မင်း. . ငါ့ကို တမင်ရှောင်တိမ်းသွားတာပဲ ဖြစ်မှာပါ. . ”

မျိုးဆက် သက်ပြင်းချမိလိုက်သည်။ ဆာရာ၏ နွေးထွေးသော ယုယမှုနှင့် အကြင်နာကို သူတစ်သက် မမေ့နိုင်တော့ပါ။

နောက်တစ်လအကြာ. .

မျိုးဆက်ဆီကို မမျှော်လင့်မိသော လူတစ်ယောက်က ရောက်လာခဲ့လေသည်။ ထိုသူကား ကိုမိုးပင်တည်း။

“ဟင်. . ကိုမိုး၊ မလာစဖူးအလာထူးလှချည်လား၊ ဧကန္တတော့ အကြောင်းကိစ္စတစ်ခုခုရှိနေပြီထင်တယ်. . ”

“ကျိန်းသေတာပေါ့ကွာ၊ မင်းပြောခဲ့တဲ့စကားတွေကို မင်းပြန်သွားပြီးကတည်းက ငါမေ့ပျောက်လို့မရအောင် ဖြစ်သွားခဲ့ရတာ အခုထက်ထိပါပဲကွာ. . ”

“ဘာစကားများလည်း ကိုမိုးရာ၊ ကျွန်တော်က ဘယ်နေရာမှာ ဘာစကားများပြောမိခဲ့လို့လဲ. . ”

“ဒီလိုကွ၊ ကမ္ဘာကြီးဟာ ခေါင်းပိတ်မဟုတ်ပဲ၊ ခေါင်းပွ ဖြစ်နေတယ်ဆိုတာလေ၊ ကမ္ဘာဝမ်းခေါင်းတစ်နေရာမှာ ငါတို့ကမ္ဘာမြေပြင်ပေါ်ကလိုပဲ တောတောင်တွေ၊ ပင်လယ်သမုဒ္ဒရာ





တွေရှိကြတယ်၊ မြို့ကြီးပြကြီးတွေရှိကြတယ်ဆိုတာလေ. . ”

“သြော်. . ဒါလား၊ ကျွန်တော်က ဘာများလည်းလို့ဗျာ၊ ကျွန်တော်ကလည်း အတတ်သိလို့ ပြောနေတာမဟုတ်ပါဘူး။

တစ်ကယ်ပဲ အဲ့ဒီနေရာကို သွားရောက်လေ့လာခဲ့ဖူးကြတဲ့လူတွေရဲ့ မှန်ကန်တဲ့ အထောက်အထား၊ မှတ်တမ်းမှတ်ရာတွေကြောင့်ပါ၊ ယုံကြည်နိုင်တဲ့အထောက်အထားတွေ၊ လက်တွေ့သွားရောက်ခဲ့ဖူးကြတဲ့ လူတွေကြောင့် ကျွန်တော်လည်းလက်ခံချင်သလိုလိုဖြစ်လာခဲ့ရတာပါ. . ”

“ဟုတ်တယ်၊ ငါလည်း မင်းပြောခဲ့တာတွေကို ပထမတော့ လက်မခံဘူးကွ၊ နောက်တော့ မမျှော်လင့်ပဲ အနောက်တိုင်းက ပညာရှင်တွေ ရေးသားခဲ့တဲ့ ခရီးသွားမှတ်တမ်းတွေကို ငါရလိုက်တယ်၊ အဲ့ဒီစာအုပ်ကတော့ THE HOLLOW EARTH နဲ့ SUN ဆိုတဲ့ စာအုပ်တွေပဲ”

“အဲဒီတော့. . ”

“အဲ့ဒီတော့ မင်းပြောခဲ့တဲ့ ခေါင်းပွကမ္ဘာကြီးဆိုတာကို ငါယုံကြည်လက်ခံလာမိတယ်ကွ၊ အနန္တစကြာဝဠာကြီးထဲမှာလည်း လူတို့လိုက်မမီနိုင်တဲ့ အဖြစ်အပျက်တွေရှိနေကြသလို ငါတို့နေထိုင်ကြတဲ့ ကမ္ဘာကြီးဟာလည်း ဘယ်သူမှ မသိနိုင်တဲ့ လျှို့ဝှက်ချက်တွေရှိနေမှာ အမှန်ပဲ. .

နိုင်ငံခြားက နာမည်ကြီးဝတ္ထုရေးဆရာကြီးတွေကိုတောင် အဲ့ဒီအကြောင်းကို ယုံကြည်လက်ခံလို့ ဇာတ်လမ်းဆင်ပြီးရေးခဲ့ကြသေးတာပဲ မဟုတ်လား. . ”

“ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ကျွန်တော်က



www.burmeseclassic.com

www.burmeseclassic.com



သူတို့လို မဟုတ်ဘူး၊ ၁၉၀၆ ခုနှစ်က သုတေသီစာရေးဆရာ ဝီလီယမ်ရိ(ဒ်)က ဝင်ရိုးစွန်းများ၏တစ္ဆေ (PHANTOM OF THE POLES)ဆိုတဲ့ စာအုပ်ကိုရေးသားခဲ့တဲ့အတွက် မြောက်ဝင်ရိုးစွန်းနဲ့ တောင်ဝင်ရိုးစွန်းတို့ဘက်မှာ ဝင်ရိုးစွန်းဝင်ပေါက်တွေပိုပြီးရှိဖို့များလိမ့်မယ်လို့ထင်တယ်၊ လူမျိုးစုတော်တော်များများဟာ အဲ့ဒီဝင်ပေါက်တွေကနေပြီး ဝင်သွားကြတယ်၊ အဲ့ဒီအထဲမှာပဲနေကြတယ်တဲ့. ."

"အဲ့ဒီတော့. ."

"ကျွန်တော်ကတော့ အဲ့ဒီနေရာတွေကို ပိုပြီးတော့ သဘောကျတယ်၊ ကမ္ဘာမြေကြီးအောက်ကို သွားတဲ့ဝင်ပေါက်တွေများရှိနိုင်မလားလို့၊ ပြီးတော့ ၁၉၁၃ ခုနှစ်မှာ သုတေသီမာရှယ်(လ်)ဘီ၊ ဂါဒနာက ကမ္ဘာ့အတွင်းပိုင်းဆီကို ခရီး JCUMEY TO THE EARTH'S INTERIOR ဆိုတဲ့ စာအုပ်ကို လို့ဝှက်ပြီးထုတ်ဝေခဲ့တယ်၊ ကမ္ဘာ့အတွင်းပိုင်းလောကဟာ မိုင် ၆၀၀ လောက်အချင်းရှိတဲ့ နေတစ်စင်းပါရှိတဲ့ အကြောင်းရေးသားထားတယ်. .

ပြီးတော့ အဲ့ဒီအထဲကိုဆင်းဖို့အတွက် မိုင်တစ်ထောင်လောက်ကျယ်တဲ့တွင်းကြီးတွေဟာ ဝင်ရိုးစွန်းဒေသတွေမှာ ရှိနေကြောင်းကိုလည်း ရေးသားထားခဲ့တယ်လေ. ."

"ငါသဘောပေါက်ပြီ၊ မင်းရဲ့ယုံကြည်ချက်က မီးတောင်ပေါက်ဝက ဆင်းသွားတာမျိုးမဟုတ်ပဲ ဝင်ရိုးစွန်းဒေသမှာ ကမ္ဘာမြေကြီးအောက်ကို ဆင်းတဲ့တွင်းပေါက်ကြီးတွေသပ်သပ်ရှိနေနိုင်တယ်လို့ပဲ မဟုတ်လား"



"ဖြစ်နိုင်ချေကို ပြောတာပါ ကိုမိုး. ."

"ငါတို့ စမ်းကြည့်ကြရအောင်ကွာ. ."

"ဗျာ. ."

"ငါတို့ အဲ့ဒီနေရာကိုသွားကြည့်ကြရအောင်လို့ ပြောတာ"

"ဟာ. . မဟုတ်တာဗျာ၊ ခင်ဗျားက ကျွန်တော့်ကို လာပြီးနောက်နေပြန်ပါပြီ. ."

"မျိုးဆက်၊ ငါနောက်တာမဟုတ်ဘူးကွ၊ တစ်ကယ်ပြောတာ ငါက ကုန်သည်အလုပ်ကို လုပ်နေပေမယ့် ဒီလိုစွန့်စားသွားလာရတာကို ငယ်ငယ်ကလေးကတည်းက ဝါသနာပါခဲ့တာကွ၊ မိဘတွေက ကုန်သည်မျိုးရိုးမို့သာ ငါက အမွေဆက်ခံပြီးတော့ လုပ်နေရတာ. ."

"ခင်ဗျား. . စိတ်ကူးယဉ်နေတာလား ကိုမိုး"

မျိုးဆက်က မယုံသင်္ကာဖြင့်မေးလိုက်သည်။

"ငါ စိတ်ကူးယဉ်တာ မဟုတ်ဘူး၊ တစ်ကယ့်ကို စိတ်ဝင်စားလို့ပြောနေတာ၊ မင်းက ကမ္ဘာအနှံ့သွားဖူးထားတယ်ဆိုတော့ အဲ့ဒီဒေသကို သွားလို့ဖြစ်. . မဖြစ်နားလည်ထားမှာပေါ့. ."

"ဝင်ရိုးစွန်းဒေသကိုတော့ မရောက်ဖူးသေးဘူး၊ ကျွန်တော်လည်း သွားဖူးချင်တာပဲ၊ မဖြစ်ဖူးဆိုတာကတော့ မရှိဘူးဗျာ၊ ယောကျ်ားပဲဗျာ. . ကမ္ဘာ့ခေါင်မိုးပေါ်ကိုပဲတက်တက်၊ ကမ္ဘာ့မြေအောက်ကိုပဲသွားသွား၊ ဇွဲနဲ့လုံ့လ ခွန်အားကသာအဓိကပါ. .

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ မြန်မာလူမျိုးတွေရဲ့ ဖွံ့နဲ့သတ္တိကို ကမ္ဘာက ပိုပြီးတော့သိအောင် ကြံဆောင်ပြရတာပေါ့ဗျာ. . ”

“ဒါဆိုရင် မင်းလည်း ဒီခရီးကို စိတ်ဝင်စားတယ်ပေါ့ ဟုတ်လား. . ”

“ဟုတ်တယ်၊ သွားချင်တယ်. . အဖော်ရှာနေတာ”

မျိုးဆက်က တည်ငြိမ်သောလေသံဖြင့် ပြောလိုက်သည်။

“ကောင်းကွာ. . ကြိုက်ပြီဟေ့၊ ဒါဆုရင် မင်းမြန်မြန် အကောင်အထည်ဖော်ကွာ. . ကုန်ကျမယ့်စရိတ်ကို တွက်ကွာ. . ”

“ခင်ဗျား စိတ်ပြောင်းသွားမှာတော့ မဟုတ်ပါဘူးနော်”

“မပြောင်းပါဘူးကွာ. . မင်းယုံစမ်းပါ၊ ပြီးတော့ ဒီကိစ္စကို မင်းနဲ့ငါနှစ်ယောက်တည်းပဲ သိစေချင်တယ်. . ”

“ကျွန်တော်လည်း ခင်ဗျားလိုပါပဲ၊ မယုံကြည်တဲ့ လူတွေက ကျွန်တော်တို့အတွက် အနှောင့်အယှက်အဟန့် အတားဖြစ်နိုင်တယ်၊ လှောင်ပြောင်သရော်ကြလိမ့်မယ်၊ ကျွန်တော်ကတော့ ဒါတွေကို ဂရုမစိုက်တတ်ပါဘူး. .

ဒီကြားထဲမှာ ကျွန်တော်တို့ စီစဉ်မှုတွေလုပ်ကြတာပေါ့ ဗျာ၊ အချိန်တော့ယူရမယ်ဗျ. . ”

“ဒါပေါ့ကွာ၊ စဉ်းစားကြည့်ရင် ဒီလိုအကြံမျိုးဟာသေး တဲ့အကြံမျိုးမှ မဟုတ်တာ၊ သေသေချာချာကိုတွက်ကိန်းချပြီး တော့လုပ်ရမှာကွ. . ”

ကိုမိုးက အားတက်သရောပင်. . ပြောပြီးတော့





ပြန်သွားခဲ့သည်။ မျိုးဆက်ကတော့ ကိုမိုး၏ အခြေအနေကို စောင့်ကြည့်နေခဲ့သည်။ စိတ်ရူးပေါက်ပြီး လာပြောသွားခဲ့တာ လား. . ဟူ၍၊ လူဆိုသည်မှာ အပြောင်းအလဲမြန်တတ်သည် မဟုတ်ပါလား။

သို့သော်. .

မျိုးဆက်ထင်သလို မဟုတ်ပါပေ၊ ကိုမိုးသည် အလေး အနက်ပြောလာခဲ့သည့်စကားဆိုသည်ကို နောင်အခါမှာ သိလာခဲ့ရသည်။ နှစ်ဦးသဘောတူဆုံးဖြတ်ချက်ချကြသည်။ လိုအပ်မည့်ပစ္စည်းများကို ဝယ်ယူစုဆောင်းကြသည်။

စရိတ်ကို မျိုးဆက်တစ်ယောက်တည်းက အကုန် အကျခံသော်လည်း ကိုမိုးက လက်မခံပါပေ။

ရာသီဥတုအပြောင်းအလဲဒဏ်၊ အအေးဒဏ်ကို ခံနိုင်စေရန် လေ့ကျင့်ရသည်။ လေအေးစက်ပေးထားသော အခန်းကြီးထဲမှာ မကြာခဏ နေပေးကြရသည်။

အပြေးလေ့ကျင့်ရသည်။ တောင်ကုန်းအမြင့်များကို အတက်အဆင်းပြု၍ သက်လုံကောင်းစေရန် လေ့ကျင့်ကြရ သည်။ ရေကူးကြရသည်။ ရေငုပ်ကြရသည်။ စက်ဘီးစီးကြရ သည်။ လူပျိုလူလွတ်တစ်ဦးဖြစ်သော ကိုမိုးသည် မိမိကဲ့သို့ပင် ကျန်းမာရေးကောင်း၍ ကြံ့ခိုင်တောင့်တင်းမှုရှိနေကြောင်း သိရသည်။

ပြည်ပသို့ ထွက်ခွာရန် တရားဝင်ခွင့်ပြုချက်ကိုလည်း ရယူရသည်။ နောက်နှစ်လအကြာတွင် မျိုးဆက်သည် မိမိ၏ တိုက်ကို လူယုံတော်ကိုမြမောင်အား အပ်နှံ[illegible] ဥရောပခရီးကို



www.burmeseclassic.com

www.burmeseclassic.com



ကိုမိုးနှင့်အတူ လေယာဉ်ဖြင့် ထွက်လာခဲ့လေသည်။

တိုင်းပြည်တစ်ပြည်ပြီးတစ်ပြည် ခရီးဆက်လာခဲ့ကြရာ နောက်ဆုံးမှာတော့ ဝင်ရိုးစွန်းဒေသကို ရောက်ခဲ့လေတော့သတည်း။



(၆)

## ရေခဲပြင်ခရီး

ဝင်ရိုးစွန်းဒေသ။

လူနှစ်ယောက်သည် နှင်းဖုံးသောရေခဲပြင်ထက်မှာ တရွေ့ရွေ့ဖြင့် ခရီးနှင်လျက်ရှိကြသည်။ သွားနေရင်းမှာပင်လျှင် နှင်းမိုးများက တဖွဲဖွဲတသဲသဲဖြင့် ကျဆင်းလျက်ရှိနေကြလေသည်။

ရေခဲမှတ် သုညဒီဂရီအောက် ၆၀ ဒီဂရီရောက်အောင် အေးခဲလျက်ရှိသော ရာဦဥတုကို ကြံ့ကြံ့ခံရင်း ခရီးဆက်ခဲ့ကြသည်။ ထိုသူနှစ်ယောက်ကား မျိုးဆက်နှင့် ကိုမိုးတို့ပင် ဖြစ်ကြလေသည်။

မျိုးဆက်၏လက်ထဲတွင် ၁၉၀၆ ခုနှစ်က သုတေသီ စာရေးဆရာ ဝီလီယမ်ရိ(ဒ်)က လျှို့ဝှက်စွာ ပြုစုခဲ့သော ဝင်ရိုးစွန်းဒေသ၏ တွင်းပေါက်ကြီးများဟု ယူဆရသည့်နေရာများကိုဖော်ပြထားသော မြေပုံတစ်ချပ်ကို လျှို့ဝှက်စွာ ရရှိထားသည်။ မြေပုံဟောင်းကြီးတစ်ချပ်ပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှားပါးမြေပုံကြီးတစ်ချပ်ကို မျိုးဆက်ရထားခဲ့သည်မှာ ကြာလေပြီ၊ မြေပုံပါအကြောင်းအရာများနှင့် ထိုသူရေးသားခဲ့သော စာအုပ်ပါအကြောင်းအရာများကို ယုံကြည်ထားသည်။ ဤခရီးကို မထွက်မီကတည်းက စာအုပ်ပါ အကြောင်းအရာများ၊ မြေပုံမှာ ဖော်ညွှန်းထားသော နေရာဒေသများကို အလွတ်ရသလောက်နီးပါး . . လေ့လာမှတ်သားခဲ့ပြီးဖြစ်လေသည်။

"မျိုးဆက်က ဒီမြေပုံညွှန်းကြီးကို ရထားလို့ ခေါင်းပွကမ္ဘာကြီးရှိနေတယ်ဆိုတာကို တစ်ကယ်လက်ခံထားတာကိုး"

"ဟုတ်တယ် ကိုမိုး၊ အတုအယောင်မဟုတ်ပဲ သေသေချာချာပြုစုထားတဲ့ မြေပုံညွှန်းဆိုတာ ကျွန်တော်လက်ခံထားတယ်၊ ဒါကြောင့်မို့ ဦးရွှေနိုးတို့၊ ဦးတိတ်စိန်တို့ကို ကျွန်တော်ပြောပြတာပေါ့ . ."

"သူတို့ကတော့ ဒီမြေပုံညွှန်းကိုမြင်ရလည်း ယုံချင်မှယုံကြမှာပါကွာ . ."

"ဒါတော့ မလွဲဘူး"

အရပ်ရှစ်မျက်နှာကိုပြသော ကွန်ပတ်စ်သံလိုက်အိမ်မြောင်တစ်ခုစီကိုလည်း ကိုင်ဆောင်ထားကြသည်။ လမ်းပြမပါပဲ နှစ်ယောက်တည်း စွန့်စွန့်စားစားထွက် လာကြသူများပင်တည်း။

"ငါတို့ ဒီနေရာကိုရောက်နေကြတယ်ဆိုတာ ဦးရွှေနိုးနဲ့ ဦးတိတ်စိန်တို့များသိခဲ့ကြရင် ဘယ်လောက်များ အံ့အားသင့်လိုက်ကြမလဲ . ."

"ကျွန်တော်တို့နှစ်ယောက်ပျောက်သွားခဲ့ကြတာကို ဘယ်လိုမှ စဉ်းစားလို့ရကြမှာ မဟုတ်ဘူး"





လက်ထဲမှာ သံချွန်ပါသော ဆူးတုတ်တစ်ချောင်းစီကို ကိုင်ထားကြသည်။ နှင်းဖုံးရေခဲပြင်ကို ဆူးနှင့်ထိုးထိုးပြီးတော့ သွားကြရသည်။ တွင်း၊ ချောက်ကြီးများထဲကို အချိန်မရွေး ကျသွားနိုင်ကြသည်။ နှစ်ယောက်စလုံး၏ ကိုယ်ပေါ်မှာ ထူထဲသော အဝတ်များကို ဝတ်ဆင်ထားကြသည်။ ကြီးမားသော ကျောပိုးအိတ်ကြီးတစ်လုံးကိုလည်း ကိုယ်စီပိုးထားကြသည်။ ပြောင်ရှည်သေနတ်တစ်လက်စီကိုလည်း ကိုင်ဆောင်ထားကြလေသည်။ ဤခရီးကိုသွားလိုက်၊ နားလိုက်နှင့် ရှိနေကြသည်မှာ သုံးရက်ပင်ကြာခဲ့လေပြီ။

သုံးရက်မြောက်ခရီးတွင် ထူးခြားမှုတစ်ခုကို တွေ့လာခဲ့ကြရသည်။ ရေခဲများဖုံးလွှမ်းနေသည် ဂူထွတ်ကြီးများပင်၊ ပေါက်ချွန်းများဖြင့် ပေါက်ကြည့်ကြရာ ရေခဲများကွာကျသွားကြပြီး အောက်ခံကျောက်သားများ ပေါ်လာခဲ့ကြသည်။ ဂူပေါက်ကြီးတစ်ခုလည်း ပေါ်လာခဲ့လေသည်။

"ကျောက်သားဂူကြီးတစ်ခုပါလား၊ ဒီလိုနေရာမျိုးမှာ ဘာဖြစ်လို့ ကျောက်ဂူကြီးက ရှိနေရတာလဲ၊ ကျောက်သားတွေရှိတဲ့နေရာမျိုးလည်း မဟုတ်ဘူး . ."

"ဟုတ်တယ် မျိုးဆက်၊ ဒါ ထူးခြားချက်တစ်ခုပဲကွ၊ မြေပုံညွှန်းထဲမှာပါတဲ့အတိုင်း ကွက်တိပဲ၊ ဂူပေါက်ဝကို ရေခဲတွေက ဖုံးလွှမ်းနေတာကိုး၊ လာကွာ၊ အထဲကိုဝင်ကြည့်ကြရအောင် . ."

"အခြေအနေကိုကြည့်ဦး . . ကိုမိုး၊ အထဲမှာ ဘာရှိဦးမလဲမသိဘူး . ."

ဂူ၏အတွင်းပိုင်းမှာ မှောင်နေသည်။ နဖူးစည်းမီးကို



www.burmeseclassic.com

www.burmeseclassic.com



တပ်ကာ တစ်ယောက်ချင်းပင် ဝင်လာခဲ့ကြသည်။

နဖူးထက်မှ အားကောင်းသောမီးရောင်က ဂူထဲကို လင်းချင်းစွာပင် ထိုးဖောက်ဝင်ရောက်သွားခဲ့လေရာ. .

"ဟင်" "ဟာ"

နှစ်ယောက်စလုံး အထိတ်တလန့်အသံများ ထွက်သွားခဲ့ကြရသည်။ သူတို့တွေ့လိုက်ကြရသည့် မြင်ကွင်းကား ဂူကြီးထဲမှာ လူသုံးယောက်က ဂူနံရံကိုမှီပြီးတော့ ထိုင်နေကြသည်။ တစ်ယောက်က ဂူ၏အလယ်မှာ ထိုင်နေသည်။

လေးယောက်စလုံး အနွေးထည် အကျီထူထူကြီးများကို ဝတ်ဆင်ထားကြသည်။ သူတို့၏ဘေးမှာ ရေခဲပြင်သွား အသုံးအဆောင်ကိရိယာများ၊ ပြောင်းရှည်သေနတ်များ၊ အနည်းငယ်သော အိုးခွက်ပစ္စည်းများကို တွေ့လိုက်ကြရသည်။

စားလက်စ၊ အစားအသောက်များကလည်း အနီးအနားမှာ ရှိနေကြသည်။ ဖောက်ထားသည့် စည်သွပ်ဘူးများ၊ တစ်ပိုင်းတစ်စစားထားကြသည့် ပေါင်မုန့်များ၊ ဇွန်း၊ ခက်ရင်းများ ခါတ်ပူးများ စသည်တို့ပင်။ သို့သော်. .

ထိုသူများသည် အားလုံးအသက်ကင်းမဲ့နေကြပြီး ဖြစ်ကြသည်။ ငုတ်တုတ်ထိုင်ကာ သေဆုံးနေကြသည်။ မည်သည့်အကြောင်းကြောင့် သေဆုံးနေကြသည်ကို မသိနိုင်။

"ကိုမိုး. . ဒီလူတွေဟာ ဒီလိုကြီးသေဆုံးသွားကြတာ ဘာကြောင့်လည်းမသိဘူးနော်၊ အသတ်ခံကြရတာမျိုးလည်း မဟုတ်ဘူး၊ သတ္တဝါတစ်ကောင်ကောင်ရဲ့ လက်ချက်လည်းမဖြစ်နိုင်ဘူး"

"အေး. . ထူးတော့ ထူးဆန်းတယ်ကွ၊ အစားအစာ





တွေ စားနေကြတဲ့အထိ ဘာမှမဖြစ်ကြသေးဘူးကွ၊ သူတို့ဟာ ထိုင်ရင်း စကားပြောနေကြလိမ့်မယ်၊ ခရီးကလည်းပန်းလာကြတော့ အိပ်လည်းအိပ်ချင်နေကြလိမ့်မယ်၊ ဒီလိုနဲ့ အိပ်ပျော်သွားမှန်းမသိ အိပ်ပျော်သွားကြလိမ့်မယ်. . "

"ကျွန်တော်ဆက်စပ်ပြီး တွေးလို့ရပြီ ကိုမိုး၊ ဒီဂူထဲမှာ မီးအပူပေးစက်မရှိဘူး၊ ထင်းမီးဖိုလိုမျိုး မရှိဘူး၊ ဒီတော့ အပူဓါတ်မရရှိဘူးပေါ့၊ ဂူကိုလည်းပိတ်ထားဟန် မတူဘူး၊ တစ်ချိန်မှာ အအေးလှိုင်းက သိသိသာသာကြီးဝင်ရောက်လာလိမ့်မယ်. .

အဲ့ဒီအချိန်မှာ လူတွေဟာ နှစ်နှစ်ခြိုက်ခြိုက်ကို အိပ်ပျော်နေကြလိမ့်မယ်၊ အားလုံးသွေးခဲပြီး သေကုန်ကြတာပဲဖြစ်လိမ့်မယ်"

"အေးကွာ၊ စိတ်မကောင်းစရာပဲ. . ဒီလူတွေ သေသွားကြတာ တော်တော်ကြာပြီကွ၊ အနေအထားကို ကြည့်ရတာ အနည်းဆုံး ဆယ့်လေးငါးနှစ်လောက်ရှိလိမ့်မယ်၊ အအေးဓါတ်က ဒီလူတွေရဲ့ ခန္ဓာကိုယ်ကို မပုပ်မသိုးအောင် ထိန်းထားတာပဲကွ"

"ပြန်ထွက်ကြရအောင်ဗျာ. . "

အပြင်ကိုပြန်ပြီးတော့ ထွက်လာခဲ့ကြသည်။ ဂူထဲက လူများကို ဤအတိုင်းထားခဲ့ကြရ၍ စိတ်မကောင်းဖြစ်မိကြရသည်။ ကောင်းရာမွန်ရာကို ရောက်သွားကြပါစေဟု ဆုတောင်းပေးလိုက်ကြရသည်။ သည့်ထက်ပိုပြီးတော့ မတတ်နိုင်ကြ။

ဂူပေါက်ဝသည် များမကြာမီမှာပင် ရေခဲများဖြင့်လွှမ်းသွားကာ. . ပိတ်သွားလိမ့်မည်ဟု ထင်ရပေသည်။



www.burmeseclassic.com

www.burmeseclassic.com



'အစ်ဂလူး'ခေါ် 'ရေခဲဂူတဲကလေး။

ရေခဲဂူတဲကလေးထဲတွင် မျိုးဆက်နှင့်ကိုမိုးတို့နှစ်ယောက် ရောက်ရှိနေကြသည်။ အက်စကီးမိုးတို့ တည်ဆောက်ထားသော နေအိမ်ပင်ဖြစ်သည်။ ယင်းရေခဲဂူလေးထဲတွင် အက်စကီးမိုးတို့ နေခဲ့ကြဟန်တူသည်။

ဂူပေါက်က သေးငယ်လှပြီး လူတစ်ယောက်စာသာသာ ပဲဝင်၍ရသည်။ လေးဘက်ထောက်ပြီးတော့ ဝင်ရလေသည်။ ပါလာသော အပူပေးစက်လေးကို ထုတ်ကာ အသုံးပြုလိုက်ခြင်းအားဖြင့် သင့်တင့်စွာသော အပူဓါတ်ကိုရနေလေသည်။

နှစ်ယောက်သာ သက်တောင့်သက်သာ နားနေကြပြီး မိမိတို့ထွက်လာခဲ့ကြသည့် ခရီးစဉ်ကို ပြန်ပြီးတော့ ဝေဖန်နေကြလေသည်။ သူတို့သည် နယူးယောက်ဆိပ်ကမ်းမှ သင်္ဘောတစ်စီးဖြင့်ထွက်လာခဲ့ကြလေသည်။

ဂရင်းလန်းကျွန်းရှိ ကိတ်ရောက်ဆိပ်ကမ်းမှ မြောက်ဝင်ရိုးစွန်းသို့ သင်္ဘောတစ်စီးဖြင့် ခရီးဆက်လာခဲ့ကြလေသည်။ အာတိတ်ရေခဲတောင်ဒေသတွင် နေကိုခြောက်လမှတစ်ကြိမ်မြင်တွေ့ကြရသည်။

ရုစဗဲ့သင်္ဘောဝသည် မြောက်ဖက်သို့ ထွက်ခွာလာခဲ့ကြရာတွင် ရေခဲပြင်ကြီးကို ထိုးဖောက်ကာ ဖြတ်သန်းခဲ့ကြရသည်။ ဘက်ဖင်ပင်လယ်အော်ကြီးကို ဖြတ်ကျော်ခဲ့ကြညပီး ဂရင်းလန်ကျွန်းနှင့် အဲလ်စမီးယားကုန်းမြင့်အကြားမှာရှိနေသည့် ကျဉ်းမြောင်းလှသည့် ရေခဲပြင်လက်ကြားမှာ သတိကြီးစွာဖြင့် မောင်းလာခဲ့ရလေသည်။





ပိုလာပင်လယ်ပြင်ကို မရောက်မီရှေ့မှာ ရေခဲတောကြီးနှင့်ဆုံတွေ့လိုက်ကြရသည်။ ရေခဲတုံးကြီးများက ဘေးမှာကြပ်ညှပ်နေကြ၍ ထိုးဖောက်ပြီးထွက်ရာတွင် အချိန်ကကြာသွားခဲ့လေသည်။

အာတိတ်ဒေသ၏အအေးသည် သုညဒီဂရီအောက် ၆၂ အထိကျဆင်းလျက်ရှိနေသည်။ မြောက်ဝင်ရိုးစွန်းကား ရေခဲအတိဖုံးလွှမ်းလျက်ရှိသည်။

အချို့နေရာတွင် ရေခဲတုံးကြီးများကား ပူးကပ်၊ ညှပ်ပိတ်နေကြ၍ အချိန်က ကြာသွားခဲ့ရပြန်လေသည်။ ခရီးဆုံးသောအခါ အက်စကီမိုးများဆီက စွပ်ဖားလှည်းများကို ဝယ်ယူကာ ရှေ့ခရီးကို ဆက်ခဲ့ကြရသည်။ စွပ်ဖားလှည်းမောင်းသမားများကို ပင်ငှားရမ်းခြင်းမပြုခဲ့။ ခရီးကို မိမိတို့ဘာသာ ဦးဆောင်ပြီး ထွက်လာခဲ့ကြသည်။

သူတို့ကံကောင်းကြသည်။ နွေဦးရာသီကို မရောက်သေး၍ ပင်လယ်ရေစီးကြောင်းပူများက မဝင်ကြသေး။

ထို့ကြောင့် ရေခဲပြင်သည်လည်း အက်ကွဲခြင်းမရှိကြသေးပေ။ ရေပူစီးကြောင်းကြောင့် ရေအိုင်များဖြစ်ပေါ်လာခဲ့ကြ၍ အခက်အခဲရှိနိုင်ကြသည်။

မြောက်ဝင်ရိုးစွန်းကြီးသည် ပိုလာပင်လယ်ကြီး၏ ဗဟိုချက်မှာရှိသည်။ ပိုလာပင်လယ်ကြီးကား ရေခဲအတိဖုံးလွှမ်းလျက်ရှိနေလေသည်။ နောက်ဆုံးမှာတော့ ကမ္ဘာ၏မြောက်ဝင်ရိုး



www.burmeseclassic.com

www.burmeseclassic.com



စွန်းဒေသကို ရောက်ရှိလာခဲ့ကြလေသည်။

အာဂသတ္တိခဲယောကျ်ားများပါတကား။

အစ်ဂလူးရေခဲဂူတဲထဲမှာ နှစ်ရက်ခန့် ကောင်းကောင်း အနားယူကြသည်။ ယူလာသော အပူပေးစက်ကို သိပ်ပြီး အသုံးပြုစရာမလိုပေ။ အက်စကီးမိုးတို့၏ ရေခဲဂူအိမ်ကလေးသည် အအေးဓါတ်ကို သည်းထန်စွာ မခံစားရပဲ သက်တောင့်သက်သာပင် နေနိုင်လေသည်။ ယခုအချိန်အထိ အနာအဖျားမရှိကြသေးသည့်အတွက် ကံကောင်းကြသည်ဟု ဆိုရပေမည်။ သရဏဂုံသုံးပါး၏ အကျိုး ကျေးဇူးကားများလှသည်။

သုံးရက်မြောက်သောနေ့တွင် ဂူထဲမှ အပြင်ကို ထွက်လာခဲ့ကြသည်။ ယခုလို ခရီးသွားကြရာတွင် ပေါ့ပါးသော ဝန်စည်စလယ်များကိုသာ ရွေးပြီးတော့ ယူဆောင်လာခဲ့ကြသည်။ ပိုပြီးတော့ ကံကောင်းကြသည်က ရေခဲတောင်ဒေသ၏ ရောဂါတစ်မျိုးဖြစ်သော နှင်းကိုက်သောဝေဒနာကို မခံစားကြရချေ။ ထိုဝေဒနာမျိုးကိုရလျှင် ခြေချောင်း၊ လက်ချောင်းလေးများက ပုပ်လာကြသည်။ အဆစ်များမှ ပြုတ်ထွက်သွားတတ်ကြလေသည်။

စွပ်ဖားလှည်းကို ဂူအပြင်မှာထားကြရပြီး ခွေးများကိုတော့ ဂူထဲမှာပဲသိပ်ခဲ့ကြသည်။ ခွေးအစာများကို အက်စကီးမိုးတို့ကလုံလောက်စွာပင် ပေးလိုက်ကြ၍ တော်ပေသေးသည်။

ခွေးများသည် နှစ်ရက်တိတိကောင်းစွာပင် အနားယူခဲ့ကြရသည်။ အစာလည်း ကောင်းကောင်းစားခဲ့ကြရသည်။





ထို့ကြောင့်. . အားပြည့်ကာ ကျန်းမာသန်စွမ်းလျက်ရှိနေကြသည်။ စွပ်ဖားလှည်းနှစ်စီးမှာ ခွေးခြောက်ကောင်စီကို တပ်ဆင်ကြပြီး အစ်ဂလူးခေါ်တဲကလေးမှ ထွက်လာခဲ့ကြလေသည်။ မြန်မာ နှစ်ယောက်က အာတိတ်ဒေသဆီကို စွန့်စားပြီး ထွက်လာခဲ့ကြသည့်အကြောင်းကို အများကသိခဲ့ကြလျှင် မည်သို့ဝေဖန် ပြောဆိုကြမည်လည်း မပြောတတ်ပါ။

သတ္တိကောင်း၍ စွန့်စားကြသူများလား၊ သို့မဟုတ်၊ ရူးနှမ်းကြသူများလားဟု တစ်မျိုးမျိုးတော့ ပြောကြပေလိမ့်မည်။ နှစ်မျိုးစလုံးလည်း ပြောကာ ဝေဖန်ကြမည်မှာ မလွဲနိုင်။ လမ်းမှာ ကတိုးနွား၊ ကယ်ရီဗူး၊ ပိုလာဝက်ဝံ၊ ပင်လယ်ဖျံ စသည့်သတ္တဝါများကို တွေ့ခဲ့ကြရသည်။ မိမိတို့ကျက်စားရာ သဘာဝအလျောက် ခိုအောင်ပြီး နေထိုင်ကြသည်။ သွားလာ. . လှုပ်ရှားလျက်ရှိနေကြသည်။

နှစ်ရက်အကြာတွင် မည်သည့်သတ္တဝါကိုမှ မတွေ့ရတော့ချေ။ ပတ်ဝန်းကျင်သည်လည်း ပြောင်းလဲလာခဲ့လေသည်။ ရေခဲတောင်ကြီးများသည် ပိုမိုမြင့်မားလာခဲ့ကြသည်။ တချို့နေရာများတွင် မြေသားပို၍ဆံကာ ရေခဲများဖြင့် အပေါ်က မံထားကြသော ရေခဲဖုံးမြေသားတောင်များပင်တည်း။

"မြောက်ဝင်ရိုးစွန်းဒေသမှာ ဒီလိုမြေသားဆံတဲ့နေရာမျိုးကို ငါတို့တွေ့ခဲ့ကြတာ နှစ်ခါရှိပြီ မျိုးဆက်. . "

"ဟုတ်တယ်. . ဗျို့၊ ဒါပေမယ့် သုတေသီစာရေးဆရာ ဝီလီယမ်ရိ(ဒ်)ရဲ့ စာအုပ်ထဲမှာတော့ မြေသားအဝက်ဖုံးလွှမ်းနေတဲ့ ရေခဲတောင်တွေရှိတဲ့ အကြောင်းကိုထည့်ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



မရေးသားခဲ့ဘူး၊ ကျန်သွားခဲ့တာလား မပြောတတ်ပါဘူးဗျာ”

“ဒါပေမယ့် ဒီနေရာကို သူကိုယ်တိုင် မရောက်ခဲ့လို့ပဲလား၊ အာတိတ်ဒေသဆိုတာက အကျယ်ကြီးပဲလေ၊ နည်းနည်းနောနောမှ မဟုတ်တာ. . မျိုးဆက်ရာ. .”

ထို့နောက် နားလိုက်၊ သွားလိုက်ဖြင့် ခရီးဆက်လာခဲ့ကြရာ မကြာမီ. . လွန်စွာမှ ကြီးမားသော ရေခဲတောင်ကြီးတစ်တောင်ကို မမျှော်လင့်ပဲ တွေ့မြင်လိုက်ရလေ၏။

သာမာန်ရေခဲတောင်ကြီးများထက်ပို၍ မြင့်မားပြီး အောက်ခြေမှာ လိုဏ်ပေါက်ကြီးတစ်ခုက ရှိနေသည်။ [တစ်ကယ်တော့ မြေကျောက်တောင်ကြီးဖြစ်ပြီး ရေခဲများက အပေါ်မှ ဖုံးလွှမ်းနေခြင်းပင်ဖြစ်သည်။ အာတိတ်ဒေသထဲတွင် ထူးခြားသော ဒေသတစ်ခုပင်တည်း]

ရေခဲတောင်ကြီး၏အောက်တွင်ရှိသော လိုဏ်ပေါက်ကြီးသည် ဥမင်လမ်းကြောင်းကြီးတစ်ခုပင်ဖြစ်သည်။

သဘာဝအလျောက်ဖြစ်ပေါ်နေသော ဥမင်ပဲလား၊ တစ်ချိန်က လူတို့ဖောက်လုပ်ခဲ့သော လမ်းကြောင်းကြီးပဲလား၊ စွပ်ဖားလှည်းနှစ်စီးသည် ဥမင်လမ်းကြောင်းကြီးထဲကို တရှိန်ထိုးပင် ဝင်သွားခဲ့ကြလေသည်။

စွပ်ဖားလှည်းဆွဲခွေးများသည် တောက်လျှောက်ပင် ဝင်သွားခဲ့ကြသည်။ လိုဏ်ဂူနံရံများသည် ရေခဲများကပ်ကာ တောက်ပြောင်နေကြသည်။ ဂူသည်အတွင်းဘက်မှာ မှောင်မနေပဲ အလိုလိုပင် လင်းလက်လျက်ရှိနေသည်။

အကွေ့အကောက်တွေက များသည်။ ဝီလီယမ်ရိုဒ်)





၏မြေပုံညွှန်းက ယခုထက်ထိ မှန်ကန်နေသေး၍ ယုံကြည်စိတ်ကပိုပြီးတော့ မြင့်မားလာခဲ့ကြလေသည်။ ဥမင်လမ်းကြောင်း၏ အမိုးသည် ပေလေးဆယ်လောက်အထိ မြင့်မားလျက်ရှိနေကြပြီး ရေခဲချောင်း၊ အချွန်အတတ်များက အမိုးမျက်နှာကျက်မှ အောက်ကို ကျဆင်းလျက်ရှိနေကြသည်။

ခွေးများကလည်း လျင်မြန်သော အဟုန်ဖြင့် ဥမင်လမ်းကြောင်း၏ အကွေ့အကောက်များကို ဖြတ်သန်းကာ သွားနေကြသည်။ မကြာမီ ရေခဲတောင်ကြီး၏ တစ်ဖက်ကို ရောက်လာခဲ့ကြလေသည်။

ရှေ့မှာ အလင်းပေါက်ကြီးတစ်ခုကို တွေ့လိုက်ရသောကြောင့်ပင်၊ စွပ်ဖားလှည်းနှစ်စီးသည် လျင်မြန်စွာပင် တစ်ဖက်ဂူလမ်းကြောင်းအပေါက်ဝကို ကျော်လွှားသွားခဲ့ကြရာ. .

ရှေ့မှာရေခဲတုံးကြီးတစ်တုံးက လမ်းပိတ်ထားသလို ဆီးပြီးခံနေသည်။

“ဟာ. . ရှေ့မှာ ရေခဲတုံးကြီးတစ်တုံး. .”

မျိုးဆက်က အော်ပြီးသတိပေးလိုက်သည်။ စွပ်ဖားလှည်းဆွဲခွေးများသည် ရေခဲတုံးကြီးကို အရှိန်ဖြင့် ခုန်ကျော်လိုက်ကြသည်။ သို့သော်. .

“ဖြောင်း”

ခွေးများက ကျော်လွှားသွားနိုင်ကြသော်လည်း လှည်းများကမူ ရေခဲတုံးကြီးကို လွတ်အောင်မရှောင်နိုင်ကြတော့။ ဝင်တိုက်မိကြလေတော့သည်။ နောက်ကလှည်းရော၊ ရှေ့ကလှည်းပါ ရှေ့နောက် ဆင့်ကာ ဝင်ပြီးတော့ တိုက်မိကြလေ



www.burmeseclassic.com

www.burmeseclassic.com



ရာ. . အားလုံးလွင့်ထွက် သွားခဲ့ကြသည်။ စွပ်ဖားခွေးများသည်လည်း လှည်းမှပြုတ်ထွက် သွားကြရာ တခြားစီဖြစ်သွားခဲ့ကြလေ၏။

မျိုးဆက်နှင့် ကိုမိုးတို့သည် လေထဲကိုမြောက်တက်သွားခဲ့ကြသည်။ သို့သော် သတိကတော့ အလစ်မခံကြပေ။ လက်ထဲမှာကိုင်ထားသော သေနတ်များကို လွတ်ထွက်မသွားရန် မြဲမြံစွာပင်ဆုပ်ကိုင်ထားကြသည်။

နှစ်ယောက်စလုံး အနိမ့်ပိုင်းတစ်နေရာကို·ပစ်ကျသွားခဲ့ကြရသည်။ နှင်းလွှာထုပေါ်ကို ကျသွား၍သာ. . သက်သာရာရသွားခဲ့ကြခြင်းပင်ဖြစ်ကြသည်။ ထို့နောက်. . ဒလိမ့်ခေါက်ကွေးပင် တစ်ပတ်ပြီးတစ်ပတ် လိမ့်ဆင်းသွားခဲ့ကြသည်။

ကုန်းစောင်းကြီးအတိုင်း ဆင်ခြေလျှော ကျဆင်းသွားခဲ့ကြခြင်းပင်ဖြစ်လေ၏။

"မျိုးဆက်ရေ. . သတိထား၊ ခေါင်းကိုမထိခိုက်စေနဲ့"

"ခင်ဗျားလည်း သတိထား ကိုမိုး၊ အောက်ခြေအထိရောက်ဖို့ တော်တော်လေးကို လိုသေးတယ်၊ ဘယ်လိုမှထိန်းလို့မရတော့ဘူး. ."

အပြန်အလှန်သတိပေးကြရင်း တရှိန်ထိုးလိမ့်ပြီးဆင်းသွားခဲ့ကြရာ တော်တော်ဝေးဝေးအထိ ကျဆင်းသွားခဲ့ကြသည်။ နောက်ဆုံးမှာတော့ တစ်နေရာကို အရောက်တွင်ရပ်တန့်သွားခဲ့ကြလေတော့သည်။



# (၇)
# ကမ္ဘာမြေအောက်ခရီးအစ

အောက်ကိုရောက်သွားကြသောအခါ တစ်ယောက်တစ်ကွဲစီဖြစ်သွားခဲ့ကြလေ၏။ မျိုးဆက်သည် ကျောပိုးအိတ်ကိုစမ်းကြည့်လိုက်သည်။ ကြီးမားသော ကျောပိုးအိတ်ကြီးကခန္ဓာကိုယ်ပေါ်က လွတ်ထွက်မသွားခဲ့ပေ။

မိမိ၏ခန္ဓာကိုယ်ပေါ်မှာလည်း ထိခိုက်ဒဏ်ရာများမရရှိခဲ့ကြောင်းကို သိရှိခဲ့ရသည်။ ထို့နောက် ကိုမိုးကို သတိရသွားခဲ့လေ၏။

"ကိုမိုး. . ကိုမိုး"

ထိုင်နေလျက်က အော်ခေါ်လိုက်ရာ ချက်ချင်းပင်လိုပြန်ပြီးတော့ ထူးသံကို ကြားလိုက်ရလေသည်။

"မျိုးဆက်. . ငါဒီမှာကွ၊ ငါဘာမှမဖြစ်ဘူး၊ မင်းကောအခြေအနေကောင်းရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ်၊ ကောင်းတယ်၊ ကျွန်တော်လည်း ဘာမှ မဖြစ်ဘူး"

မျိုးဆက်ကလည်း ပြန်ပြီးအော်ပြောလိုက်လေရာ. . ထိုအသံများသည် ရေခဲတောင်များကို ပဲ့တင်ရိုက်ခတ်သွားခဲ့ကြသည်။ ပဲ့တင်သံများအဖြစ် သူတို့ဆီကို ပြန်လာခဲ့ကြလေသည်။

ကိုမိုး၏ အသံသည် အောက်မှလာသော အသံပင်ဖြစ်သည်။ ထို့ကြောင့်. . အောက်ကို ငုံ့ကြည့်မိလိုက်လေ၏။

ကိုမိုးသည် အောက်ပေငါးဆယ်လောက်အနက်မှာ မတ်တပ်ရပ်နေလျက်ရှိသည်။ မျိုးဆက်ကို မော့ပြီးတော့ ကြည့်နေလေသည်။ ထိုအခါကျမှ မိမိသည် ရေခဲတောင်နံရံကြီး တစ်ခုမှ ထိုးထွက်နေသော အစွန်းကြီးတစ်ခုပေါ်မှာ တင်နေကြောင်းသိလိုက်ရလေ၏။ ကျောပိုးအိတ်ထဲမှာ သေးသွယ်၍ ခိုင်ခန့်သော ကြိုးခွေတစ်ခွေ ပါလာခဲ့ကြသော်လည်း ထုတ်၍ အသုံးမပြုကြသေး၊ မျိုးဆက်သည် အောက်ကိုဆင်းရန် နည်းလမ်းကိုရှာရသည်။

ရေခဲတောင်နံရံကြီးတွင် အထွက်အထွက်များဖြစ်နေသည်။ နံရံမှ ထိုးထွက်နေသော အထစ်များကလည်း ရှိနေကြသည်။ အောက်သို့ဆင်းရန် လွယ်ကူသော အနေအထားမျိုးမှာ ရှိနေသည်။

"မျိုးဆက် မင်းဆင်းလို့ လွယ်မလား"

"ရတယ်. . ကိုမိုး"

မျိုးဆက်က အဖြေပေးလိုက်သည်။ ထို့နောက် သေနတ်



ကိုပခုံးထက်မှာလွယ်ကာ နံရံက အထစ်များကို ကိုင်တွယ်ပြီး အောက်ကိုတဖြည်းဖြည်းနှင့် ဆင်းလာခဲ့သည်။ သတိထားပြီးတော့ဆင်းရသည်။ ပေငါးဆယ်လောက်အကွာအဝေးသည် သိပ်မနက်ပါ၊ ကိုမိုးက အောက်မှ စောင့်နေသည်။ မကြာမီမှာပင်လျှင် အောက်ကို ချောမောစွာပင် ရောက်သွားခဲ့လေ၏။

"ငါတွေ့ထားတာရှိတယ်. . မျိုးဆက်၊ မင်းကိုပြမလို့ ဟိုမှာကြည့်လိုက်စမ်း. . "

ကိုမိုးက တစ်နေရာကို လက်ညှိုးထိုးပြလိုက်လေရာ. . စက်ဝိုင်းသဏ္ဌာန်ကြီးမားသော ဂူပေါက်ဝကြီးတစ်ခုပင်ဖြစ်သည်။ ဂူဝအထက်ပိုင်းမှာ ရေခဲချောင်းကြီးများက တွဲလွဲပင် ကျနေလျက်ရှိနေကြသည်။ ဂူပေါက်ဝကြီးကား သူတို့ကို ပါးစပ်ကြီးဟကာ ဆီးပြီးကြိုနေသကဲ့သို့ပင်တည်း။

"အံ့အားသင့်စရာပဲ နောက်ဆုံးမှာတော့ ကျွန်တော်တို့ ဆန္ဒရှိတဲ့ နေရာကို ရောက်လာခဲ့ကြရပြီ. . "

မျိုးဆက်သည် တုန်ယင်သောလေသံကြီးဖြင့် ပြောလိုက်လေ၏။ ဤအပေါက်ဝကြီးသည် ကမ္ဘာ့ဝမ်းခေါင်းကြီးထဲကို ဆင်းသော အပေါက်ကြီးများထဲမှ တစ်ခုသာလျှင်ဖြစ်ကြောင်းကို လက်ခံယုံကြည်လိုက်ကြလေသည်။ မြောက်ဝင်ရိုးစွန်းဒေသ၏ မိုင်ပေါင်းထောင်ချီ၍ဝေးကွာသော အတွင်းပိုင်းဆီကို သူတို့ ရောက်ရှိခဲ့ကြခြင်းပင်ဖြစ်ကြသည်။ မယုံကြည်နိုင်လောက်အောင်ပင်ပါတကား။

"ကဲ. . ကျွန်တော်တို့ နာရီဝက်လောက်နားကြမယ်၊ အပြင်မှာက သိပ်ပြီးအေးတယ်၊ ကျွန်တော်တို့စမ်းပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



ဆင်းကြတာပေါ့ဗျာ၊ ကမ္ဘာမြေကြီးရဲ့အတွင်းပိုင်းမှာတော့ နွေးနွေးထွေးထွေးရှိကောင်းပါရဲ့. . "

"အေး. . ဒီလိုပဲထင်ရတာပဲ၊ ဒီအပေါ်မှာ ငါတို့သိပ် အကြာကြီးနေနိုင်ကြမှာ မဟုတ်ဘူးကွ၊ ဒီနေရာက ပိုပြီးတော့ အေးတယ်"

ကိရိယာတွင် သုညဒီဂရီအောက် ၇၀ သို့ပင် ပြနေကြောင်းကို တွေ့လိုက်ကြရလေ၏။

နားကြတော့လည်း ဂူပေါက်ဝမှာ နားကြသည်။ ချောက်ကြီးထဲမှာမို့ လေက သိပ်မတိုက်၊ တစ်ခါတစ်ရံမှာ တောင်ပေါ်မှ နှင်းထုများက ပြိုပြီးတော့ ဆင်းလာတတ်သည်ကို တွေ့ရသည်။ မိမိတို့နေရာနှင့် အတော်လေးကို အလှမ်းဝေးနေ၍ တော်ပေသေးသည်။ ခွေးတွေလည်း ဘယ်ရောက်လို့ ဘယ်ပျောက်သွားမှန်းပင် မသိလိုက်ကြတော့။

တစ်ချိန်ချိန်မှာ မိမိတို့၏နေရာကို အေးဆေးစွာပင် ပြန်ရောက်သွားနိုင်ကြလိမ့်မည်ဟု ထင်မိကြပါ၏။





"ကဲ. . အနန္တော၊ အနန္တငါးပါးကို ဦးထိပ်ထားပြီး ဆင်းကြရအောင်. . "

ကိုမိုးက မြန်မာပြည်ရှိ ဘုရား၊ စေတီ၊ ပုထိုးများကို မှန်းပြီး မျိုးဆက်နှင့်အတူ လက်အုပ်ချီကာ ကန်တော့သည်။ ထို့နောက် ဂူဝ၏ အတွင်းဖက်ဆီကို ဝင်လာခဲ့ကြလေ၏။ ကိုက်ငါးဆယ်လောက်အထိ မြေပြန့်လိုရှိနေသည်။ ပြင်ပမှ အလင်းရောင်ကို ကောင်းကောင်းပင်ရနေသေးသည်။ မကြာမီ သူတို့ထင်မှတ်ထားကြသည့် အခြေအနေတစ်ခုကို ရှေ့မှာ မြင်လိုက်ကြရလေတော့သည်။ အောက်ဖက်ကိုဆင်းသည်။

ချောက်ကြီးတစ်ခု. .

[မတ်စောက်စောက်သဏ္ဌာန်ကြီးလည်း မဟုတ်ပေ၊ ဒယ်အိုးတစ်လုံးကဲ့သို့ အောက်ကို ခပ်လျောလျောလေးဆင်းသွား၍ရသည်]

ကို တွေ့လိုက်ရသောကြောင့်ပင်တည်း၊ နှစ်ဦးသဘောတူဆန္ဒနှင့်အညီ ဂမူဂထစ်များကို တွယ်ကာ. . ခိုကာဖြင့် အောက်ကို တဖြည်းဖြည်းနှင့် ဆင်းလာခဲ့ကြသည်။ တချို့နေရာများတွင် မတ်စောက်သလိုဖြစ်နေ၍ ပိုပြီးတော့ သတိထားကြရသည်။

လမ်းတွင် ဂူငယ်ကဲ့သို့နေရာများရှိနေကြ၍ ခရီးတစ်ထောက်နား၍လည်းရသည်။ ပေတစ်ထောင်လောက်ထိ ရောက်လာသည်။ လေဖိအားအပြောင်းအလဲမရှိ၊ ဘာရီ[illegible]မှာ ပြလျက်ရှိသည်။

ထိုအချက်သည် အံ့အားသင့်ဖို့ကောင်းသည်။

သည့်ထက်အောက်ကို ရောက်လာ[illegible]လေ၊ ပိုပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



မှောင်လာလေလေဖြစ်ရလိမ့်မည်။

သို့သော်. .

အပေါ်မှ အလင်းရောင်က ကျသွားခဲ့သော်လည်း နောက်ထပ် အလင်းရောင်တစ်မျိုးက ဝင်လာခဲ့သည်။

[အစားဝင်ရောက်လာသော အလင်းရောင်မျိုးဟု ဆိုနိုင်သည်။ ဖြူပြာရောင်မျိုးဖြစ်သည်။ မည်သည့်နေရာက ဝင်ရောက်လာသည့် အလင်းရောင်ဆိုသည်ကို လောလော မပြောတတ်ချေ]

ထို့ကြောင့် အောက်ကိုကောင်းစွာပင်မြင်နေရသည်။ ကြိုးများကိုသုံးရန် မလိုအပ်သေးပေ။ ကြိုးဆိုသည်ကလည်း အလုံးတုတ်တုတ်ကြီးမဟုတ်ပဲ ကျစ်လျစ်သေးသွယ်ပြီး ခိုင်ခန့်သည်။ ထို့ကြောင့် သယ်ယူရသည်မှာ ဝန်ကျဉ်းသည်။ အိတ်ထဲမှာထည့်ပြီးတော့ ယူသွားနိုင်သည်။

တစ်ယောက်နှင့်တစ်ယောက် သိပ်ပြီးမကွာဝေးကြပဲ အောက်ကို ဆင်းလာခဲ့ကြလေရာ. . နောက်ဆုံး ပေငါးထောင် အနက်အထိ ရောက်သွားခဲ့ကြလေပြီ။ ကမ္ဘာမြေကြီး၏ အောက် တစ်မိုင်လောက်ခရီးပေါက်ခဲ့လေပြီ။

"ဒါ. . ကျွန်တော်တို့အတွက် ခရီးအစပဲရှိသေးတယ်၊ နောက်ထပ်သည့်ထက်မက ထပ်ပြီးဆင်းရလိမ့်ဦးမယ်. . "

"အေး. . ငါလည်းသဘောပေါက်လာပြီကွ၊ မင်း တစ်ခုတော့ သတိထားမိမလားမသိဘူး၊ ဒီအောက်မှာ အပူ အအေးလည်း မျှတလာတယ်ကွ၊ ပြီးတော့ ရေခဲဖုံးလွှမ်းတဲ့ နေရာလည်းမဟုတ်တော့ဘူး၊ တဖြည်းဖြည်းမြေသားဆံလာခဲ့





တယ်. . "

"ဟုတ်တယ်. . ရေခဲပြင်ဒေသက ကျွန်တော်တို့ရဲ့ ခေါင်းပေါ်မှာကျန်ခဲ့ပြီ၊ ဟော. . ဟိုမှာ ဂူပေါက်ကြီးတစ်ခု တွေ့ရပြန်ပြီဗျို့. . "

ဂူပေါက်တစ်ခုကို လှမ်းပြီးတော့ မြင်လိုက်ကြရပြန်သည်။ လျှောက်သွားပြီးကြည့်လိုက်ရာ အောက်ကိုထပ်ပြီး ဆင်းရန် နောက်ထပ်လမ်းစတစ်ခုပင်တည်း။

မျိုးဆက်က နာရီကိုကြည့်လိုက်ရာ. .

"ဟာ. . ဒီကဒေသစံတော်ချိန်အရဆိုရင် ညနေ ခြောက်နာရီပဲ၊ ဒါပေမယ့် ထူးခြားချက်က ဘာမှမရှိဘူး. .

မကြာခင်မှာ ကျွန်တော်တို့ အနားယူကြရတော့မယ်၊ အိပ်ချိန်ရောက်တော့မယ်. . "

"ငါတို့ဆင်းနိုင်သမျှဆင်းပြီးမှ အိပ်စရာနေရာရှာကြ တာပေါ့ကွာ. . "

ကိုမိုးသည် ဤခရီးအပေါ်မှာ စိတ်ပျက်ခြင်းမရှိပဲ ပို၍ပင် တက်ကြွနေသေးသည်။ မျိုးဆက်မှာ မပြောင်းလဲသော ကိုမိုး၏စိတ်ဓါတ်ကို ချီးကျူးမိရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ်တွေ့ရသော ဂူပေါက်မှတဆင့် ဝင်သွားကြရပြန်သည်။ ဒီတစ်ခါတော့ ပြေပြစ်သော အဆင်းကို ရင်ဆိုင်လိုက်ကြရသည်။ အောက်ကိုမသိမသာလေးပင် နိမ့်ဆင်းသွားခဲ့သည်။

တစ်ကယ်တော့ ကမ္ဘာ့ဆွဲအားအတိုင်း အောက်ကို ဆင်းသွားခဲ့ကြရ၍ မမောပန်းကြချေ။ အောက်ကို ခြေတစ်လှမ်းလှမ်းလေလေ မြင်ကွင်းကြီးက ပိုပြီးတော့ ကျယ်လာလေလေပင်။

[မြင်ကွင်းဟု တင်စားမိရသည်က . . မိမိတို့သည် မြေတွင်းကြီးထဲကို ဆင်းနေကြရသည့် အခြေအနေမျိုးနှင့် တူနေသည်ပဲ မဟုတ်ပါလား . . ]

နောက်ထပ် ပေပေါင်းများစွာပင် ဆင်းသွားခဲ့ကြသည်။

"ကျွန်တော်တို့ဟာ အသက်ရှုကြပ်တာမျိုးတို့ လှောင်ပိတ်ပြီးအပူဒဏ်ကို ခံနေကြရတာမျိုးတို့ ဖြစ်ပေါ်မလာကြလို့ မြေပေါ်မှာလိုပဲ သက်တောင့်သက်သာရှိနေကြရတယ်၊ ဒါဟာ မြေအောက်သဘာဝတရားကြီးရဲ့ ထူးခြားချက်ပဲ . . "

"ဟုတ်တယ် လေဖိအားကလည်း နည်းနည်းလေးမှ မပြောင်းလဲတာ ထူးခြားတယ်၊ ကမ္ဘာမြေပြင်ပေါ်က ဓါတ်သဘာဝအတိုင်း မြေအောက်မှာလည်း ရှိနေတယ်၊ ဒါဟာ လျှို့ဝှက်ချက်ကြီးတစ်ခုပဲ . . "

အလင်းအားကလည်း လင်းလင်းချင်းချင်းကြီး မဟုတ်သည့်တိုင် ဖျော့ဖျော့ရောင် အလင်းမျိုး၊ ခရီးလမ်းကို သိသာမြင်သာသော အလင်းရောင်မျိုး . .





"ဝိုး . . "

ထိုစဉ် . .

အေးမြသော လေပြေက သူတို့ကို ပက်ဖျန်းတိုက်ခတ်သွားခဲ့သည်။ ဝိုးကနဲဆို အသံမြည်ပြီးတော့ တိုက်သွားခဲ့ခြင်းပင်။

"ဘယ်က ဝင်လာတဲ့လေလည်း မသိဘူး၊ ရေခဲနံ့မပါဘူး၊ သတိထားမိလိုက်သလား ကိုမိုး . . "

"အေးကွ၊ လတ်ဆတ်ပြီး အေးမြနေတာပဲ၊ မြေအောက်မှာမို့လို့ လှောင်ပိတ်ပူလောင်နေတဲ့ လေမျိုးလည်း မဟုတ်ဘူး၊ တစ်ကိုယ်လုံးကို လန်းသွားတာပဲကွာ . . "

လတ်ဆတ်သောလေကို ဝဝပင်ရှူသွင်းမိလိုက်ကြသည်။

"ကိုမိုး . . ခင်ဗျား သတိထားမိသလား၊ လေမှာ ဆားဓါတ်ပါတယ်ဗျာ . . "

"ဟေ . . ဟုတ်လား၊ ငါသတိမထားမိလိုက်ဘူးကွ"

"ဆားဓါတ်ပါတယ်ဆိုကတည်းက လေဟာ မြစ်တွေ၊ ချောင်းတွေ၊ ပင်လယ်သမုဒ္ဒရာတွေကို ကျော်ဖြတ်ပြီး တိုက်ခတ်လာတဲ့သဘောပဲဗျာ . . "

"ဒီကမ္ဘာမြေကြီးရဲ့ အောက်မှာ ပင်လယ်သမုဒ္ဒရာတွေရှိတယ်ဆိုတဲ့ ကိစ္စတွေ၊ အဆိုတွေကိုတော့ ငါကြားဖူးထားပါတယ်၊ ဒါပေမယ့် ကိုယ်တွေ့မဟုတ်တော့ မယုံချင်သေးဘူးဗျ"

"ကျွန်တော်လည်း သိပ္ပံပညာရှင်ကြီးတွေ လူစွမ်းကြီးတွေရဲ့ ရှာဖွေတွေ့ရှိချက်ကို သိထားလို့ အထောက်အထားတွေကလည်းရှိထားလို့ လက်ခံထားတာပါ၊ ခုမှကယ်တော့ ကိုယ်တွေ့ကြုံကြမှပဲ ယုံကြည်လိုက်ကြရမှာပေါ့ဗျာ . . "



www.burmeseclassic.com

www.burmeseclassic.com



တစ်အောင့်နားကြသည်။ ရေသောက်ကြသည်။ ရေကို ခြေတာပြီးတော့ သောက်ကြရသည်။ အေးစိမ့်သော ဓါတ်ကြောင့် သိပ်ပြီးတော့လည်း မမောပန်းကြပေ။ ရေငတ်မှုလည်း နည်းပါးကြသည်။

တစ်ခဏနားပြီး အောက်ဖက်ကို ဆင်းလာခဲ့ကြသည်။ မြေပြင်ပေါ်မှာလျှောက်ရသကဲ့သို့ပင် လမ်းကတော်တော်လေးကိုပြေပြစ်လာခဲ့လေ၏။

တစ်နေရာကိုရောက်သောအခါ ရေစီးသံကဲ့သို့သော အသံမျိုးကို ကြားလိုက်ကြရသည်။

"ရေစီးသံပဲဗျ. . ဟိုဘက်က လာနေတဲ့အသံ"

အသံထွက်ပေါ်လာရာဆီကို လျှောက်သွားကြည့်ကြရာ အနိမ့်ပိုင်းတစ်နေရာတွင် စီးဆင်းလျက်ရှိသော စမ်းချောင်းလေးတစ်သွယ်ကို မမျှော်လင့်ပဲ တွေ့လိုက်ကြရသည်။

"မြေအောက်စမ်းချောင်းတစ်ခုပဲဗျ၊ ကျွန်တော်တို့ ဒီနေရာမှာပဲ ဒီညအဖို့ စခန်းချကြရင် ကောင်းလိမ့်မယ်. . "

"အေး. . ကောင်းတယ်၊ အဆင်ပြေတယ်ကွ၊ ရေခဲတွေက. . အရည်ပျော်ပြီးတော့ စမ်းချောင်းဖြစ်လာခဲ့ကြတာ၊ တစ်နေရာရာမှာ ရေခဲအရည်ပျော်နိုင်တဲ့ အပူချိန်မျိုးရှိနေတယ်၊ ဘာပဲဖြစ်ဖြစ်ကွာ. . ရေကောင်းရေသန့် အမှန်အကန်ပဲ မျိုးဆက်ရ. . "

"ကျွန်တော်က ကြိုချက်ပြီးတော့ သောက်ချင်တာဗျ၊ ထင်းမရှိ၊ ဘာမရှိနဲ့ဆိုတော့ ခက်သားလားဗျာ. . ဟင်. . "

"ဘာလည်းကွ. . မျိုးဆက်၊ မင်း ဘာတွေ့လို့လဲ"





"ဟိုမှာ ကြည့်စမ်း ဟိုမိုး"

မျိုးဆက်က တစ်နေရာကို လက်ညှိုးထိုးပြီးတော့ ပြလိုက်လေရာ. . ခပ်လှမ်းလှမ်းတွင် ထင်းခြောက်များကို ဟိုနေရာတစ်စု၊ ဒီနေရာတစ်စုဆိုသလို တွေ့လိုက်ရလေ၏။

"ဒီ. . သစ်ကိုင်းခြောက်တွေက ဘယ်ကရောက်လာခဲ့တာလည်း မျိုးဆက်"

"မသိဘူးလေ. . ဩော် ဒီလိုဖြစ်လိမ့်မယ်၊ ဟိုးအဝေးကြီးမှာ မြေအောက်ချောင်းပေါက်ကြီးတစ်ခုရှိနေလိမ့်မယ်၊ ကမ္ဘာမြေပြင်ပေါ်ကနေ စီးဆင်းလာခဲ့ကြတဲ့ ရေတွေဟာ မြေအောက်ကိုသွားတဲ့ချောင်းပေါက်ကြီးကို ဖြတ်သန်းလာခဲ့ကြတာပေါ့ဗျာ၊ ဒါကြောင့် ဒိုက်တွေ၊ အမှိုက်သရိုက်တွေလည်း ပါလာခဲ့ကြတာပေါ့. . "

"အင်း. . မြေအောက်ကို စီးဆင်းနိုင်တဲ့ တွင်းပေါက်ဝကြီးတွေ၊ ချိုင့်ဝှမ်းတွေက အများကြီးပဲဆိုတော့ အဆင့်ဆင့်ဖြတ်သန်းလာခဲ့ဟန်တူပါတယ်. . "

"သေချာပါတယ်၊ ဒါပေမယ့်. . အရင်ကတော့ ရေတွေက အလုံးလိုက်. . အရင်းလိုက်. . စီးဆင်းခဲ့ကြလိမ့်မယ်၊ အခုတော့ လမ်းကြောင်းပြောင်းသွားခဲ့ဟန်တူတယ်၊ အခု စမ်းရေလောက်ပဲ စီးတဲ့လမ်းကြောင်းပဲရှိတော့တယ်. . "

"ငါတို့ဒီမှာ အိပ်လို့ စိတ်ချရပါ့မလားကွ၊ အိပ်ပျော်နေတုန်းမှာ ရေတွေက ဝါးလုံးထိုးစီးဆင်းလာခဲ့ကြရင်. . "

"မပူပါနဲ့ဗျာ၊ ဒီနေရာက ရေဆင်းလမ်းကြောင်း မဟုတ်တော့တာ ကြာပါပြီ၊ အောက်ခံမြေသားတွေ ခြောက်သွေ့



www.burmeseclassic.com

www.burmeseclassic.com



နေတာကိုကြည့်ပါလား. . ”

မည်သို့ပင်ဆိုစေ. . ဤညအဖို့ ရေနွေးကိုကောင်းစွာပင် ကြိုချက်၍သောက်နိုင်ပြီး အိပ်ရေးဝဝလည်း အိပ်စက်ခဲ့ရလေသည်။



(၈)

## တိုင်းပြည်အသစ်တစ်ခုဆီသို့

ကမ္ဘာ့မြေပြင်ထက်မှ လူသားနှစ်ယောက်တို့သည် လူမသိ၊ သူမသိ ကမ္ဘာမြေပြင်အောက်ကို တစ်ဆင့်ပြီးတစ်ဆင့် ပင်ဆင်းခဲ့ကြလေ၏။ အနက်ပိုင်းကို ရောက်လာလေလေ၊ အပူအအေးကမ္ဘတလာလေလေပင်၊ လေကလည်း အဆက်မပြတ်ပင်ရနေသည်။

လေဖိအားက အနည်းငယ်သာပြောင်းလဲသွားခဲ့လေ၏။

ပိုပြီးတော့ ထူးခြားလာသည်က အောက်ဖက်ကို ရောက်လာလေလေ၊ ပတ်ဝန်းကျင်သည် ပိုပြီးတော့ ကျယ်ပြန့်လာလေလေဖြစ်သည်။ ကျဉ်းမြောင်းမှုများ၊ အမြင့်မှ ခုန်ချခဲ့ဆင်းရမှုများက နည်းပါးလာခဲ့သည်။ ပိုပြီးတော့ ထူးဆန်းလာသည်က အအေးဓါတ်ပိုလာခဲ့ခြင်းပင်တည်း။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ ရိက္ခာနည်းပါးလာပြီ၊ နည်းနည်းတော့ ထပ်ပြီးခြွေတာရဦးမယ်"

"အေးကွာ၊ လမ်းမှာ အစားအစာအတွက် အထောက်အပံ့တစ်ခုခုရခဲ့ရင် သိပ်ကောင်းမှာပဲ. ."

"ကမ္ဘာမြေကြီးရဲ့အောက်မှာ မြေအောက်နိုင်ငံကြီး၊ ဒါမှမဟုတ် မြေအောက်ကမ္ဘာကြီးတစ်ခု အမှန်အကန်ရှိနေမယ်ဆိုရင်တော့ ရိက္ခာကိုလည်း မကြာမီမှာ တွေ့လာနိုင်ဖို့ မခဲယဉ်းပါဘူးဗျာ. ."

"မျှော်လင့်ရတာပဲ၊ အခုအတိုင်းဆိုရင်တော့ ကြွက်တစ်ကောင် ကြောင်တစ်မြည်းတောင်မှ မတွေ့ရသေးဘူး၊ ကြွက်မပြောနဲ့ ပိုးဟပ်တစ်ကောင်တောင်မှ မမြင်ဖူးသေးဘူး ကိုမိုး. ."

"အင်းဆက်ပိုးဟပ်တစ်ကောင်တစ်လေတွေ့မိရင်တောင် ကျေနပ်မိပါရဲ့ကွာ၊ ဒီကမ္ဘာမြေကြီးအောက်မှာ သက်ရှိသတ္တဝါဆိုလို့ ငါတို့ပဲရှိနေကြတယ် ထင်ပါရဲ့. ."

ခေါင်းပွကမ္ဘာကြီးရှိနေသည်ဟု အဆိုပြုချက်များကို သံသယဝင်လာခဲ့ကြသည်။ နောက်ထပ် အောက်ကိုဆက်ပြီး ဆင်းကြရန်ကိုပင် အလေးအနက်ထားပြီး စဉ်းစားရတော့မည်ကဲ့သို့ပင်. . စိတ်ဓါတ်ခွန်အားလျော့ပါးချင်လာသည်။

ထိုစဉ်. .

"ဟာ. . မျိုးဆက်၊ ဟိုမှာ. . ဟိုမှာ"

ကိုမိုးက မျိုးဆက်ကို လက်ကုပ်ပြီးလေသံဖြင့် သတိပေးလိုက်လေ၏။ မေးငေါ့ပြလိုက်သည်။





သတ္တဝါတစ်ကောင်။

အရောင်အသွေးက ဖြူသည်။ အမွေးက ထူထူပွပွ၊ ကိုယ်လုံးကိုယ်ထည်က တောင့်တောင့်တင်းတင်း၊ တစ်ထွာခန့်ရှည်သော ဦးချိုနှစ်ချောင်းပါသည့် သတ္တဝါတစ်ကောင်။

"ဆိတ်နဲ့တူတယ်ကွ၊ ငါတို့ပဲ မျက်စိမှားနေကြသလား၊ ခရီးပန်းနေကြလို့ ထင်ယောင်ထင်မှားဖြစ်နေမိကြတာလား မသိဘူး၊ ပိုပြီးတော့ သေချာအောင်. ."

မျိုးဆက်သည် တောင်ကုန်းမြင့်လို နေရာမျိုးကို တက်နေသော ဆိတ်လိုလိုသတ္တဝါဆီကို အမဲလိုက်သေနတ်ဖြင့် ထိုးပြီးတော့ ချိန်လိုက်လေ၏။

"ဒိုင်း"

ချက်ကောင်းကို ထိမှန်သွားခဲ့သော ဆိတ်ကြီးသည် အောက်ကိုပစ်ပြီးတော့ ကျလာခဲ့လေ၏။ နှစ်ယောက်စလုံး ထိုနေရာဆီကို ပြေးသွားခဲ့ကြလေ၏။ သေဆုံးနေသော တောင်ဆိတ်ကြီးကို လက်ဖြင့်ကိုင်ကာပင် စမ်းကြည့်လိုက်ကြလေရာ. .

"ကိုမိုးရေ၊ တောင်ဆိတ်အမှန်ပဲဗျ. ."

"ဒါဆိုရင် ငါတို့အိပ်မက်မက်နေကြတာ မဟုတ်ဘူးဗျ၊ မျိုးဆက်၊ ဒီတောင်ဆိတ်ကြီးဟာ ကမ္ဘာမြေပြင်ပေါ်ကနေပြီး မျက်စိလည် လမ်းမှားလာတာတော့ မဟုတ်ပါဘူးဗျာ. ."

"ဟာဗျာ၊ ကိုမိုးကလည်း ရေခဲမြေဒေသမှာ တောင်ဆိတ်ဆိုတဲ့သတ္တဝါမရှိဘူးလေ၊ ဟောဒီတောင်ဆိတ်ကြီးဟာ မြေအောက်ကမ္ဘာမှာ ကျင်လည်နေတဲ့ သတ္တဝါအမှန်



www.burmeseclassic.com

www.burmeseclassic.com



ပဲဗျ၊ ဒါဆိုရင် ကျွန်တော်တို့ သိချင်နေတဲ့ အဖြေဟာ နီးစပ်နေပြီ၊ မကြာခင်မှာ အဆုံးအဖြတ်ပေးလိမ့်မယ် ထင်တယ်. . ”

“ငါသဘောပေါက်ပြီ မျိုးဆက်၊ ဒါပေမယ့်. . ဒီတောင်ဆိတ်ကြီးဟာ ကမ္ဘာမြေပြင်ပေါ်က တောင်ဆိတ်ထက်ပိုပြီးတော့. . အမွေးထူတယ်၊ ထွားလည်းထွားကျိုင်းတယ်ကွ. . ”

အားတက်လာကြသည်။ ယုံကြည်ချက်များက ပိုပြီးတော့ ခိုင်မာလာကြသည်။ ထိုအခါ တောင်ဆိတ်ကြီးသည် သူတို့အတွက်လိုအပ်နေသော ရိက္ခာဖြစ်သွားခဲ့ရလေတော့၏။





ကမ္ဘာမြေအောက်လိုနေရာကြီးထဲမှာ မွန်းကြပ်ခြင်းအလျဉ်းမရှိပဲ သက်တောင့်သက်သာနေနိုင်ကြသည်။ လေကိုလည်းဝဝပင်ရှူနိုင်ကြသည်။ ဆယ့်ငါးရက်မြောက်သောခရီးတွင် အောက်အနက်ပိုင်းကို မိုင်ပေါင်းများစွာပင် ဆင်းသက်နိုင်ခဲ့ကြလေပြီ။

“ကိုမိုး၊ ကျွန်တော်တို့ ဆယ့်ငါးရက်အတွင်းမှာ ဒါလောက်အထိကို ခရီးပေါက်လာခဲ့ကြတာ အံ့အားသင့်စရာပဲဗျာ၊ မယုံကြည်နိုင်စရာပဲ. . ”

“အေးကွ၊ တန်ခိုးရှင်တစ်ဦးဦးက ဒါလောက်အထိ ခရီးပေါက်အောင် ဖန်တီးပေးလိုက်သလိုပဲ၊ စဉ်းစားကြည့်ရင်တော့ မဖြစ်နိုင်ဘူးလို့ ထင်ရတယ်. . ”

တစ်ကယ့်ကို မဖြစ်နိုင်ဘူးဟု ထင်ရသည့်အကြောင်းများသည် မကြာမီမှာပင်လျှင် ပို၍. . ပို၍ရှိလာကြလေတော့သည်။ ကြုံတွေ့လာခဲ့ကြရသည်တကား. .

ခရီးတစ်ခုတွင် ခါတိုင်းလိုပင် ပုံမှန်သွားနေလျက်ရှိရာမှ ထူးခြားမှုများက ဖြစ်ပေါ်လာခဲ့လေသည်။ မိမိတို့၏အောက်မှာ ရပ်တည်နေသောမြေပြင်သည် မထင်မှတ်ပဲ ရွေ့လျားနေသည်ဟုထင်လာခဲ့ကြလေသည်။ ခရီးသည် ပိုပြီးတော့ သွက်လက်မြန်ဆန်လာခဲ့သည်။

“ကိုမိုး၊ ကျွန်တော်တို့ရဲ့ ခြေထောက်အောက်မှာ ရောက်နေတဲ့ မြေကြီးဟာ ပုံမှန်မဟုတ်ဘူး၊ ရွေ့နေတယ်၊ ကျွန်တော်တို့လျှောက်နေကြတဲ့ ခြေလှမ်းတွေနောက် ပိုပြီးတော့ မြန်ဆန်းနေတယ်လို့ ထင်နေရတယ်. . ”



www.burmeseclassic.com

www.burmeseclassic.com



"အေး . . ဟုတ်တယ်၊ ငါက . . အာရုံကြောအားနည်းလာလို့ လူကိုယ်တိုင်လည်း ယိမ်းထိုးနေတယ်လို့ ထင်နေခဲ့တာ၊ ဒီလိုဆို မင်းလည်း ငါ့လိုပဲပေါ့ . . ငါလည်း မင်းလိုပဲပေါ့၊ ဒီမြေပြန့်ကြီးလိုဖြစ်နေတဲ့ဟာကြီးက ဘာကြောင့် ရွေ့လျားနေရတာလဲ . ."

"မြေကြော ပြောင်းလဲနေတာဖြစ်ရမယ်ဗျ၊ ဒါမှမဟုတ် ကမ္ဘာမြေကြီးရဲ့ဗဟိုချက်မနဲ့နီးလာလို့ ဒီလိုပဲဖြစ်လာသလားမသိဘူး၊ ဒါသဘာဝကြီးရဲ့ ပြောင်းလဲမှုကြီးတစ်ခုပဲ၊ ကျွန်တော်တို့လက်တွေ့ကြုံနေကြရပြီ ကိုမိုး . ."

ထင်မြင်ချက်တွေ အမျိုးမျိုးဖြင့်သာပြောနေကြသည်။ ကမ္ဘာမြေပြင်အောက်ရှိ ဓါတ်သဘာဝပြောင်းလဲမှုများကြောင့် လူကိုပါ ထိခိုက်၊ လွှမ်းမိုးလာကြသည်ပဲလား၊ ဓါတ်ပြုရာမှ ထွက်ပေါ်လာကြသည့် ယဉ်ပါးသောအနံ့အသက်များကို မသိမသာ ရှူမိကြရာက အာရုံကြောများဝေဝါး၊ ထွေပြားခဲ့ကြပြီလားမပြောတတ်ကြ၊ သူတို့၏စိတ်ထဲမှာတော့ ပြောင်းလဲမှုတစ်ခုခုရှိနေပြီဟုသာ ထင်နေကြသည်။

မျက်လုံးတွေထဲမှာပင်လျှင် မိမိတို့ရပ်နေသော မြေပြင်သည် အောက်ကိုမသိမသာပင် နိမ့်ပြီးဆင်းနေသလားဟု ထင်နေမိကြသည်။ ခေါင်းထဲမှာ မူးယစ်ဝေလာသော ဝေဒနာမျိုးကို ခံစားလာခဲ့ကြရလေသည်။

အရေးကြုံလျှင် အကူအညီရနိုင်ကြစေရန်အတွက် တစ်ယောက်နှင့် တစ်ယောက် နီးကပ်စွာပင် သွားနေကြသည်။ မိမိတို့သည် ချိုင့်ဝှမ်းလွင်ပြင်ကြီးတစ်ခုကို တရွေ့ရွေ့ဖြင့်





ဆင်းသက်နေကြသည်။ ပတ်ဝန်းကျင်က ထူးခြားမှုတွေဖြင့် တန်ဆာဆင်ထားသည်။ ပြောင်းလဲမှုတွေဖြစ်ပေါ်လာကြသည်။

သစ်ပင်ကြီးတွေ၊ တောတောင်၊ မြစ်၊ ချောင်း စသည်တို့သည် ရှေ့မှာတင် ဘွားကနဲ၊ ဘွားကနဲဆို ပေါ်လာခဲ့ကြလေသည်။ မြူလိုလို၊ နဂါးငွေ့များလိုလိုအရာများကလည်း ပါးလျားစွာပင် ကျလာခဲ့ကြသည်။

မြင်ကွင်းထဲမှာ အမွှေးထူထူပွပွနှင့် ဝက်ဝံဖြူကြီးများ၊ အမွှေးထူထူကျားကြီးများ၊ မြင့်မားသော ဆင်ကြီးများ၊ မျောက်ဝံ၊ လူဝံကြီးများကိုလည်း တွေ့လာခဲ့ကြရလေ၏။

"မျိုးဆက် . . ကြည့်စမ်းပါဦးကွ၊ ဒါတွေဟာ တစ်ကယ်ရော ဟုတ်ရဲ့လား၊ ငါတို့ပဲ အမြင်မှားနေကြသလား . ."

ကိုမိုးက ရှေ့ကိုမဆက်သေးပဲ နေရာမှရပ်ကာ တအံ့တသြဖြင့် မေးလိုက်လေ၏။

"ကျွန်တော်တို့ထင်ယောင်ထင်မှား မြင်နေကြတာတော့ မဟုတ်ဘူးဗျ၊ အားလုံးဟာ တစ်ကယ်ပဲ၊ သက်ရှိသတ္တဝါတွေ ရှိနေကြတဲ့ ဘုံတစ်ခုကို ရောက်နေကြရပြီ၊ မယုံမရှိနဲ့ ဒါဟာ ကျွန်တော်တို့အတွက် တိကျတဲ့အဖြေတစ်ခုပဲ၊ မကြာမီမှာ ဒီထက်ပိုပြီး ထူးခြားတဲ့အရာတွေကို တွေ့လာရလိမ့်မယ်လို့ ထင်တယ် . ."

"ဒီလိုအခြေအနေအတိုင်းဆိုရင်တော့ ရည်ရွယ်ချက် အောင်မြင်ဖို့ နီးစပ်တယ် မျိုးဆက်ရေ . ."

ကိုမိုးလည်း တက်ကြွသောလေသံဖြင့် ပြန်ပြောလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"လာဗျာ၊ ရှေ့မှာ ဘာတွေတွေ့နိုင်ဦးမလဲ၊ ကျွန်တော်တော့သိချင်လှပြီ. ."

အတူတူဆက်ပြီးတော့ လျှောက်သွားခဲ့ကြသည်။ သူတို့၏ စိတ်ထဲတွင် ကမ္ဘာကြီးလည်ပတ်နေသည်မှာ သိသာလှသည်ဟု ထင်နေမိကြလေသည်။ ရှေ့မှာ ကုန်းမြင့်ကြီးတစ်ခုကဘွားကနဲဆို ပေါ်လာခဲ့သလိုပင်၊ သစ်ပင်၊ ပန်းမာလ်များဖြင့် စိမ်းစိမ်းစိုစိုပင်ရှိနေကြသည်။ မြူတွေက ငွေ့ငွေ့ပါးပါးပင် ကျလာခဲ့ကြသည်။ လေတိုက်လိုက်စဉ်မှာ လွန့်လွန့်လူးကာ လွင့်နေကြသည်။ လိုက်ကာစကြီးတစ်ခု လှုပ်ရှားနေသလိုပင် တိုက်ခတ်လာသောလေသည် အအေးဓါတ်ပါနေသည်။ လတ်ဆတ်သည်။

တောင်ကုန်းကြီးပေါ်ကို ပြေးတက်သွားခဲ့ကြသည်။ ကုန်းထိပ်ပေါ်ကို ချက်ချင်းလိုလိုပင် ရောက်သွားခဲ့ကြလေ၏။ မြူလိုလို အရာများသည် အောက်ခြေအနက်ပိုင်းဆီမှာ ထူထပ်စွာပင် ကျဆင်းလျက်ရှိနေကြလေသည်။ လက်တလော မြင်ကွင်းအဖုံးဖုံးတို့ကို ဖုံးလွှမ်းလျက်ရှိနေလေသည်။

တခဏပဲကြာလိုက်မည်။ သူတို့ရပ်ကြည့်နေကြဆဲမှာပင် မြူတွေက တဖြည်းဖြည်းပါးလျားသွားခဲ့ကြသည်။ ထိုအခါ မြင်ကွင်းသည် ထင်ရှားလာခဲ့လေ၏။

တောင်ကုန်းအောက်ခြေ အနက်ပိုင်းလောက်ဆီမှာ သူတို့တွေ့လိုက်ရသော အရာများသည်ကား တစ်ပြောင်ပြောင် တစ်လက်လက်ဖြင့် ရှိနေသော တိုင်းပြည်ကြီးတစ်ခုပင်တည်း။

မြို့ရာ၊ မြို့ကွက်၊ မြို့ခင်းများဖြင့် တင့်တယ်စွာပင်





ရပ်တည်လျက်ရှိသည်။ မြေအောက်တိုင်းပြည်ကြီးတစ်ခုပင် အံ့အားသင့်စွာပင် တွေ့လိုက်ကြရလေသတည်း။

"ကိုမိုး ကိုယ့်မျက်လုံးတွေကိုတောင် မယုံနိုင်လောက်အောင်ပါပဲလားဗျာ. ."

"မျိုးဆက်. . ငါတို့ကမ္ဘာမြေပေါ်ကိုများ ပြန်ရောက်နေကြသလားကွာ. ."

ကိုမိုးက တုန်ယင်သောလေသံဖြင့် ပြောလိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်. .

လူတစ်စုသည် သူတို့နှစ်ယောက်ဆီကို ရောက်လာခဲ့ကြလေသည်။ စုစုပေါင်းငါးယောက်၊ အားလုံး မိန်းမသားများချည်းပင်၊ ရှေ့ဆုံးမှ မိန်းကလေးသည် နူးညံ့သော သားမွေးအင်္ကျီနှင့် ဘောင်းဘီပွပွကို ဝတ်ဆင်ထားသည်။ နီမောင်းသော နဖူးစီးလေးကိုလည်း မြင်လိုက်ရသည်။ ဝင်းမွတ်၍ ပြန့်ပြူးညီညာသော နဖူးလေးနှင့် လိုက်ဖက်ညီလှပါ၏။

အအိမ်ပါသောဓါးရှည်ကို ကျောမှာလွယ်ထားသည်၊ လေးတစ်လက်က ပခုံးထက်မှာ မြားတံအပြည့်ပါသော မြားကျည်တောက်တစ်ခုကိုလည်း ကျောမှာ စလွယ်သိုင်းကာ လွယ်ထားလေသည်။ မိန်းကလေး၏ရှည်လျားသော ဆံကေမျှင်များသည် ရင်ရှေ့မှာတစ်ဝက်၊ ကျောပြင်မှာ အချို့ကျဆင်းလျက် ရှိနေကြသည်။

ထိုမိန်းကလေးသည် သူမနှင့်အတူ ပါလာကြသော မိန်းကလေး. . လေးယောက်ကို တစ်နေရာမှာထားခဲ့သည်။ တစ်ယောက်တည်းပင် တောင်ကုန်းပေါ်ကို တဖြည်းဖြည်းနှင့် တက်လာခဲ့လေ၏။

မျိုးဆက်သည် မိန်းကလေးကို လှမ်းပြီးမြင်နေရစဉ်၌ အကြောင်းမရှိပဲ ရင်ခုန်နေမိသည်။ ဒီလိုနေရာမျိုးမှာ မိမိလိုပဲ သက်ရှိထင်ရှားလူသားများကို တွေ့လိုက်ရ၍ အံ့အားသင့်သွား၍ပဲလား၊ မိန်းကလေး၏ မျက်နှာကို ကောင်းစွာမမြင်ရသေးသည့်တိုင် ထူးခြားသော ခံစားချက်က အလိုလိုပင်ဖြစ်ပေါ်လျက်ရှိနေသည်။ ကိုယ့်ကိုကိုယ်လည်း သဘောမပေါက်မိတော့။





"တစ်ပြည်သားတို့ ရောက်လာကုန်ကြပြီလား"

မိန်းကလေးသည် တောင်ကုန်းတစ်ဝက်လောက်ကပင် လှမ်းပြီးတော့ နှုတ်ဆက်လိုက်လေ၏။ ထိုအခါ မိန်းကလေး၏ မျက်နှာကို ကောင်းစွာမြင်လိုက်ရသော မျိုးဆက်သည် ရင်ထဲမှာ အလုံးကြီးတစ်လုံးဝင်ပြီး အဆောင့်ခံလိုက်ရသလို ဖြစ်သွားခဲ့ရလေတော့သည်။

"ဟင်. . သူ. . သူဟာ"

မျိုးဆက်၏ နှုတ်မှ လွတ်ကနဲဆို ထွက်သွားခဲ့ရလေသည်။ ကိုမိုးသည် မျိုးဆက်ကို နားမလည်သလို ကြည့်လိုက်လေ၏။

"ဘယ်လိုဖြစ်တာလည်း မျိုးဆက်၊ မင်းက သူ့ကို သိထားသလိုပါပဲလား. ."

မျိုးဆက်သည် ကိုမိုး၏အမေးကို ပြန်ပြီးမဖြေနိုင်ပေ။ မိန်းကလေးကိုသာ အံ့အားတသင့်ဖြင့် ငေးရီပြီးတော့ ကြည့်နေမိလေ၏။ မိန်းကလေးသည် သူတို့ရောက်လာကြမည်ကို. . ကြိုပြီးတော့ သိနေသလိုပင်၊ ဤအချက်ကိုလည်း အံ့အားသင့်မိကြရသည်။

မိန်းကလေးသည် မျိုးဆက်နှင့် မျက်နှာချင်းဆိုင်ရပ်လာခဲ့သည်။ ရွှန်းလက်သောမျက်ဝန်းတွေက မျိုးဆက်ကို ဝံ့ဝံ့စားစားပင်ကြည့်နေလျက်ရှိသည်။

"ရှင်တို့ ချောမောစွာရောက်လာကြလိမ့်မယ်လို့တာ ယုံကြည်ပြီးသားပါ၊ အဲ့ဒီအတွက် ဝမ်းသာလှပါတယ်. ."

"မင်း. . မင်း ငါတို့ရဲ့ ဘာသာစကားကို ပြောတတ်



www.burmeseclassic.com

www.burmeseclassic.com



တယ်နော်. . ”

မိန်းကလေးက ခပ်ဟက်ဟက်လေး ရယ်မိလိုက်လေ၏။

“ဒါ. . မဆန်းပါဘူးလေ၊ ဒီမြေအောက်ကမ္ဘာကြီးမှာ မြေပေါ်ကမ္ဘာရဲ့ စကားအသုံးအနှုံးလောက်ကို ဆင်တူနေတာက အကင်းပါ၊ မြေပေါ်ကမ္ဘာမှာ ဘာတွေရှိတယ်. . ဖြစ်ပျက်နေကြတယ်ဆိုတာ အားလုံးသိနိုင်ကြတယ်. .

ရှင်တို့နဲ့ တွေ့လို့ ဒီလိုဘာသာစကားကို ပြောင်းပြီး ပြောတာပါ၊ ကျွန်မတို့မှာ သီးခြားဘာသာစကားရှိပါတယ်. . ”

“ဒါ. . ဒါ မြေအောက်ကမ္ဘာအမှန်ပဲလား. . ”

“ဩော်. . ဒီအထိရောက်လာကြပြီးမှ မယုံကြည်နိုင်ကြသေးပဲကိုး၊ ဒါ. . ကမ္ဘာ့မြေအောက်ဗဟိုချက်မကြီးပဲရှင့် အဟင်းဟင်း. . ”

“မင်း. . ငါတို့ရောက်လာမယ်ဆိုတာ ကြိုပြီးတော့ သိနေသလိုပဲ. . ဘယ်လိုအကြောင်းကြောင့်လဲ. . ”

“ကဲပါလေ၊ ဒီကိစ္စတွေကို နောက်မှပဲ ပြောကြတာပေါ့၊ ကဲ. . လာ ဒီနေရာကနေ အမြန်ဆုံးထွက်သွားကြမှ ဖြစ်မယ်”

“ဟင်. . ဒီနေရာကနေ အမြန်ဆုံးထွက်သွားကြမှ ဖြစ်မယ်. . ဟုတ်လား ဘာဖြစ်လို့လဲ”

“အကြောင်းရှိလို့ပေါ့ရှင်၊ ရှင်တို့အတွက် အန္တရာယ်ရှိနိုင်တဲ့ကိစ္စမျိုးမို့ပေါ့၊ ကဲပါ. . လာကြပါ၊ နောက်တော့မှ အကျိုးအကြောင်းရှင်းပြတော့မယ်. . ”

မိန်းကလေးသည် ရင်ထဲမှာ စွဲငြိစေသောအကြည့်ဖြင့်





မျိုးဆက်ကိုကြည့်လိုက်ပြီး အဖော်များဆီကို ပြန်သွားခဲ့သည်။

“မျိုးဆက်၊ မင်းတို့နှစ်ယောက်ကို ကြည့်ရတာ သိဟောင်းကျွမ်းဟောင်းတွေလို ပြန်ပြီးတော့ တွေ့နေကြသလိုပဲ၊ မြေပေါ်နဲ့မြေအောက် မိုင်ပေါင်းသောင်းနဲ့ချီပြီး ကွာဝေးနေကြတဲ့နေရာမျိုးမှန်ခဲ့ရင် ဒီမိန်းကလေးကိုလည်း မမြင်ဖူးခဲ့ရင် ဒါလောက်ရင်းနှီးစရာအကြောင်းမရှိဘူး. .

ပြီးတော့ သူက မင်းရောက်လာမှာကို သိနေသလိုပဲ၊ ဒီနေရာဟာ ကမ္ဘာမြေကြီးရဲ့ ဗဟိုချက်မှန်ခဲ့ရင် မိုင်ပေါင်းသောင်းနဲ့ချီပြီး ကွာဝေးတဲ့နေရာကို ငါတို့မြန်မြန်ဆန်ဆန်ရောက်လာနိုင်စရာအကြောင်းမရှိဘူး. . ”

“ကျွန်တော်လည်း ခင်ဗျားလိုပဲ သံသယတွေရှိနေပါတယ် ကိုမိုးရာ. . ”

ထူးထွေတည့်အံ့ရာသော်ဆိုသည့်အတိုင်းပင်. . ဤမျှလောက်စိတ်ဝင်စားစရာကောင်းသော အဖြစ်အပျက်၊ အကြောင်းအရာမျိုးတို့ကို မည်သည့်အခါမှ မကြုံဖူးခဲ့ကြောင်းကို ကိုယ့်ဘာသာကိုယ် အလိုလိုပင် ဝန်ခံလိုက်ကြလေ၏။

မျိုးဆက်က ပို၍ပင် ခံစားမိရလေသည်။ အကြောင်းမှာ ဤမိန်းကလေးသည် ရန်ကုန်အိမ်မှာ ကျန်ရစ်ခဲ့သော ရုပ်ကလေးပိုင်ရှင်ဖြစ်နေ၍သော်လည်းကောင်း၊ ဂျစ်မ်စီမလေး၏ အနာဂတ်ဖလ်လုံးထဲမှာပေါ်လာသည့် မိန်းကလေး အမှန်ပင်ဖြစ်နေ၍သော်လည်းကောင်း။

အဝေးမှလှမ်းပြီးမြင်နေရသည့်တိုင်း ပြည်ကြီးသည်လည်း ဖလ်လုံးကြီးထဲမှာ မြင်ဖူးခဲ့သည့် တိုင်းပြည်ကြီးဖြစ်နေ၍



www.burmeseclassic.com

www.burmeseclassic.com



ပင်တည်း။

"ကိုမိုးရေ. . ရှေးကခရီးသွားပုဂ္ဂိုလ်တွေရဲ့ မှတ်တမ်းမှတ်ရာ. . အတွေ့အကြုံတွေဟာ တစ်ကယ့်ကို ကွက်တိပါပဲလားဗျာ. ."

"အေးကွာ၊ သုတေသီမာရှယ်(လ်)ဘီ၊ ဂါဒနာရဲ့ ကမ္ဘာ့အတွင်းပိုင်းဆီသို့ခရီး၊ ဝီလီယမ်ရိ(ဒ်)ရဲ့ ဝင်ရိုးစွန်းများ၏ တစ္ဆေ သုတေသီစာအုပ်တွေဟာ ဒီနေရာမှာ တိုက်ရိုက်ကိုမှန်နေတာပဲကွ၊ ပြီးတော့ ငါတို့လိုပဲ ဒီလိုနေရာမျိုးကို ရောက်ဖူးခဲ့ကြတဲ့သူတွေ ရှိဖူးခဲ့ကြသေးသလား မသိဘူး. ."

"ရောက်ဖူးခဲ့ကြလို့ အဖြစ်အပျက်တွေကို မှတ်တမ်းမှတ်ရာနဲ့တကွ စာအုပ်အဖြစ် ထုတ်ဝေခဲ့ကြတာပေါ့ဗျာ. ."

"အေး. . ဟုတ်သားပဲ၊ ငါအတွေးချော်သွားတယ် မျိုးဆက်. ."

"နေဦး၊ ဟိုမှာ ကျွန်တော်တို့ကိုရပ်ပြီး စောင့်နေကြတယ်၊ စကားကိုနောက်မှ ဆက်တော့. ."

မျိုးဆက်နှင့် ကိုမိုးတို့သည် မိန်းကလေးတစ်စုရှိနေကြသော နေရာဆီကို ပြေးဆင်းသွားခဲ့ကြသည်။ စောစောက စကားလာပြောသော မိန်းကလေးကို အဖော်မိန်းကလေးများက လေးစား. . ရိုကျိုးစွာပင် ဆက်ဆံကြသည်။ ထို့ကြောင့် ထိုမိန်းကလေးသည် သာမန်အဆင့်ထဲက မဟုတ်ကြောင်း ခန့်မှန်းမိကြရလေသည်။ သူတို့အချင်းချင်းပြောဆိုနေကြသော စကားများသည် သီးခြားဘာသာစကားတစ်မျိုး ဖြစ်ဟန်တူသည်။ နားမလည်ကြပေ။ ဆိုရလျှင်. . မြန်မာနိုင်ငံက တိုင်းရင်းသား





မွန်လူမျိုးတို့၏ လေယူလေသိမ်းမျိုးပင်ဖြစ်သည်။

ထိုမိန်းကလေးများသည် မျိုးဆက်တို့ကိုင်ဆောင်ထားသောသေနတ်များကို တအံ့တဩဖြင့် ကြည့်နေကြသည်။ မြင်ဖူးကြဟန်မတူသော လက္ခဏာများပင် ဖြစ်ကြသည်။

သို့သော်. .

မိန်းကလေးများသည် ချောမောလှပကြသည်။ မျိုးဆက်နှင့် ကိုမိုးတို့ကို စိတ်ဝင်စားစွာဖြင့် ကြည့်နေကြသည်။ ကိုမိုးကတော့ မိန်းကလေးတွေကို စိတ်ဝင်စားဟန်မပြ၊ အထင်ကြီးဟန်လည်းမတူ၊ ဒါကြောင့်မို့ လူပျိုကြီးဖြစ်နေဟန်တူသည်။

မိန်းကလေးသည် မျိုးဆက်ကို ရင်းနှီးသော အပြုံးဖြင့် ကြည့်နေမြဲ။ ယင်းအပြုံးသည် မျိုးဆက်၏နှလုံးသားကို ဖြစ်ညှစ်ဆုပ်နယ်လျက်ရှိနေသည်။

"မင်း. . နာမည်ဘယ်လိုခေါ်သလဲ"

"စိတြဒေဝီ"

"စိတြဒေဝီဟုတ်လား၊ တော်တော်ထူးခြားတဲ့နာမည်ပဲ" မျိုးဆက်၏ နှုတ်မှ လွှတ်ကနဲဆို ထွက်သွားခဲ့သည်။

"ရှင့်နာမည်ကိုလည်း ပြောပြဦးလေ. ."

"မျိုးဆက်တဲ့၊ ဟောဒီက အဖော်ကတော့ ကိုမိုးတဲ့. ."

"ကိုမျိုးဆက်. . အင်း ရှင်က အလှအပကိုခံစားတတ်တယ်၊ ကိုမိုးကတော့ စီးပွားရေးကလွဲလို့ ဘာမှစိတ်ဝင်စားဟန်မတူဘူး. ."

"ဗျာ"

ကိုမိုးသည် စိတြဒေဝီ၏စကားကြောင့် 'ဗျာ'ကနဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားခဲ့ရသည်။ သူမသည် ကိုမိုး၏ အမူအကျင့်ကို ဘယ်လိုကြောင့် သိနေခဲ့ပါသလား၊ အင်္ဂါရုပ်ဖတ်အတတ်ပညာကို တတ်မြောက်ထားဟန်တူသည်။

မိန်းကလေးသည် လျှို့ဝှက်အပြုံးလေးဖြင့် မျက်နှာကို လွှဲလိုက်ပြီး တောင်ကုန်းအောက်ကို ဦးဆောင်ကာ ဆင်းသွားခဲ့လေသည်။



## (၉)
## စိကြာဒေဝီ

တောင်ကုန်းအောက်မှာ မြင်းများကို တွေ့လိုက်ကြရသည်။ မြင်းခုနှစ်ကောင်ဖြစ်သည်။ အပိုနှစ်ကောင်ယူဆောင်လာခဲ့သည်မှာ သိသာလှသည်။ အံ့အားသင့်သွားခဲ့ကြရပြန်သည်။

"မြင်းနှစ်ကောင်အပိုယူလာခဲ့ကြတာ ငါတို့ရောက်လာခဲ့ကြလိမ့်မယ်ဆိုတာ ကြိုပြီးတော့ သိထားတာတော့ ကျိန်းသေ ပဲ" တယ်မျိုးဆက်၊ ဒါ . . ပဟေဠိတစ်ခုပဲကွာ၊ ထူးဆန်းချက်တစ်ခုပဲ"

"မနောချင်းဆက်သွယ်တဲ့ တယ်လီပသီနည်းကြောင့်ပဲလား မသိပါဘူးဗျာ၊ သူ့ကိုကြည့်ရတာ ကျွန်တော်တို့အကြောင်းတွေကို အကုန်မသိရုံတမယ်ပဲ ကျန်တော့တယ်"

မျိုးဆက်သည် ဖလ်လုံးကိုစွ၊ ရုပ်ပုံလေးကိုစွနှင့် ပတ်သက်ပြီး ကိုမိုးကိုမပြောဖြစ်ခဲ့သေးချေ။ ပြောဖြစ်ခဲ့လျှင်



www.burmeseclassic.com

www.burmeseclassic.com



သည့်ထက်ပိုပြီးတော့ အံ့အားသင့်မှာ ကျိန်းသေသည်။ မြင်းတွေက သူတို့ကို အဆင်သင့်ပင်စောင့်ကြိုလျက်ရှိနေလေသည်။ နှစ်ယောက်စလုံး မြင်းစီးတက်၍တော်ပေသေးသည်။

ရုတ်တရက်လင်းလာသောကြောင့် ကောင်းကင်ပေါ်ကို မော့ကြည့်လိုက်ကြသောအခါ တဖြည်းဖြည်းနှင့် မြင့်တက်လာသောနေလုံးကြီးကို တွေ့လိုက်ရလေသည်။

"ဟင်၊ နေလုံးကြီးပါလား၊ ဒီမြေအောက်ကမ္ဘာကြီးထဲမှာလည်း နေလုံးကြီးက ရှိနေတာကိုး၊ 'မာရှယ်၊ ဘီ၊ ဂါဒနာ'က ကမ္ဘာအတွင်းပိုင်းလောကဟာ မိုင် ၆၀၀ လောက်အချင်းရှိတဲ့ နေတစ်စင်းရှိတယ်လို့ သုတေသနပြုပြီး ရေးသားထားတာ၊ မှန်နေပြီပေါ့. . "

"မျိုးဆက်၊ ဒီနေရဲ့ အလင်းရောင်က သိပ်ပြီးတောက်ပခြင်းမရှိဘူး၊ ဖျော့တော့နေတယ်၊ တစ်ခါတစ်ရံမှာ စိမ်းဝါရောင်သန်းနေတယ်၊ နေမဖြစ်နိုင်ဘူး. . အလင်းရောင်ထွက်တဲ့ ဓါတ်ငွေ့လုံးကြီးတစ်လုံးဖြစ်နိုင်တယ်၊ ဒီကမ္ဘာမြေပြင်ကြီးရဲ့ အောက်မှာ နေရှိတယ်ဆိုတာ မဖြစ်နိုင်ဘူး. . "

"ခင်ဗျားပြောတာ-ဖြစ်နိုင်တယ်ဗျ၊ အလင်းရောင်က အောက်ကိုကျနေတာဟာ စိမ်းလိုက်၊ ဝါလိုက်၊ ဖျော့လိုက်နဲ့ ဖြစ်နေတယ်၊ သုတေသီတွေက ဒါကြီးကိုပဲ နေလို့ခေါ်လိုက်ကြတာလားမသိပါဘူးဗျာ"

ထိုစဉ်. .

"ကဲ. . ခရီးထွက်ကြမယ်"

စိတြဒေဝီက သတိပေးလိုက်၍ စကားပြတ်သွားခဲ့ရ





သည်။ ထို့နောက်. . သူမ. . ကအရင် မြင်းပေါ်ကို လှုားကနဲဆို ခုန်တက်လိုက်လေ၏။ ကျန်အမျိုးသမီးများကလည်း မြင်းပေါ်ကို ကျွမ်းကျင်စွာဖြင့် တက်သွားခဲ့ကြသည်။

"ကိုင်း အိမ်ရှင်ကခေါ်တဲ့နောက်ကို လိုက်ကြဦးစို့ရဲ့"

ထို့နောက်. .

မြင်းခုနှစ်ကောင်သည် ထိုနေရာမှ တဟုန်ထိုးပင် ထွက်လာခဲ့ကြလေသည်။ သို့သော်. . သူတို့နှစ်ယောက်လှမ်းပြီးမြင်ခဲ့ရသည့် ဖိတ်ဖိတ်လက်နေသော တိုင်းပြည်ကြီးဆီသို့ မဟုတ်ပဲ စိတြဒေဝီဦးဆောင်ပြီး ဆန့်ကျင်ဘက်အရပ်ကို ထွက်လာကြလေသတည်း။ မျိုးဆက်၏မြင်းသည် စိတြဒေဝီ နောက်ကိုအမှီလိုက်လာပြီး မြင်းချင်းယှဉ်မိသည်နှင့်. .

"ကျွန်တော်တို့ အခု ဘယ်ကိုသွားကြမလို့လဲ၊ ဟိုမှာမြင်နေရတဲ့တိုင်းပြည်ကြီးဆီကို မဟုတ်ဘူးလား"

"အဲ့ဒီကိုသွားရင် ရှင်တို့နှစ်ယောက်စလုံး အဖမ်းခံကြရမှာပေါ့၊ အဲ့ဒီမှာ ရက်စက်ကြမ်းကြုတ်တဲ့လူတွေ မင်းမူပြီးတော့နေကြတယ်၊ လူစိမ်းဆိုလို့ အဝင်ခံကြတာမဟုတ်ဘူး၊ ရှင်တို့ကို သူတို့က တဖြည်းဖြည်းနဲ့ မြှင်းပြီးတော့ ညှဉ်းဆဲပြီးမှ သတ်ပစ်ကြလိမ့်မယ်၊ ဘာသိလို့လဲ. . "

စိတြဒေဝီက မြင်းကိုအသော့နှင်ကာ သွားစေရင်းက မျိုးဆက်ကို တစ်ချက်လှည့်ကြည့်ရင်း ပြောလိုက်လေတော့၏။

"အဲ့ဒီတိုင်းပြည်နာမည်က ဘာတဲ့လဲ. . "

"ဒီမြေအောက်တိုင်းပြည်ကြီးက အဂါသာပါပဲ၊ အာဂါသာရဲ့မြို့တော်ကြီးက ရှမ်ဗဲလား. . "



www.burmeseclassic.com

www.burmeseclassic.com



"ဟင်၊ ရှမ်ပဲလား ဟုတ်လား၊ ရှန်ပဲလားဆိုတာ သူတော်စင် ပုဂ္ဂိုလ်တွေနေတဲ့ နေရာပဲမဟုတ်လား. ."

"မှန်တယ်၊ ရှန်ပဲလားဟာ သူတော်စင်တွေ သူတော်ကောင်းသူမြတ်လောင်းတွေနေတဲ့နေရာ၊ စင်ကြယ်ပြီး သီလ၊ သမာဓိရှိကြတဲ့သူတွေနေနေကြတဲ့ နေရာပဲ. ."

"ဒါပေမယ့် ရှန်ပဲလားကို ဘယ်သူမှ မသွားနိုင်ကြဘူး၊ ဘယ်မှာရှိတယ်ဆိုတာ သိလည်းမသိနိုင်ကြဘူး၊ ဘာဖြစ်လို့လည်းဆိုတော့ တမင်ဖျောက်ကွယ်ထားလို့ပဲ၊ အကျင့်တရားစင်ကြယ်တဲ့ သူတွေတောင် တော်ရုံအဆင့်နဲ့ ရှမ်ပဲလားကို မရောက်နိုင်ကြဘူး. ."

"ဒါဆို. . လူတွေရှာနေကြတဲ့ ရှမ်ပဲလားဆိုတာ ဒီမြေအောက်ကမ္ဘာကြီးထဲမှာရှိနေတာပေါ့. ."

"ဟုတ်တယ်၊ ကျွန်မလည်း ဒီလိုပဲကြားဖူးတာပဲ၊ ဒါပေမယ့် ဘယ်နေရာမှာရှိတယ်ဆိုတာကို လုံးဝမသိဘူး၊ တန်ခိုးကြီးတဲ့ပုဂ္ဂိုလ်တွေနေတဲ့ နေရာကို သာမန်လူတွေက ဘယ်လိုသိနိုင်မှာတဲ့လဲ၊ ပြီးတော့. . ဒီမြေအောက်လောကမှာလည်း ကိုလိုနီနယ်ပယ်တွေ အများကြီးပဲရှိနေကြတယ်၊ ရှန်ပဲလားဟာလည်း တစ်ခုအပါအဝင်ပဲ၊ အာဂါသာဆီကို ဝင်တဲ့ဝင်ပေါက်တွေ ကမ္ဘာမြေပြင်ပေါ်ကနေ လေးငါးခုလောက်ကို ရှိနေတယ်၊ လူတွေ သေသေချာချာ မသိကြသေးလို့ပါ. ."

စိတြာဒေဝီသည် စကားကိုရပ်ပစ်လိုက်ပြီး မြင်းကို ဒုန်းစိုင်းနှင်ကာ ရှေ့မှတဟုန်ထိုးပင် ထွက်သွားခဲ့လေသည်။

ထို့နောက်. .





နောက်မှတဟုန်ထိုးပင် လိုက်သွားခဲ့ကြသည့် မြင်းများ အနိမ့်ပိုင်းဆီကို တဖြည်းဖြည်းနှင့် ဆင်းသွားခဲ့ကြသည်။

ထို့ကြောင့် အာဂါသာမြို့တော်ကြီးနှင့် တဖြည်းဖြည်း ဝေးသွားခဲ့ကြလေသည်။ တောတောင်များက ပိုပြီးတော့ ထူထပ်လာခဲ့သည်။ တောင်များထက်ဆီက ကျဆင်းလျက်ရှိနေကြသော မြေအောက်ရေတံခွန်၊ စိမ့်စမ်းကြီးများကိုလည်း တွေ့ကြရသည်။

ထူးခြားသည်က တောဆင်ရိုင်းကြီးများသည်လည်း အမွေးထူကြသည်။ ရှည်လျားသော အမွေးအမျှင်များရှိကြလေသည်။ အဝေးမှာသွားနေကြသော ဆင်ရိုင်းကြီးများသည် တောထဲကို အုပ်စုလိုက်ပင် ဝင်သွားခဲ့ကြသည်။ ကျောက်တောင်ကြီးများထူထပ်သောနေရာကို ရောက်လာခဲ့ကြလေရာ မြင်းများသည် တောင်ကြားလမ်းများဆီက ဖြတ်သန်းသွားကြရပြန်သည်။ စိတြာဒေဝီသည် သူတို့ကို မည်သည့်အရပ်သို့ ခေါ်ဆောင်သွားကြမှန်းမသိကြပါပေ။

"မျိုးဆက်ရေ၊ ငါတို့ကို ဘယ်ခေါ်သွားကြမလို့လည်း မသိဘူးနော်၊ ကြည့်ရတာ လမ်းမှာလူတစ်ယောက်မှလည်း မတွေ့ကြရဘူးကွ၊ ဒီနေရာဟာ လူသားတွေ နေထိုင်ကြတဲ့ နေရာတော ဟုတ်ရဲ့လား မသိပါဘူးကွာ. ."

"အစကတော့ လူတွေနေကြလိမ့်မယ်ဗျာ၊ အကြောင်းကြောင်းကြောင့် ဒီနေရာကနေ ရွှေ့သွားကြဟန်တူတယ် ကိုမိုး၊ ကျွန်တော့်အထင်ကတော့ အာဂါသာတိုင်းပြည်က လူတွေနဲ့ ဘက်က လူတွေဟာ မတည့်ကြဘူးနဲ့တူတယ်၊ စိတြာဒေဝီ



www.burmeseclassic.com

www.burmeseclassic.com



ပြောတာကိုပဲ နားထောင်ကြည့်လေ၊ အဲ့ဒီဘက်က လူတွေဟာ သိပ်ပြီးတော့ ရိုင်းစိုင်းကြတယ်ဆိုပဲ. . "

ထိုစဉ်. .

စိတြာဒေဝီသည် ရှေ့ကနေသွားနေရာက မြင်းကို ရုတ်တရက်ဇက်သတ်လိုက်လေ၏။ နောက်က လိုက်ပါလာကြသည့် မြင်းများသည်လည်း ရပ်တန့်လိုက်ကြရလေသည်။

"ငါတို့နောက်က ခိုးကြောင်ခိုးဝှက်နဲ့လိုက်လာနေကြပြီ၊ ဘာနရဲ့သူလျှိုတွေပဲဖြစ်ရမယ်၊ ငါတို့ရဲ့နယ်မြေကို ကျူးကျော်ပြီး ဝင်ရောက်လာကြတဲ့ ရန်သူတွေ. . "

လေသံတင်းမာပြတ်သားစွာဖြင့် ပြောလိုက်လေ၏။ စိတြာဒေဝီသည် နောက်မှရန်သူများလိုက်လာကြသည်ကို မည်သို့သော အကြောင်းကြောင့် သိရှိသွားခဲ့လေသနည်း။

"ဒီသူလျှိုတွေဟာ မကြာခဏ ဒီဘက်ကို ခိုးကြောင်ခိုးဝှက်နဲ့ရောက်လာတတ်ကြပြီး သတင်းတွေ ယူကြတယ်၊ လူတွေကို အသက်အန္တရာယ်အထိ ထိပါးရန်ရှာကြတယ်၊ ရှင်တို့ ခဏလောက်ရှောင်ပေးကြပါ၊ သင်းတို့ကို. . ထိုက်တန်စွာနဲ့ ဆုံးမလွှတ်လိုက်ချင်လို့. . "

"ကျွန်တော်တို့ကလည်း သူရဲဘောနည်းကြတဲ့ သူတွေမှ မဟုတ်ပဲ၊ ခင်ဗျားတို့ မိန်းကလေးတွေတောင် ရန်သူတွေကို ရင်ဆိုင်ဝံ့ကြသေးတာပဲ၊ ကျွန်တော်တို့က မတိုက်ခိုက်ပဲ သွားပုန်းနေကြရမှာလား. . "

"ဟုတ်တယ်လေ၊ ဒါမဖြစ်သင့်တဲ့ ကိစ္စပဲ၊ အဲ့သလိုဆိုရင် ကျွန်တော်တို့က ရှက်လို့ဆုံးကြမှာ မဟုတ်ဘူး၊ ဒီကိစ္စကို



ကျွန်တော်တို့လည်း တာဝန်ယူပါရစေ. . "

မျိုးဆက်နှင့်ကိုမိုးတို့က မကျေမနပ်နှင့် ပြောလိုက်ကြလေသည်။ စိတြာဒေဝီက သူတို့နှစ်ယောက်ကို ကျေနပ်အားရသောအပြုံးဖြင့် ကြည့်လိုက်ပြီး. .

"ကောင်းပြီလေ၊ ဒါဆိုရင် တပြည်သားတွေရဲ့ အစွမ်းသတ္တိကို ကြည့်ချင်ပါတယ်၊ ရှင်တို့ကို အထင်သေးလို့ မဟုတ်ပါဘူး၊ ဧည့်သည်တွေကို တာဝန်မပေးချင်လို့ပါ. . "

"ကမ္ဘာလောကသားအချင်းချင်းပဲဗျာ၊ ဧည့်သည်တွေ မဟုတ်ကြပါဘူး၊ ကဲ. . နောက်ကလိုက်လာကြတဲ့သူတွေကို ဘယ်လိုတုန့်ပြန်ကြမလဲ. . "

"ကဲ. . ဒီလိုဆိုရင် ကျွန်မတို့ ဟိုတောင်ကြားလမ်းဆီကို အမြန်ဆုံးသွားကြရအောင်"

မြင်းများသည် ညာဘက်ရှိ တောင်ကြားလမ်းတစ်ခုဆီကိုတဟုန်ထိုးပင်ပြေးသွားခဲ့ကြလေသည်။

အဝေးမှနေ၍ ကုန်းနှီးမတင်ထားသော မြင်းများကို စီးကာ ခရီးနှင်လာနေကြသော လူတစ်စု၊ မြင်းများသည် အမွေးထူထဲကြသည်။ သန်မာထွားကျိုင်းကြသည်။ မြင့်မားသော အရပ်အမောင်းကြီးများကို ပိုင်ဆိုင်ကြလေသည်။ စုစုပေါင်း အကောင်နှစ်ဆယ်လောက်မက ရှိကြလိမ့်မည်။

မျိုးဆက်သည် အားကောင်းသော မှန်ပြောင်းကြီးဖြင့်

www.burmeseclassic.com

www.burmeseclassic.com



တောင်ကုန်းကြီးထက်ကနေ၍ အောက်ကို ကြည့်နေလေ၏။

"ငါ့ကို တစ်လှည့်ပေးစမ်းပါဦးကွ. . "

ကိုမိုးက မှန်ပြောင်းကို တောင်းယူပြီးတော့ ကြည့်လိုက်သည်။ မှန်ပြောင်းထဲမှာ တဖြည်းဖြည်းနှင့်နီးလာသော ရှေ့ဆုံးက လူ၏ထူးခြားမှုကို တွေ့လိုက်ရလေ၏။ ခန္ဓာကိုယ်အလယ်ပိုင်းက ပိုင်းဝိုင်းကြီးဖြစ်သည် ခေါင်းနှင့်ခြေထောက်ပိုင်းသည် ခန္ဓာကိုယ်နှင့် လိုက်ဖက်မညီ သေးငယ်နေသလိုထင်ရသည်။ ထို့ကြောင့်. . ပင့်ကူကြီးတစ်ကောင်နှင့်တူညီနေလေသည်။

နောက်မှလိုက်ပါလာကြသူများ၏ အသားအရည်မှာ ကြေးဝါရောင် အသားအရည်မျိုးပင်ဖြစ်ကြသည်။ အလုံးစုံ တူညီသော မျက်နှာများသည်ကား တင်းမာခက်ထန်လျက်ရှိနေကြသည်။ ရက်စက်ကြမ်းကြုတ်မှုကို အလေးထားကြသည့် မျက်နှာမျိုးပင်တည်း။

စိတြဒေဝီ၏ ရက်စက်ကြမ်းကြုတ်ကြတဲ့သူတွေဟူသည့် စကားသည် မှန်ကန်လောက်သည်ဟု ယူဆရပေသည်။ စိတြဒေဝီကို ကိုမိုးက မှန်ပြောင်းကို ပေးလိုက်လေသည်။ သူမက မှန်ပြောင်းကို သူတို့ကြည့်သလိုပင် ကြည့်လိုက်လေ၏။

"ရှေ့ဆုံးက လူဟာ မာလုပဲ၊ တိရစ္ဆာန်ကောင်၊ သင်းကိုယ်တိုင် လိုက်လာခဲ့တာကိုး၊ အာဂါသာနဲ့ မဖျိုမာ ဘာမှ မဆိုင်ဘူး၊ သင်းတို့က ငါတို့ကို ဒီတစ်သက် အနိုင်ရလိမ့်မယ်လို့များထင်နေကြသလား မသိဘူး. . "

မဖျိုမာဆိုသော စကားတစ်ခွန်းက စိတြဒေဝီ၏နှုတ်မှ ထွက်လာခဲ့လေသည်။ ဤအတိုင်းဆိုလျှင် မဖျိုမာသည် သူမတို့





နေထိုင်သော သည်မှာဘက်ဒေသကိုခေါ်ဆိုဟန်တူသည်။ နှစ်ဖက်စရိုက်ချင်းမတူညီကြသည်ကို ရေးရေးမျှသဘောပေါက်လာခဲ့ကြလေသည်။

"ဟိတ်. . ရပ်လိုက်ကြစမ်း"

မာလုသည် လက်ကိုထောင်ပြလိုက်သည်။ နောက်တော်ပါးအားလုံးသည် မြင်းတွေကို. . တပြိုင်တည်းပင် ဇက်သတ်လိုက်ကြလေ၏။

"ပင့်ကူကြီး မာလုတော့ ကျွန်မတို့ ရုတ်တရက်ပျောက်သွားကြတာကို ရိပ်မိသွားပြီ၊ ဒီလူကြီးက သိပ်ပြီးအကင်းပါးတယ်၊ ကောက်ကျစ်မှုကတော့ ဘယ်သူမှ လိုက်မမီနိုင်ကြဘူး၊ အခုလည်း သူဘာလုပ်ဦးမလဲမသိဘူး. . "

စိတြဒေဝီက လေသံအေးအေးဖြင့် ပြောလိုက်လေ၏။ မာလုသည် မြင်းပေါ်မှပင် အနံ့ခံနေသည်။ နှာခေါင်းကို တရှုံ့ရှုံ့နှင့် လုပ်နေသည်။ တစ်ကယ် သတ္တဝါကြီးတစ်ကောင်၏ လှုပ်ရှားမှုဟန်ပန်မျိုးပင်။

"ဘာကောင်နဲ့များ စပ်ပြီးတော့ မွေးလာသလဲမသိဘူး၊ တော်တော့်ကို အကြည့်ရဆိုးတာပဲ"

မျိုးဆက်က မှန်ပြောင်းထဲမှနေ၍ ကြည့်ရင်း မျက်မှောင်ကြီးကြုတ်ကာ ပြောလိုက်လေ၏။

"လာကြဟေ့၊ သူတို့ ဟောဟို တောင်ကုန်းပေါ် လောက်မှာရှိကြလိမ့်မယ်ကွ. . "

မာလုက အခြေအနေကို ခန့်မှန်းမိသွားဟန်တူသည်။ သူသည် လွန်စွာမှပင် အနံ့ခံကောင်းသောသူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်ဟန်ခြေဟန်ဖြင့် ပြောနေသည်ကို စိတြာဒေဝီက မှန်ပြောင်းထဲမှာမြင်နေရသည်။ မျိုးဆက်သည် စိတြာဒေဝီက မှန်ပြောင်းဖြင့် ကိုင်တွယ်ကြည့်ရှုတတ်ပုံကို မသိမသာပင် အကဲခတ်နေမိ၏။

"ပင့်ကူကြီးမာလုဟာ ကျွန်မတို့ရှိနေတဲ့နေရာကို ခန့်မှန်းမိသွားပြီ၊ လာတွေ့ဆုံပွဲလုပ်ကြလိမ့်မယ်၊ လာလေ ဒီကလည်း အဆင်သင့်ပဲ. . "

စိတြာဒေဝီက ကြိမ်းဝါးလိုက်လေ၏။ ကမ္ဘာမြေပြင်ပေါ်မှာကဲ့သို့ပင် ပင့်ကူဟူသော အသုံးအနှုန်းကို စိတြာဒေဝီက သုံးလိုက်ပြန်သည်။ သူမနှင့်အတူပါလာခဲ့ကြသည့် အဖော်များသည် စိတြာဒေဝီလောက် အသိဉာဏ်ကြွယ်ဝပုံမရကြ၊ သို့သော် တိုက်ရည်ခိုက်ရည်ကတော့ ထက်မြက်ကြပုံပေါ်ကြသည်။ လေးညှို့ကို ကျွမ်းကျင်စွာပင် တင်လိုက်ကြသည်။ မြားတံတွေကို အဆင်သင့်ပင်ပြင်ထားလိုက်ကြလေ၏။

သူတို့ရောက်ရှိနေကြသော တောင်ကုန်းကြီးသည် အလယ်တွင် ခေါင်းပေါက်ကြီးဖြစ်နေသည်။ တောင်ကုန်းထက်ဆီကိုလိုဏ်လမ်းကြောင်းမှနေ၍ တက်နိုင်သည်။ အလယ်လောက်မှာ မြင်းတွေကို ထည့်ထားနိုင်သော ဂူလိုဏ်တစ်ခုက ရှိနေသည်။ မြင်းခုနှစ်ကောင် ချောင်ချောင်ချိစွာနေနိုင်အောင် ကျယ်ဝန်းသည်။

မျိုးဆက်တို့က တောင်ကုန်းထိပ်မှာ ရောက်နေကြပြီး အခြေအနေကို စောင့်၍ ကြည့်နေကြလေသည်။ တောင်ကုန်းထိပ်မှာ သစ်ပင်များမပေါက်၊ ကျောက်တိုင်ကြီးများသာရှိနေကြသည်။ ယင်းကျောက်တိုင်ကြီးများသည် ပုံသဏ္ဌာန်အမျိုးမျိုးနှင့်ရှိနေကြသည်။

သေသေချာချာကြည့်သောအခါ သဘာဝအလျောက်ဖြစ်ပေါ်နေကြသော အရာများမဟုတ်ကြပဲ ကျောက်ဖြစ်ရုပ်ကြွင်းသတ္တဝါများသာတည်း၊ ကမ္ဘာဦးက ဖားလိုလိုသတ္တဝါကြီးများ၊ ဦးချိုပါသော မြွေကြီးများကလည်း အခွေလိုက်အရစ်လိုက်ပင်၊ သေသေချာချာကြည့်လျှင် ထုံးကျောက် (ကျောက်ဖြူ)များဖြစ်နေကြသော်လည်း အကောင်များ သေဆုံးသွားကြပြီးသည့်နောက်သဘာဝကြောင့် ပုံစံမပျက် ရုပ်ကြွင်းများဖြစ်သွားခဲ့ကြခြင်းပင်။

ပင့်ကူကြီးမာလုသည် မြင်းတွေကို အသော့နှင်လာခဲ့ကြရာ မကြာမီ စိတြာဒေဝီတို့ရှိနေသော တောင်ကုန်းကြီးဆီကိုရောက်လာခဲ့ကြလေ၏။ ထို့နောက် မြင်းပေါ်က မဆင်းပဲ အနံ့ခံပြန်သည်။ ပိပြားသော နှာခေါင်းကြီးကို တရှုံ့ရှုံ့နှင့်လုပ်နေကာ နောက်ဆုံးမှာတော့ တောင်ကုန်းကြီးဆီကို မော့ကြည့်လိုက်လေသည်။

"ဒီတောင်ကုန်းကြီးပေါ်မှာ ရောက်နေကြတယ်၊ မာလုကို ဒီလိုလှည့်စားလို့မရဘူးဟေ့၊ လူစိမ်းတွေရှိကြတယ်၊ မိန်းကလေးတွေရဲ့ အနံ့လည်းရတယ်၊ ဟား. . ဟား ဟား ဟား ငါနဲ့တော့ တွေ့ကြပြီပေါ့ကွာ၊ ဟေ့ကောင်တွေ၊ ဒီတောင်ကုန်းပေါ်ကိုတက်ပြီးရှာကြစမ်း၊ မိန်းကလေးတွေကို အရှင်ဖမ်းပြီးခေါ်လာခဲ့၊ ကျန်တဲ့သူတွေကို သုတ်သင်ပစ်ခဲ့ကြ. . "

မြင်းပေါ်မှ လူများအားလုံး အောက်ကိုဆင်းလိုက်ကြသည်။ သူတို့ကိုင်ဆောင်ထားကြသည့် ဓါးကြီးများမှာ ဓါးသွား





www.burmeseclassic.com

www.burmeseclassic.com



အထစ်အထစ်များရှိကြသည်။ ဗျက်ကြီးကြသည်။ အားလုံး ခပ်ကြဲကြဲအနေအထားဖြင့် တောင်ကုန်းကြီးဆီကို လျှောက်လာခဲ့ကြလေသည်။ မာလုကတော့ တောင်ခြေနှင့်မနီးမဝေးမှာ ကျန်ရစ်ခဲ့သည်။

စိတြဒေဝီသည် ကောင်းကင်ထက်ကို မော့ကြည့်လိုက်၏။ [ကမ္ဘာ့မြေပြင်အောက်ရှိ ကောင်းကင်တစ်ခုဟု ဆိုလိုသည်။]

တိုက်ဆိုင်သည်ပဲလား မသိ၊ ဝါကျင့်ကျင့်အလင်းရောင်မှသည် ခဲသားရောင်အဖြစ်ကို ရုတ်တရက်ပြောင်းလဲသွားခဲ့လေ၏။ အလင်းရောင်ထဲမှာ ခဲသားရောင်လုံးလုံးပြောင်းလဲသွားခြင်းကို အံ့အားသင့်မိကြရသည်။

[ဤသည်ကား ကမ္ဘာ့မြေအောက်ဓါတ်သဘာဝကြီး၏ ထူးခြားသောပြောင်းလဲမှုကြီးပင် ဖြစ်တန်ရာသည်။ သို့မဟုတ် စိတြဒေဝီ၏ အစီအရင်ကြောင့်များပင်လား] ထို့နောက်. .

စိတြဒေဝီသည် ကောင်းကင်ထက်ကို မြားတစ်စင်း ပစ်လွှတ်လိုက်လေ၏။

"ဝှစ်. ."

မြားတံက ကောင်းကင်ထက်ကို ဖြောင့်တန်းပြီးတော့ တက်သွားခဲ့လေ၏။ ထိုမြားကို အဝေးကပျံသန်းလာသော ငှက်ကြီးတစ်ကောင်က ဖျတ်ကနဲဆို ကိုက်ချီကာ ယူသွားသည်။ ယင်းငှက်ကြီးသည် လွန်စွာမှ ကြီးမားလှသည်။ နှုတ်သီးက ရှည်ပြီး အမွေးအမျှင်များက ငွေရောင်တောက်ပနေကြသည်။

သို့သော် ငှက်ကြီး၏တစ်ကိုယ်လုံးရှိ အရောင်အသွေး



သည် ရေခဲကိုထုလုပ်ထားသည်နှင့်သဏ္ဌာန်က တူနေသည်။ ရေခဲငှက်ကြီးပင်တည်း။

[ရေခဲငှက်ကြီးဟု ခေါ်ရခြင်းမှာ ရေခဲကို ပါးပါးထုလုပ်ထားသော သဏ္ဌာန်ဖြစ်ပြီး ခန္ဓာကိုယ်ထဲမှ အရိုး၊ အကြောများကိုပင်မြင်နေရသည်။ တစ်နည်းဆိုရလျှင် သလင်းကျောက်ကဲ့သို့တစ်ဖက်ကို ဖောက်ထွင်းပြီးတော့ မြင်နေရသောကြောင့် ပင်တည်း]

ယင်းရေခဲငှက်ကြီးသည် စိတြဒေဝီပစ်လွှတ်လိုက်သော မြားတံကိုနှုတ်သီးဖြင့်ကိုက်ချီကာ အောက်ကိုပျံသန်းလာသည်။ ထို့နောက် နှုတ်သီးကို ခါရမ်းပစ်လိုက်ပြီး မြားတံကို လွှတ်လိုက်လေရာ. .

"ဝှစ်. . ဝှစ်. . ဝှစ်"

မြားတံသည် ပင့်ကူကြီးမာလုဆီကို လျင်မြန်သော အဟုန်ဖြင့် သွားနေသည်။ မြားတံလေကိုခွင်း၍ ထွက်ပေါ်လာသောအသံများမှာ မြန်ဆန်လွန်းလှပြီး လေပွတ်အားကြောင့် မြားတံမှာ မီးတောက်များပင် ထွက်လာခဲ့လေသည်။

မာလုသည် နောက်ကို ဖျတ်ကနဲဆို လှည့်ကြည့်မိလိုက်၏။ မမျှော်လင့်ပဲ အန္တရာယ်ကို မြင်လိုက်ရသည်နှင့်. .

"ဟာ. ."

မြင်းပေါ်မှ အမြန်ပင်ခုန်ဆင်းလိုက်ရလေသည်။ ဝက်ကြီးတစ်ကောင် အမြင့်မှ ခုန်ချလိုက်သလို. . ဘိုင်းခနဲဆို ပစ်ကျသွားခဲ့ရလေ၏။ မြားတံသည် မာလုတို့စောက ထိုင်နေသော နေရာကို ကျော်ထွက်သွားခဲ့သည်။ ရှေ့မှာ,

www.burmeseclassic.com

www.burmeseclassic.com



သွားနေသော သူ့လူသုံးယောက်၏ ကိုယ်ကို ကျောဘက်မှ တစ်ဆင့်ပြီး တစ်ဆင့်ဖောက်ထွင်းသွားခဲ့လေတော့သည်။

"အား"

"အား"

"အား"

အထိတ်တလန့်ဖြင့် အော်ဟစ်လိုက်ကြသော အသံများသည် ဆူညံသွားခဲ့ကြလေသည်။ လူအချို့သည် နောက်ကြောင်းလှည့်ပြီးတော့ ပြန်ပြေးလာခဲ့ကြသည်။ တချို့သတ္တိကောင်းကြသူများကတော့ တောင်ကုန်းပေါ်သို့ တက်သည့်လမ်းကို ရှာဖွေရန် ထွက်သွားခဲ့ကြလေသည်။

မာလုသည် မထင်မျှတ်သော အခြေအနေကြောင့် မည်သို့တုန့်ပြန်ရမှန်းမသိအောင်ပင် ဖြစ်သွားခဲ့ရလေသည်။

ထိုစဉ်. .

"ဒိုင်း"

"ဒိုင်း"

"အား"

"အား"

သေနတ်သံများက တောင်ကြားဒေသမှာ ဟိန်းပြီးတော့ ထွက်ပေါ်လာကြလေသည်။ လူသုံးယောက်သည် အရုပ်ကြိုးပြတ်ဖြစ်ကာ ပစ်လဲကျသွားခဲ့ကြလေ၏။ မာလုသည် မိုးကြိုးပစ်လိုက်သကဲ့သို့ ထူးဆန်းသော အသံကြီးများကို ကြားလိုက်ရပြီး သူ့လူသုံးယောက်လဲကျသွားကြသည့်အတွက် အံ့အားသင့်သွားခဲ့ရလေ၏။





"ဟင်. . ဒါဘယ်က ထွက်လာတဲ့ အသံကြီးတွေလဲ၊ စိတြဒေဝီ၊ မိစ္ဆာမ၊ သင်းရဲ့လက်ချက်ပဲဖြစ်မှာပဲ. . ငါ့လူတွေကို အသံထွက်တဲ့လက်နက်နဲ့ သတ်ပစ်လိုက်ပြီ၊ သင်းဘယ်နေရာကနေ ငါတို့ကို တိုက်ခိုက်နေတာလဲ၊ ထွက်ခဲ့စမ်း. . သတ္တိရှိရင် ငါ့ကိုလာပြီးရင်ဆိုင်စမ်း. ."

မာလုက ပတ်ပတ်လည်ကိုကြည့်ပြီး အော်ဟစ်ကာ ပြောလိုက်သည်။ စိတြဒေဝီသည် မြားလာရာလမ်းကြောင်းကို မာလုတို့မသိနိုင်စေရန် တမင်ပင်ဖျောက်ကွယ်လိုက်ခြင်းပင်၊ ရေခဲငှက်ကြီးသည် သူမ,မွေးထားသော ငှက်လိမ္မာကြီးဖြစ်ဟန်တူသည်။ နောက်ထပ်မတွေ့တော့ပဲ ပျောက်ကွယ်သွားခဲ့လေသည်။

လူတစ်စုသည် တောင်ကုန်းထက်ဆီသို့ တက်သည့်လမ်းကို ရှာတွေ့သွားခဲ့ကြသည်။

"သူတို့ ဒီအပေါ်မှာ ရှိကြလိမ့်မယ် တက်ကြ. ."

ဂူတွင်းလမ်းကြောင်းသည် သဘာဝလှေကားထစ်များနှင့်ဖြစ်ပေါ်လျက်ရှိနေလေရာ. . အားလုံးမဆင်မခြင်ပဲနှင့် တက်သွားခဲ့ကြလေ၏။ တောင်ကုန်းဆီ တစ်ဝက်မရှိတရှိလောက်တွင် မြင်းများရှိသောနေရာကို တွေ့သွားခဲ့ကြလေရာ-

"ဟိုမှာ. . မြင်းတွေ. ."

တစ်ယောက်က ဖပြီးတော့ ပြောလိုက်သည်နှင့်. .

"ဝှစ်. . ဝှစ်. ."

"ဖောက်. . ဖောက်. . ဖောက်"

"အား"



www.burmeseclassic.com

www.burmeseclassic.com



"အား"

မိန်းကလေးသုံးယောက်သည် တောင်ကုန်းထိပ် အပေါက်ဝမှနေ၍ လေးများဖြင့် ဆီးပြီးပစ်ထည့်လိုက်ကြလေ၏။ ရန်သူသုံးယောက်စလုံး ဒလိမ့်ခေါက်ကွေးနှင့် အောက်ကို ပစ်ကျသွားခဲ့ကြလေ၏။

"မ. . မတက်ကြနဲ့၊ မတက်ကြနဲ့. . အပေါ်က ဆီးပြီး တော့ပစ်နေကြတယ်. ."

လမ်းကကျဉ်းမြောင်းနေသောကြောင့် ရှောင်တိမ်းရန် နေရာကမရှိ၊ အောက်ကိုဆင်းပြေးကြရသည်။ မာလုသည် ပြေးလာသည့် သူ့လူများကို မြင်လိုက်ရ၍ ဒေါသထွက်သွားကာ-

"မင်းတို့ ဘာဖြစ်လို့ နောက်ကြောင်းပြန်လှည့်လာခဲ့ကြ ရတာလဲ"

"ကျွန်တော်တို့ကို အပေါ်ကဆီးပြီးတော့ ပစ်ကြတယ်၊ ရှောင်တိမ်းလို့လည်း မရဘူး၊ အပေါ်ကိုဆက်ပြီးတက်လို့လည်း မရဘူး. ."

ထိုသူများသည် တစ်စုံတစ်ရာကို မြင်တွေ့လိုက်ကြ ရ၍ စကားဆက်မပြောကြတော့၊ သူတို့မြင်လိုက်ကြရသည့်အရာ ကား. . လူသုံးယောက်စင်းစင်းကြီးလဲကာ သေနေကြသည့် မြင်ကွင်းပင်. .

စောစောက ပေါက်ကွဲသံကြီးများကို ကြားလိုက်ကြရ သည်မှာ. . လက်နက်ဆန်းများဖြင့် ပစ်လိုက်ကြဟန်တူသည်။ မည်သည့်လက်နက်မှန်းမသိ၊ ခေါင်း၊ ရင်ဘတ်များမှ သွေးများက ထွက်နေလျက်ရှိကြလေသည်။





"ငါတို့ကို ချောင်းမြောင်းပြီးတော့ လုပ်နေကြတာ စိတြဒေဝီကိုလည်း မတွေ့ရသေးဘူး၊ ဒါပေမယ့် သူ့လက်ချက် ဆိုတာကိုတော့ သိသာတယ်၊ သူနဲ့ပါလာကြတဲ့ လူနှစ်ယောက် ဟာဘယ်သူတွေလဲ၊ ကိုလိုနီနယ်ပယ်. . တိုင်းပြည်တစ်ခုခုက ပဲလား. ."

[မြေအောက်ကမ္ဘာကြီးသည် မြေပေါ်ကမ္ဘာကြီးကဲ့သို့ပင် ကျယ်ပြန့်လေသလားမသိ၊ လူစိမ်းနှစ်ယောက်ကို မြေအောက် ကမ္ဘာကပဲဟုပင် ထင်မှတ်နေဟန်တူသည်။ လူစိမ်းများဖြစ် ကြသော မျိုးဆက်နှင့် ကိုမိုးတို့ရောက်နေကြသည်ကို မာလုတို့က သိသွားခဲ့ကြလေပြီ. . .]

မာလုသည် သေနတ်လို လက်နက်မျိုးကို မသိ၊ မြင်ဖူးဟန်လည်း မတူပေ၊ ထို့ကြောင့် သူ့အနေနှင့်ကလည်း ထူးဆန်းနေဟန်တူသည်။ အံ့အားသင့်ခြင်းနှင့်အတူ အထိတ် တလန့်လည်းဖြစ်မိရသည်။

"ဒီဟာမ၊ တောင်ကုန်းပေါ်မှာပဲရှိရမယ်၊ ဟိတ်. . စိတြဒေဝီ၊ နင်သတ္တိရှိရင် ငါနဲ့လာပြီးတော့ ရင်ဆိုင်စမ်း၊ မမြင်ကွယ်ရာကနေ ခိုးကြောင်ခိုးဝှက်လုပ်မနေနဲ့၊ ငါ့လူတွေကို နင်သတ်ပစ်လိုက်ပြီ၊ ဒါကြောင့် နင့်အသက်ကိုလည်း ငါယူ ရမယ်၊ နင့်အသက်ကို ငါ့လူတွေရဲ့အသက်နဲ့ ပေးဆပ်ရမယ်. ."

"ဟား. . ဟား. . ဟား. . ဟား၊ ပေးဆပ်မယ်၊ ပေးဆပ် မယ်၊ အသက်တော့မဟုတ်ဘူး. . ယောဒီမှာ. ."

စိတြဒေဝီသည် ကျောက်ဖြစ်ရုပ်ကြွင်းအားကြီးတစ် ကောင်၏ ဘေးမှနေ၍ မြားတစ်စင်းကို ပစ်လွှတ်လိုက်လေရာ-



www.burmeseclassic.com

www.burmeseclassic.com



"ဝှစ်"

မြား. . မိုးပေါ်သို့ထောင်ပြီးတက်သွားသည်ကို တောင်ကုန်းအောက်မှ မာလုက မြင်တွေ့လိုက်ရလေ၏။ မြားတံက အောက်ကို စိုက်ကျလာစဉ်မှာ ရေခဲငှက်ကြီးက တဖန်ပြန်ပေါ်လာခဲ့ပြန်ပြီး လေထဲမှာ ကိုက်ချီကာ ယူသွားခဲ့လေ၏။

ထို့နောက်. .

အောက်ကိုထိုးစိုက်ကာ ဆင်းလာခဲ့ပြီး နှုတ်သီးကို ခါယမ်းပစ်လိုက်လေရာ. .

"ဝှစ်. . "

"ဟာ"

မြားတံသည် ငှက်ကြီး၏နှုတ်သီးမှ လွတ်ထွက်သွားပြီး မာလုဆီကို တည့်မတ်စွာပင် ဝင်သွားခဲ့လေတော့သည်။ ရိပ်ကနဲ ဆိုမြင်လိုက်၍ မာလုက ရှောင်လိုက်သေးသည်။

သို့သော်. .

မလွတ်ပါ။ မြားတံသည်. . မာလု၏ ခါးကို ထိမှန်သွားလေတော့သည်။

"အား. . "

မာလုမှာ မျက်လုံးများ ပြာဝေသွားခဲ့ရလေ၏။



## (၁၀)
## မဋ္ဌိမာသို့အဝင်

စိတြဒေဝီဦးဆောင်သော မြင်းခုနစ်ကောင်သည်. . တောလမ်းခရီးကိုဖြတ်ကာ တရွေ့ရွေ့ဖြင့် ခရီးနှင်လျက်ရှိနေ သည်။ တောင်ကုန်းအဆင်းအတက်များကလည်း ပေါ်များလှ လေ၏။ သစ်ပင်များထက်မှာ မျောက်နှင့်တူသောသတ္တဝါများကို မြင်တွေ့လိုက်ကြရသည်။ မျက်နှာများသည် လူတစ်ယောက်၏ မျက်နှာနှင့် ပိုပြီးတော့ နီးစပ်သည်။ တစ်ကိုယ်လုံး အမွေးအမျှင် များတူပြောလှုပြီး အမြီးက ရှည်လျားလွန်းလှသည်။ ကမ္ဘာ့မြေ အောက်ကမ္ဘာကြီးထဲက လူတူမျောက်တူသတ္တဝါများပင်တည်း။

ထိုသတ္တဝါများသည် လူသားများကဲ့သို့ပင်. . အသိဉာဏ်ရှိကြဟန်တူသည်။ မျိုးဆက်တို့ ဖြတ်သွားကြသည်ကို သစ်ပင်ထက်မှနေ၍ တည်ငြိမ်စွာဖြင့် ကြည့်နေကြလေသည်။

အထူးသဖြင့် လမ်းခရီးမှာ ကျောက်ဖြစ်ရုပ်ကြွင်း



www.burmeseclassic.com

www.burmeseclassic.com



သိန်းစွန်ကြီးများ၊ ကျားဖြူကြီးများ၊ ကင်းခြေကြီးများ အစရှိသည်တို့ကို မကြာခဏပင် တွေ့လာခဲ့ကြရသည်။

"ထူးဆန်းလှချည်လား၊ ကျောက်ဖြစ်ရုပ်ကြွင်း သတ္တဝါတွေကို နေရာတိုင်းလိုလိုပဲ တွေ့နေရတယ်၊ ဒီလိုနေရာမျိုးမှာ ဘာဖြစ်လို့ ဒါတွေအများကြီး ဖြစ်နေကြရတာလဲ. . မျိုးဆက်"

"အေးဗျ၊ သေပြီးမှ သဘာဝဓါတ်ကြီးက ပြောင်းလဲသွားလို့ ဒီလိုကျောက်ဖြစ်သွားတာလား. . ဒါမှမဟုတ် အသက်ရှင်စဉ်ကတည်းက အကြောင်းတစ်ခုခုကြောင့် ကျောက်ဖြစ်သွားအောင် အစီရင်ခံရတာလား မသိဘူး. . ကိုမိုး"

"အသက်ရှင်စဉ်ကတည်းက ဒီလိုအလုပ်ခံရတယ်လို့ ထင်တယ်. . ဟုတ်လား. . မျိုးဆက်၊ မင်းက ဘယ်လို အဓိပ္ပါယ်နဲ့ပြောတာလဲ၊ ငါ နားမလည်ဘူး. . "

"ဩော်. . ကျွန်တော်တွေးမိတာက ဒီလိုပါ၊ ဒီကျောက်ဖြစ်ရုပ်ကြွင်းအရုပ်တွေရဲ့ ဟန်ကိုပဲကြည့်လေ၊ သူတို့သွားလာနေကြတုန်း. . အိပ်နေကြတုန်းမှာ ရုတ်တရက်အသက်ပျောက်သွားကြသလို ဖြစ်သွားကြတယ်လို့ ထင်တယ်၊ ဒီလိုအသွေးအသားနဲ့ခန္ဓာကိုယ်ဟာ မပုပ်မသိုးပဲ ဒီအတိုင်းကြီး ကျောက်ရုပ်တစ်ရုပ်လို မာကျောတောင့်တင်းသွားတာ အကြောင်းတစ်ခုခုရှိလိမ့်မယ်ဗျ. . "

မျိုးဆက်၏စကားကြောင့် ကိုမိုးက ရယ်မိလိုက်လေသည်။

"မင်းက တော်တော်စိတ်ကူးယဉ်တာပဲကွ၊ ငါ့အထင်ကတော့ အရင်က ဒီနေရာကို အလွန်အေးခဲစေတတ်တဲ့



ရာသီဥတုကြီးတစ်ခု ရုတ်တရက်ကျရောက်လာခဲ့လို့ သတ္တဝါတွေဟာ သွားစဉ်လာခိုက်နဲ့ ကြုံတွေ့လိုက်ကြရတယ်နဲ့ တူပါတယ်၊ ရုတ်တရက်သေဆုံးသွားခဲ့ကြတော့ ကြာတော့ အေးခဲပြီး ကျောက်ရုပ်လို မာကြောသွားခဲ့ဟန်တူပါတယ်၊ ဒီသတ္တဝါတွေဟာလူလုပ်တဲ့ကျောက်ရုပ်တွေလည်း မဟုတ်ဘူး. . "

"အေးပေါ့လေ၊ ခင်ဗျားထင်တာလည်း မမှားနိုင်ပါဘူး၊ ဖြစ်နိုင်ချေရှိတာပဲ၊ ဒါပေမယ့်. . "

မျိုးဆက်၏စကားက ထိုနေရာမှာပင် ပြတ်တောက်သွားခဲ့ရသည်။ အဘယ့်ကြောင့်ဆိုသော် စိတြဒေဝီ၏ အသံက ရုတ်တရက်ထွက်ပေါ်လာသောကြောင့်ပင်. .

"ဟိုမှာ မဖြိုးမာ. . "

မြင်းပေါ်မှနေ၍ လက်ညှိုးထိုးပြီးတော့ ပြောလိုက်လေသည်။ စိတြဒေဝီနှင့် အတော်ကလေးလှမ်းသွားသောကြောင့် မျိုးဆက်က မြင်းကိုအသော့နှင်ကာ နောက်မှလိုက်သွားခဲ့လေသည်။ မြင်းချင်းယှဉ်မိကြသောအခါ စိတြဒေဝီလှမ်း၍ပြရာဆီသို့ ကြည့်မိလိုက်လေသည်။

တော်တော်လှမ်းလှမ်းအနိမ့်ပိုင်းတစ်နေရာတွင် အဆောက်အဦးတော်တော်များများကို လှမ်း၍တွေ့လိုက်ရလေသည်။ သို့သော်. . အိမ်များ၊ အဆောက်အဦးများသည် တောင်ကြားထဲမှာသော်လည်းကောင်း၊ အနိမ့်ပိုင်းဆီမှာသော်လည်းကောင်း၊ တချို့ဂူထဲမှာသော်လည်းကောင်း. . ဆောက်ထားကြသည်ကို တွေ့လိုက်ကြရလေ၏။ အချို့ ချောင်ချိုချောင်ကြားများမှာသော်လည်းကောင်း၊ တောင်ကုန်းများကို

www.burmeseclassic.com



ဖောက်ထွင်းကာ အထဲမှာ အိမ်များဆောက်ထားကြသည်။ ထိုကဲ့သို့. . လှိုဏ်ဂူ့ဂူကြောင်းကြောင်းဝှက်ဝှက်နှင့် ဆောက်ထားကြသောအိမ်များသည် အကြောင်းတစ်ခုခုတော့ ရှိရပေလိမ့်မည်။

လုံခြုံရေးအတွက်ကလွဲပြီး တစ်ခြားကိုစွမရှိနိုင်၊ လွန်စွာမှကြီးမားလှသော သစ်ပင်ကြီးများကလည်း ထိုအဆောက်အဦးများအတွက် အကာအကွယ်များဖြစ်နေလေသည်။ အပေါ်စီးမှလှမ်းပြီးကြည့်သောအခါ မြင့်မားသော အုတ်တံတိုင်းစည်းရိုးကြီးများကို တွေ့လိုက်ကြရလေသည်။ တောင်ကုန်းထက်မှ ဆင်းလာကြသောအခါ မြင့်လွန်းသော စည်းရိုးကြီးကြောင့် မြို့ထဲကိုမမြင်နိုင်ကြတော့ပေ။ မဇ္ဈိမာမြို့တော်ကြီးဆိုသည်မှာ ဤနေရာတွင်ရှိနေကြသော တောင်ကုန်း၊ တောင်ကြားများဆီက ထူးခြားသောမြို့ကြီးတစ်မြို့ပင်တည်း။

စိတြဒေဝီက ဦးဆောင်ပြီးတော့ ရှေ့ကသွားနေသည်။ မြို့ရိုးကြီးနှင့်တူသော အုတ်နံရံကြီးသည် ပေသုံးဆယ်လောက်ကို မြင့်မားလှသည်။ အနားကိုရောက်လာလေလေ၊ ပိုပြီးတော့ မြင့်လာလေလေထင်နေရလေသည်။

အုတ်တံတိုင်းကြီး၏အလယ်မှာ ကြေးဝါတံခါးကြီးနှစ်ချပ်ကရှိနေသည်။ ပြောင်လက်တောက်ပလျက်ရှိနေလေရာ မည်မျှသန့်ရှင်း၍ မည်မျှသပ်ရပ်ကြောင်းကို ဖော်ညွှန်းလျက်ရှိနေလေသည်။

ပင့်ကူကြီးမာလုနှင့် လက်ကျန်သူ့လူများသည် စိတြဒေဝီတို့၏ နောက်ကိုလိုက်မလာနိုင်ကြတော့ပဲ နောက်ကြောင်းကိုလှည့်ပြီးတော့ ပြန်ပြေးသွားခဲ့ကြရလေ၏။





စိတြဒေဝီ၏ လေးအတတ်ပညာကား အံ့မခန်းပါပင်။ သူမသည် အခြားသော အတတ်ပညာများကိုလည်း ပိုင်ဆိုင်လိမ့်ဦးမည်ဟု ထင်မိသည်။ ဓါးပ်တုလေးနှင့် တစ်ပုံစံတည်း ချွတ်စွပ်တူနေသော စိတြဒေဝီ မျိုးဆက်သည် စွဲလန်းနေမိပြီ ဖြစ်ပါသတည်း။

မြင့်မားသော မျှော်စင်ကြီးထက်မှာ ရှိနေကြသော သူများသည် စိတြဒေဝီတို့ရောက်လာကြသည်နှင့် အောက်ကို အချက်ပေးလိုက်လေ၏။ တံခါးမှူးနှင့် တူသူတစ်ယောက်သည် မြို့တံခါးကြီးကို ဖွင့်ပေးလိုက်လေသည်။ စိတြဒေဝီက ဦးဆောင်ပြီးကြိုန္ဒြေရစွာဖြင့် ဝင်သွားသည်။ သူမ၏နောက်က အဖော်မိန်းကလေးများ၊ ထို့နောက်. . မျိုးဆက်နှင့် ကိုမိုး. .

ရဲမက်နှင့်တူကြသော သူများသည် လူစိမ်းနှစ်ယောက် ပါလာကြသည့်အတွက် အကဲခတ်သော မျက်လုံးများဖြင့် ကြည့်နေကြသည်။ သာမန်အကြည့်မျိုးပင်ဖြစ်ကြသည်။

မြို့ထဲကိုဝင်ရောက်လာကြတော့မှ မြင့်မားသော တောင်ကုန်းကြီးများက သူတို့ကိုအပေါ်ကဆီးပြီး မိုးနေကြသည် ကိုသိလိုက်ရလေ၏။ တောင်နံရံများကိုဖောက်ပြီး အထဲသွင်း ကာဆောက်ထားကြသော အိမ်များကား လွန်စွာမှ သပ်ရပ်လှပ ကြသည်။

"ကိုမိုး၊ အိမ်တံခါးတချို့ကို ပိတ်ထားတာတွေ့လား၊



www.burmeseclassic.com

www.burmeseclassic.com



တံခါးကိုပိတ်လိုက်ရင် တောင်နံရံနဲ့ တစ်ပြေးတည်းဖြစ်သွားကြ ရောဗျာ၊ အားလုံးကိုပိတ်လိုက်ရင် အိမ်ကိုလုံးလုံးမမြင်နိုင်တော့ ဘူးဗျ. . "

"ဟုတ်တယ်ကွ၊ ဒါ. . အကာအကွယ်တစ်ခုပဲ၊ သူတို့မှာ ရန်သူရှိလိမ့်မယ်၊ ရန်သူဟာ အချိန်မရွေးရောက်လာနိုင်တယ်၊ တောင်ကုန်းကြီးတွေ၊ တောင်နှာမောင်းကြီးတွေကိုလည်း ဥမင် လိုဏ်ခေါင်းတွေဖောက်ထားကြမှာပဲကွ၊ ပိသုက အတတ်ပညာ ကတော့ လက်ရာမြောက်ပြီးတော့ သေသပ်လှတယ်ဟေ့၊ ဒါပေမယ့် ရှေးနည်းနည်းဆန်တယ်ကွ. . "

ကိုမိုးက မှတ်ချက်ပေးလိုက်လေ၏။ ကြီးမား၊ မြင့်မား လှသော သစ်ပင်ကြီးများသည် တိုက်တာ၊ အိမ်ခြေ၊ အဆောက် အဦးများကို ဖုံးကွယ်ပေးထားကြသလိုပင်၊ စိတြဒေဝီသည် မည်းနက်သော ကျောက်တုံးသေးသေးလေးများခင်းထားသည့် လမ်းအတိုင်းရှေ့ကဝင်သွားခဲ့သည်။ တစ်ဆစ်ချိုး၊ နှစ်ဆစ်ချိုး ကွေ့များရှိကြသည်။ လမ်းသည် အနည်းငယ်ကျဉ်းမြောင်း သယောင်ထင်ရသော်လည်း လမ်းခွဲတွေ၊ အကွေ့အကောက် တွေကများနေ၍ ဝက်ပါဆန်နေသည်။ အကြောင်းသိသူမှသာ သွားတတ်လာတတ်ပေမည်။

မကြာမီ. .

တောင်ကုန်းကြီးတစ်ခုက ရှေ့မှာ ဘွားကနဲဆိုပေါ် လာခဲ့လေ၏။ လူနေအိမ်များစွာကို ကျော်ဖြတ်လာပြီးသည့် နောက်မှာ သီးခြားဆန်သော နေရာတစ်ခုကို ရောက်လာခဲ့ခြင်း ပင်ဖြစ်ကြသည်။ လမ်းသွားလမ်းလာများကို သိပ်မတွေ့ရသော်





လည်း အိမ်အတွင်း ပြူတင်းပေါက်များဆီကနေ တစ်ယောက် တစ်လေကြည့်နေကြသည်ကို တွေ့လိုက်ရလေသည်။ တောင် ကုန်းကြီးဆီကို ရောက်သွားကြသောအခါ တံခါးသည် အလို အလျောက်ပင် ပွင့်သွားခဲ့သည်ကို အံ့အားသင့်ဖွယ်ရာပင် တွေ့လိုက်ကြရလေသည်။

[ယန္တရားဆင်ထားသော တံခါးဖြစ်၍ တစ်နေရာမှ စောင့်ကြည့်နေသောသူက ဖွင့်ပေးလိုက်ခြင်းပင်ဖြစ်ဟန်တူ သည်။]

တောင်ကုန်းကို ထွင်းဖောက်ထားသော ဥမင်လမ်းကြီး တစ်ခုက ပေါ်လာခဲ့လေသည်။ အတော်အတန်ပင် ကျယ်ဝန်း လှသည်၊ နံရံများတွင် အလင်းရောင်ထွက်သော ကျောက်သား ဖြူဖြူများကို ထည့်သွင်းထားသည်။ ယင်းကဲ့သို့ ကျောက်သား မျိုးကို ကမ္ဘာမြေပြင်ထက်မှာ မတွေ့ကြရပါ။

တော်တော်ကလေးဝင်လာကြပြီးသောအခါ လိုဏ် ခေါင်းသည် တဖြည်းဖြည်းနှင့် ကျယ်ပြန့်လာခဲ့သည်။ မကြာမီ ကြီးမားသော အဆောက်အဦးကြီးတစ်ခုကို မမျှော်လင့်ပဲ တွေ့လိုက်ကြရလေ၏။ တောင်ခေါင်းထဲမှာ ဆောက်လုပ်ထား သော အဆောက်အဦးကြီးကား လွန်စွာမှ သပ်ရပ်ပြီးလှပ ပေသည်။

အစောင့်တချို့က သူတို့ဆီကိုရောက်လာကြသည်။ ထိုသူတို့သည် သိုးမွေးခေါင်းစွပ်များကို ဆောင်းထားကြသည်။ သားရေကိုယ်ကြပ်အကျီများကို ဝတ်ဆင်ထားကြသည်။

ကြီးမားသော သားရေခါးပတ်ကြီးများကိုခါးမှာပတ်



www.burmeseclassic.com

www.burmeseclassic.com



ထားကြပြီး ခါးများက သေသပ်လှပစွာပင် ချိတ်ထားကြသည်။

[အခြားသော လက်နက်များကို တပ်ဆင်ထားခြင်း မရှိကြ၍ ခေတ်မီသေနတ်အစရှိသော လက်နက်များကို မတီထွင်တတ်ကြသည့်သဘောပင်လား]

ထိုသူတို့သည် စိတြဒေဝီကို အရိုအသေပေးလိုက်ကြလေသည်။ စိတြဒေဝီကလည်း ခေါင်းတစ်ချက်ညိတ်လိုက်ပြီး မြင်းပေါ်မှ ဆင်းလိုက်လေ၏။

ထို့နောက် မြင်းပေါ်မှ အသီးသီးပင် ဆင်းလိုက်ကြလေသည်။

"လာ. . လာကြ အထဲကိုဝင်ကြမယ်"

စိတြဒေဝီက မျိုးဆက်၏လက်ကိုဆွဲကာ ခေါ်သွားခဲ့လေသည်။ ကိုမိုးသည် သူမ၏အမူအရာကို အံ့အားသင့်သွားခဲ့ရလေ၏။ မျိုးဆက်လည်း ထို့အတူပင်၊ တံခါးစောင့်က အဆောက်အဦး၏တံခါးကို ဖွင့်ပေးလိုက်သည်။

စိတြဒေဝီကပဲ ဦးဆောင်ပြီးတော့ ဝင်သွားခဲ့လေ၏။ အဆောက်အဦးကြီးသည် အပြင်ကလိုပဲ အထဲမှာလည်း ခမ်းနားစွာပင် တည်ဆောက်ထားသည်။

သူတို့ကိုကြိုဆိုလျက်ရှိနေကြသူများမှာ မုတ်ဆိတ်မွေးဖြူဖြူနှင့် လူကြီးတစ်ယောက်နှင့် မျိုးဆက်ထက်အသက်အနည်းငယ်ကြီးမည်ဟုထင်ရသော ယောကျ်ားတစ်ယောက်ပင်ဖြစ်သည်။ ထိုသူသည် ရှည်လျားသော ဆံပင်များကို ကျောပြင်မှာဖြန့်ပြီးချထားသည်။ တည်ကြည်သော မျက်နှာထားရှိပြီး စိတြဒေဝီနှင့် ဆင်ဆင်တူလေသည်။



နောင်အခါသိရသည်မှာ စိတြဒေဝီ၏ အစ်ကိုရင်းတစ်ယောက်ပင်တည်း။

ထိုသူသည် မျိုးဆက်တို့ အနားကိုမရောက်ကြမီမှာပင် နေရာမှထွက်သွားခဲ့လေသည်။ မည်သည့်သဘောလည်းတော့ မသိပါ။ ကိုမမိုးက လေသံတိုးတိုးဖြင့်. .

"ငါတို့ကို မကျေနပ်ဘူးထင်တယ်. ."

"ဒီလိုသဘောမျိုးပဲဖြစ်မှာပေါ့ဗျာ၊ ကျွန်တော်ကတော့ ဒီကိုရောက်လာခဲ့တာ အိပ်မက်လိုပဲ. ."

"အေး. . ငါလည်း မင်းလိုပဲကွ၊ ဒါပေမယ့် အိပ်မက်က အခုမှစပြီးတော့ မက်ကြတာ၊ ခေါင်းပွကမ္ဘာကြီးထဲမှာ ဘာတွေရှိပြီး ဘာတွေဖြစ်ကြဦးမလဲဆိုတာ စောင့်ကြည့်ရဦးမှာပဲ. ."

"ဘာပဲလာလာ. . ရင်ဆိုင်လိုက်ကြတာပေါ့ဗျာ. ."

ထိုစဉ်. .

စိတြဒေဝီကြောင့် စကားပြတ်သွားခဲ့ကြရသည်။

"ဩော်. . သူက ကျွန်မရဲ့ဖခင်ပါ၊ မဂ္ဂလို့ခေါ်ပါတယ်၊ မဇ္ဈိမာမှာ ဒုတိယအကြီးဆုံး. . အင်း အကြီးအကဲပဲဆိုကြပါစို့ ဖခင် သူကတော့. ."

စိတြဒေဝီသည် မျိုးဆက်တို့၏ နာမည်ကိုမသိသေးသဖြင့်. .

"ကျွန်တော်က မျိုးဆက်ပါ၊ သူကတော့ ကိုမိုးပါ ခင်ဗျာ"

မျိုးဆက်ကပဲ ကိုယ်တိုင်မိတ်ဆက်လိုက်ရလေ၏။ မဂ္ဂသည် သူတို့နှစ်ယောက်ကို အကဲခတ်ဟန်ဖြင့် ခြေဆုံးခေါင်းဆုံးပင်ကြည့်လိုက်ပြီး. .

www.burmeseclassic.com

www.burmeseclassic.com



"မောင်ရင်တို့ ဒီကိုရောက်လာကြလိမ့်မယ်ဆိုတာ သမီးက ပြောထားလို့ သိပြီးပါပြီ၊ ဘယ်လိုသဘောနဲ့ ရောက်လာခဲ့ကြတာလဲဆိုတာ မသိရဘူးလား"

မဂ္ဂ၏လေသံသည် အတန်ငယ်ဝဲသော်လည်း သေချာစွာနားစိုက်ထောင်လျှင် နားလည်လွယ်၏။ မဂ္ဂကလည်း မျိုးဆက်၏လေယူလေသိမ်းကို နားလည်လွယ်ဟန်တူပါ၏။

စိတြဒေဝီသည် မျိုးဆက်တို့ ရောက်လာကြမည်ကို မည်သို့ကြိုပြီးသိထားနိုင်ခဲ့သလဲ. . အံ့အားသင့်စရာပင်။

"ကျွန်တော်တို့က မူလနေထိုင်တဲ့ ကမ္ဘာကြီးရဲ့ အောက်မှာ ခေါင်းပွကမ္ဘာကြီးရှိနေတယ်ဆိုတာကို လေ့လာသိရှိထားခဲ့ကြတဲ့အတွက် ဝါသနာအရရှာဖွေရင်း ဒီကိုရောက်လာခဲ့ရတာပါခင်ဗျာ. ."

မျိုးဆက်၏အဖြေစကားကြောင့် မဂ္ဂသည် မျက်မှောင်တစ်ချက်ကျုံ့သွားခဲ့ရလေ၏။

"ဒါဆိုရင် မောင်ရင်တို့က ငါတို့ရဲ့အထက်မြေ ကမ္ဘာပေါ်ကလူတွေပေ့ါ. . ဟုတ်လား"

"မှန်ပါတယ် ခင်ဗျာ၊ အထက်ကမ္ဘာမြေပေါ်က ရောက်လာခဲ့ကြတာပါ. ."

"ကမ္ဘာမြေပေါ်က ရောက်လာကြတဲ့ လူသားအစစ်အမှန်တွေကိုး၊ ငါက အာဂါသာက လူတွေလို့ ထင်နေမိခဲ့တာ"

"အာဂါသာက လူတွေဆိုရင် ဘာများဖြစ်လို့ပါလည်း ခင်ဗျာ"

"အေး. . အာဂါသာက လူတွေထဲမှာ ကိုလိုနီနယ်ပယ်





ချဲ့ထွင်ပြီး မတရားသိမ်းပိုက်ကြီးစိုးချင်ကြတဲ့ လူတချို့ရှိကြတယ်ကွယ့်၊ ငါတို့ရဲ့ မဇ္ဈိမာကိုတောင် ထိပါးချင်နေကြတာ၊ သူတို့ထင်တိုင်းလုပ်မရလို့. . အာဂါသာမှာလည်း ဂိုဏ်းကွဲနေကြတယ်၊ မတရားတဲ့ဘက်ကတစ်ဖက်၊ တရားတဲ့ဘက်ကတစ်ဖက်၊ အဲ့ဒီလိုဖြစ်နေကြတယ်၊ ဝင်လာကြတဲ့သူလျှိုတွေကိုလည်း ငါတို့ကနေ့စဉ်စောင့်ဖမ်းနေကြရတယ်၊ ဝေသာလီပြိုကွဲအောင် စကားနဲ့သပ်လျှိုခဲ့တာ ဝေဿကာရအမတ်ကြီးပဲ မဟုတ်လား၊ ငါတို့ရဲ့ မဇ္ဈိမာကို ဒီလိုအဖြစ်မခံနိုင်ဘူး. ."

ဒီတစ်ခါတော့ မျိုးဆက်ရော၊ ကိုမိုးပါ အံ့အားသင့်သွားခဲ့ရလေသည်။ ကမ္ဘာမြေပြင်ထက်က မဇ္ဈိမာတိုင်း၌နေကသမိုင်းဖြစ်ရပ်များကိုလည်း မဂ္ဂကသိနေပါလားဟူ၍. .

"ကျွန်တော်တို့ဟာ အာဂါသာဆိုတာကို ဒီကိုရောက်မှသာသိကြတာပါ၊ အမှန်တကယ်တွေ့မြင်ကြရတာပါ၊ မြေပေါ်ကမ္ဘာမှာ ဒီအကြောင်းတွေကို ဒဏ္ဍာရီလိုလို၊ ပုံပြင်လိုလိုနဲ့သာကြားဖူး၊ ဖတ်ဖူးခဲ့ကြတာပါ ခင်ဗျာ. ."

"မင်းတို့ ကမ္ဘာမြေပေါ်က တိုင်းပြည်ကြီးတစ်ပြည်ဟာ သူ့ကိုယ်ကျိုးအတွက် နိုင်ငံငယ်တွေကို အနိုင်ကျင့်ပြီး မတရားသိမ်းပိုက်ဖို့ကြိုးစားနေတယ်၊ တိုင်းပြည်ကြီးတစ်ပြည်ကတော့ ပြိုကွဲသွားပြီ၊ အစိတ်စိတ်အမြွှာမြွှာဖြစ်သွားပြီ၊ ငါတို့ မဇ္ဈိမာမှာ ဒီလိုအဖြစ်မခံနိုင်ဘူး. ."

"ကျွန်တော်တို့ရဲ့ မြန်မာနိုင်ငံတော်ကြီးဟာလည်း တိုင်းရင်းသားလူမျိုးပေါင်းစုံနဲ့ ဖွဲ့စည်းပြီး နေနေကြတာပါခင်ဗျာ၊ အားလုံး စည်းလုံးညီညွတ်ကြလို့ သွေးစည်းမှုကိုတာမှာအင်အား



www.burmeseclassic.com

www.burmeseclassic.com



ကြီးနိုင်ငံတွေက သပ်ဝင်လျှိုလို့မရကြပါဘူး၊ သွေးမခွဲနိုင်ကြပါဘူး၊ မဖျိမာလိုပါပဲ၊ ကျွန်တော်တို့ ကမ္ဘာမြေပေါ်က လာကြတယ်ဆိုတာကိုယုံပါ. . ”

မဂ္ဂက သူ၏မုတ်ဆိတ်မွေးဖြူဖြူကြီးကို လက်ဖြင့် ဆွဲကာ ခေါင်းတညိတ်ညိတ်ဖြင့် ရှိနေသည်။

“ကျုပ်က ဝတ္တရားအရသာမေးရတာပါ၊ သမီးစိတြာဒေဝီကိုအကြောင်းပြုပြီး ယုံကြည်ပြီးသားပါ. . ”

ထူးဆန်းသော စကားပင်ဖြစ်သည်။ စိတြာဒေဝီကို အကြောင်းပြုပြီးဟူသော စကား၏အဓိပ္ပါယ်ကို နားမလည်မိ။

“ကဲ. . မောင်ရင်တို့ ခရီးပန်းလာကြတယ်၊ အနားယူကြပါဦး. . နောက်တော့မှပဲ အေးအေးဆေးဆေးထပ်ပြီး တွေ့ကြသေးတာပေါ့၊ သမီးက တစ်ပြည်သား ဧည့်သည်တွေအတွက် စီစဉ်ပေးပါ. . ”

“ကောင်းပါပြီ ဖခင်”

တစ်ချိန်လုံးငြိမ်ပြီး နားထောင်နေသော စိတြာဒေဝီက ရှိသေစွာဖြင့် ခါးလေးကိုညွတ်ကာ အဖြေပေးလိုက်လေသည်။

မဂ္ဂသည် မျိုးဆက်တို့ကို နှုတ်ဆက်ကာ နေရာမှ ထွက်သွားခဲ့လေ၏။ သို့သော်. . တစ်နေရာကို ရောက်သောအခါ. . နံရံမှ ခလုတ်တစ်ခုကို နှိပ်လိုက်သည်နှင့် နံရံက ရွှေ့လျားသွားကာ လေးထောင့်စပ်စပ်တံခါးပေါက်တစ်ခုက ပေါ်လာခဲ့လေသည်။ မဂ္ဂသည် ယင်းတံခါးပေါက်မှ ထွက်သွားခဲ့လေသည်။

“ဦးက ဘယ်ကို ထွက်သွားတာလဲ. . ”



“ဖခင်က စံအိမ်မှာ မယ်ခင်နဲ့အတူနေတာပါ၊ ကျွန်မကတော့ ဒီမှာနေတယ်လေ၊ ဒါ. . လျှို့ဝှက်တံခါးပေါက်ပဲ၊ ဒီကနေ သူအပြင်ကို ထွက်သွားလိမ့်မယ်၊ ဒီမှာ တစ်ဆင့်နိမ့်တဲ့ မြေအောက်လမ်းကြီးတွေရှိသေးတယ်. .

အဲ့ဒီကနေ တစ်ဆင့် မြင်းရထားနဲ့ ထွက်သွားမှာပါ၊ အာဂါသာက လူဆိုးတွေကို ရှောင်တိမ်းတဲ့အနေနဲ့ ဒီလိုလျှို့ဝှက်လမ်းကြောင်းတွေကို လုပ်ထားရတာပါ. . ”

“ဪ. . ဟုတ်လား၊ ကျွန်တော်တို့ ဒီလျှို့ဝှက်ချက်တွေ ဘာဖြစ်လို့ပြောပြရတာလဲ၊ ကျွန်တော်ဟာ အာဂါသာက လူဖြစ်နေရင် ဘယ့်နှယ့်လုပ်မလဲ. . ”

စိတြာဒေဝီသည် မျိုးဆက်၏အနားကို ပိုမိုတိုးကပ်၍ လာခဲ့ပြီး. .

“ရှင်ဟာ အာဂါသာက လာတဲ့သူမဖြစ်နိုင်ဘူး၊ ဒါကို ကျွန်မကောင်းကောင်းသိတာပေါ့ရှင်၊ ဘာဖြစ်လို့ လှည့်စားချင်ရတာလဲ. . ကိုမျိုးဆက်ရယ်”

ညို့မျက်ဝန်းလေးတစ်စုံက မျိုးဆက်ကို မလှုပ်ရှားနိုင်အောင်ချုပ်နှောင်ထားလိုက်လေ၏။

“ခင်ဗျားဟာ ကျွန်တော့်အတွက် ပုစ္ဆာတစ်ပုဒ်ပါပဲ စိတြာဒေဝီ၊ ကျွန်တော်ကတော့ ဘာကိုမှ နားမလည်နိုင်တော့ပါဘူးဗျာ. . ”

“နားလည်ဖို့ မလိုပါဘူးလေ၊ ရှင် ဒီနေရာကို လွယ်လွယ်ကူကူနဲ့ရောက်လာခဲ့တာ မဟုတ်ပါဘူး၊ အခက်အခဲမျိုးစုံနဲ့ ကြုံပြီးမှ ရောက်လာခဲ့တာပါ. . ခေါင်းပွကမူကြီးဆီကို သိပ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ရောက်ချင်နေကြတဲ့ ရှင်တို့ရဲ့ ရည်ရွယ်ချက်ပြည့်ဖို့က အဓိကပါလေ. . အခုတော့ ယုံကြည်ပြီ မဟုတ်လား"

"အိပ်မက်တစ်ခုလိုပါပဲဗျာ၊ ယုံကြည်ပြီးသားပါ. . "

"ကဲ ခရီးက တော်တော်ကို ပန်းလာခဲ့ကြပြီ၊ အနားယူလိုက်ကြပါဦး. . ကဲ. . ကျွန်မနဲ့ လိုက်ခဲ့ကြ. . "

စိတြဒေဝီက ရှေ့မှနေ၍ ဦးဆောင်ပြီးတော့ ထွက်သွားသည်။ သူတို့၏ အထုတ်အပိုးများကို မိန်းကလေးသုံးယောက်က သယ်လာပေးကြလေသည်။ သေနတ်ကြီးနှစ်လက်ကိုတော့ မကိုင်ရဲကြ၊ စကြိန်လမ်းတွေက များသည်။ တစ်ဆစ်ချိုး၊ နှစ်ဆစ်ချိုးကွေ့ကောက်ပြီးတော့ သွားကြရသည်။

မကြာမီ. . ကြေးဝါတံခါးတပ်ဆင်ထားသော အခန်းတစ်ခု၏ ရှေ့ကို ရောက်လာခဲ့လေသည်။ သူမက သော့တံဖြင့် တံခါးရွက်အောက်မှ အပေါက်ထဲကို ထိုးထည့်ပြီး ဖွင့်ပေးလိုက်သည်။

[အလိုအလျောက်ပွင့်သော ခလုတ်ကိုမသုံး၊ ကြေးဝါသော့တံခါးကို သုံးလိုက်သည်ကို သတိပြုမိလိုက်ကြလေသည်]

သူမက ဦးဆောင်ပြီးတော့ အခန်းထဲကိုဝင်သွားခဲ့သည်။ မျိုးဆက်နှင့် ကိုမိုးကလည်း လိုက်ပြီးတော့ ဝင်သွားခဲ့ကြလေသည်။ မိန်းကလေးတွေက ခရီးဆောင်အထုပ်အပိုးများကို အခန်းထောင့်တစ်နေရာမှာ နေရာချပေးလိုက်ကြလေ၏။



## (၁၁)

## အာဗေဇ္ဇ မှူးမှူးသဉ္ဇာဦးမှာ

အခန်းကကျယ်ဝန်းလှသည်။ တစ်ယောက်အိပ်ကြေးဝါကုတင်တစ်လုံးစီကို ငါးပေလောက်ခွာပြီး ယှဉ်ကာ ချထားသည်။ လက်ရာမြောက်သော သစ်သားဘီရိုကြီးတစ်လုံးစီကိုလည်း အခန်းထောင့်မှာ တွေ့လိုက်ရလေ၏။

"ကဲ. . ဟော့ဒီအခန်းထဲမှာ လိုအပ်သမျှ အစုံရှိတယ်၊ ကမ္ဘာမြေပြင်ပေါ်က အသုံးအဆောင်တွေနဲ့မခြား စီစဉ်ထားပါတယ်၊ အနားယူကြပါ. .

မကြာမီမှာ အစားအသောက်တွေ ပို့လိုက်ပါမယ်၊ မဖျှမာမှာ ဘာမှလိုလေသေးမရှိစေရပါဘူး. . "

စိတြဒေဝီသည် မျိုးဆက်ကို တာရှည်စွာစိုက်ကာ ကြည့်လိုက်ပြီးမှ မိန်းကလေးသုံးယောက်နှင့်အတူ ထွက်သွားခဲ့လေ၏။ တံခါးကိုလည်း ပိတ်သွားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ ရထားတဲ့အခန်းဟာ ပြူတင်းပေါက်တွေ မရှိဘူးဗျာ၊ ဒါပေမယ့် မွန်းကြပ်ပြီး မနေဘူး၊ အသက်ဝဝရှူနိုင်တယ်၊ လေဝင်လေထွက်ကတော့ ရှိနေတယ်. . "

မျိုးဆက်သည် နံရံများဆီကို လျှောက်သွားပြီး လက်ဝါးဖြင့်နှစ်လက်မလောက်အကွာက ကာထားကြည့်ရာ. .

"ကိုမိုး. . နံရံတွေက လေတိုးနေကြတယ်ဗျာ၊ အံ့အားသင့်စရာပဲ၊ လာကြည့်စမ်း. . "

ကိုမိုးက နံရံတွင် တစ်လက်မခန့်ခွာ၍ လက်ဝါးကို ထောင်ထားကြည့်ရာ လတ်ဆတ်အေးမြသော လေများက သိသာစွာပင် တိုးဝင်လျက်ရှိနေကြသည်ကို ခံစားသိရှိမိလေသည်။

"အေးကွ၊ လေတိုးနေတယ်၊ ကျောက်သားနံရံကြီးက တပြင်တည်းဖြစ်နေပေမယ့် အပ်ပေါက်ရာလေးတွေလို အပေါက်များတွေများရှိနေကြသလား မသိဘူး. . "

"ဒီအတိုင်းပဲ ဖြစ်မှာပေါ့ဗျာ၊ မြေအောက်ကမ္ဘာမှာရှိနေတဲ့ကျောက်တစ်မျိုးပဲပေါ့၊ ဒါကြောင့်ကျွန်တော်တို့ အသက်ကောင်းကောင်းရှူနိုင်ကြတာ. . "

"လူတွေကလည်း အပြင်ကို သိပ်မထွက်ကြတာ အကြောင်းရှိကြတယ်၊ အာဂါသာဘက်က လူတွေရဲ့ ရန်ကို ရှောင်ရှားကြတဲ့သဘောပဲကွ၊ ဒါကြောင့်မို့ မြေအောက်လမ်းတွေကိုဖောက်လုပ်ထားကြတာပဲ ဖြစ်မှာပေါ့. . "

အာဂါသာမှ လူများသည် တစ်ကယ်ပဲ ဆိုးသွမ်းကြပုံရသည်။ ပင့်ကူကြီးမာလုသည်ပင် သူတို့ကို တိုက်ခိုက်ခဲ့ကြသေး





သည်မဟုတ်ပါလား။

ထို့နောက်. .

ပင်ပန်းလာခဲ့ကြသည်ဖြစ်၍ စကားမပြောဖြစ်ကြတော့ပဲ. . အနားယူရင်း အိပ်ပျော်သွားခဲ့ကြလေသည်။

အတော်ကလေးကြာတော့မှ အိပ်ယာကနိုးလာခဲ့ကြလေသည်။ ရေချိုးခန်းသီးသန့်ရှိသည်။ မျက်နှာသစ်၊ သွားတိုက်လိုက်ကြပြီး ရေပါချိုးလိုက်ကြသည်။ တစ်ကိုယ်လုံးလန်းဆန်းသွားခဲ့ကြ၏။

"ရေချိုးခန်းကလည်း သေသေချာချာကို စီစဉ်ထားတာပဲကွ၊ ခေတ်မီတယ်. . အားလုံးကို ကြေးဝါပိုက်လုံးတွေနဲ့ပဲ သုံးထားကြတာ. . "

"အေး. . ဒါပေမယ့် ဒီမှာ ဘယ်အချိန်ရှိပြီလည်းတော့ မသိဘူး၊ ငါတို့ရဲ့နာရီကတော့ နေ့လည်တစ်နာရီကို ညွှန်ပြနေတာပဲ. . မျိုးဆက်"

"ကမ္ဘာမြေပေါ်က အချိန်မျိုးပဲရှိမှာပါဗျာ၊ ဒီမှာက နာရီတွေ ဘာတွေမသုံးကြဘူးထင်တယ်၊ အချိန်ကို ဘယ်လိုမှတ်ကြသလဲ မသိဘူး. . "

"ဒါ. . စားချိန်၊ အိပ်ချိန်၊ အလုပ်လုပ်ချိန်ဆိုတာ စိတ်ထဲကပဲ မှတ်သားကြသလား မသိဘူး၊ အလေ့အထပေါ့ကွာ. . "

စကားပြတ်သွားခဲ့ကြသည်။ မိန်းကလေးတစ်စု. . ရောက်လာခဲ့သောကြောင့်ပင်ဖြစ်သည်။ တစ်ယောက်က မျိုးဆက်တို့၏ အဝတ်အစားဟောင်းများကို ယူဆောင်သွား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြသည်။

နှစ်ယောက်က အစားအစာများကို ပြင်ဆင်ထားကြသည်။ စကားလည်း မပြောကြပေ။ သို့သော်. .

"သခင်မက မှာလိုက်ပါတယ်၊ စိတ်ပျော်ရွှင်စွာနဲ့ သုံးဆောင်ကြပါတဲ့. . "

ဟု တစ်ယောက်ကပြောပြီး ပြန်သွားခဲ့ကြလေသည်။ စကားကိုလိုရင်းလောက်ပဲပြောကြသည်။ ယောကျ်ားများ မထားကြ၊ ရှယ်တူမိန်းကလေးများကိုသာ တွေ့ကြရသည်မှာ မိန်းကလေးအဆောင်ဖြစ်နေ၍လား မသိ။

အစားအစာများက အသားဟင်းတွေများသည်။ သိုးသား၊ ဆိတ်သား၊ ဒရယ်သားများဟု နောင်အခါသိကြရသည်။ ကြက်ဘဲများကိုတော့ မတွေ့ရပေ။ မြေအောက်ကမ္ဘာမှာ ကြက်ဘဲများကို မမွေးမြူတတ်၍လား မသိ။

[သို့သော် . သူတို့၏အထင်မှာ မှားယွင်းနေကြသည်။ မြေအောက်ကမ္ဘာတွင် ကြက်ဘဲဝက်နွားစသည်တို့သည်လည်း မွေးထားကြလေသည်]

စားပွဲဝိုင်းတွင် နွားနို့၊ ကျွဲနို့များကိုလည်း တွေ့ကြရသည်။ ဆန်သည်လည်း ဆန်ကောင်းများဖြစ်ပြီး မိမိတို့စားဖူးနေကြထက်ပိုပြီးတော့ နူးညံ့သောအရသာရှိသည်။

အရက်ကဲ့သို့သော ယမကာတစ်မျိုးကို ဖန်ခွက်များဖြင့် ထည့်ကာ ယူလာခဲ့ကြသည်။ သောက်ကြည့်ကြသောအခါ. . ချိုမြမြနှင့် လည်ချောင်းထဲသို့ ဝင်သွားသောအခါ. . ရှတတ ဖြစ်သွားသည်။





"မျိုးဆက်ရေ. . ငါတော့ အိပ်ချင်လာပြန်ပြီကွာ၊ တရေးမှေးလိုက်ဦးမယ်. . "

"ခင်ဗျား. . အစားများသွားတယ်ထင်တယ်၊ အိပ်ချင်ရင်လည်းအိပ်လိုက်ပေါ့ဗျာ၊ ကျွန်တော်ကတော့ ခင်ဗျားလို မဟုတ်ဘူး၊ မအိပ်ချင်တဲ့အပြင် မျက်လုံးတွေတောင် ပိုပြီးတော့ ကြောင်နေသေးတယ်. . "

မျိုးဆက်စကားမဆုံးလိုက်ပါ၊ ကိုမိုးသည် အိပ်ယာထက်မှာတရှူးရှူးဖြင့် ဟောက်၍ပင်နေလေပြီ။

ထိုစဉ်. .

"ဒေါက်. . ဒေါက်"

တံခါးခေါက်သံကြောင့် မျိုးဆက်က နေရာမှ ထ,သွားကာ တံခါးကိုဖွင့်ပေးလိုက်လေသည်။

"ဟင်. . စိတြာဒေဝီ. . "

စိတြာဒေဝီကိုယ်တိုင်ပင်ဖြစ်နေလေသည်။ သူမက မျိုးဆက်ကို လျှို့ဝှက်အမူအရာဖြင့် အပြင်ကိုခေါ်သွားခဲ့လေသည်။

မျိုးဆက်က တံခါးကိုပိတ်ပြီး စိတြာဒေဝီ၏နောက်က လိုက်သွားခဲ့လေသည်။ သူမသည် အလျင်စလို ခြေလှမ်းများဖြင့် မသွားပဲ နွဲ့နှောင်းသောအမူအရာမျိုးရှိနေသည်။ မျိုးဆက်နှင့် အတူတူပခုံးချင်းယှဉ်ပြီးတော့ သွားသည်။

သူမ၏ကိုယ်သင်းနံ့လေးသည် မည်သည့်မိန်းကလေး၏ ကိုယ်သင်းနံ့နှင့်မတူ စွဲမက်စရာကောင်းနေသည်။ ရေမိုးချိုးထားဟန်တူသည်။ အမွှေးအကြိုင်များက မွှေးနှာပြင်မှာရော၊



www.burmeseclassic.com

www.burmeseclassic.com



နက်မှောင်သော ဆံကေသာမျှင်များမှာပါ လိမ်း၍ထားဟန်တူသည်။ နက်မှောင်သော ဆံပင်များကို ကျောပြင်ထက်မှာ ဖြန့်ဝဲပြီးတော့ ချထားသည်။

စိတြဒေဝီသည် စောစောက အမူအရာမျိုး မဟုတ်တော့၊ ယခုမှပင်. . မိန်းကလေးပိုပြီးတော့ ဆန်နေသည်။ မြားကိုင်၊ ဓါးကိုင်. . ယောကျ်ားတစ်ပိုင်းဆန်သည့်ဟန်မျိုး ပျောက်ကွယ်နေသည်။ လှမ်းသည့်ခြေလှမ်းများကပင် ဖွဖွညင်သာသာလေးပင်။

ကျယ်ဝန်းသော ခန်းမကြီးများကို လွှန်မြောက်လာပြီးသောအခါ အခန်းတစ်ခန်း၏ ရှေ့ကိုရောက်လာခဲ့လေ၏။

သော့တံလေးတစ်ခုကို ဖွင့်လိုက်သည် တံခါးသည် အလိုအလျောက်ပင် ပွင့်သွားခဲ့ရသည်။ ကမ္ဘာမြေပြင်ထက်မှာကဲ့သို့ပင် သော့တံနှင့်ဖွင့်သော နည်းကိုသုံးသည်။

[တစ်ခါတစ်ရံမှာ မည်သို့လုပ်လိုက်မှန်းမသိ၊ တံခါးက အလိုအလျောက်ပွင့်သွားတတ်သည်။ ထိုလျှို့ဝှက်နည်းများကိုလည်းသုံးတတ်သည်ကို သိရှိရသည်။ အထူးသဖြင့် နေရာတိုင်းလိုလိုမှာ ကမ္ဘာ့မြေပြင်ပေါ်မှာကဲ့သို့ တီထွင်ထားတတ်သည်ကို တွေ့ရှိရသည်။

ဥပမာ၊ ရေချိုးခန်းထဲမှာ ရေပန်းများ၊ ဘုံဘိုင်ကဲ့သို့သောအရာများ၊ရေအိမ်များ စသည်တို့ပင်ဖြစ်သည်။

ဤမြေအောက်ခေါင်းပွကမ္ဘာကြီးသည် မြေပေါ်ကမ္ဘာနှင့် အဆက်အစပ်ရှိလေသလားဟုပင် သံသယဝင်မိရလေသည်]





စိတြဒေဝီသည် မျိုးဆက်ကို အခန်းထဲသို့ ဝင်စေခဲ့သည်။ ထို့နောက်. . တံခါးကို သေချာစွာပင် ပိတ်လိုက်လေ၏။

သူမ၏အခန်းသည်လည်း ကျယ်ဝန်းလှသည်။ ပရိဘောဂများသည် အားလုံးပင် ပြည့်ပြည့်စုံစုံပင် ရှိနေသည်။ အိပ်ခန်းကို သုံးထပ်သားကဲ့သို့သော အသားဖြင့် ကာရံထားလေသည်။

"ကိုမျိုးဆက်၊ ဒီနေရာကို ရောက်လာလိမ့်မယ်ဆိုတာ ကျွန်မသိထားတယ်၊ ယုံလားဟင်. ."

"ယုံတော့ ယုံပါတယ်၊ ဒါပေမယ့်. ."

"ဒါပေမယ့် ဆိုတာက ဘာကိုဆိုလိုတာလဲ. . . ဟင်. ."

"ကျွန်တော်တို့ရောက်လာမယ်ဆိုတာကို ကြိုပြီးတော့ သိထားပြီးလာကြိုတယ်လေ၊ ဘယ်လိုနည်းနဲ့ သိထားသလဲဆိုတာကို နားမလည်နိုင်လို့ပါ. ."

"ရှင်နားလည်ဖို့လည်း မလွယ်ပါဘူး၊ ဒါပေမယ့် နောက်တော့ တဖြည်းဖြည်းနဲ့သိလာမှာပါလေ၊ ရှင့်မှာ ရုပ်တုလေး ရှိတယ်မဟုတ်လား၊ ကျွန်မရဲ့ ရုပ်တုလေးလေ. ."

"ဟင်. . ဒီရုပ်တုလေးအကြောင်းကို ခင်ဗျားသိနေတယ်၊ ဟုတ်လား. . အံ့အားသင့်စရာပဲ. ."

မျိုးဆက်က တစ်ကယ်ပင် အံ့အားသင့်ပြီးပြောမိလိုက်သည်။ ဤရုပ်တုလေး သူ့လက်ထဲမှာရှိနေသည်ကို သူမှတပ်၍ သိသူမရှိ၊ စိတြဒေဝီက မျိုးဆက်ကို ကြေးဝါကုတင်ကြီးပေါ်မှာ ထိုင်စေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ. . ကိုမျိုးဆက်ကို မလှည့်စားပါဘူးရှင်ရယ်၊ ခုပဲ. . အမှန်ကိုပြောပြပါ့မယ်၊ ဒီရုပ်တုလေးကို ကျွန်မရဲ့ ပုံနဲ့ တစ်ထေရာတည်းတူအောင် ထုလုပ်ထားတာပါ. ."

"အကြောင်းရင်းက. ."

"ဒီပုံတူရုပ်တုလေးကို ကမ္ဘာ့မြေပြင်ပေါ် တစ်နေရာကို တစ်နည်းနည်းနဲ့ပို့ပေးလိုက်တယ်၊ တစ်ယောက်ယောက်ရဲ့ လက်ထဲကို ရောက်သွားမယ်ပေါ့"

"အဲ့သလိုရောက်သွားခဲ့ရင်"

"အင်း. . တစ်ကယ်ကတော့ ဖူးစာရှင်ရဲ့ လက်ထဲကို ရောက်သွားခဲ့ရင် တစ်ချိန်ချိန်မှာ အဲ့ဒီလူဟာ ငါ့ဆီကို ရောက်လာခဲ့လိမ့်မှာပဲလို့ပေါ့၊ ခု. . ထင်တဲ့အတိုင်းပဲလေ ရှင် ကျွန်မဆီကိုရောက်လာခဲ့တာပဲ မဟုတ်လား"

"ဒီလိုဆို ကျွန်တော်ဟာ ခင်ဗျားရဲ့ ဖူးစာရှင်ပေါ့ ဟုတ်လား. . ဒီလိုဆိုလိုတာလား"

စိတြဒေဝီသည် မျိုးဆက်နှင့် ဘေးချင်းယှဉ်ကာ ထိုင်ပြီး မျက်နှာလေးက ပိုပြီးတော့ နီးကပ်လာခဲ့သည်။

"ရှင်ကော၊ ဒီ ရုပ်တုလေးကိုမြင်ပြီးတော့ စွဲလန်းမှု ဖြစ်မသွားဘူးလားဟင်၊ ရှင့်နှလုံးသားထဲမှာ မခံစားသွားရဘူး လား. ."

မျိုးဆက်. . ပြုံးမိလိုက်သည်။ စိတြဒေဝီသည် သူ့ရင်ထဲက ခံစားချက်ကို သိထားပြီးဖြစ်ဟန်တူသည်။

"ဒီရုပ်တုလေးကို ကျွန်တော်ဝယ်ထားတာကြာပြီ ဒါပေမယ့် သိပ်မကြာခင်ကမှ သေသေချာချာကြည့်မိတာ. ."





"ကြည့်မိတော့. ."

"အမှန်အတိုင်းပြောရရင် ရင်ထဲမှာ လှုပ်ရှားသွားတယ်၊ စွဲလန်းသွားတယ်၊ ပြောရရင်တော့ ချစ်မိသွားတယ် ထင်တာပဲ၊ ဒါပေမယ့် ဒီရုပ်တုလေးကို စွဲလန်းနေမိရုံနဲ့ ကိုယ့်ရဲ့ဆန္ဒက ဘယ်ပြည့်စုံမှာလဲ. .

ဒီမြေအောက်ကမ္ဘာကြီးတစ်ခု ရှိနေတယ်ဆိုတာကို လည်း. . သိထားတယ်၊ စိတ်ဝင်စားတယ်၊ ဒါကြောင့်. . စွန့်စား ရှာဖွေပြီးတော့ ရောက်လာခဲ့တာပဲ. .

မဇ္ဈိမာမှာ စိတြဒေဝီဆိုတဲ့ မိန်းကလေးတစ်ယောက်ရှိ တယ်၊ ဒီမိန်းကလေးဟာ ရုပ်တုမိန်းကလေးနဲ့တူနေတယ်ဆိုတာ ကိုယ်ဘယ်လိုသိနိုင်မှာလဲ၊ ဆက်စပ်ပြီးတော့ တွေးနိုင်စရာ အကြောင်းလည်း မရှိဘူးလေ"

"ကျွန်မကို တွေ့လိုက်ရတော့ ဝမ်းသာမသွားဘူးလား ဟင်. ."

"ဝမ်းသာတယ်၊ ကိုယ့်ရဲ့ဆန္ဒပြည့်ဝသွားလို့ပေါ့. ."

မျိုးဆက်သည် သူနှင့်အနီးကပ်ရှိနေသော စိတြဒေဝီ၏ ကိုယ်လုံးလေးကို လက်ဖြင့်ဆွဲယူကာ ရင်ခွင်ထဲသို့ ဆွဲသွင်းလိုက် မိသည်။ ထို့နောက် အငမ်းမရပင် မျက်နှာပြင်အနှံ့ နမ်းရှုံ့မိ လိုက်လေသည်။ ထို့နောက် အပြစ်ဖြစ်သွားပြီလားဟု စိုးရိမ်စိတ် ဝင်သွားမိကာ. . သူမကို လက်ထဲက လွှတ်မိလိုက်ပြန်လေသည်။ သို့သော်. . စိတြဒေဝီမှာ မျိုးဆက်၏ ရင်ထဲကို တိုးပြီးတော့ ဝင်လာခဲ့လေရာ. .

လင်းချင်းနေသော အခန်းလေးထဲမှာ အမိုက်တိုက်လေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုက ဖုံးလွှမ်းသွားခဲ့လေတော့သည်။

အတန်ကြာမှ မိမိတို့၏အခြေအနေကို ပြန်ပြီးတော့ သိမြင်လာခဲ့ရသည်။ ဤမျှလောက်အထိ မြန်ဆန်သွားကြလိမ့်မည်ဟု ဘယ်သူမှ မထင်မိကြပေ။ စိတြဒေဝီမှာ ပိုပြီးတော့ အားသစ်လောင်းမိလိုက်ရသလို. . မျက်ဝန်းတွေက ပိုပြီးတော့ ကြည်လင်တောက်ပလာသည်။ တက်ကြွရှင်လန်းလျက်ရှိသည်ကို မျိုးဆက်က အံ့အားသင့်ဖွယ်ရာ မြင်တွေ့လိုက်ရလေ၏။

တိုတောင်းသော အချိန်အတွင်းမှာပင် မျိုးဆက်သည် စိတြဒေဝီ၏ ခန္ဓာငါးပါးအစုအဝေးကို အလွတ်ရသွားခဲ့လေပြီ၊ သူမသည် မျိုးဆက်ကို ဖက်တွယ်ထားဆဲပင်၊ စိတြဒေဝီ၏ နဖူးပြင်တည့်တည့်က 'ရတနာဆံကျစ်'ဟုခေါ်သည့် မှဲ့နက်ကလေးကိုသော်လည်းကောင်း။

ဂျစ်ပ်စီမလေးဆာရာ၏ မျက်လုံးထဲမှာ မြင်တွေ့ခဲ့ရသော စိတြဒေဝီ၏ ရုပ်သွင်မူရာသည် ယခုလုံးဝကို တူညီနေသည်။ တသဝေမတိမ်းပင်။

ထို့ကြောင့်. .

မယုံကြည်နိုင်ခဲ့ဟုဆိုသော်လည်း. . တိုက်ဆိုင်မှုဟူသည် ဤမျှလောက်အထိ တူနိုင်ပါ့မည်လားဟူ၍. .

"ကဲ. . ကျွန်မကို ဖခင်ပေးထားတဲ့ နာမည်ရှိတယ်. . ကေသာတဲ့၊ အဲ့ဒီလိုခေါ်မလားဟင်"

"ကေသာ. . ကေသာ၊ ဟုတ်လား၊ သိပ်ကောင်းတဲ့





နာမည်ပဲ၊ ခေါ်ရတာကောင်းတယ်. . "

"ရှင်ကြိုက်ရင်ပြီးတာပါပဲလေ၊ မဖြိုမာမှာကတော့ ကျွန်မကို စိတြဒေဝီလို့ လူသိများပါတယ်၊ ကျွန်မနဲ့ပတ်သက်ပြီး ကိုမျိုးဆက်ကို ပြောစရာ၊ သိစေချင်တာတွေ ရှိပါသေးတယ်၊ ကျွန်မနောက်ကို လိုက်ခဲ့မလားဟင်"

"ကေသာက ကိုယ့်ကိုဘယ်ကိုခေါ်သွားမလို့လဲ၊ ကိုယ်လိုက်ပါ့မယ်၊ ဒါပေမယ့်. . ကိုယ့်ရဲ့အဖော်က ကိုယ်ပြန်အလာကို စောင့်နေလိမ့်မယ်. . "

စိတြဒေဝီသည် မျိုးဆက်က သူမကို ကေသာဟု သုံးနှုန်းလိုက်သဖြင့် အံ့အားသင့်သွားခဲ့ရလေသည်။

"ကိုမျိုးဆက်ရဲ့သူငယ်ချင်းက ကျွန်မတို့ ဒီကိုပြန်ပြီးတော့ရောက်လာတဲ့အထိ မနိုးနိုင်သေးပါဘူး. . "

"ဟင်. . ဘာဖြစ်လို့လဲ ကေသာ"

"သူမနိုးအောင် ကျွန်မလုပ်ထားတယ်"

"ဟင်. . "

မျိုးဆက် မျက်လုံးပြူးသွားခဲ့ရလေ၏။ စိတြဒေဝီသည် အမည်နှင့်လိုက်အောင်ပင် ဆန်းကြယ်လှသည့် မိန်းကလေးပါတကား။

"ကဲပါ. . သူ. . အိပ်ရေးဝဝအိပ်ပါစေ၊ သူ့ဘာမှမဖြစ်နိုင်ပါဘူး၊ ကျွန်မနဲ့. . ကိုမျိုးဆက်နှစ်ယောက်တည်းသာ သိစေချင်တဲ့အကြောင်းတွေကြောင့်မို့ပါ. . "

"ဪ. . ဒီလိုအကြောင်းတွေ ရှိနေသေးလို့လား. . "

"ဟုတ်ပါတယ်၊ ကဲ. . ခဏကလေးစောင့်ပါနော်"



www.burmeseclassic.com

www.burmeseclassic.com



စိတြဒေဝီသည် လျော့တိ၊ လျော့ရဲဖြစ်နေသော ကိုယ်ဝတ်လွှာတို့ကို မျိုးဆက်၏ရှေ့မှာပင် ပြင်ဆင်ပြီးတော့ ထွက်သွားခဲ့လေသည်။ မျိုးဆက်သည် သူမကို အသိရခက်သော အကြည့်ဖြင့်ကြည့်ကာ ကျန်ရစ်ခဲ့လေသည်။

(၂၂)

## လက်ဝါးတောင်ကိုဖြတ်ကျော်၍

တောင်ကုန်းကြီးတစ်ခုလုံးကို ဥမင်လမ်းကြောင်းများဖွဲ့ကာ အထက်အောက်အဆင့်ဆင့်တည်ဆောက်ထားခြင်းပင် ဖြစ်သည်။ အဆောင်ဆောင်အခန်းခန်းများမှာ အထပ်တိုင်းမှာ ဖွဲ့စည်းထားခြင်းပင်ဖြစ်သည်။ ရှည်လျားသော စကြံ့လမ်းကြီးများရှိကြသည်။ ချောင်ကြည့်ပေါက်များ မျှော်စင်များလည်း ရှိကြလေသည်။

ဤတောင်ကုန်းကြီးတစ်ခုလုံးကို စိတြဒေဝီတစ်ဦးတည်း ဦးစီးကာ နေထိုင်ခြင်းဖြစ်သည်။ စိတြဒေဝီသည် ကြီးမားသော ခါးပတ်ကြီးတစ်ခုကို ခါးမှာပတ်ထားသည်။ လေးနှင့်မြှားကို လွယ်ပိုးထားသည်။ ဆောင်ဓါးတစ်လက်ကိုလည်း ကျောမှာ စလွယ်သိုင်းထားလေသည်။

သားမွေးအကျီကြပ်ကြပ်လေးကို ဝတ်ဆင်ထားသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ပြည့်တင်းသော ကိုယ်လုံးအလှမှာ ပေါ်လွင်လျက်ရှိနေသည်။ အောက်ပိုင်းတွင် စကတ်တိုတိုလေးကို ဝတ်ဆင်ထားသည်။ ပေါင်လည်အထိရောက်သည်။

မျိုးဆက်သည် မိမိအခန်းသို့တစ်ခေါက်ပြန်ပြီး သေနတ်ကိုဝင်ယူခဲ့သည့်တိုင် ကိုမိုးမှာ မနိုးသေးပေ။ စိတြာဒေဝီသည် ကိုမိုးကို ဤမျှလောက်အထိ အိပ်နေစေရန် အဝေးကနေ မည်သို့ အိပ်ငွေ့ချခဲ့လေသနည်း။ ဆန်းကြယ်လှပေစွ. . ၊

တောင့်တင်းကြံ့ခိုင်သော မြင်းနှစ်ကောင်ကို မိန်းကလေး မြင်းထိန်းနှစ်ယောက်ကပင် ယူလာခဲ့ကြသည်။ မြင်းများသည် ရှည်လျားသောအမွေးများရှိကြသည်။ နှစ်ယောက်သားမြင်းပေါ်ကိုတက်လိုက်ကြပြီး ထွက်ခွာလာခဲ့ကြလေသည်။အတွင်းတောင်ပတ်လမ်းအတိုင်း ဆင်းလာခဲ့ကြပြီး မကြာမီမှာပင် တောင်အောက်ရှိ တဆင့်ဥမင်လိုဏ်ကြီးထဲကို ရောက်လာခဲ့ကြလေသည်။ မြေအောက်ကမ္ဘာထဲမှ မြေအောက်လမ်းကြောင်းကြီး တစ်ခုပင်။

"အာဂါသာတို့ရဲ့ ရန်ကိုကာကွယ်ဖို့အတွက် မြေအောက် ဥမင်လမ်းကြောင်းတွေကို ထပ်ပြီးဆောက်လုပ်ထားကြတာပဲ၊ ကေသာတို့လို အာဂါသာရဲ့ လူတွေက အတတ်ပညာမမီကြဘူး. . "

"ဖြစ်နိုင်တယ်၊ ဒီထပ်ဆင့်မြေအောက်လမ်းတွေကလည်း သပ်ရပ်ပြီးလွန်းယှက်နေကြတာပဲ၊ လူတွေဟာ ဒီအတွင်းလမ်းကပဲ အသွားအလာလုပ်ကြတယ်ထင်တယ်. . "

"ဟုတ်တယ်၊ အများအသုံးပြုကြတဲ့ လမ်းတွေဟာ



ဒီအတွင်းလမ်းတွေပဲ. . "

မြင်းတွေကို အသော့နှင်လာခဲ့ကြသည်။ လမ်းမှာ လူတစ်ယောက်မှ မတွေ့ကြရ၊ စိတြာဒေဝီသည် ဤမဖျိုမာတွင် မည်သို့သာနေရာက တာဝန်ယူကာ တိုင်းပြည်အကျိုးဆောင် ရွက်နေသလဲဆိုသည်ကို မသိရသေးပေ။

မြင်းများကို အသော့နှင်လာခဲ့ကြပြီးနောက် မကြာမီမှာ ပင်ထွက်ပေါက်ကြီးတစ်ခုဆီကို ရောက်လာခဲ့ကြလေသည်။

ထွက်ပေါက်ကြီးကို ကျော်သွားခဲ့ကြသည်နှင့် မြေအောက်လွင်ပြင်ကြီးတစ်ခုဆီကို ရောက်လာခဲ့ကြလေသည်။

နောက်မှသိရသည်မှာ ထိုနေရာသည် အာဂါသာတို့ လုံးဝမဝင်ရောက်လာရဲကြသော နေရာပင်၊ ယန္တယားအတတ်ပညာများဖြင့် တပ်ဆင်ထားသော ထောင်ချောက်များပင်၊ ယင်းထောင်ချောက်များရှိသောနေရာကို မဖျိုမာများမှလွဲ၍ မည်သူမှ မသိနိုင်ကြချေ။

အာဂါသာများသည် ကြမ်းတမ်းသော ရုပ်ရည်ရှိသ

မဖျိုမာများကို မမီနိုင်ကြ လောက် ဉာဏ်ပညာထက်မြက်မှုများ မဖျိုမာတို့သည် ကောက်ပဲသီးနှံများကို ဤနေရာတွင် မဖျိုမာတို့သည် မွေးမြူကြသည်။ စိုက်ပျိုးကြသည်။ အမွေးရှည်တိရစ္ဆာန်များကို မွေးမြူထားကြ မမွေးဘူးဟုထင်ရသော ကြက်ဘဲများကိုလည်း သည်ကို တွေ့လိုက်ရသည်။

မဖျိုမာတို့သည် မိမိတို့၏ အလုပ်များကို လုပ်ကိုင်နေ ကြရင်းက စိတြာဒေဝီတို့ဖြတ်သွားကြသည်ကို လှမ်းပြီးကြည့် လိုက်ကြသည်။ ဦးညွှတ်ကာ အရိုအသေပေးကြသည်ကို

www.burmeseclassic.com

www.burmeseclassic.com



မျိုးဆက်မြင်လိုက်ရလေသည်။

စိတြဒေဝီကလည်း မြင်းပေါ်မှပြန်ပြီး လက်ပြလိုက်သည်။ မဖျိုမာမိန်းကလေးများသည် မြင်းတစ်ကောင်ပေါ်တွင် ချောမောခန့်ထည်သော လူငယ်တစ်ယောက်လိုက်ပါသွားသည်ကိုအံ့အားသင့်စွာပင်ကြည့်ရင်း ကျန်ရစ်ခဲ့ကြသည်။

တစ်ကယ်တော့ မဖျိုမာသည် မြေအောက်တိုင်းပြည်ဖြစ်သော်လည်း တောင်ကုန်းကြီးများ၊ တောင်တန်းကြီးများပေါများလှသည်။ အိမ်များကိုလည်း များသောအားဖြင့် တောင်ကုန်း၊ တောင်နံရံကြီးများကို ထွင်းဖောက်ကာ ဆောက်လုပ်ထားကြသည်။ ယင်း. . တောင်နံရံကြီးများ၏ အတွင်းမှာပင် ဥမင်လိုဏ်လမ်းကြောင်းများကို ဖောက်ထားကြလေသည်။ မဖျိုမာများသည် တောင်ထဲရှိ ဥမင်လိုဏ်လမ်းကြောင်းများထဲမှာ သာသွားလာလှုပ်ရှားကြသည်။

မြင်းလှည်း၊ နွားလှည်း၊ ခွေးစွပ်ဖားလှည်းစသည် ယာဉ်ရထားများပါ သွားလာနိုင်ကြသည်။

"အာဂါသာက လူတွေဟာ မဖျိုမာက လူတွေကို အကောက်ကြံနေတာ ဟိုး. . ဘိုးဘေးဘီဘင်တွေရဲ့ လက်ထက်ကတည်းကပဲ. . မဖျိုမာမှာ အသိပညာရှင်တွေ၊ အတတ်ပညာရှင်တွေရှိတယ်၊ ဉာဏ်ရည်ကလည်း သူတို့ထက်ပိုပြီးတော့ မြင့်မားကြတယ်လေ၊ ဒါကို သူတို့က မနာလိုဖြစ်နေကြတာပေါ့။

မဖျိုမာကို အာဂါသာတွေက ကိုလိုနီလက်အောက်ခံအဖြစ် သိမ်းသွင်းချင်ကြတယ်၊ ဒါပေမယ့် ဘယ်တော့မှ မအောင်မြင်ခဲ့ဘူး။



မဖျိုမာက လူတွေကိုလည်း နယ်ကျော်ပြီး ဖမ်းဆီးကြတယ်၊ ဒါပေမယ့် အပြင်ကိုရောက်နေကြတဲ့သူတွေကိုသာ ဖမ်းဆီးနိုင်ကြတာပါ၊ ကောသာတို့က ကိုယ့်လူတွေကို ပြန်ပြီး ကယ်တင်နိုင်ခဲ့တာချည်းပါပဲလေ. ."

စိတြဒေဝီက လမ်းတစ်လျှောက်လုံးရှင်းပြသွားခဲ့လေသည်။

မြေအောက်မိုးကောင်းကင်ထက်မှာ ဓါတ်ငွေ့လုံး (နေနှင့်အလားသဏ္ဌာန်တူသော) ကြီးက စိမ်းဝါပြာအရောင်များဖြင့် လင်းထိန်လျက်ရှိသည်။ မြေပြင်ထက်ရှိ သူရိယနေမင်းကြီးလောက် အားမကောင်းပေ။ အောက်ကနေလှမ်းပြီးကြည့်သော်လည်း မျက်လုံးကျိန်းစပ်ခြင်းမရှိ၊ ကြည့်နိုင်သည်။

မြေပြင်ထက်ကို ဖြာကျလျက်ရှိသော အလင်းရောင်သည် အားမပြည့်၊ ကမ္ဘာမြေပြင်ထက်ရှိ မွန်းတည့်နေအလင်းအားထက် တစ်ဝက်ခန့်လျော့ပါးနေသည်။

ထို့ကြောင့်. .

သက်တောင့်သက်သာပိုပြီးတော့ ရှိသည်ဟု ထင်ရသည်။

"ကမ္ဘာမြေပြင်ပေါ်မှာ တစ်ရက်ကို ၂၄ နာရီသတ်မှတ်တယ်၊ စက္ကန့် ၆၀ တစ်မိနစ်၊ မိနစ်ခြောက်ဆယ်ကို တစ်နာရီ၊ ၂၄ နာရီကိုတစ်ရက်ပေါ့၊ ရက်ပေါင်း ၃၀၊ ၃၁ ရက်ကို တစ်လလို့

www.burmeseclassic.com

www.burmeseclassic.com



သတ်မှတ်ပြန်တယ်၊ ဒီမှာကတော့ ဘယ်လိုလဲ. . ”

“မခြားနားပါဘူး၊ ဒီအတိုင်းပါပဲ၊ ရာသီဥတုလည်း နွေ၊ မိုး၊ ဆောင်း. . ဒီအတိုင်းပါပဲ၊ မဇ္ဈိမရဲ့ အပေါ်တည့်တည့်မှာ မြန်မာနိုင်ငံကြီးရှိတယ်လေ၊ ဒါကြောင့်မို့ ရေခါတ်၊ မြေခါတ် အာကာသခါတ်ကအစ တူညီနေတယ်ပေါ့. . ”

“ဟင်. . မြန်မာနိုင်ငံက မဇ္ဈိမာရဲ့ အပေါ်တည့်တည့်မှာ ရှိတယ်. . ဟုတ်လား၊ ဒါဆိုရင် မြန်မာနိုင်ငံက ကမ္ဘာ့ဗဟိုချက်မကြီးရဲ့ အထက်မှာပေါ့၊ ကေသာ. . ဘယ်လိုသိသလဲ. . ”

“သိတာပေါ့၊ မဇ္ဈိမာမှာ ပထဝီဗေဒ၊ အာကာသနက္ခတ်ဗေဒ၊ ဝေဒပညာတွေကျွမ်းကျင်ကြတဲ့သူတွေ အများကြီးပါ၊ ကိုမျိုးပြန်ချင်ရင် အနီးဆုံးလမ်းကနေ ပြန်လို့ရတယ်၊ အနောက်ဖက်တိုင်းပြည်တွေကနေ ကွေ့ဝိုက်ပြီး အဆင့်ဆင့်လာစရာမလိုဘူး. . ”

“ဩော်. . ဟုတ်လား”

“ကေသာပြောတာ ဟုတ်. . မဟုတ် ကိုမျိုး အချိန်တန်ရင် သိလာမှာပါလေ. . ”

စကားကပြတ်သွားခဲ့သည်။ လူနေအိမ်ခြေများနှင့် ဝေးလာပြီး ကျောက်ဆောင်ဖြူဖြူကြီးများပေါများရာ နေရာကို ရောက်လာသောကြောင့်ပင်၊ ကျောက်တောင်ကြီးတစ်ခုသည် မြေပြင်ထက်မှာ ကျောက်တိုင်ကြီးငါးချောင်းထောင်တက်နေသည်။ လက်ဝါးကြီးတစ်ခုကို ထောင်ထားသကဲ့သို့ပင်၊ သဘာဝ အလျောက်ဖြစ်ပေါ်နေသော်လည်း လူတို့တမင်ပြုလုပ်ထားသကဲ့သို့ပင်။





“ဒါ. . လက်ဝါးတောင်ပဲ၊ ကေသာတို့ အဲ့ဒီကိုရောက်အောင်သွားရမယ်. . ”

အမြင်နီးခရီးဝေးသည့် လက်ဝါးတောင်ဆီကို သွားရန် မြင်းများကို တက်သုတ်နှင်ကြရသည်။ မွေးရှည်နှင့် မြင်းများကလည်း ကျန်းမာသန်စွမ်းလှပြီး အပြေးသန်လှသည်။ တခဏအတွင်းမှာပင် လက်ဝါးတောင်ဆီကို ရောက်သွားခဲ့ကြလေသည်။

မြင်းများသည် လက်ချောင်းနှစ်ခုကြားမှ ကျော်ဖြတ်သွားခဲ့ကြသည်။ လက်ဝါးတောင်ကြီးပေါ်ကို တက်ရန်ကားပြောင်ချောကြီးဖြစ်နေ၍ မတက်နိုင်ကြချေ၊ ယင်းတောင်ကြီးကို ကျော်ဖြတ်သွားကာမှ ပိုပြီးတော့ မြင့်မားနေသည်ကို သိလိုက်ရသည်။

ကျောက်လက်ဝါးကြီးကို ကျော်လွန်သွားသောအခါ ချက်ချင်းလိုလိုပင် အေးစိမ့်သွားခဲ့ရသည်။ ရာသီဥတုက ပြောင်းသွားခဲ့လေသည်။ လမ်းမှာ ထူးခြားချက်များကို တွေ့လာခဲ့ရသည်။ ကျောက်ဖြစ်ရုပ်ကြွင်းများပင်တည်း။

အာတိတ်ဒေသများမှာသာတွေ့ရသော ပိုလာဝက်ဝံဖြူကြီးများသည်ပင် တောင့်တောင့်ကြီးရှိနေကြသည်။ တစ်နေရာကိုရောက်သွားသောအခါ မျိုးဆက်သည် ပိုပြီးတော့ အံ့အားသင့်သွားခဲ့ရလေသည်။ သွားနေသောမြင်းကိုပင် ရပ်တန့်မိလိုက်လေ၏။ သူတွေ့လိုက်ရသည်ကား လွန်စွာမှမြင့်မားသော အရပ်ရှိသည့် လူကြီးနှစ်ယောက်ပင်၊ ထိုသူတို့၏ မျက်နှာကြီးများမှာလူဝံကြီးများနှင့် ခပ်ဆင်ဆင်တူကြသည်။ ဘိုးသော်. . နှင်းလူကြီးများကဲ့သို့ မျက်နှာများက ကြမ်းတမ်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုရလျှင်. . လူတစ်ပိုင်း လူဝံတစ်ပိုင်းဟုလည်း ဆိုနိုင်လေသည်။ နှစ်ဦးစလုံးရဲဒင်းတစ်လက်စီကို ကိုင်ဆောင်ထားကြသည်။

ပို၍ထူးခြားချက်မှာ သူတို့သည် သံကိုယ်ကြပ်အင်္ကျီများကိုဝတ်ဆင်ထားကြသောကြောင့်ပင်တည်း။

"ဘယ်လိုကြီးလဲ၊ ဒီဟာတွေဟာ လူတွေမှဟုတ်ကြရဲ့လား. . လူဆိုရင်လည်း ဒါလောက်အကျည်းတန်တဲ့ မျက်နှာမျိုးရှိပြီး သံကိုယ်ကြပ်အင်္ကျီတွေ ဝတ်ဆင်ထားတာ အသိဉာဏ်မချို့တဲ့ကြဘူးလို့ ယူဆရတယ်. ."

"ဒီလူတွေဟာ အာဂါသာ တွေလေ. ."

စိတြဒေဝီက မလှမ်းမကမ်းမှနေ၍ လှမ်းပြောလိုက်လေသည်။ မျိုးဆက်အံ့အားသင့်သွားခဲ့ရသည်။

"ဟင်. . အာဂါသာက ဟုတ်လား"

"ကဲပါ၊ လာ. . သွားကြပါစို့၊ ဒီကိစ္စမကြာခင်မှာ ရှင်းသွားမှာပါ. ."

စိတြဒေဝီက မျိုးဆက်ကို ခေါ်ဆောင်သွားခဲ့လေသည်။

သစ်ပင်ကြီးများပိုပြီးထူထပ်သော နေရာကိုဖြတ်သန်းလာခဲ့ကြသည်။ အလင်းရောင်ကိုပင် ကောင်းကောင်း မမြင်နိုင်ရတော့ပေ။ မြင်းနှစ်ကောင်သည် အနိမ့်ပိုင်းကို ဆင်းသွားခဲ့ကြသည်။

"ဘွပ်. . ဘွပ်. . ဘွပ်. ."

တဘွပ်ဘွပ်နှင့် အသံများကို ကြားလာရသည်။ စိတြဒေဝီသည် တစ်နေရာကို လက်ညှိုးထိုးပြလိုက်လေသည်။





ပိုပြီးနိမ့်သောနေရာတစ်နေရာတွင် အငွေ့များထွက်နေပြီး ာားလုံးသည် တစ်ပြင်လုံး ရွှံ့ရည်များပြည့်နေကာ တဘွတ်ွတ်နှင့် ပန်းထွက်နေသော ရွှံ့ရည်များသည် ဟိုနေရာ. . ီနေရာအထိ ပျံ့နှံ့လျက်ရှိနေကြလေသည်။

"ဒါ. . နဂါးပွက်အိုင်ပဲ၊ ဒီအောက်မှာ မီးတောင်တစ်ခု ရှိတယ်၊ ဒါပေမယ့် မီးတောင်အဝကတော့ အာဂါသာဘက်ကို ရောက်နေတယ်၊ ချော်ရည်ပူလမ်းကြောင်းဟာ တွင်းတွေဖြစ်ပြီး နေရာအနှံ့ကမှာ ကြွက်တွင်းတွေကို မြောင်းပေါက်နေတယ်၊ မဖြိုမာအထိရောက်လာပြီး ရွှံ့အိုင်ကြီးဖြစ်နေတာပေါ့. ."

စိတြဒေဝီက ရှင်းပြသည်။ ဤမျှလောက်နက်ရှိုင်းသော ကမ္ဘာ့မြေပြင်ထုကြီး၏အောက်တွင် မီးတောင်များလည်း ရှိနိုင်သေးသည်ကို အံ့အားသင့်မိရလေသည်။

ကျောက်တောင်ကုန်းဖြူဖြူ (သလင်းကျောက်သားနှင့် ဆင်ဆင်တူသည်) ကြီးတစ်ခုက ရှေ့မှာ ဘွားကနဲဆို ပေါ်လာခဲ့လေသည်။ ယင်းကျောက်ဆောင်ကြီးသည် ကြွက်ဝမ်းပူကြီးတစ်ကောင်ဝပ်နေသကဲ့သို့ တူလှသည်။ ဝမ်းဘိုက်ဖြူဖြူကြီးနေရာတွင်. . တပြင်တည်းရှိနေသော်လည်း စိတြဒေဝီက ကြွက်ဝမ်းပူကြီး၏ပါးစပ်မှ ထွက်ကျနေသော အစွယ်လိုအချွန်ကြီးကို မြင်းပေါ်မှနေ၍ လက်ဖြင့်ဆုပ်ကိုင်ကာ လှည့်လိုက်သည်။ ဝမ်းဘိုက်မှအပေါက်ကြီးတစ်ခုက ပွင့်လာသည်။ ယန္တယ လုတ်ပင်တည်း။

"ဒီအပေါက်က မြန်မြန်ဝင်ကြမယ်၊ ဒီအပေါက်က ဖောပဲပွင့်တာ၊ မကြာခင်မှာ သူ့အလိုအလေ ကဲ ပြန်ပြီး



www.burmeseclassic.com

ပိတ်သွား လိမ့်မယ်. . ”

ထို့ကြောင့် ကြွက်ဝမ်းပူကြီး၏ ဘိုက်ပေါက်ကြီးထဲမှ လျင်မြန်စွာပင် ဝင်လာခဲ့ကြလေသည်။ မြင်းနှစ်ကောင်ဝင်သွား ခဲ့ကြပြီး မကြာမီမှာပင် တံခါးပေါက်သည် အလိုအလျောက်ပ ပိတ်သွားခဲ့လေသည်။

အဝင်ဝတံခါးပိတ်သွားသော်လည်း အထဲမှာ မှော မသွားပါ၊ ဂူအမိုးမျက်နှာကြက်နှင့် ဂူနံရံများမှ အလင်းရော များက အလိုလိုပင် ထွက်နေကြသောကြောင့်ပင်တည်း၊ ဂူထဲမှ ပိုပြီးတော့ အေးသည်။ အမွှေးရှည်သော မြင်းကြီးများကတော အအေးဒဏ်မှ သက်သာရာရကြပေလိမ့်မည်။

တစ်ဆစ်ချိုး၊ နှစ်ဆစ်ချိုး၊ ဂူလိုဏ်တွေများကို တောက လျှောက်ဝင်လာပြီးသောအခါ ကျယ်ဝန်းသော အခန်းကြီ တစ်ခုဆီကို ရောက်လာခဲ့ကြသည်။ ကြေးဝါပြားများဖြ တည်ဆောက်ထားခြင်းဖြစ်ပြီး စိတြဒေဝီက မြင်းပေါ်မှ ဆင်းလိုက်သည်။ မျိုးဆက်လည်း ဆင်းလိုက်ရလေသည်။

(၁၃)

## ကျောက်မျက်လုံးနှင့်ပီညာဦချုပ်လိပ်ပြာ

စိတြဒေဝီသည် ပြင်ညီချောကြေးဝါပြာကြီး၏ ရှေ့မှာ ပ်ကာစူးစိုက်ပြီးကြည့်မိလိုက်သည်။ သူမ၏ မျက်ဝန်းတွေထဲက ရောင်တွေထွက်လာတော့မလားဟုပင် ထင်မှတ်ရသည်။ သူမ၏တစ်ကိုယ်လုံးသည်လည်း အလှုပ်မယှက်ငြိမ်သက်လျက် ရှိသည်။ ကျောက်ရုပ်ဖြစ်သွားပြီလား်ဟုပင် ထင်မှတ်ရသည်။

မိနစ်ပိုင်းအတွင်းမှာပင် တံခါးပေါက်လိုနေရာမျိုး ဖြစ်ပေါ်လာပြီး ဘေးကိုအလိုလိုပင် ရွေ့လျားသွားခဲ့လေသည်။

စိတြဒေဝီသည် သက်မဲ့အရာကိုပင် စိတ်တန်ခိုးဖြင့် စခိုင်းနိုင်သလော၊ သို့မဟုတ် လျှို့ဝှက်ယန္တားခလုတ်ကို ဖြင့်မသိမသာဖိနှင်းလိုက်၍ပေလော၊ အချို့သောသတ္တုမှာ သည် လူ၏ကိုယ်ငွေ့ဖြင့် အလိုလိုပင် လှုပ်ရှားသွားပေ လော၊ အကြောင်းတစ်ခုခုကြောင့် ဖြစ်ပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ကြေးဝါတံခါးကြီးပွင့်သွားခဲ့သည်နှင့် စိတြာဒေဝီသည် မျိုးဆက်၏ လက်မောင်းကို ဆုပ်ကိုင်ကာ အခန်းထဲကို ဝင်သွားခဲ့လေသည်။

အခန်းကြီးသည် လွန်စွာမှပင် ကျယ်ဝန်းလှသည်။ နောက်ဖက်ကိုလည်း ရှည်လျားလေသည်။ မျက်နှာကျက်နှင့် ဘေးပတ်ပတ်လည်မှာ ကျောက်ဖြူသားနံရံအတိပြီးလေသည်။

အနည်းငယ်လျှောက်သွားကြသောအခါ. . အခန်း၏ အလယ်တွင် စားပွဲတစ်လုံးကို တွေ့လိုက်ရသည်။ ကျောက်သား နံရံမှ ထွက်ပေါ်လာသော အလင်းရောင်များသည် ပိုပြီးတော တောက်ပလာကြသည်။

[လူ၏ကိုယ်ငွေ့ကြောင့် ထိုသို့ပိုပြီးလင်းလာသည်ပ ယူဆမိသည်။ ဓါတ်သဘာဝ၏ပေါင်းစပ်မှုကြောင့် အကျိုးသက် ရောက်မှုပင်လား. . ]

စားပွဲပေါ်မှာ ကြေးဇလုံကြီးတစ်ခုရှိသည်။ ဇလုံကြီး ထဲမှာ ရေများက ခဲလျက်ရှိသည်။ မည်သည့်အကြောင်းကြော ရေခဲနေရသည်ကို မသိနိုင်၊ ဤအခန်းထဲမှာ ရေခဲနိုင်လောက် အောင်မအေးပါ၊ သုညဒီဂရီအောက် မရောက်ပါ၊ ဤကာ အတတ်ပညာတစ်ခုပင်လား၊ ရေခဲထဲမှာ. . အရာတစ်ခုကို တွေ့မြင်လိုက်ရသည်။ ငွေသေတ္တာလေးတစ်လုံးပင်။

စိတြာဒေဝီက ရေခဲတုံးကို လက်နှင့် ထိတွေ့လိုက်သည် နှင့်တဖြည်းဖြည်းအရည်ပျော်သွားခဲ့လေသည်။ ကိုယ်ငွေ့က ဤမျှလောက်ပူလောင်လေသလား၊ မျိုးဆက်သည်. . သူမ၏ လက်မောင်းကို လက်ဖြင့်ဆုပ်ကိုင်ကြည့်လိုက်ရာ သာမန်ပဲရှိ





သည်။ ထို့ကြောင့် အံ့အားသင့်သွားခဲ့ရသည်။ စိတြာဒေဝီက မျိုးဆက်ကိုကြည့်ပြီး ပြုံးမိလိုက်လေသည်။

ငွေသေတ္တာလေးကို သူမက ယူလိုက်သည်။ မျိုးဆက် သည် မအောင့်အည်းနိုင်တော့သဖြင့်. .

"ကေသာ. . ဒီသေတ္တာထဲမှာ ဘာရှိသလဲ. ."

"ကိုမျိုး အခုသိရမယ်လေ"

စိတြာဒေဝီက ငွေသေတ္တာလေး၏ အဖုံးကို ဖွင့်လိုက် သည်။ အထဲမှာ ထွာဆိုင်သာသာခန့် ဖလ်ချောင်းလေးတစ်ခုကို တွေ့လိုက်ရသည်။ တစ်ဖက်ကနေ တစ်ဖက်ကို ထိုးဖောက်ပြီး တော့မြင်နိုင်သည်။ လက်ကိုင်သည့် ငွေရိုးနှင့်ပင် ပြုလုပ်ထား၍ တစ်မိုက်ခန့်ရှိပေလိမ့်မည်။

စိတြာဒေဝီက ထိုပစ္စည်းလေးကို ကောက်ယူလိုက်၏။

"ဒါ. . မံသကျောက်မျက်လုံးလို့ ခေါ်တယ်၊ ဖလ်မဟုတ် ဘူး၊ ဒီလိုပစ္စည်းမျိုး ဘယ်မှာမှမရှိနိုင်တော့ဘူး၊ မဇ္ဈိမာမှာ တစ်ခုတည်းသော ပိုင်ဆိုင်တဲ့ပစ္စည်းပဲ၊ ဘာနုဟာ ဒီကျောက်မျက် လုံးကိုခိုးယူသွားခဲ့လို့၊ ချက်ချင်းပဲ ပြန်လုယူခဲ့ရတယ်လေ. ."

"ဘာနု ဟုတ်လား၊ သူက ဘယ်သူလဲ ကေသာ"

ပထမဦးဆုံး ကြားလိုက်မိလိုက်သော နာမည်မို့ မျိုးဆက် ကမေးမိလိုက်ခြင်းပင်။

"ဪ. . ဟုတ်သားပဲ၊ ဘာနုဟာ အာဂါသာက ပြ၊ မဇ္ဈိမာကို တိတ်တဆိတ်ခိုးဝင်လာပြီး ကျောက်မျက်လုံးကို လာယူတယ်လေ၊ အရင်ကတော့ ဒီကျောက်မျက်လုံးကို တစ်နေရာမှာထားတာ၊ အခုတော့ ဒီနေရာက ပိုပြီးတော့ လုံခြုံလို့



www.burmeseclassic.com

www.burmeseclassic.com



ရွှေ့ထားရတယ်. . ”

စိတြာဒေဝီက ဘာနုထံမှ ကျောက်မျက်လုံးကို လုယူထားသည့်အကြောင်းကို ရှေ့ပိုင်းအခန်း ၁ မှာ ဖော်ပြပြီးဖြစ်သည်။ စိတြာဒေဝီက ကျောက်မျက်လုံးပါသော ငွေသေတ္တာလေးကိုအဆိပ်ငွေ့သေတ္တာလေးနှင့် မြင်းရထားပေါ်မှာလဲထားလိုက်သည်။ ဘာနုသည် ထိုသေတ္တာလေးထဲမှ ထွက်လာသော အဆိပ်ငွေ့များကို ရှူမိလိုက်သည်။ ဘာနုနှင့်တကွ သူ့လူများအားလုံး အဆိပ်သင့်သွားခဲ့ကြရလေသည်

စိတြာဒေဝီသည် ဘာနုနှင့်ပတ်သက်သည့် အကြောင်းကိုမျိုးဆက်အား ရှင်းပြလိုက်လေသည်။

“ဒါဆိုရင် ဘာနုဟာ အခုရှိသေးသလား”

“ရှိတယ်၊ ကေသာ့ကို အခဲကြေမှာတော့ မဟုတ်ဘူး၊ တစ်ချိန်ချိန်မှာတော့ တစ်နည်းနည်းနဲ့ ကိုယ်ထိလက်ရောက်တုံ့ပြန်လာလိမ့်မယ်. . ”

“ကိုယ်၊ ဒီကျောက်မျက်လုံးကို ကိုင်ကြည့်လို့ရမလား”

“ရပါတယ်၊ ကိုင်ကြည့်လေ. . ”

စိတြာဒေဝီ၏ လက်ထဲက ကျောက်မျက်လုံးကို ယူကြည့်လိုက်သည်။ ကျောက်သားဆိုပေမယ့် ဖလ်ချောင်းတစ်ချောင်းလို ကြည်လင်လျက်ရှိသည်။ အနီးကပ်ကြည့်လိုက်သောအခါတွင် ကျောက်သားထဲမှာ မျက်လုံးသဏ္ဍာန်သုံးလေးလုံးကို ရေးရေးပင်တွေ့လိုက်ရသည်။ မျက်လုံးများသည် အသက်ဝင်နေကြသလိုပင်ထင်ရသည်။

သဘာဝအလျောက်ဖြစ်ပေါ်နေသော်လည်း ထိုသဘာဝ





ကိုက ဆန်းကြယ်လှသည်။ အသက်ဝင်သော မျက်လုံးအရှင်များကို တမင်ထည့်ထားသလိုပင်။

“ဒီကျောက်မျက်လုံးက ဘာအသုံးဝင်သလဲ ကေသာ”

“လာခဲ့. . ကေသာ ပြမယ်”

စိတြာဒေဝီသည် မျိုးဆက်ကို တစ်နေရာသို့ ခေါ်သွားခဲ့သည်။ အခန်းကြီး၏နောက်ဖက်တွင် တစ်ဖြည်းဖြည်းနှင့် ရှုံးသွားခဲ့ပြီး မြေသားဆန်လာသည်။ အလင်းရောင်လည်း ပြီးတော့ ထွက်နေသည့်နေရာ၊ ထိုနေရာတွင် မြွေတစ်ကောင် ကခွေနေသည်။ ကျောက်သားပမာ, မာနေပြီဖြစ်သည်။ ဆိုရလျှင် ကျောက်ဖြစ်သွားသော မြွေပင်။

“ဒါ. . အရင်ကတော့ မြွေအစစ်တစ်ကောင်ပဲ၊ ဒါပေမယ့် ကျောက်ဖြစ်သွားတာကြာပြီ၊ နှစ်ပေါင်းသန်းချီပြီး တော့ကိုကြာပြီ. . ”

“ဒီမြွေသေသွားတာ နှစ်ပေါင်းသန်းချီပြီးတော့ ကြာပြီပေါ့နော်. . ကေသာ. . ”

“ဟုတ်တယ် ကိုမျိုး၊ ဒီမှာကြည့်. . ”

စိတြာဒေဝီက ကျောက်မျက်လုံး၏ ငွေရိုးလက်ကိုင်ကို ဆုပ်ကိုင်လိုက်ပြီး အနီရောင်အဖုလေးကို လက်မဖြင့် နှိပ်လိုက်လေ၏။ မြေရုပ်ကိုချိန်ပြီး ထိုးထားသည်ဖြစ်ရကား ကျောက်သားထဲရှိ မျက်လုံးသုံးလုံးသည် လှုပ်ရှားလာကြပြီး အလင်းရောင် ဖျော့ဖျော့က ရှေ့ကိုတန်းပြီးတော့ ထွက်သွားကြသည်။ မြွေပေါ် ကိုကျရောက်သွားသည်။ တစ်ခဏအတွင်းမှာပင် မြွေရုပ်သည် ပြာနှမ်းသွားပြီး လှုပ်ရှားလာလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

မျိုးဆက်က သေနတ်ကို ပခုံးမှဖြုတ်ပြီး ပစ်ခတ်မည်ပြုရာ စိတြာဒေဝီ၏လက်က လက်မောင်းကို ဆုပ်ကိုင်လိုက်ကာ-

"ကိုမျိုး. . အသာနေပါ၊ စောင့်ကြည့်နေ. ."

ခွေနေသောမြွေသည့် အသက်ဝင်လာသည်။

"ရှူး. . ရှူး" .

ပါးပျဉ်းကိုထောင်ကာ လျှောကနဲဆို ရှေ့ကိုတိုးလာခဲ့သည်။ မျိုးဆက်က ရင်တထိတ်ထိတ်နှင့်ကြည့်နေသည်။ ရန်မူမည့်မြွေကြီးကို မတိုက်ခိုက်ရန် မည်သည့်အကြောင်းကြောင့် ဟန့်တားရပါသလဲဟူ၍။ သို့သော် မကြာမီမှာပင်. . အဖြေက ပေါ်လာခဲ့သည်။ ဒေါသဖြင့်ထိုးကာ ဆင်းလာသောမြွေကြီး သည် တခဏအတွင်းမှာပင် ပြောင်းလဲမှုများက ဖြစ်ပေါ်လာခဲ့သည်။

သုံးလေးပေလောက် ရွေ့လျားသွားပြီးသည်နှင့် ပါးပျဉ်းသည်အောက်ကို ဘုတ်ကနဲဆို ပစ်ကျသွားခဲ့သည်။ ကိုယ်ထည်တစ်ခုလုံးသည်လည်း မလှုပ်မယှက်လုံးဝရပ်တန့်သွားခဲ့သည်။ ထို့နောက် တဖြည်းဖြည်းနှင့် အဖြူရောင်ပြောင်းလဲသွားကာ မြေမှုန့်များဖြစ်သွားခဲ့လေ၏။

"အံ့အားသင့်စရာပါပဲလား ကေသာ"

"နောက်တစ်ခုပြစရာရှိသေးတယ်"

မျက်နှာကျက်တွင် တောက်တဲ့အနီကြီးတစ်ကောင်က တွယ်ကပ်ပြီးတော့နေသည်။ လူတွေကိုမြင်လိုက်သောအခါ အောက်ကိုဆင်းပြေးသည်။ မြေပြင်ပေါ်ကို အရောက်တွင် စိတြာဒေဝီက ကျောက်မျက်လုံးဖြင့်ချိန်ပြီး အနက်ရောင်ခလုတ်





လေးကိုနှိပ်လိုက်ရာ မျက်လုံးများက လှုပ်ရှားလာခဲ့ကြသည်။ အလင်းရောင်ဖျော့ဖျော့သည် တောက်တဲ့ကြီး၏ ကိုယ်ပေါ်ကို ရောက်သွားခဲ့လေရာ. .

ထူးခြားသောပြောင်းလဲမှုတစ်ခုက ဖြစ်ပေါ်လာခဲ့လေသည်။ တောက်တဲ့ကြီးသည် နေရာမှာတင် တန့်ကနဲဆိုဖြစ်သွားပြီး ငြိမ်သက်သွားခဲ့လေ၏။ ထို့နောက်တဖြည်းဖြည်း အညိုရောင်မှသည် မီးခိုးရောင်သို့ပြောင်းသွားခဲ့လေသည်။

စိတြာဒေဝီက တောက်တဲ့ကြီးဆီကို လျှောက်သွားပြီး လက်နှင့်ကိုင်ကာ ယူလာခဲ့သည်။

"ကိုမျိုး၊ ကိုင်ကြည့်စမ်းပါဦး. ."

မျိုးဆက်က လှမ်းယူလိုက်ပြီး လက်ဝါးပြင်ပေါ်တင်ကြည့်လိုက်ရာ အလေးချိန်စီးနေသည်။ တစ်ကိုယ်လုံးကိုကိုင်ကြည့်ရာတွင်လည်း မာကြောပြီး ကျောက်သားပကတိဖြစ်နေသည်ကို သိလိုက်ရလေသည်။

"ကျောက်ဖြစ်သွားပြီပဲ ကေသာ"

"ဟုတ်တယ်၊ ကျောက်ဖြစ်သွားပြီလေ၊ ကေသာက ဒီလိုသက်ရှိသတ္တဝါကောင်ကို မလုပ်ပြချင်ပါဘူး. . ကိုမျိုးသိရအောင် တမင်ပြတာ. ."

"ဒါဟာ လက်နက်တစ်ခုပဲကေသာ၊ ဘယ်သူ့ကိုမဆိုဆိုးကျိုးလည်း ပေးနိုင်တယ်၊ ကောင်းကျိုးလည်းပေးနိုင်တယ်၊ ဒါဆိုရင် ကိုယ်တို့လမ်းမှာတွေ့ခဲ့တဲ့ လူနှစ်ယောက်ရုပ်အလောင်းတွေရယ်၊ သူတို့အားလုံးကျောက်ဖြစ်နေကြတာ ဘယ်သူ့လက်ချက်လဲ. ."



www.burmeseclassic.com

www.burmeseclassic.com



"ဟိုးအရင်တုန်းက လူကြီးတွေဟာ ဒီလိုလက်နက်မျိုးတွေကို ပိုင်ဆိုင်ကြတယ်၊ သိပ်ပြီးဆိုးသွမ်းကြတဲ့ ကျားတွေ၊ ဆင်ရိုင်းကြီးတွေ၊ မြွေကြီးတွေကို ဒီကျောက်မျက်လုံးနဲ့ အသုံးချပြီးကျောက်သားဖြစ်အောင် လုပ်ပစ်လိုက်တာပဲ. .

အာဂါသာက လူနှစ်ယောက်ကလည်း ဒီမဇ္ဈိမာကို ရောက်လာကြပြီး လူတွေကို သတ်ဖြတ်ကြတယ်၊ မိန်းကလေးတွေကို ဖမ်းဆီးခေါ်ဆောင်ဖို့ ကြိုးစားကြတယ်၊ ဒါလောက်ရက်စက်လှတဲ့လူတွေကို ဒီနည်းအတိုင်းပဲ စီရင်ပစ်လိုက်ကြတာ အာဂါသာကလူကြီးတွေကိုလည်း ခေါ်ပြကြတယ်၊ သူတို့ဟာ ကျောက်မျက်လုံးကို သိပ်ပြီးတော့ ကြောက်ကြတယ်. . "

"ဒီလိုဖြစ်နေကြတာ နှစ်ပေါင်းဘယ်လောက်ရှိပြီလဲ"

"နှစ်ပေါင်းငါးရာကျော်လောက်ရှိပြီပေါ့၊ အခုအချိန်မှာ သူတို့ကို ကျောက်မျက်လုံးနဲ့ အသက်သွင်းလိုက်ရင်လည်း ခဏတော့ အသက်ရှင်မယ်၊ နောက်တော့ အမှုန့်ဖြစ်သွားမှာပဲ"

စိတြဒေဝီသည် စားပွဲဆီကို ပြန်၍လျှောက်သွားသည်။ ငွေဗူးလေးထဲကို ကျောက်မျက်လုံးပြန်ထည့်ကာ ရေရှိသော ကြေးဇလုံးကြီးထဲကို ပြန်ပြီးထည့်ထားလိုက်လေသည်။

သူမသည် လက်ကိုပြန်ပြီး ရုတ်လိုက်သောအခါ ကြေးဇလုံထဲရှိ ရေများသည် အလိုလိုပင် ပြန်ပြီးခဲသွားကြလေသည်။

"ဒီအကြောင်းတွေကို ရှေးက မဇ္ဈိမာလူကြီးတွေက လက်ဆင့်ကမ်းပြီးပြောပြလို့ သိကြရတာ"

"ဒါဆို အရင်က ကျောက်မျက်လုံးလက်နက်တွေ





အများကြီးရှိမှာပေါ့နော်၊ အခု ဒီလက်နက်တွေ ဘယ်ရောက်ကုန်ကြသလဲ. . "

"ရှမ်ဗဲလားက သူတော်စင်ကြီးတွေက ဒီလက်နက်တွေဟာ လူတွေကို အကျိုးယုတ်စေတယ်ဆိုပြီး ရသမျှ သိမ်းဆည်းထားကြတယ်တဲ့. . "

"ဟုတ်လား၊ ရှမ်ဗဲလားဟာ အာဂါသာရဲ့ မြို့တော်လို့ ကေသာပြောတယ်နော်၊ အခု ရှန်ဗဲလားဆိုတာ ဘယ်မှာရှိသလဲ"

"အဲ့ဒီနေရာကိုအာဂါသာက လူတွေတောင် အတိအကျမသိကြဘူး၊ တကယ်တော့ အာဂါသာ တော်တော်များများဟာ စိတ်ထားမကောင်းကြဘူး၊ ဆိုးသွမ်းကြတယ်၊ သူတော်ကောင်းတွေလည်း အများကြီးရှိကြပါတယ်. .

မဟိဒ္ဓိပုဂ္ဂိုလ်ကြီးတွေဟာ သူတို့နေထိုင်ကြတဲ့ ရှမ်ဗဲလားဆီကို လူတွေရောက်မလာနိုင်အောင် ဖျောက်ကွယ်ထားကြတယ်၊ တော်ရုံအကျင့်တပတရားနဲ့ ပြည့်စုံတဲ့လူတွေတောင် ရှမ်ဗဲလားကို မရောက်နိုင်ကြဘူး. . "

"ဒီရှန်ဗဲလား ကိစ္စဟာ မြေပေါ်ကမ္ဘာမှာလည်း ဟိုနေရာမှာရှိတယ်၊ ဒီနေရာမှာရှိတယ်ဆိုပြီးတော့ အငြင်းပွားနေကြတယ် ကေသာ. . "

"ဒီလိုပဲ ဖြစ်ရမယ်လေ၊ နေရာအတိအကျပေးသိလို့ ဘယ်ဖြစ်ပါ့မလဲ၊ သူတော်ကောင်းတွေအတွက် အနေနဲ့ အယုဂ်ဖြစ်တာပေါ့၊ တကယ်တော့ ရှန်ဗဲလားဟာ ကြွသာ ရှိတာပါ. . "

မည်သူမှ တိကျစွာမသိနိုင်သော ကိုယ်ကို မဆွေးနွေး



www.burmeseclassic.com

www.burmeseclassic.com



လိုတော့ပါ။

"ကဲပါလေ၊ ဒါတွေကိုထားလိုက်ပါတော့၊ ကေသာတို့ ဉာဏ်မမီနိုင်တဲ့ကိစ္စတွေပါ။ ကိုမျိုးကို ပြစရာရှိသေးတယ်၊ လာ. . "

စိတြဒေဝီက မျိုးဆက်ကို လက်ဆွဲပြီး ခေါ်သွားပြန်သည်။ တစ်နေရာကိုအရောက်တွင် နံရံမှ အဖုလေးလိုလို အရာလေးကို လက်နှင့်ဖိနှိပ်လိုက်သည်နှင့် မထင်မှတ်သော နေရာမှ နံရံရှိတံခါးတစ်ချပ်သည် အပေါ်ကို တက်သွားခဲ့လေ၏။ လူတစ်ယောက်သာသာဝင်နိုင်သော အပေါက်လေးတစ်ပေါက်က ဖြစ်ပေါ်လာခဲ့လေသည်။ ယင်းတံခါးပေါက်လေးမှပင် ဝင်သွားခဲ့ကြသည်။

အခန်းသည် ပေနှစ်ဆယ်၊ ဆယ်ပေလောက်ကိုပဲ ကျယ်ဝန်းသည်။ ရှေးဦးစွာမြင်တွေ့လိုက်ရသည်ကား လူ့ကိုယ်တစ်ဝက်ခန့်ကြီးမားသော လိပ်ပြာကြီးတစ်ကောင်ပင်၊ နံရံကို ဖောက်ကာတပ်ဆင်ထားသော သစ်သားတန်းကြီးပေါ်မှာ နားလျက်ရှိသည်။

သို့သော်. .

လိပ်ပြာကြီးသည် ငြိမ်သက်လျက်ရှိသည်။ ဝိညာဉ်ကင်းမဲ့နေပြီဖြစ်သည်။ အမြင့်ငါးပေလောက်တွင်ရှိနေပြီး အတောင်နှစ်ဖက်ပေါ်တွင် လှပသော ပန်းပွင့်ကြီးများလိုလို တူညီသည့် အရာများကို မြင်တွေ့နေရသည်။

အနီးကပ်ပြီးသွားကြည့်သောအခါ ပန်းပွင့်များ မဟုတ်ကြပေ။ ဒင်္ဂါးပြားပုံအဝိုင်းများနှင့်သာ ဆင်ဆင်တူနေ



သည်။ ဤမျှလောက်ကြီးမားသော လိပ်ပြာကြီးကို သူတစ်ခါမှ မမြင်ဖူးပါ။

"ဒါ. . တကယ့်လိပ်ပြာကြီးလား၊ အရုပ်လား ကေသာ"

"ဒါ. . အရုပ်မဟုတ်ပါဘူး၊ တကယ့်လိပ်ပြာကြီးပါ။ ဒီလိပ်ပြာကြီးဟာ ကေသာတို့ထက် ပိုပြီးတော့ အသက်ကြီးတယ်၊ မဇ္ဈိမာရဲ့ ရှေးလူကြီးတွေက ဒီလိပ်ပြာကြီးကို မပျက်မစီးအောင် စီမံပြီးထားရစ်ခဲ့ကြတာ. . "

"ဒီလိပ်ပြာကြီးဟာ ဘာထူးခြားချက်ရှိသလဲ ကေသာ"

"ရှေးက ဝေဒဆရာကြီးတွေက လိပ်ပြာကြီးကို အစီအရင်တစ်ခုအနေနဲ့ ထားခဲ့ကြတယ်လို့ဆိုတယ်၊ အဲဒါက ဘာလည်းဆိုရင် လူတွေရဲ့ အာရုံကို ချုပ်ကိုင်ထားနိုင်မှုပဲ. . "

"လူတွေရဲ့ အာရုံကို ချုပ်ကိုင်ထားနိုင်မှု ဟုတ်လား၊ ဘယ်လိုလဲ ကေသာ၊ ကိုယ်သဘောမပေါက်ဘူး"

"ကိုမျိုးက စမ်းသပ်ချင်လို့လား"

"ကိုယ်. . လိပ်ပြာကြီးကို စိတ်ဝင်စားတယ်၊ ဘာလဲဆိုတာကိုလည်း သိချင်တယ်. . "

"ကေသာကတော့တစ်ခါမှ မစမ်းသပ်ဖူးဘူး၊ ဒါပေမယ့် ကိုမျိုးသဘောပဲလေ၊ ကေသာ့မှာ. . နည်းတော့ သိထားပါတယ်. . "

စိတြဒေဝီသည် လိပ်ပြာကြီးနှင့် မလှမ်းမကမ်းဆီသို့ လျှောက်သွားခဲ့သည်။ ထို့နောက် ငါးပေအကွာလောက်မှနေ၍ ငြိမ်သက်စွာရပ်ကာ လိပ်ပြာကြီး၏မျက်လုံးနှစ်လုံးကိုစူးစိုက်ကာ ကြည့်လိုက်လေသည်။ သူမ၏ကိုယ်သည် ပကတိငြိမ်သက်သွား

www.burmeseclassic.com

www.burmeseclassic.com



ခဲ့လေ၏။ မျိုးဆက်အထင်မှာ နှုတ်မှတစ်ခုခုကို ရွတ်ဆိုနေသလားဟူ၍. . သို့သော် သူမ၏နှုတ်ခမ်းက လှုပ်ရုံမျှသာ လှုပ်နေသည်။

ငါးမိနစ်ခန့်ကြာသောအခါ ထူးခြားမှုတစ်ခုက ရှိလာခဲ့သည်။ ယင်းကား လိပ်ပြာကြီး၏ မျက်လုံးနှစ်လုံးသည် အရောင်တောက်လာခဲ့ကြခြင်းပင်တည်း။

|စိတြဒေဝီသည် လိပ်ပြာကြီးအား အသက်သွင်းဂါထာရွတ်ဆိုနေသလား၊ သို့မဟုတ်၊ မျိုးဆက်ကို အာရုံလွှဲပြောင်းမှုတစ်ခုခု ပြုလုပ်ပေးနေသလား၊ မပြောတတ်ပါ|

မျက်လုံးတွေက အသက်ဝင်လာကြသည်ဟု ဆိုရမလို အတောင်ပံများသည်လည်း လှုပ်ရှားလာခဲ့ကြလေသည်။ အတောင်ပံများက တဖျတ်ဖျတ်နှင့် ခတ်လာကြသည်နှင့်အညီ မျက်လုံးနှစ်လုံးကလည်း တဖြည်းဖြည်းနှင့် လင်းလက်တောက်ပလာကြသည်။

မျိုးဆက်သတိထားမိသည်မှာ လိပ်ပြာတောင်ပံမှ ဒင်္ဂါးပုံအဝိုင်းများသည် လှုပ်ရှားလာကြသည်ဟူ၍ပင်၊ ယင်းအဝိုင်းများထဲမှ အမှုံလေးများက ထွက်လာကြသည်။ ဝတ်မှုံရနံ့များကို ရလာကြလေသည်။ ယင်းရနံ့များကို ရှူမိလိုက်ကြသည်နှင့် အာရုံအပြောင်းအလဲများဖြစ်ပေါ်လာကြသည်။ အမြင်တစ်မျိုးဖြင့် ခံစားလာခဲ့ကြရသည်။ ယင်းအမြင်များသည်ကား. .

ဒင်္ဂါးဝိုင်းအကွက်ထဲတွင် ပုံရိပ်များက ပေါ်လာခဲ့ကြခြင်းပင်ဖြစ်သည်။ ရှေးဦးစွာ မိန်းမလေးတစ်ယောက်၏





မျက်နှာက ပေါ်လာသည်။ သူကတော့ ဂျစ်ပ်စီမလေး ဆာရာ၊ ဆာရာ၏မျက်နှာသည် ပြောင်းလဲသွားပြီး စိတြဒေဝီက အစားဝင်လာခဲ့သည်။

ထို့နောက်. .

အနာဂတ်ကြည့်ဖလ်လုံးကြီးက ရောက်လာခဲ့ပြန်သည်။ ဖလ်လုံးကြီးက ဒင်္ဂါးဝိုင်းအပြည့်ကြီးလာပြီး ဖလ်လုံးကြီးထဲမှာ မျိုးဆက်နှင့် ကိုမိုးတို့၏ ခရီးစဉ်များက ဆင့်ကဲ၊ ဆင့်ကဲပင် ပေါ်လာခဲ့ကြသည်။

အာတိတ်ဒေသကို ရောက်လာခဲ့ကြပြီး ကမ္ဘာ့တွင်းပေါက်ကြီးထဲကို ဆင်းကြသည်များကအစ. . မဖျိုမာကို ရောက်လာခဲ့ကြသည်အထိ စိတြဒေဝီနှင့်အတူ အခန်းထဲမှာ ရှိနေကြသည်အထိ. . မြင်ကွင်းများက တစ်ခုပြီးတစ်ခု ပြောင်းလဲသွားခဲ့ကြသည်။

စိတြဒေဝီကတော့ ထိုအရာများကို မမြင်၍လားမသိ၊ မျက်နှာအမူအရာမပြောင်းလဲပဲရှိနေသည်။ မျိုးဆက်ကတော့ ဆာရာနှင့်အတူ တစ်ညတာနေခဲ့ရပုံများ၊ စိတြဒေဝီနှင့်အတူ အခန်းထဲမှာရှိနေကြစဉ်က လှုပ်ရှားပုံများကိုကြည့်ပြီး မနေတတ်မထိုင်တတ်ဖြစ်သွားမိရသေးသည်။

|လိပ်ပြာဒင်္ဂါးဝိုင်းထဲမှ လှုပ်ရှားမှုပုံရိပ်များသည် သက်ဆိုင်သူကိုသာမြင်နိုင်စေသည်ဟု ထင်သည်|

မြင်ကွင်းများသည် မှုန်ဝါးဝါးဖြစ်ကာ ပျောက်ကွယ်သွားခဲ့ကြလေသည်။ ကြီးမားသောလိပ်ပြာကြီးသည် အတောင်ပံများကိုတဖျတ်ဖျတ်နှင့် ခတ်နေရင်းက အောက်ကို ဆင်းဟုန်ထိုးပင်



www.burmeseclassic.com

www.burmeseclassic.com



ဆင်းလာခဲ့သည်ဟု ထင်လိုက်ရလေသည်။ ထို့နောက် သူတို့နှစ်ယောက်စလုံးကို ကျောပေါ်သို့တင်ကာ အခန်းပြင်ပကို ထွက်ခွာသွားသည်။

မဖျိမာမြို့တော်ကြီး၏ အပေါ်မှ ပျံသန်းထွက်ခွာသွားပြီး တောင်စဉ်တောင်တန်းများကို ကျော်ဖြတ်သွားသည်။ အာဂါသာတိုင်းပြည်ကြီးပေါ်သို့ပင် ရောက်လာခဲ့လေသည်။ တစ်တိုင်းတစ်ပြည်လုံးကို အပေါ်စီးမှ ကောင်းစွာပင်မြင်နေကြရသည်။

အာဂါသာသည်ကား မဖျိမာကဲ့သို့မဟုတ်၊ အဆောက်အဦးများကို သီးသန့်တစ်လုံးစီတည်ဆောက်ထားကြသည်။ အဆောက်အဦးများက ကြီးမားလှသည်။

အောက်မှာသွားလာနေကြသော အာဂါသာများသည် ကြမ်းတမ်းသော ရုပ်ရည်များရှိကြသည်။ တချို့ဆိုလျှင်. . တိရစ္ဆာန်မျက်နှာမျိုးပင်ရှိနေကြသည်ဟု ထင်သည်။

သို့သော်. .

ယင်းနေရာမှ လွန်မြောက်သွားသောအခါ အချို့သော အာဂါသာများသည် ပြေပြစ်သောရုပ်ရည်များရှိနေကြသည်။ အာဂါသာသည် နှစ်ပိုင်းကွဲနေသည့် လက္ခဏာရှိသည်။ သို့သော် တစ်နေရာနှင့်တစ်နေရာကား ဝေးကွာလှသည်။ တောင်တန်းကြီးများ၊ ချောက်ကြီးများက ခြားနေလျက်ရှိကြသည်ကို တွေ့လိုက်ရလေသည်။

[ဤသို့ တောင်ကုန်းကြီးများ၊ ချောက်ကြီးများခြားနေသည့်အတွက်ပင် နောင်အခါတွင် အကျိုးဆက်များဖြစ်လာခဲ့ကြလေသည်. . ]





ရောင်စုံလိပ်ပြာကြီးသည် မိမိ၏အခန်းထဲကိုပြန်ပြီး ရောက်လာခဲ့သည်။ တန်းပေါ်မှပြန်ပြီးတော့ နားသည်။ မျိုးဆက်၏ အာရုံရိပ်ထဲမှာ ရုတ်တရက် မှုန်ဝါးသွားခဲ့သည်။ မြင်ကွင်းသည် ချက်ချင်းမှာပင် ပြန်ပြီးတော့ ကြည်လင်လာခဲ့သည်။ သူနှင့်စိတြဒေဝီတို့သည် အခန်းထဲမှာ ရပ်လျက်သားပင် ရှိနေကြသည်။ ရောင်စုံလိပ်ပြာကြီးလည်း တန်းပေါ်မှာ နဂိုအတိုင်းပင်ရှိနေသည်။

သို့ဆိုလျှင်. .

မိမိတို့၏ဝိညာဉ်ကို ချုပ်ကိုင်ခြင်းခံကြရကာ လိပ်ပြာကြီးက ခေါ်ဆောင်သွားလေသလား၊ ဤလိပ်ပြာကြီးသည်ပင် လိုအပ်သည့်အချိန်တွင် အသက်ဝင်လာကာ. . အတိတ်၊ အနာဂါတ်တို့၏အဖြစ်အပျက်များကို ပြန်ပြောင်းပြီး ပြောတတ်လေသလား။

“ကေသာလည်း ကိုမျိုးလိုပဲတွေးမိနေတာပါပဲ၊ အဖြေကတော့ ပေါ်မလာဘူး. . ”

စိတြဒေဝီက မျိုးဆက်ကို အမှတ်မထင်ပြောလိုက်၍ တုံ့အားသင့်သွားခဲ့ရလေသည်။ မိမိ၏စိတ်ကူးကို သူမကသိနေ၍လား. .

“ကိုမျိုးရဲ့စိတ်ကူးကို ကေသာမသိပါဘူး၊ ကိုမျိုး ဒီလိုတွေးနေလိမ့်မယ်ဆိုတာကို သိလို့ပါ၊ တအံ့တသြဖြစ်မနေပါနဲ့ အဟင်း. . ဟင်း. . ဟင်း”

သူမက ရယ်သွမ်းသွေးပြီး ပြောလိုက်လေ၏။ မျိုးဆက်သည်ပြုံးမိလိုက်လေသည်။ သူမသည် ပညာရှိလှ၏ချထားပြီဟုပင်။



www.burmeseclassic.com

www.burmeseclassic.com



"ရှေးကမဖျို့မာဆရာကြီးတွေက ဒီလိပ်ပြာကြီးကို အတိတ်အနာဂတ်မျက်လုံးပိုင်ရှင်၊ ဝိညာဉ်များကို ချုပ်ကိုင်စေစားသူလို့လည်း အမည်ပေးခဲ့ကြတယ်၊ ဟော. . ကြည့်လိုက်စမ်း ကိုမျိုး. ."

လိပ်ပြာကြီး၏တောင်ပံရှိ ဒဂ်ါးပုံအဝိုင်းကြီးထဲတွင် ငွေရောင်များက တလက်လက်နှင့် ကွန်းမြူလာခဲ့ကြလေသည်။ ယင်းအရောင်များသည် အလန်းတန်းများ အဖြစ် ဖြာပြီး ထွက်လာခဲ့ကြလေသည်။ ယင်းအလင်းတန်းများသည် သူတို့၏ ကိုယ်ပေါ်ကို ကျရောက်လာခဲ့ကြလေသည်။ မြင်ကွင်းထဲမှာ လိပ်ပြာတောင်ပံရှိ စက်ဝိုင်းသည် တဖြည်းဖြည်းနှင့် ကျယ်ပြန့်လာသည်။ ပထမသော်. . မထင်မရှား. . အရိပ်သဏ္ဌာန်များပင်ဖြစ်သည်။ နောက်တော့. . တဖြည်းဖြည်းထင်ရှားလာခဲ့လေသည်။ အာဂါသာနိုင်ငံတော်ကြီး၏ မြို့ရာမြို့ကွက်များက အထင်အရှားပင်ပေါ်လာခဲ့ကြလေသည်။ တိုင်းသူပြည်သားများ၊ အာဂါသာစစ်သည်များက အေးဆေးစွာပင် သွားလာလျက်ရှိနေကြသည်။ ကိုမျိုးသည် မြင်ကွင်းထဲမှာ အာရုံက ရောက်နေသော်လည်း စိတ်ထဲမှာ အလိုလိုပင်ထင့်နေလျက်ရှိသည်။

[အန္တရာယ်တစ်ခုခုကျရောက်လာလိမ့်မည်ဟု ထင်ရသော ခံစားမှုမျိုး]

စိတြဒေဝီကတော့ အေးအေးဆေးဆေးပင်၊ ငြိမ်သက်စွာပင်ကြည့်နေလျက်. .

ထိုစဉ်. .

အာဂါသာ၏ လမ်းမကြီးအောက်မှ မီးခိုးတွေက





တလူလူဖြင့် ထွက်ပေါ်လာခဲ့လေသည်။ မြေပြင်မှာ ပတ်ကြားအက်များ ရုတ်တရက်ဖြစ်ပေါ်လာပြီး ထိုအပေါက်များမှ ထွက်ပေါ်လာခဲ့ကြခြင်းပင်ဖြစ်ကြသည်။ လူအများသည် အထိတ်တလန့်ဖြင့် ထွက်ပြေးကြသည်။ တချို့အံ့အားသင့်သွားကြကာ ကြောင်ပြီးတော့ ကြည့်နေကြလေသည်။

တစ်နေရာတည်းမှာ မဟုတ်ပါ၊ နေရာအနှံ့အပြားတွင် ထိုကဲ့သို့ အခြေအနေမျိုးများ ဖြစ်လာခဲ့ကြလေသည်။ တချို့ အိမ်ခြံဝင်းထဲမှာသော်လည်းကောင်း၊ အိမ်ထဲမှာသော်လည်းကောင်း မြေသားများ အက်ကွဲလာခဲ့ကြပြီး ပူလောင်သော မီးတောက်မီးလျှံများထွက်ပေါ်လာကြလေသည်။ လူတွေက အထိတ်တလန့်ဖြင့် အော်ဟစ်ပြီး ထွက်ပြေးကြသည်။

တချို့. . မြေပြင်မှ ရုတ်တရက်ထွက်လာကြသော မီးတောက်များဟပ်ခြင်းကို ခံလိုက်ကြရကာ မီးလောင်ကျွမ်းသွားခဲ့ကြလေသည်။

တစ်မြို့လုံး မီးဟုန်းဟုန်းတောက်လောင်လျက်ရှိနေလေပြီ၊ အိမ်များ၊ အဆောက်အဦးများကို မီးတောက်မီးလျှံကြီးများက တစ်မဟုတ်ချင်းပင် ဝါးမြိုသွားခဲ့ကြလေ၏။ လူတွေကသွေးရူးသွေးတမ်းဖြင့် အော်ဟစ်ကာ ပြေးလွှားသွားနေကြရင်း. . ပတ်ကြားအက်ကြောင်းကြီးများထဲကို တဟုန်ထိုးပင် ကျသွားခဲ့ကြလေသည်။ သားသည်မိခင်များသည် ကလေးများကိုရင်မှာပိုက်ကာ ချီပိုးကာ ထွက်ပြေးသွားကြရင်း မီးခိုးများကြီးတွေကြားမှာ ပျောက်ကွယ်သွားခဲ့ကြလေသည်။

မီးတောက်မီးလျှံများက နေရာအနှံ့အပြားပင်



www.burmeseclassic.com

www.burmeseclassic.com



ထွက်ပေါ်လာကြသည်။ ချော်ရည်ပူများသည်လည်း ထိုပတ်ကြားအက်များကြားမှ ပန်းပြီး၊ ယိုစိမ့်ပြီးတော့ ထွက်လာခဲ့ကြသည်။

မျက်နှာပြင် ကြမ်းတမ်းခက်ထန်ကြသော အာဂါသာများသည် တချို့ကျားတစ်ကောင်၏ မျက်နှာမျိုး၊ တစ်ချို့သည် ဝံပုလွေ၊ ဝက်ဝံစသည့် မျက်နှာမျိုးနှင့် ဆင်ဆင်တူနေကြသည်။ ထိုသူများသည်လည်း လက်နက်တွေကိုကိုင်ပြီး သွေးရူးသွေးတမ်းပင်လျှောက်ပြီး ပြေးနေကြသည်။ မြေပြင်ကား ခြေချစရာနေရာမရှိကြတော့ပါ၊ ချော်ရည်ပူများ၊ မီးတောက်မီးလျှံများဖြင့် ပွက်ပွက်ဆူနေလေပြီတည်း။

"ဝုန်း"

ထိုစဉ်. .

မြေအောက်မှ ကြီးမားသော ပေါက်ကွဲသံကြီးတစ်ခုက ထွက်ပေါ်လာသည်။ နားထဲမှာ ကြားမိလိုက်သကဲ့သို့ပင်တည်း မီးတောက်မီးလျှံများ၊ ချော်ရည်များက မြေပြင်အထက်တစ်မိုင်လောက်အထိ ပန်းတက်သွားခဲ့ကြလေ၏။ ထိုနေရာတွင် သုံးဖာလုံခန့်အပေါက်ကြီးတစ်ခုဖြစ်သွားခဲ့ရပြီး. .

ချော်ရည် (ရွံ့ရည်)ပူများ၊ မီးတောက်မီးလျှံများက အလုအယက်ပင် ပန်းထွက်လာခဲ့ကြလေသည်။ မြို့ထဲသို့ အလုံးလိုက်၊ အရင်းလိုက်ပင် စီးပြီးတော့ဝင်လာခဲ့ကြလေသည်။ ယင်းချော်ရည်များသည် သွေးရူးသွေးတမ်းဖြင့် ပြေးလွှားနေကြသော လူများ၊ အဆောက်အဦးများကို တမဟုတ်ချင်းပင် ဝါးမြိုသွားခဲ့ကြလေသည်။





အချို့ချောက်ကြီးများထဲကို ခုန်ဆင်းကြသည်။ ချော်ရည်ပူများသည် ချောက်ကြီးများထဲ၊ အနိမ့်ပိုင်းထဲများဆီကို တဝေါဝေါဖြင့် ထိုးပြီးတော့ စီးဆင်းသွားခဲ့ကြသည်။ ချောက်ကြီးထဲသို့ခုန်ချပြီး ဆင်းသွားကြသူများလည်း မရှုမလှသေဆုံးသွားကြသလို. . နက်ရှိုင်းသောချောက်ကြီးများထဲသို့ တဝေါဝေါဖြင့် ထိုးဆင်းသွားခဲ့ကြသော ချော်ရည်များသည်လည်း ချောက်နှုတ်ခမ်းအထိရောက်အောင် အချိန်ကိုအတွင်းမှာပင် ပြည့်လျှံသွားခဲ့ရလေသည်။

မြင်ကွင်းသည် ဤမျှသာဖြစ်သည်။ ထို့နောက် သဏ္ဌာန်များသည် တဖြည်းဖြည်းနှင့် မှုန်ဝါးလာကြကာ ပျောက်ကွယ်သွားခဲ့ကြလေသည်။ မြင်ကွင်းလည်း ကျဉ်းသွားသလိုဖြစ်သွားကာ အခန်းထဲမှာ ပကတိအခြေအနေအတိုင်း ပြန်ပြီးတော့မြင်လာခဲ့ရလေ၏။

မျိုးဆက်သည်လည်း အိပ်မောကျနေရာက ဖျတ်ကနဲလန့်ပြီးနိုးလာသလို ဖြစ်သွားခဲ့ရလေသည်။

"ဟင်. . ဒါက ဘာတွေလဲ့ည်း ကေသာ"

"နိမိတ်မကောင်းဘူး၊ ဒီဘက်ခြမ်းက အာဂါသာတွေ ပျက်စီးရာပျက်စီးကြောင်းကို ဖော်ပြလိုက်တာပဲ၊ သူတို့လည်း မကြာမီမှာ ဘေးဒုက္ခကြုံတွေ့ကြရတော့မယ်. ."

စိတြဒေဝီက ညိုးငယ်သော မျက်နှာဖြင့် ပြောလိုက်လေသည်။ မျိုးဆက်ကတော့ လှည့်စားမှုတစ်ခုဟူ၍သော်လည်းကောင်း၊ ညို့ချက်မိကာ ထင်ရာမြင်ရာကို အာရုံဝင်စေသည်ဟူ၍လည်းကောင်း ယူဆမိလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . ပြန်ကြပါစို့ ကိုမျိုး၊ ဒီနေ့တော့ ဒါလောက်နဲ့ တော်ပါပြီလေ. ."

ထို့နောက်. .

နှစ်ဦးသားလည်း အတိုဆုံးလမ်းမှ ပြန်လာခဲ့ကြလေသည်။ အတိုဆုံးလမ်းဟူသည်ကား တောင်ဖေါက်လမ်းများထဲမှသာဖြစ်သည်။ မျိုးဆက်သည် မိမိနေရာကိုရောက်သည့်တိုင် ကိုမိုးကား မနိုးသေး၊ အိပ်မောကျနေဆဲပင်ရှိပါသတည်း။

BURMESE CLASSIC .com

(၁၅)

## မဂ္ဂဏ ဖိတ်ခေါ်ခြင်း

မျိုးဆက်တို့ မြေအောက်ကမ္ဘာကြီးသို့ ရောက်လာခဲ့သည်မှာ ရက်သတ္တပတ်ပင်ရှိခဲ့လေပြီ၊ စိတြဒေဝီသည် သူတို့နှစ်ယောက်ကို မဇ္ဈိမာမြို့တော်အတွင်း၌ လှည့်လည်ပြီးတော့ပြသသည်။ ကိုမိုးပါနေ၍ လျှို့ဝှက်သော နေရာ၊ အရေးကြီးသောနေရာများကို ချန်လှပ်ထားခဲ့ဟန်တူသည်။ သူမသည် မျိုးဆက်ကို. . ကိုမိုး၏ရှေ့မှာ သာမန်ဖော်ရွေမှုမျိုးလောက်ပဲ ပြသည်။

စိတြဒေဝီက ကိုမိုးကိုလည်း ရင်းနှီးစွာ ဆက်ဆံပါသည်။ အခန်းထဲကို ပြန်ရောက်ကြသောအခါ. .

"မျိုးဆက်. . တစ်ကယ်တော့ မဇ္ဈိမာဟာ တစ်တိုင်းတစ်ပြည်လုံးပျောက်နေတာကွ၊ မြို့ကို တောင်တွေဖောက်ပြီး တည်ထားကြတော့ ဘာကြည့်စရာရှိမှာလဲကွာ၊ လူတွေကလည်း တောင်တွေထဲက ဂူလိုဏ်လမ်းကြောင်းတွေထဲမှာ သွားလာ

www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားနေကြတာကို. ."

"ဟုတ်တယ် ကိုမိုး၊ အဲ့ဒါကလည်း အာဂါသာတွေရဲ့ ရန်ကြောင့် ဒီလိုပဲ တောင်တွေကိုဖောက်ပြီး အထဲမှာအိမ်တွေဆောက်၊ ဥမင်လိုဏ်တွေဖောက်ပြီး လမ်းတွေလုပ်သွားလာနေကြတာ. ."

"အာဂါသာတွေဟာ မဇ္ဈိမာတွေကို ဘာကြောင့် မနာလိုမုန်းတီးနေကြတာလည်း မသိဘူး. ."

"မဇ္ဈိမာတွေဟာ အာဂါသာတွေထက်ပိုပြီးတော့ ဉာဏ်ရည်မြင့်မားကြတယ်၊ ဂမ္ဘီရအတတ်ပညာတွေ၊ ဗိသုကာအတတ်ပညာတွေကို တစ်ဖက်ကမ်းခတ်အောင် တတ်မြောက်ထားကြတယ်၊ ဒီပညာတွေကို အာဂါသာတွေက သင်ကြားလိုကြပေမယ့် မဇ္ဈိမာတွေဟာ သူတို့ကို မသင်ကြားပေးကြဘူး. ."

"ဘာဖြစ်လို့လည်း မျိုးဆက်"

"အာဂါသာအများစုဟာ သစ္စာမဲ့ကြတယ်၊ စရိုက်ကြမ်းတမ်းကြတယ်၊ ဒီအတတ်ပညာတွေကိုသာ တတ်မြောက်ခဲ့ကြရင်. . မဇ္ဈိမာတွေကို ပြန်ပြီး ဒုက္ခပေးမှာစိုးလို့ပဲ. ."

"မင်းက တော်တော်ပဲ လေ့လာပြီးမှကိုး၊ ဘာလည်း စိတြဒေဝီဆီက သိထားတာလား. ."

"ဟုတ်တယ်၊ သူပဲ ရင်းရင်းနှီးနှီးရှိတာပဲလေ. ."

"စိတြဒေဝီက မင်းကို တော်တော်ပဲ စိတ်ဝင်စားနေပုံရတယ်၊ သူ့ရဲ့အကြည့်တွေက မင်းအပေါ်မှာ တစ်မျိုးပဲ"

"ဟာ. . မဟုတ်ပါဘူးဗျာ၊ ခင်ဗျားထင်လို့ပါ"

"ငါကတော့ ငါထင်တာ မလွဲနိုင်ဘူးလို့ထင်မိတာပဲ၊





အကဲတော့ မိန်းကလေးတွေကို ငါက စိတ်မဝင်စားမိပေမယ့် ဘာပဲဖြစ်ဖြစ် ခတ်တတ်ပါတယ်ကွ. . ဟဲ. . ဟဲ၊ အေးလေ. . မ်းစင်ကြည့်ပြီးက,ပေါ့ကွာ. .

နှလုံးသားကိစ္စဆိုတာ တားဆီးလို့ရနိုင်တာမှ မဟုတ်တာ၊ ငါကတော့ လူတွေစိတ်ဝင်စားနေကြတဲ့ ကမ္ဘာ့ဗဟိုချက်မဖြစ်တဲ့ မြေအောက်ကမ္ဘာကြီးထဲကို ရောက်ဖူးခဲ့ရတာကိုကပဲ ကျေနပ်စရာဖြစ်နေပြီ၊ ပြန်တွေးမိတိုင်း အိပ်မက်လိုပဲကွာ. ."

ကိုမိုးက ချစ်ဇော်ကြီးမားလျက်ရှိသော စိတြဒေဝီ၏ အမူအရာကို အကဲခတ်မိဟန်တူသည်။ မျိုးဆက်ကတော့ ကိုယ့်အကြောင်းနှင့်ကိုယ်မို့ အသာပင် ငြိမ်နေလိုက်လေသည်။ သို့သော်. . လူအေးတစ်ယောက်ဖြစ်သော ကိုမိုးက ထို့ထက်ပို၍ပြီးတော့ မစပ်စုပါ၊ မျိုးဆက်ကလည်း မိမိနှင့်စိတြဒေဝီတို့ အတူသွားခဲ့ကြသည့်နေရာများ၊ မြင်တွေ့ခဲ့ရသည့် ထူးခြားဆန်းကြယ်မှုများကို စိတြဒေဝီ၏တားမြစ်ချက်အရ ကိုမိုးအား ပြန်မပြောခဲ့ပါ။

တစ်ရက်တွင်. .

စိတြဒေဝီနှင့် အဖော်မိန်းကလေးတချို့သည် မျိုးဆက်တို့ဆီကို ရောက်လာခဲ့ကြလေ၏။

"ဖခင်က ကိုမျိုးဆက်နဲ့ ကိုမိုးတို့ကို ဖိတ်ကြားခိုင်းလိုက်ပါတယ်၊ အသင့်ပြင်ထားကြပါ. . ခဏကြာရင် ကောသာ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်လာပြီးတော့ ခေါ်မယ်. . ”

“ကောင်းပါပြီ၊ ကျွန်တော်တို့ ပြင်ဆင်ထားပါ့မယ်”

မျိုးဆက်က ကိုမိုး၏ရှေ့မှာ စိတြဒေဝီကို သာမန်လေသံမျိုးနှင့်ပဲ ပြောလိုက်လေသည်။ စိတြဒေဝီက အခန်းထဲမှ ပြန်ထွက်သွားခဲ့သည်။

“မဂ္ဂက ငါတို့ကိုခေါ်ပြီး တွေ့မလို့ဆိုပါလား. . ”

“အေးလေ၊ မဖျိမာရဲ့ ဒုတိယအကြီးအကဲဆိုတော့ တော်တော်အရေးပါတဲ့နေရာကို ရထားတဲ့သူပဲ၊ အခုမှ အားလပ်လို့ခေါ်တွေ့တာပဲ ထင်ပါရဲ့ဗျာ. . ”

ရေမိုးချိုးကြကာ အကောင်းဆုံးအဝတ်အစားများကို ဝတ်ဆင်ကြသည်။ လက်နက်များပါသွားခဲ့ကြလျှင် အထင်လွဲမည်ကိုစိုး၍ ထားခဲ့ကြရန် ဆုံးဖြတ်လိုက်ကြလေသည်။

မကြာမီ. .

စိတြဒေဝီကိုယ်တိုင်ပင်. . အဖော်များနှင့်အတူ ရောက်လာပြီး မျိုးဆက်တို့ကို ခေါ်ဆောင်သွားခဲ့လေသည်။

တောင်ကြီးထဲမှာပဲဖြစ်သည်။ တစ်နေရာတွင် မြင်းလေးကောင်က,သောရထားတစ်စီးက စောင့်နေသည်။ ရထားမောင်းသူကမရှိ၊ နောက်တော့မှ အဖြေကပေါ်လာခဲ့သည်။ မြင်းရထားကိုမောင်းမည့်သူမှာ စိတြဒေဝီကိုယ်တိုင်ပင်။

စိတြဒေဝီကို လိုက်ပို့ကြသည့် မိန်းကလေးများသည် လှည့်ပြန်သွားခဲ့ကြသည်။ မိန်းကလေးများ၏ အဆောင်သည် တစ်နေရာတွင် ရှိလိမ့်မည်။ တောင်ကြီးထဲမှာ ဖွဲ့ထားသော အဆောင်များသည် လျှို့ဝှက်ထားကြ၍ ကာယကံရှင်များက





လွဲ၍ မည်သူမှ မသိနိုင်ကြပါ။ ထို့ကြောင့်ပင်လျှင် အာဂါသာတို့သည် မဖျိမာကို လွယ်ကူစွာ မတိုက်ခိုက်နိုင်ကြခြင်းပင် ဖြစ်ဟန်တူသည်။ မဖျိမာတို့သည် အာဂါသာတို့ကို တိုက်ခိုက်နိုင်သောအင်အားရှိကြ၍ ကြောက်ရွံ့ခြင်းကင်းမဲ့နေကြဟန်တူသည်။

“ကဲ. . သွားကြရအောင်. . ”

စိတြဒေဝီက ပြောလိုက်သည်နှင့် မျိုးဆက်နှင့် ကိုမိုးတို့သည် အမိုးဖွင့်မြင်းရထားကြီးပေါ်ကို တက်လိုက်ကြလေသည်။ သူမသည် ကြာပွတ်ကိုကိုင်ကာ လေထဲမှာ တရွှမ်းရွှမ်းဖြင့် အသံပေးလိုက်သည်နှင့်. .

“ရွှမ်း. . ရွှမ်း. . ရွှမ်း. . ”

မြင်းလေးကောင်သည် ကြာပွတ်သံကြားသည်နှင့် နေရာမှ တဟုန်ထိုးဝင်ပြေးကြလေတော့သည်။ ထုံးစံအတိုင်း. . တောင်ထဲရှိ ဥမင်လမ်းကြောင်းအတိုင်း မြင်းရထားက ပြေးသွားနေသည်။ တောင်တစ်တောင်မှသည်. . တစ်တောင်ကို ဖြတ်ကျော်ရာတွင် တံတားများထိုးထားသည်။ တံတားကို ကျော်ဖြတ်ရာတွင် အောက်ကိုဆီးပြီးတော့ မြင်နေရသည်။ နက်ရှိုင်းလှသော ချောက်ကြီးကို ကျော်ဖြတ်သွားရသကဲ့သို့ ပင်တည်း၊ တစ်ကယ်လည်း ချောက်ကြီးက တောင်အောက်မှာ ရှိနေသည်။

တံတားကိုအောက်မှာ တိုင်မခံပဲ တောင်ဟိုဘက်[illegible]သည်ဘက်ထိပ် တဖြောင့်တည်းထိုးထားကာ တည်ဆော[illegible]ထားသော ဗိသုကာအတတ်ပညာသည် ချီးကျူးစရာ ကောင်းလှသည်။

တံတားကို အသုံးပြုထားသော [illegible]ည်းများမှာ



www.burmeseclassic.com

www.burmeseclassic.com



ကြေးထည်ပစ္စည်းများပင်တည်း၊ တံတားဘောင်များ၊ တောင့်တင်းခိုင်မာသော ကြေးယက်မကြီးများကို သတ္တုတစ်မျိုးမျိုးနှင့်ရောစပ်ထားလိမ့်ဦးမည်ဟု ယူဆကြရပေသည်။ ကြေး သတ္တုသက်သက်ဖြင့်သာဆိုလျှင် ဤမျှမတောင့်တင်းမခိုင်မာနိုင်ပါ။

တောင်ကြီးများထဲမှာပင်လျှင် တောင်ပတ်လမ်းများကရှိနေသည်။ ယာဉ်ရထားများသွားသည့်လမ်း၊ လူသွားလမ်းများစသည်ဖြင့် သီးခြားထားရှိလေသည်။ တောင်တစ်တောင်မှသည်တစ်တောင်ကိုကျော်ဖြတ်သွားလေတိုင်း တံတားကြီးများကိုကျော်ဖြတ်ကာ သွားကြရလေသည်။

တောင်တွင်းပတ်လမ်းသည် ကျယ်ဝန်းလှပြီး မြင်းရထားနှစ်စီးကောင်းစွာပင် ရှောင်တိမ်းနိုင်ကြသည်။ သူတို့၏ရှေ့မှမြင်းရထားတစ်စီးက လာနေသည်။ ရထားပေါ်တွင် မဖျိုမာရဲမက်အချို့ပါလာကြသည်။ စစ်ဗိုလ်ဖြစ်သူသည် ခေါင်းပေါ်မှာငှက်မွေးများဖြင့်ပြုလုပ်ထားသော ဦးထုပ်ကိုဆောင်းထားသည်။ အင်္ကျီမှာ သားမွေးအင်္ကျီပင်၊ သားမွေးဘောင်းဘီများကိုသာဝတ်ဆင်ထားကြသည်။

ရဲမက်များဆောင်းသော ဦးထုပ်များသည် ရှေးခေတ်မြန်မာစစ်သည်များဆောင်းသော ဦးထုပ်များနှင့် သဏ္ဌာန်တူသည်။ ဦးထုပ်အဝိုင်း၏ထိပ်မှာ အချွန်တစ်ချောင်းပါလေသည်။

မြင်းရထားနှစ်စီးယှဉ်ပြီး ဆန့်ကျင်ဘက်အရပ်များကိုထွက်သွားကြစဉ်မှာ ရထားပေါ်မှ ဗိုလ်ဖြစ်သူသည် စိတြဒေဝီကိုဦးညွှတ်ကာ နှုတ်ဆက်သွားလေသည်။

ထို့ကြောင့် စိတြဒေဝီသည် မဖျိုမာတွင် မည်မျှအရေး





ပါကြောင်း သိသာလှသည်။ မြင်းလေးကောင်မှာ စ,ပြီးထွက်လာကတည်းက မနှေးမမြန်၊ ခပ်မှန်မှန်ပင် ပြေးလျက်ရှိနေလေရာ. . မောပန်းသည့် အရိပ်အယောင်ကို တစ်ချက်လေးမှ မတွေ့ရပေ။ ထိုစဉ်. .

"ဝိုး. . "

ကျောက်တုံးကြီးတစ်လုံးသည် အဝေးမှ လွင့်လာခဲ့လေရာ. .

"ဟင်. . "

"ဟာ"

ထိုကျောက်တုံးကြီးကို မြင်လိုက်ရသော မြင်းရထားပေါ်က လူသုံးယောက်သည် အံ့အားသင့်သွားခဲ့ကြလေ၏။

ထိုအခါ. .

စိတြဒေဝီသည် ကြာပွတ်ဘံတရွှမ်းရွှမ်းနှင့် မြည်အောင်အသံပေးလိုက်လေ၏။ မြင်းများကလည်း အန္တရာယ်ရနံ့ကိုရသွားခဲ့ကြသည်ထင့်၊ တံတားအလယ်ကို ရောက်နေခိုက်မှာတဟုန်ထိုးပင် ပြေးလေတော့သည်။ တခဏအတွင်းမှာပင်မြင်းရထားသည် တံတားတစ်ဖက်ထိပ်ကို ရောက်သွားခဲ့လေတော့သည်။

"ဝိုး. . "

ထိုအခါ ကြီးမားသော ကျောက်တုံးကြီးသည်လည်းတံတားပေါ်မှ ကျော်ကာ တစ်ဖက်ကို ဖြတ်သွားခဲ့လေတော့သည်။ ကျောက်တုံးကြီးသည် ကံအားလျော်စွာပင်မည်သူ့ကိုမှ မထိခိုက်ပဲ ကြီးမားသော ရေအိုင်ကြီးတစ်အိုင်ထဲကို ကျသွား



www.burmeseclassic.com

www.burmeseclassic.com



-ခဲ့လေ၏။

"ဘွမ်း"

"ကေသာ၊ ဒါဘယ်ကရောက်လာတဲ့ ကျောက်တုံးကြီး လဲ . ."

"ဒါ . . အာဂါသာတွေရဲ့ လက်ချက်ပေါ့၊ သူတို့က ဒီလိုပဲ အဝေးကနေပြီး မကြာခဏရန်စနေတတ်ကြတယ်၊ မဈွိမာကို အလုံးအရင်းနဲ့လည်း ဝင်ပြီးတော့ မတိုက်ရဲကြဘူးလေ"

စိတြာဒေဝီက မျက်နှာလေးမဲ့ကာ ဖြေလိုက်လေ၏။ မဈွိမာတို့သည် အာဂါသာတို့၏ ရန်အမြဲရှိနေကြသည်ကို ယုံကြည်သွားခဲ့ကြလေသည်။

မြင်းများသည် မရပ်နားကြတော့ပေ၊ ဂူလိုဏ်လမ်းကြောင်း၏ အနိမ့်ပိုင်းကို ဆင်းသွားကြပြီးမှ ကုန်းမော့မော့ အတိုင်းတစ်ဖန်ပြန်ပြီးတော့ တက်သွားခဲ့လေ၏။ အပေါ်သို့ အရောက်တွင် တောင်ကြီးထဲမှာပင် အဆောက်အဦးကြီးတစ်ခုက . . ဘွားကနဲ ဆိုပေါ်လာခဲ့လေ၏။ မြင်းရထားသည် အဆောက်အဦးကြီး၏ ရှေ့မှာရပ်တန့်လိုက်သည်။

စိတြာဒေဝီက မြင်းရထားပေါ်မှ ဦးဆောင်ပြီးတော့ ဆင်းလိုက်သည်။ မျိုးဆက်နှင့် ကိုမိုးတို့ကလည်း လိုက်ပြီး ဆင်းလိုက်ကြလေသည်။

အဆောက်အဦးကြီး၏ရှေ့တွင် အစောင့်နှစ်ယောက်





ကရှိနေကြပြီး စိတြာဒေဝီကို အရိုအသေပေးကာ တံခါးကို ဖွင့်ပေးလိုက်လေသည်။ အခန်းထဲသို့ ဝင်လိုက်ကြစဉ်မှာပင် ထူးခြားသော အခန်း၏ အပြင်အဆင်ကို တွေ့လိုက်ကြရသည်။

အခန်းကြီး၏ လေးဘက်လေးတန်စလုံးကို ကြေးဝါပြားချပ်များခင်းထား၍ ဖိတ်ဖိတ်လက်လျက်ရှိသည်။ ထို့ကြောင့် မနင်းရက်စရာပင်၊ အပြင်က မထူးခြားသလောက် အထဲမှာတော့ အတော်သပ်ရပ်စွာ ပြင်ဆင်ထားလေသည်။

အစောင့်များကလည်း ရှိနေကြသည်။ သူတို့ကိုင်ဆောင်ထားကြသည်မှာ လေးမြား၊ ဓါး စသည်တို့ပဲ ဖြစ်ကြသည်။

|ခေတ်မီလက်နက်များကို အသုံးမပြုကြသည်မှာ မည်သည့်အတွက်ကြောင့်ပါလဲ၊ တီထွင်ကြံဆမှုမရှိသောကြောင့်ပင်လား၊ သို့မဟုတ် . . ဤလက်နက်များကို ပြုလုပ်ရန် အားမပေးသောကြောင့်ပင်လား . . |

အခန်းထဲတွင် ရှည်လျားသော စားပွဲကြီးတစ်လုံးကို တွေ့လိုက်ရသည်။ စားပွဲ၏ထိပ်တွင် မဂ္ဂကထိုင်နေသည်။ ဘေးတွင် ထိုင်နေသောသူမှာ သားဖြစ်ပြီး စိတြာဒေဝီ၏ အစ်ကိုဖြစ်သည်။ |နောင်တွင် ထိုသူသည် သေနဟု ခေါ်တွင်ကြောင်း သိရလေသည်| အခြားသော ကုလားထိုင်များတွင်လည်း မင်းမှုထမ်းဟုထင်ရသော လူငါးယောက်လောက်က တစ်ဖက်စီခွဲပြီးထိုင်နေကြသည်။

ထိုင်ခုံသုံးလုံးက လစ်လပ်လျက်ရှိသည်။ မျိုးဆက်တို့ အတွက်ပင်ဖြစ်သည်။ မဂ္ဂသည် မျိုးဆက်တို့ရောက်လာကြသော အခါ တည်ကြည်သောမျက်နှာထားဖြင့် နေရောင်ကို လှမ်းကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး. .

"မြေပေါ်ကမ္ဘာသား. . ဧည့်သည်တော်များ ရောက်ရှိလာကြပြီကိုး၊ သမီး. . ကေသာ. . နေရာချပေးလိုက်ပါ"

စိတြဒေဝီက မျိုးဆက်နှင့် ကိုမိုးတို့ကို နေရာချပေးလိုက်ပြီး သူမကိုယ်တိုင်လည်း မျိုးဆက်၏ဘေးမှာ ဝင်ထိုင်လိုက်လေသည်။ မဂ္ဂက သူတို့နှစ်ယောက်ကို မသိမသာအကဲခတ်မိလိုက်လေသည်။ သေနသည် မျိုးဆက်တို့ကို တစ်ချက်ဝေ့ပြီးကြည့်လိုက်သည်။ မျက်နှာထားမှာ စတွေ့ကာစလောက်ကကို မတင်းမာတော့ချေ။

[အာဂါသာ၏ သူလျှိုများမဟုတ်ကြသည်ကို ယုံကြည်လက်ခံသွားဟန်တူသည်။ စိတြဒေဝီက သူ၏အစ်ကို သေနအားနားလည်အောင်ရှင်းပြပြီးလည်း ဖြစ်ပေလိမ့်မည်]

"ဧည့်သည်တော်များကို ယခုမှ ဖိတ်ခေါ်ရသည့်အတွက် တောင်းပန်ပါတယ်၊ ကျုပ်တို့မှာ အာဂါသာတွေရဲ့ ရန်အတွက် တိုင်ပင်ဆွေးနွေးနေကြရတဲ့အတွက် ဖြစ်ပါတယ်၊ အာဂါသာတွေက. . မဇ္ဈိမာကို ဘယ်လိုသဘောထားကြတယ်ဆိုတာ သမီးက ပြောပြပြီးလို့ သိပြီးကြရောပေါ့. . "

မဂ္ဂက ထိုစကားကိုပြောပြီး လက်ကိုမြှောက်ပြလိုက်သည်နှင့် မဇ္ဈိမာမိန်းကလေးများက စားသောက်ဖွယ်ရာများကို ယူဆောင်လာခဲ့ကြလေသည်။

## (၁၅)
## မဂ္ဂနှင့် တွေ့ဆုံခြင်း

ကောင်းမွန်သော အစားအစာများကို အေးဆေးစွာ စားသောက်နေကြစဉ်မှာ မည်သည့်စကားကိုမှ မပြောကြချေ။ စိတြဒေဝီသည် ဖခင်နှင့်အစ်ကိုရှေ့မှာပင်လျှင် မျိုးဆက်၏ ပန်းကန်ထဲကို ဟင်းများခပ်ထည့်ပေးလျက်ရှိသည်။

အားလုံးက မသိကျိုးကျွံပြုကြသော်လည်း ကိုမိုးကတော့ မသိမသာပင် ပြုံးမိလိုက်လေသည်။

စိတြဒေဝီ၏ အမူအရာသည် ဂါသာလွန်းလှသည် မဟုတ်ပါလား၊ စားသောက်ပြီးကြသောအခါ ဖျော်ရည်တစ်မျိုးကိုသောက်ကြရသည်။

အေးမြသော ဖျော်ရည်က ဝမ်းထဲကို ဆင်းသွားခဲ့သည်နှင့် တစ်ကိုယ်လုံးလန်းဆန်းသွားကြကာ အားအင်တွေ ပြည့်ဖြိုးသွားကြသလို၊ ခေါင်းထဲမှာလည်း ကြည်လင်

www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့ကြလေသည်။

သည့်နောက်မှာတော့ မဂ္ဂသည် လိုအပ်သော စကားကို ပြောလေသည်။

"ကျုပ်တို့ မဇ္ဈိမာမှာ အထက်ကမ္ဘာမှာလို့. . လူသတ်လက်နက်အသစ်အဆန်းတွေ မတီထွင်ကြပါဘူး၊ မထုတ်လုပ်ကြပါဘူး. . "

[အထက်ကမ္ဘာဆိုသည်မှာ ဤခေါင်းပွကမ္ဘာကြီး၏ အထက် ကျွန်ုပ်တို့နေထိုင်သော ကမ္ဘာကြီးကို ဆိုလိုဟန်ရှိသည်]

"ဒီမှာ စစ်မက်အကြီးအကျယ်ဖြစ်ပွားကြတယ်ဆိုတာလည်းမရှိပါဘူး၊ ဒါပေမယ့်. . အထက်ကမ္ဘာမှာ အင်အားကြီးနိုင်ငံတချို့က နိုင်ငံငယ်လေးတွေကို ဗိုလ်ကျပြီး အနိုင်ကျင့်ချင်တဲ့စိတ်မျိုး၊ ကိုလိုနီနယ်ပယ်အဖြစ် သိမ်းသွင်းလိုကြတဲ့ အကျင့်ဆိုးမျိုးတွေရှိကြသလို ဒီမှာလည်း ရှိနေပါတယ်. . "

"ဒါပေမယ့် ကျုပ်တို့နိုင်ငံမှာ အားလုံးရဲ့စည်းလုံးညီညွတ်မှုနဲ့ ဒီလိုအခြေအနေမျိုး မသက်ရောက်ရလေအောင် တွန်းလှန်ထားနိုင်ကြပါတယ်၊ ဒါကြောင့်မို့ အာဂါသာတွေဟာ မဇ္ဈိမာကိုလိုချင်ပေမယ့်လည်း မတတ်နိုင်ပါဘူး၊ ခိုးကြောင်ခိုးဝှက်နဲ့သာ တစ်ခါတစ်လေဝင်ရောက်ပြီး တိုက်ခိုက်တတ်ကြတာပါ. . "

မျိုးဆက်သည် မဇ္ဈိမာတို့ ခေတ်မီလက်နက်များ အသုံးမပြုခဲ့သည်အကြောင်းကို လမ်းမှာတွေးမိခဲ့သည်။ ဤသည်ကိုမဂ္ဂသည် မနောချင်းဆက်သွယ်မှုနှင့် သိခဲ့လေသလား၊





တိုက်ဆိုင်မှုလား. .

စကားဝိုင်းတွင် မမျှော်လင့်ပဲ ဝင်ရောက်ပြီး ဆွေးနွေးသူကတော့ သေနပင်။

"ခင်ဗျားတို့ နေထိုင်တဲ့ အထက်ကမ္ဘာက နိုင်ငံငယ်လေးတွေကလည်း ဘယ်လိုပုံစံမျိုးနဲ့ ရပ်တည်နေကြပါသလဲ. . "

"နိုင်ငံငယ်ကလေးတွေကလည်း တိုင်းရင်းသားတွေ စည်းလုံးညီညွတ်မှုကို အခြေခံပြီး နေထိုင်ကြပါတယ်၊ ကိုယ့်မင်းကိုယ့်ချင်း၊ ကိုယ့်အချုပ်အချာအာဏာနဲ့ ကိုယ့်စည်းကိုယ့်ကမ်းနဲ့ နေနေကြတာပါ၊ ဒီလို ကိုလိုနီနယ်ချဲ့လိုတဲ့ နိုင်ငံကြီးတွေက နှောက်ယှက်မယ်ကြံတာတောင် မရပါဘူး၊ နိုင်ငံငယ်တွေ အားလုံးဟာလည်း နိုင်ငံအချင်းချင်းလက်တွဲပြီး စည်းလုံးညီညွတ်စွာနဲ့နေထိုင်ကြပါတယ်. . "

မျိုးဆက်က လွယ်ကူနားလည်သော စကားဖြင့်ရှင်းလင်းပြောပြလိုက်လေသည်။ ထို့နောက်. . သူတို့က တစ်ဦးချင်းမေးကြရာ မေးသမျှကို မျိုးဆက်တစ်လှည့်. . ကိုမိုးက တစ်လှည့် ဖြေကြားကြလေသည်။

"မောင်ရင်တို့ရပ်တည်နေကြတဲ့ နိုင်ငံရဲ့ကျင့်သုံးမှုဟာ မဇ္ဈိမာနဲ့အတူတူပါပဲ" ဟူသော မှတ်ချက်မျိုးကို ရရှိခဲ့ကြလေသည်။ သေနက . .

"ခင်ဗျားတို့ ကျုပ်တို့နေရာကို လာကြတဲ့လမ်းကြောင်းကလည်းမှန်နေတယ်၊ ပြီးတော့ မြေကြောရှုံ့တယ်ဆိုတဲ့စကားကို ကြားဖူးကြတယ် မဟုတ်လား. .



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာမြေပြင်ပေါ်ကနေ ဒီနေရာကိုရောက်အောင် ဆင်းလာနိုင်ခဲ့ကြတာ ရက်တိုတိုလေးနဲ့ ရောက်လာနိုင်ဖို့ဆိုတာ ဘယ်ဖြစ်နိုင်ပါ့မလဲ၊ ကမ္ဘာ့မြေပေါ်ကနေ အောက်ကို ရောက်လေလေ. . မြေကြောတွေဟာ ရှုံ့သွားကြလေပဲ၊ ကိုယ်ကတော့ မသိဘူးပေါ့၊ ဓါတ်သဘာဝပြောင်းလဲမှုအစုအဝေးကြီးက မြေအောက်မှာ ပိုပြီးတော့ ဖြစ်တည်နေကြတယ်. .

လှုံ့ဆော်ပေးမှုတစ်ခုခုကြောင့် တစ်နေရာကနေ တစ်နေရာကို လျင်မြန်စွာရောက်ရှိသွားကြခြင်းပဲဖြစ်တယ်။

နောက်တစ်ချက်က ဒီမှာ မဟိဒ္ဓိ၊ သိဒ္ဓိပေါက်ပုဂ္ဂိုလ်ကြီးတွေနေထိုင်ကြတယ်၊ သူတို့ဟာ ဒီမြေအောက်ကမ္ဘာကြီးထဲကို ဝင်ရောက်ခွင့်ပေးသူကိုသာ လက်ခံ,ခွင့်ပြုတယ်၊ မလာစေချင်တဲ့သူတွေကို တားဆီးတယ်၊ လမ်းကိုမပြဘူး။

စိတ်ဆိုတာ မျက်တောင်တစ်ခတ်စာအတွင်းမှာပဲ လိုရာခရီးကို လျင်မြန်စွာနဲ့ ပို့ပေးတတ်တာပဲ မဟုတ်လား၊ ဒီအတိုင်းပါပဲ. . အဲ့ဒီပုဂ္ဂိုလ်ကြီးတွေက ခင်ဗျားတို့ရဲ့ အတွင်းမနော မသိစိတ်ထဲကို ဝင်ရောက်စေစားပြီး မြေကြောရှုံ့လိုက်တဲ့အခါ ခင်ဗျားတို့ဟာ ဒီနေရာကို ရက်တိုတိုအတွင်းမှာ ရောက်လာခဲ့ကြတာပဲ. .

ကိုယ့်အစွမ်းအစကြောင့် မဟုတ်ဘူး၊ ဒီလိုဖြစ်သွားတာကို ကိုယ်တိုင်လည်း မသိလိုက်ကြဘူး မဟုတ်လား. . ”

သေနက မည်သည့်အကြောင်းကြောင့် ရှင်းပြနေမှန်းလည်းမသိကြချေ။ ဆိုရလျှင်. . သူရှင်းပြသည့် တချို့အပိုင်းများကို. . နားမလည်ကြချေ။ သေနသည် ဝိဇ္ဇာပညာရပ်နှင့်





ပတ်သက်ပြီး မြင့်မားစွာပင် လေ့လာထားဟန်တူသည်။ စိတြဒေဝီလည်း ထိုနည်းလည်းကောင်းပင်။ သို့ဆိုလျှင် မဂ္ဂကဲ့သို့သော. . ပုဂ္ဂိုလ်သည်လည်း သူတို့ထက်ပိုပြီး ပညာရင့်ကျက်မှုရှိနေသည်မှာ အမှန်ပင်ဖြစ်ပါ၏။

“မဇ္ဈိမာမှာ သိဒ္ဓိပေါက်၊ မဟိဒ္ဓိပုဂ္ဂိုလ်ကြီးတွေ ရှိနေကြသလား၊ သူတို့က ဘယ်မှာရှိနေကြပါသလဲ. . ”

“ဒီမှာ မနေကြပါဘူး၊ လိုအပ်တဲ့အချိန်ကျမှသာ မဇ္ဈိမာကိုရောက်လာပြီး ညွှန်ကြားတာပါ၊ အကြံဉာဏ်ပေးကြတာပါ၊ သူတို့ဟာ ရှန်ပဲလားမှာ နေကြတာပါ. . ”

မျိုးဆက်၏ အမေးကို ဖြေလိုက်သူကတော့ မဂ္ဂပင်။ တကယ်တော့ ထိုသူတို့သည် ကျွန်ုပ်တို့နေထိုင်ကြသော မြေပေါ်ကမ္ဘာကြီးနှင့်ပတ်သက်ပြီး အတော်အတန်ပင် သိပြီးကြပြီးဖြစ်သည်။ မြေပေါ်မှာ မြေအောက်ကမ္ဘာနှင့် ဆက်သွယ်နိုင်သော ကမ္ဘာ့တွင်းပေါက်ကြီးများနှင့် ပတ်သက်ပြီးတော့လည်း သိပြီးသား ဖြစ်နိုင်သည်။

အသွားအလာပင် ရှိနိုင်သည်။ ကျွန်ုပ်တို့ ကမ္ဘာမြေပေါ်ကလူသားတချို့သာ ဤခေါင်းပွကမ္ဘာကြီးအောက်ကို ရောက်ဖူးနိုင်ခဲ့ကြသည်။ သို့သော်. . ခရီး၏ အပုံတစ်ရာတစ်ပုံလောက်သာရောက်ဖူးနိုင်ခဲ့ကြသည်။ မျိုးဆက်တို့လို ခရီးက ဆုံးခန်းမတိုင်ခဲ့ကြပေ။

ထိုစဉ်. .

စိတြဒေဝီက စကားတစ်ခွန်းဝင်ပြောလိုက်လေ၏။

“ဒီကို အလာမှာ. . အာဂါသာတွေဟာ အဝေးကနေ



www.burmeseclassic.com

www.burmeseclassic.com



ပြီး. . ကျောက်တုံးလက်နက်တွေနဲ့ ပစ်ခတ်ကြတယ် ဖခင် သမီးတို့ရဲ့ မြင်းရထားပေါ်ကနေ ကျောက်တုံးလက်နက်က ဖြတ်ကျော်သွားခဲ့ပါတယ်၊ ကံကောင်းထောက်မလို့ ဧည့်သည် တွေကို မထိခိုက်တာဖြစ်ပါတယ်. . ”

“ဒီအာဂါသာတွေဟာ တော်တော်လေးကို ရမ်းကားနေကြတယ်၊ တခြားမှာလည်း ဒီလိုပဲ တိုက်ခိုက်ကြတယ်လို့ သတင်းကလာပို့ကြတယ်၊ အင်း. . သူတို့ဟာ ကိုယ့်ရဲ့ကံကြမ္မာအခြေအနေကိုမသိကြပါလား. . ”

မျိုးဆက်သည် မဂ္ဂ၏စကားအဓိပ္ပါယ်ကို စဉ်းစား၍ မရအောင်ပင်ဖြစ်သွားခဲ့ရလေသည်။ အာဂါသာတို့၏ ကံကြမ္မာအခြေအနေဆိုသည်မှာ မည်သည်ကို ရည်ညွှန်းပြီး ဆိုလိုပါသလဲ၊ ဝိညာဉ်ချုပ်လိပ်ပြာတွင် မြင်ခဲ့ရသည့် အကြောင်းအကျိုးများကို ပြန်ပြီးတော့ စဉ်းစားမိလာခဲ့သည်။

မဂ္ဂသည်လည်း ဝိညာဉ်ချုပ်လိပ်ပြာကို ကြည့်ပြီးပြီလော၊ အာဂါသာတို့၏ ပျက်စီးရာပျက်စီးကြောင်းကို မြင်ဖူးခဲ့ပြီးပြီလော။

“အေးလေ၊ ဧည့်သည်တော်တွေ ရောက်လာကာမှ ပင့်ကူမာလုတို့က ဆီးကြိုပြီးတိုက်ခိုက်တာတို့၊ အခုလို ရန်ရှာကြတာတို့က ဖြစ်လာကြတယ်၊ မကောင်းပါဘူး၊ အဲ့ဒီအတွက် ဧည့်သည်တော်တွေကို တောင်းပန်ပါတယ်. . ”

မဂ္ဂက မျိုးဆက်တို့ကို တောင်းပန်လိုက်လေရာ. .

“ဦးရီး၊ ကျွန်တော်တို့ကို တောင်းပန်ဖို့ မလိုပါဘူး၊ တချို့အိမ်နီးနားချင်းတိုင်းပြည်တွေဟာ ဒီလိုပဲ ကြံစည်တတ်ပါတယ်၊ မိတ်ကောင်းဆွေကောင်း ဖြစ်မလာကြပါဘူး၊





ကျွန်တော်တို့အဲပေါ်မှာ ဧည့်ဝတ်ကျေပြွန်တဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်. .

တစ်ခုတောင်းဆိုချင်တာက အာဂါသာတို့နဲ့ ပတ်သက်ပြီးတစ်ကယ့်အရေးကြုံလာခဲ့ရင် ကျွန်တော်တို့လည်း ပါဝင်ပြီးတော့ ကူညီပါရစေ. . ”

“ဟုတ်ပါတယ်၊ အဲ့ဒီအခွင့်အရေးကိုတော့ ပေးပါ”

မျိုးဆက်နှင့် ကိုမိုးတို့က အမှတ်မထင်တောင်းဆိုလိုက်သည့်စကားကြောင့် မဂ္ဂ. . သေနအပါအဝင်၊ အားလုံးမှာ အံ့အားသင့်သွားခဲ့ကြရလေသည်။

ညဥ့်သန်းကောင်းယံလောက်တွင်။

မျိုးဆက်နှင့် ကိုမိုးတို့မှာ အခန်းထဲတွင် အိပ်မောကျနေလျက်ရှိကြသည်။ မဂ္ဂဆီက ပြန်လာပြီးကတည်းက ညနေစာကိုစောစီးစွာပင် စားသောက်ခဲ့ကြသည်။ သွား၍. . လာ၍ ပင်ပန်းခဲ့ကြသည်နှင့် စောစွာပင် အိပ်ယာဝင်ခဲ့ကြလေသည်။

“မျိုးဆက်၊ ငါတော့ အရမ်းကို အိပ်ချင်နေပြီကွာ၊ မဇ္ဈိမာမှာ ညဘက်လည်စရာလည်း မရှိဘူး၊ ပွဲလမ်းသဘင်လည်း မရှိဘူး၊ အပျော်အပါးကို သိပ်ပြီးအားမပေးကြဘူးနဲ့ တူပါတယ်ကွာ. . ”



www.burmeseclassic.com

www.burmeseclassic.com



"ပွဲလမ်းသဘင်မျိုးကတော့ ရှိမှာပါ၊ မဂ္ဂတို့ဆီကို အသွားမှာ ခင်ဗျားတစ်ခုသတိပြုမိလိုက်ရဲ့လား"

"ဘာကိုလည်းကွ"

"ခန်းမကြီးထဲမှာ ကျောင်းဆောင်နဲ့တကွ ရှိနေတဲ့ ဆင်းတုတော်ကြီးတစ်ဆူလေ၊ ဒါကိုကြည့်ရခြင်းအားဖြင့် မဇ္ဈိမာတွေဟာ ဗုဒ္ဓဘာသာဝင်တွေပဲဗျ. ."

"ဟုတ်တယ်၊ ငါလည်းဆင်းတုတော်ကို ဖူးတွေ့လိုက်ရပါတယ်၊ အံ့အားသင့်စရာကောင်းတာက ထုလုပ်ထားတဲ့ လက်ရာက ငါတို့မြန်မာတွေရဲ့ လက်ရာအတိုင်းပဲ၊ နီးစပ်ရုံတင် မဟုတ်ဘူး၊ ဒီအတိုင်းကို တူနေတာကွ၊ ငါတော့ မြန်မာပြည်က ဘုရားတစ်ဆူကို ပင့်ဆောင်ပြီး ကိုးကွယ်ထားကြသလားလို့ တောင်ထင်နေမိတာ. ."

"အင်း. . မဇ္ဈိမာဟာ ကျွန်တော်တို့ရဲ့ ရေမြေတောင်သဘာဝအလေ့အထနဲ့ အတော်လေးကို တူနေပါလားဗျာ၊ အံ့အားသင့်စရာပဲ. ."

မျိုးဆက်ကပြောလိုက်ရာ ကိုမျိုးထံမှ စကားပြန်မရ၍ လှည့်ကြည့်လိုက်လေ၏။ ကိုမိုးကား အိပ်မောကျသွားခဲ့လေပြီ၊ ကိုမိုး အိပ်ပျော်သွားပုံမှာ မြန်ဆန်လွန်းလှသည်။

မျိုးဆက်လည်း မေးကနဲဆို အိပ်ပျော်သွားခဲ့လေရာ. . .

"ကိုမျိုး. . ကိုမျိုး"

အခန်းအပြင်ဘက်မှ ခေါ်သံကြောင့် ဖျတ်ကနဲဆို နိုးသွားခဲ့ရလေ၏။ စိတြာဒေဝီ၏အသံပင်ဖြစ်သည်။ ထို့ကြောင့်





အိပ်ယာထက်မှ ထ,ကာ အောက်ကိုဆင်းလိုက်လေ၏။ တံခါးကို ဖွင့်လိုက်ရာထင်သည့်အတိုင်းပင်၊ သူမသည် မျိုးဆက်ကို အပြုံးလေးနှင့်စောင့်နေလျက်ရှိသည်။

"ကေသာ"

"မောင်"

စိတြာဒေဝီသည် မျိုးဆက်၏ရင်ခွင်ထဲကို တိုးဝင်လာခဲ့လေ၏။ တခဏအကြာတွင် သူမ၏ အခန်းထဲမှာ နှစ်ယောက်အတူရှိနေကြသည်။ သူမသည် လွန်စွာမှပင် ချစ်ဇောရမ္မက်ပြင်းထန်သူဖြစ်ကြောင်း သိရသည်။

"ကေသာ၊ ကိုယ်တို့နေတဲ့နေရာနဲ့ ကေသာတို့နေတဲ့နေရာ နီးကပ်နေကြတာ လူကြီးတွေက မပြောကြဘူးလား"

"ပြောစရာမလိုဘူးလေ၊ ဒါ. . ကေသာ စီစဉ်ထားတာပဲ၊ မောင်. . ဒီကိုရောက်လာလိမ့်မယ်ဆိုတာ သိထားတာကြာပြီ၊ မောင်ဟာ ကေသာနဲ့ လက်ဆက်ရမယ့်သူပဲ၊ ဖူးစာရှင်ပဲ၊ ဒါကို ဖခင်ကိုလည်း ပြောပြထားတယ်၊ ဒါကြောင့်မို့ ကေသာ စီစဉ်တာကို ခွင့်ပြုထားတာပေါ့. ."

"ဦးရီးကလည်း သိထားတယ် ဟုတ်လား၊သူက ဒါလောက်အထိအောင် လိုက်လျောထားသလား"

"ကေသာ့ သဘောတစ်ခုတည်းပါ၊ ဖခင်ကလည်း မောင်ဟာ ကေသာနဲ့လက်ဆက်ရမယ့်သူဆိုတာ သိထားတယ်. ."

"ဘယ်လိုသိတာလည်း ကေသာ"

"ဝိညာဉ်ချုပ်လိပ်ပြာကြီးကို မောင်မြင်ဖူးခဲ့ပြီ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား. . ”

မျိုးဆက်လည်း သဘောပေါက်သွားခဲ့ရလေသည်။ မဂ္ဂသည် ဝိညာဉ်ချုပ်လိပ်ပြာကြီးကိုကြည့်ကာ အနာဂါတ်ခရီးကို လှမ်းထားဖူးသူတစ်ဦးဖြစ်ခဲ့သူပါတကား. .

ဒီလိုနှင့်တညဉ့်တာကာလသည် အေးဆေးစွာပင် ဖြတ်သန်းသွားနေလေသည်။

(၁၆)

## ဘာနူရဲ့အကြံအစည်

အာဂါသာတို့၏နေရာ. .၊

လွန်စွာမှကျယ်ဝန်းသော အဆောက်အဦးကြီးတစ်ခု အတွင်း လူတစ်ယောက်သည် မဟော်ဂနီရောင်တောက်ပနေသော အစင်းကော်ဇောမှ လျှောက်သွားရင်း စားပွဲဆီကို မရောက်မီ ချာကနဲဆို လှည့်လိုက်ပြန်လေ၏။ သေချာစွာကြည့်လိုက်လျှင် သူ၏မျက်နှာကြီးသည် ကြောက်မက်ဖွယ်ရာအတိ ဖြစ်နေသည်။ မျက်နှာတစ်ပြင်လုံးသည် အရည်များတွန့်၍ ရှုံ့တွနေကာ အထွတ်အထွတ်တွေဖြစ်နေသည်။

လူတစ်ယောက်နှင့် မတူတော့ပဲ တစ္ဆေသရဲသာ သူနှင့် တူသည်ဟု ဆိုပါလျှင် သူသည် တစ္ဆေတစ်ကောင်သာဖြစ်ပေလိမ့်မည်။ မျက်လုံးတစ်ဖက်ကလည်း မျက်ဆန်အိမ်ခုလုံး တိမ်သလ္လာဖုံးလွှမ်းသကဲ့သို့ အဖြူထည်ကြီးသက်သက်ဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



လေပြီ။

မျက်နှာပြင်ပေါ်မှာလည်း မည်သည့်အမွေးအမျှင်များ မရှိတော့ပဲ ပျက်စီးနေသော အရည်ပြားများကသာ ပေါ်ပေါ် တင်တင်ကြီးဖြစ်နေလေသည်။ သူကား. . အခြားသူမဟုတ်။

အာဂါသာတို့၏ စစ်သူကြီး၊ သို့မဟုတ် သေနာပတိဟု ဆိုရမည်ဖြစ်သော ဘာနုပင်တည်း။

"မာလု၊ နင်ဟာ စိတြဒေဝီကို ရှုံးနိမ့်ခဲ့တယ်ပေါ့၊ ဟုတ်လား၊ ငါ့လူတချို့လည်း ရှုံးနိမ့်တဲ့ဒဏ်ကို ခံစားခဲ့ကြရပြီး သေရစ်ခဲ့ကြပြီပေါ့"

ပင့်ကူကြီးမာလုသည် ဘာနု၏မေးခွန်းကို မည်ကဲ့သို့ ဖြေရမှန်းမသိပေ၊ သူ့ရင်ထဲမှာ ကြောက်ရွံ့မှုများသာ လွှမ်းခြုံ နေလျက်ရှိသည်။ ဘာနုလည်း အပြစ်ပေးလျှင် ရက်ရက်စက်စက် ပေးတတ်သူမဟုတ်ပါလား။

"ဟုတ်. . ဟုတ်ပါတယ်၊ စိတြဒေဝီဟာ အင်မတန်မှ ပရိယာယ်မာယာများပါတယ်၊ သူလှည့်စားလို့. . "

"တိတ်စမ်းကွာ၊ သင်းအကြောင်းထပ်ပြီး မပြောနဲ့တော့ ငါမကြားချင်ဘူး"

ဘာနုသည် သူ့မျက်နှာကို လက်နှင့် အမှတ်မထင် စမ်းမိလိုက်လေသည်။

"သင်းကြောင့် ငါ့မျက်နှာပျက်စီးသွားခဲ့ရတာ"

နာကျည်းသောလေသံဖြင့် တိုးတိုးလေးပြောမိလိုက် သည်။ မံသကျောက်မျက်လုံးကို မလိုလောဘစိတ်နှင့် မဖွိုမာ သို့အရောက်သွားပြီး ခိုးယူမိခဲ့သည်။ လက်ထဲကိုပါလာကာမှ





နောက်ကနေအမီလိုက်လာသော စိတြဒေဝီက လက်ထဲက ပြန်ပြီးတော့ လုယူသွားခဲ့သည်။ သူမ,က တိုက်ခိုက်၍ သူ့လူတွေ ဒဏ်ရာရသူတွေကရ၊ သေသူတွေက သေနှင့်။

သူမ၏မြင်းရထားပေါ်က ငွေရောင်သေတ္တာကို မံသ ကျောက်မျက်လုံးဟုထင်၍ ယူမိရာက အဆိပ်ငွေ့သင့်ကာ မျက်နှာလည်းပျက်စီးခဲ့သည်။ မျက်လုံးတစ်ဖက်လည်း ကွယ်သွား ခဲ့ရသည်။ သူနှင့်အတူ သူ့လူတွေလည်း မမြင်မကန်းနှင့် မြင်းတွေနှင့်တကွ ချောက်ကြီးထဲကို ကျသွားခဲ့ကြသည်။ အားလုံး သေဆုံးကုန်ကြသည်။ သူသာလျှင်. . သေကံမရောက်၊ သက် မပျောက်ခဲ့။

ကံအားလျော်စွာပင် သစ်ပင်တစ်ပင်ထက်မှာ တင်ကျန် ရစ်ခဲ့သည်။ သို့သော် မျက်နှာတစ်ပြင်လုံးကတော့ လူစဉ်မမီ အောင်ပင် ပျက်စီးသွားခဲ့လေပြီ။

[အဖြစ်အပျက်များကို အခန်း ၁ မှာ ဖော်ပြပြီးဖြစ်ပါ သည်။]

မာလုသည် ငြိမ်နေသော ဘာနုကို မလှုပ်မယှက်နှင့် ရပ်ပြီးတော့ ကြည့်နေလေသည်။ သူ့ကို ဘယ်လိုများ အပြစ်ပေး မလဲ၊ စီရင်လေမလဲဟု ကျောပေးကာ ရပ်နေသော ဘာနုသည် မာလုနှင့် မျက်နှာချင်းဆိုင်လိုက်လေ၏။

"စိတြဒေဝီဟာ ဧည့်သည်တွေကို ခေါ်ဆောင်လာတာ မင်းတွေ့လိုက်ရတယ်နော်"

"တွေ့. . တွေ့လိုက်မိပါတယ်. . သခင်ကြီး ဧည့်စိမ်း တွေပါ၊ သူတို့ကို မသကာလို့ လိုက်ဖမ်းတာပါ၊ သူတို့ယူဆောင်



www.burmeseclassic.com

www.burmeseclassic.com



လာတဲ့လက်နက်က ထူးဆန်းပြီးကြောက်စရာကောင်းပါတယ်၊ အဝေးကနေလှမ်းပြီးပစ်လိုက်တာနဲ့ မိုးခြိမ်းသံလိုအသံကြီး ထွက်ပေါ်လာပါတယ်၊ ကျွန်တော်တို့ဘက်ကလူလည်း ဘယ်လိုဖြစ်သွားမှန်းမသိလိုက်ရပဲ ချက်ချင်းလဲကျသေဆုံးသွားခဲ့ရပါတယ်. . "

"မီးပေါက်လက်နက်၊ ဟုတ်လား၊ လက်နက်ဆန်းပဲ၊ ဒီလူတွေဟာ ဒီလိုထူးဆန်းတဲ့လက်နက်မျိုးကို ကိုင်ဆောင်ကြတယ်. . ဟုတ်လား၊ လူသား စစ်စစ်မှ ဟုတ်ရဲ့လား. . နတ်ဒေဝတာတွေများလား"

ဘာနုဇဝေဇဝါဖြစ်သွားခဲ့ရလေသည်။ အာဂါသာကလူများ၏ဦးနှောက်အဆင့်သည် မဇ္ဈိမာမှ လူများ၏ ဦးနှောက်အဆင့်ကို မမီကြပေ။ ထို့ကြောင့် တိမ်ကောသောဉာဏ်ဖြင့် ထင်မြင်ယူဆလိုက်ခြင်းပင်တည်း။

"စိတြဒေဝီဟာ ပြောလို့မရဘူး၊ သိပ်ပြီးပါးနပ်တယ်၊ ဉာဏ်ကြီးတယ်၊ ထက်မြက်တယ်. . ပြီးတော့ ကောက်ကျစ်တယ်၊ သူရော၊ သူ့အဖေမင်္ဂနဲ့ သေနရော၊ အသိဉာဏ်မြင့်မားကြတယ်၊ နတ်ဒေဝတာတွေနဲ့တောင် ဆက်သွယ်နိုင်ကြတယ်၊ မဇ္ဈိမာမှာ ကြီးစိုးနေကြတဲ့သူတွေပဲ။

သင်းတို့ မဇ္ဈိမာတွေဟာ ဟိုး. . ဘိုးစဉ်ဘောင်ဆက်ကတည်းက ငါတို့အာဂါသာတွေကို အထင်သေးရှုံ့ချခဲ့ကြတယ်၊ ထက်မြက်တဲ့ပညာတွေ မသင်ကြားပေးခဲ့ကဘူး"

ဘာနုသည် တစ်ကိုယ်တည်းပြောနေသော်လည်း စိတ်လွတ်ကိုယ်လွတ်ဖြစ်နေဟန်ရှိသည်။ နာကျည်းနေသည့်





သဘောမျိုးပင်။

ထို့နောက်. .

နေရာမှလျှောက်သွားကာ ဝရံတာမှာ ရပ်လိုက်သည်။

ကောင်းနေသော မျက်လုံးတစ်ဖက်က အဝေးကိုမျှော်ပြီးတော့ ကြည့်လိုက်သည်။ ရှေ့မှာ တောင်တန်းကြီးတွေကာဆီးပြီးတော့ခံနေသည်။ ယင်းတောင်တန်းကြီးတွေ၏ တစ်ဖက်ကိုဘာမှမမြင်ရ၊ သီးခြားရပ်တည်နေသော အာဂါသာတစ်ခုရှိနေသေးသည်။ တောင်ဘက်အာဂါသာဖြစ်ပြီး မိမိတို့က မြောက်ဘက်အာဂါသာဖြစ်လေသည်။ တောင်ဘက်အာဂါသာများသည် မိမိတို့ မြောက်ဖက်အာဂါသာများကို အရိုင်းအစိုင်းများဟုယူဆထားကာ အဆက်အသွယ်လုပ်မှု နည်းပါးကြလေသည်။

"တစ်နေ့ကျရင် တောင်ပိုင်းအာဂါသာလည်း ငါတို့လက်အောက်ကိုရောက်ရမယ်၊ မဇ္ဈိမာလည်း ငါတို့ခြေဖဝါးအောက်မှာ ပြားပြားမှောက်စေရမယ်၊ စိတြဒေဝီ၊ နင်. . ငါ့လက်ထဲကို မုချရောက်ရစေ့မယ်၊ ငါ့ဇနီးဖြစ်စေရမယ်. . "

ဘာနုသည် တောင်ပိုင်းအာဂါသာများကိုရော၊ မဇ္ဈိမာကိုရော အမုန်းကြိတ်ချင်သည့်စိတ်က ကြီးစိုးလျက်ရှိလေသည်။

"မာလု"

"ဗျာ. . ဗျာ၊ သ. . သခင်ကြီး"

မာလုသည် ရုတ်တရက်လှည့်ပြီးခေါ်လိုက်သော ဘာနု၏အသံ တုန်လှုပ်သွားခဲ့ရလေသည်။ ဘာနု၏ ကြောက်သရေမရှိသော မျက်နှာကြီးသည် သရဲသဘက်တစ်ကောင်ပမာပိုပြီး



www.burmeseclassic.com

www.burmeseclassic.com



တော့ ကြောက်စရာကောင်းနေလေ၏။

"စိတြဒေဝီခေါ်လာခဲ့တဲ့ လူနှစ်ယောက်ဟာ ငါ့ကမ္ဘာကပဲလား၊ တိုင်းပြည်တစ်ခုခုကပဲလားဆိုတာ ငါဝေခွဲလို့မရဘူး၊ နတ်ဒေဝတာတွေလည်း ဟုတ်မဟုတ် ငါကိုယ်တိုင်သိချင်တယ်၊ အဲ့ဒီတော့. . သူတို့ကို ရအောင်ဖမ်းမယ်၊ ငါကိုယ်တိုင်ထွက်မယ်၊ စိတြဒေဝီကိုပါ ငါလက်ထဲရောက်လာစေရမယ်၊ မင်းပါ ငါနဲ့လိုက်ခဲ့ရမယ်၊ ဒါဟာ မင်းကို ငါသက်ညှာစွာ ပေးတဲ့အပြစ်ပဲ. ."

"ကျွန်တော်က ဘယ်လိုနည်းနဲ့ လိုက်ပါရမှာလဲ သခင်ကြီး. ."

"မဖွိုမာတွေကို တိုက်ခိုက်ရမယ့် နည်းလမ်းကတော့ မြေအောက်လျှို့ဝှက်လမ်းကြောင်းတွေကပဲ၊ ဒါကို မင်းသိထားတယ်၊ ဘယ်လိုသွားရမယ်ဆိုတာ မင်းသိထားတယ်. ."

"သ. . သခင်ကြီး၊ ကျွန်တော်က မဖွိုမာဘက်ကိုသွားရမယ့်လမ်းကြောင်းလို့သာ သာမန်ထင်ထားချက်ပါ၊ သေသေချာချာသိထားလို့ မဟုတ်ပါဘူး၊ ပြီးတော့ မြေအောက်လမ်းကြောင်းတွေဟာ ရှုပ်ထွေးနေကြလို့ အန္တရာယ်လည်း များလှပါတယ်၊ အထဲမှာ ဘာတွေရှိမှန်းလည်း သိနိုင်မှာ မဟုတ်ပါဘူး"

"မင်း. . မင်း. ."

ဘာနုသည် နံရံမှာ ချိတ်ထားသော ဓါးကို ရုတ်တရက် ဆွဲဖြုတ်လိုက်ပြီး မာလု၏ လည်ပင်းပေါ်မှာ တင်ထားလိုက်သည်။

"မင်း. . ငါ့ကို နောက်ထပ် ဘာဆင်ခြေများ ပေးဦး





မလို့လဲ၊ မင်းရဲ့ အဖေဟာ ငါ့ကို ဒီအတိုင်းဆန့်ကျင်ခဲ့တယ်၊ တောင်ပိုင်းအာဂါသာကို ပြေးမယ်ကြံတော့ သူဘာဖြစ်သွားသလဲ၊ အေး. . မင်းလည်း မင်းအဖေရဲ့နောက်ကို မလိုက်ချင်ရင် ငါခိုင်းတာကိုလုပ်ပါ၊ ဒီလျှို့ဝှက်လမ်းကြောင်းကို မင်းရဲ့အဖေက မင်းကိုပြောခဲ့တယ်. . ငါသိတယ်"

"သ. . သခင်ကြီးက ကျွန်တော့်ကိုမေးတော့ မပြောရင် သတ်မယ်ဆိုလို့ သိပါတယ်လို့ ပြောခဲ့တာပါ၊ ကျွန်တော့်ရဲ့ အဖေက မဖွိုမာဘက်ကိုကူးတဲ့ လျှို့ဝှက်လမ်းကြောင်းကို ပြောမလို့ ကြံစည်ခဲ့တာတော့ အမှန်ပါ၊ ဒါပေမယ့် သူ. . ကျွန်တော့်ကို မပြောမီမှာ သခင်ကြီးရဲ့ လက်ချက်နဲ့. ."

"တော်စမ်း. . မင်းကို ငါ. . ဒီမှာတင် ဇီဝိန်ခြွေပစ်ရမှာလားပြောစမ်း"

ဓါးသွားက မာလု၏ဇက်ပေါ်မှာ ပိုပြီးတော့ ဖိကပ်လာခဲ့လေရာ. .

"ကျ. . ကျွန်တော်၊ သ. . သခင်ကြီးခိုင်းတဲ့အတိုင်း လိုက်. . လိုက်နာပါ့မယ်၊ အ. . အသက်ကိုတော့ ချမ်းသာပေးပါ. ."

မာလုသည် တစ်ကိုယ်လုံးတုန်လှုပ်လျက်ရှိသည်။ ဘာနု၏ရက်စက်ကြမ်းကြုတ်မှုကို သိထားသည် မဟုတ်ပါလား။

"အေး၊ ဒါငါ့ရဲ့ နောက်ဆုံးလိုက်လျောခြင်းပဲ၊ နောက်တစ်ခါဆင်ခြေပေးရင် မင်းရဲ့အသက်ကို ငါနှုတ်ယူရလိမ့်မယ်"

ဘာနုသည် ဓါးကို မာလု၏ဇက်ပေါ်မှ ပြန်ရုပ်ပြီးတော့ ရုပ်လိုက်လေသည်။ မိမိကို အသက်ရှင်ခွင့်ပေးထားခြင်းမှာ



www.burmeseclassic.com

ဤမြေအောက်လျှို့ဝှက်လမ်းကြောင်းကိုစွကြောင့်ပါလားဟု မာလုသဘောပေါက်သွားခဲ့ရလေသည်။

"တောက်. . ဘာနုရာ၊ မင်း. . ငါ့ရဲ့အဖေကို သတ်ခဲ့တာ နောင်ဘဝအထိတောင် ငါကြေနိုင်မှာမှ မဟုတ်တာ"

မာလုက ကြိမ်းဝါးလိုက်လေသည်။ သို့သော်. . စိတ် ထဲမှာသာ. . .

* * *

ညဘက်ကိုရောက်လာသည်။ လတစ်စင်းက မြေ အောက်မိုးကောင်းကင်ထက်မှာ ထွက်လာခဲ့လေသည်။ အနန္တ စကြာဝဠာကြီးသည်လည်း မြေအောက်ကမ္ဘာနှင့်လည်း အံကျုံးဝင်သည်ဟု ယူဆရလေသည်။

တစ်ခုပဲ ခြားနားသည်က မဖျိုမာတွင် ညဖြစ်နေလျှင် မြေပေါ်ကမ္ဘာမြေပြင်သည် နေ့ဖြစ်နေခြင်းပင်တည်း။

ထို့ကြောင့်. .

မြေအောက်ခေါင်းပွကမ္ဘာကြီးထဲမှာ ထွန်းလင်းလျက် ရှသောလေသည်. . အခြားသောလတစ်စင်းဖြစ်ပေမည်။ နေသည်လည်း အခြားသောနေတစ်စင်းဖြစ်ပေလိမ့်မည်။

တကယ်တော့. .

မဖျိုမာတွင်ရှိသော နေသည်လည်း ကမ္ဘာမြေပြင် ထက်မှာကဲ့သို့ ဓါတ်ငွေ့လုံးကြီးပင် မဟုတ်ပါလား၊ သို့သော် တစ်ခုထူးခြားသည်က မဖျိုမာတွင် ထွန်းလင်းလျက်ရှိသော နေသည် အလုံးစုံတောက်ပခြင်းမရှိပဲ အရောင်မှိန်သည်။





စိမ်းဝါရောင်၊ ဓါတ်ငွေ့လုံးကြီးလိုဖြစ်နေသည်။

မဖျိုမာ၏ကျောက်သားနံရံများသည် ညဘက်မှာ အလင်းရောင်ထွက်တတ်သည်။ မီးတိုင်၊ မီးအိမ်မလိုသော်လည်း တစ်ခါတရံမှာ လောင်စာဆီဖြင့် မီးထွန်းညှိကြကြောင်းကိုလည်း ဆိုရလေသည်။ သို့သော်. . ထိုလောင်စာဆီများသည် သစ်ပင် တစ်မျိုးမှရရှိသော အဆီများဖြစ်ကြောင်းသိရှိရလေသည်။

ဤညမှာမူ ဆီးနှင်းတွေက မနားတမ်းပင် ကျလာလျက် ရှိလေသည်။ မှိုင်းမှိုင်းဝေလျက်ရှိကြသော တောင်ကြီးများသည် ဆီးနှင်းများကြောင့် မြင်ကွင်းက ပိုးတဝါးဖြစ်သွားခဲ့ကြလေ၏။ အအေးဓါတ်ကလည်း ပိုပြီးတော့ သိပ်သည်းလာခဲ့လေသည်။ အားလုံးအနွေးထည်ထူထူကြီးများကို ဝတ်ဆင်ထားကြသည်။

သူတို့ရောက်ရှိနေကြသောနေရာသည် မဖျိုမာနှင့် အာဂါသာတို့၏နယ်စပ်မှာဖြစ်ကြသည်။ သူတို့ဆိုသည်ကား. .

သေနဦးဆောင်သော မဖျိုမာစစ်သည်များပင်၊ စိတြဒေဝီနှင့်အတူ ပါလာကြသောသူများကတော့ မျိုးဆက်နှင့် ကိုမိုးတို့ပင်၊ အာဂါသာမှလူများသည် မဖျိုမာကို ကျူးကျော် ဝင်ရောက်ကြမည်ဟူသော သတင်းအရ. . တိတ်တဆိတ်စောင့် ဆိုင်းနေကြခြင်းပင်။

"ကိုမျိုးဆက်၊ ကျုပ်တို့နဲ့အတူ ဒုက္ခခံပြီးစောင့်နေကြတဲ့ အတွက် ဧည့်သည်တော်တွေကို အားနာလှပါတယ်၊ မဖျိုမာကို ကာကွယ်ဖို့အတွက် ကျုပ်တို့မှာလည်း တာဝန်ရှိပါတယ်၊ ကမ္ဘာသားဧည့်သည်တွေကို ဒုက္ခမပေးချင်ပါဘူး. ."

"ဒီလိုလည်း ဘယ်ဟုတ်မလည်းသေန၊ ကျွန်တော်တို့

www.burmeseclassic.com



ကလည်း မိတ်ကောင်းဆွေကောင်းပီပီ၊ မဗ္ဗိမာရဲ့ အကျိုးပျက်စီးရာပျက်စီးကြောင်းကြံစည်တဲ့သူတွေကို အကာအကွယ်ပေးရမှာပေါ့၊ မဗ္ဗိမာဟာ ကျွန်တော်တို့ကို နွေးထွေးစွာနဲ့ ကြိုဆိုခဲ့တာ မဟုတ်လား"

"ဒါတော့ မှန်တယ်၊ အာဂါသာက မာလုရဲ့လက်ထဲကို သာခင်ဗျားတို့ရောက်သွားခဲ့ကြရင် ကောင်းကောင်းနှိပ်စက်ခံနေကြရပြီ၊ ဘာနုဟာ လူစိတ်ရှိတဲ့သူ မဟုတ်ဘူး၊ သူဟာ အဆိုးကိုပဲ မြင်တတ်တဲ့သူ. . "

သေနသည် စကားမဆက်ဖြစ်တော့၊ သူ့ဆီကို မဗ္ဗိမာတစ်ဦးက အပြေးရောက်လာသောကြောင့်ပင်တည်း။

"ဆရာသေန၊ ဘာနုနဲ့ သူ့လူတွေတော်တော်များများဟာအနောက်ဖက်လှိုဏ်ကြီးထဲကို ဆင်းသွားကြတာတွေ့လိုက်ပါတယ်"

"ဟင်. . ဟုတ်လား၊ ဒါဆိုရင် ဒီလူတွေ အကြံအစည်ရှိနေကြပြီ၊ အဲ့ဒီလှိုဏ်ထဲကနေဆင်းပြီး မဗ္ဗိမာကို ဝင်ဖို့ပဲဖြစ်ရမယ်၊ အာဂါသာနဲ့ မဗ္ဗိမာ အဆက်ပြတ်နေတဲ့နေရာမို့ တော်ရုံလူတွေ သတိမထားမိကြဘူး၊ ဒါတစ်ယောက်ယောက်ရဲ့ စိတ်ကူးပဲ"

"အစ်ကို၊ ကေသာတို့. . ချက်ချင်းလိုက်ကြမှ ဖြစ်မယ်၊ မျက်ခြေပြတ်သွားလို့ မဖြစ်ဘူး"

စိတြဒေဝီက သတိပေးလိုက်ရာ. . သေနက လက်ခံလိုက်ပြီး မြင်းတွေပေါ်ကို တက်သွားခဲ့ကြသည်။ ထိုနေရာမှ ချက်ချင်းပင် ထွက်လာခဲ့ကြလေသည်။



## (၁၇)
## လှိုဏ်ဂူကြီးထဲက တိုက်ပွဲ

လူအယောက်သုံးဆယ်ခန့်သည် အနောက်ဘက်လှိုဏ်ကြီးထဲကို တဖြည်းဖြည်းနှင့် ဆင်းသွားခဲ့ကြလေသည်။ ယင်းလှိုဏ်ကြီးသည် မဗ္ဗိမာနှင့် မြောက်ဖက်အာဂါသာတို့ နယ်နိမိတ်ခြားထားသည့်နေရာပင်ဖြစ်သည်။

ထိုသို့ခိုးကြောင်ခိုးဝှက်နှင့် ဆင်းသွားကြသူများသည် ဘာနုခေါင်းဆောင်သော မြောက်အာဂါသာမှ လူများပင်ဖြစ်ကြသည်။ မာလုသည် မဗ္ဗိမာကို ဝင်နိုင်သော မြေအောက်လှိုဏ်ဝှက်လမ်းကြောင်းကို သိထားသူဟုဆိုကာ ဘာနုက ဇွတ်အတင်းပင်ခေါ်လာခဲ့ခြင်းပင်ဖြစ်သည်။ တကယ်တော့ မာလုသည် ထိုနေရာကို သေသေချာချာသိသည် မဟုတ်ပေ။ သူ၏ဖခင်က မသေဆုံးမီမှာ ပြောပြခဲ့ဖူးသည့် သာမန်မျှခြေအနေတစ်ခုသာ။



www.burmeseclassic.com

www.burmeseclassic.com



ဘာနုကို ကြောက်၍သာ လိုက်လာခဲ့ရသည်။ ထိုလိုဏ်လမ်းကြောင်းများကိုသာ မတွေ့ခဲ့လျှင် မိမိ၏အသက်လည်း ချမ်းသာရာရမှာမဟုတ်။

"ငါသိထားသလိုနဲ့ သွားရမယ်၊ တစ်ကယ်လို့ ရှာမတွေ့ခဲ့ရင်. . သူတို့အလစ်မှာ ထွက်ပြေးရမယ်၊ တောင်ဘက်အာဂါသာမှာ သွားပြီးတော့ ခိုလှုံရမယ်၊ ငါ့အသက်ကို အသေမခံနိုင်ဘူး. . "

မာလုသည် လမ်းတစ်လျှောက်လုံး ကြံစည်သွားခဲ့လေသည်။ ဤလှိုဏ်ကြီးထဲကို ဆင်းရန် မည်သူမှ မကြံစည်ဝံ့ကြပေ။ မဖျိမာ၏စစ်သည်ရဲမက်များကလည်း ဤနေရာကို စောင့်ကြပ်ကြည့်ရှုခြင်းမရှိပေ။

[အာဂါသာတို့၏အထင်သည် မှားယွင်းလျက်ရှိသည်၊ တကယ်တော့ မဖျိမာတို့ဘက်မှ ထိုလှိုဏ်ကြီးထဲကို ကင်းပုန်းချကာ တစ်ချိန်လုံးစောင့်ကြည့်နေသည်။]

ကောင်းကင်ထက်မှာ လ,ကရှိနေသော်လည်း လှိုဏ်မြောင်ကြီးထဲကိုရောက်အောင် လ,ရောင်က မထိုးဖောက်နိုင်ပေ။

ထို့ကြောင့် သစ်ဆီမီးတုတ်ကြီးများကို ထွန်းညှိလိုက်ကြရလေသည်။ တောင်ပိုင်းအာဂါသာများတွင် အလင်းရောင်ထွက်သော ကျောက်တုံးများကို ပိုင်ဆိုင်ခြင်းမရှိကြပေ။ မဖျိမာမှာသာလျှင် ထိုကဲ့သို့သော ကျောက်မျိုးများက ရှိနေကြလေသည်။

ဘာနုခေါ်လာခဲ့သောသူများသည် များပြားလှသည်။ လှိုဏ်ကြီးထဲမှာ ခြေသံများက သိသာစွာပင် ထွက်ပေါ်လျက်ရှိနေ



ကြလေသည်။ တဖြည်းဖြည်းနှင့် လှိုဏ်ကြီး၏ အတွင်းပိုင်းကို ရောက်လာခဲ့ကြလေသည်။

"ဟော့ကောင် မာလု၊ မရောက်သေးဘူးလားကွ. . "

"ရောက်. . ရောက်တော့မှာပါ၊ ဟိုရှေ့နားလောက်မှာပါ. . "

"မင်း. . ငါတို့ကို တလွဲနေရာကို ခေါ်မသွားနဲ့နော်"

"ကျွန်တော်မကြံစည်ဝံ့ပါဘူး ခင်ဗျာ"

ပင့်ကူကြီးမာလုက ခပ်တည်တည်ဖြင့် ပြင်ပြောလိုက်လေသည်။ သည့်ထက်ပိုပြီး အခြေအနေကောင်းမလာခဲ့လျှင်တော့. . ပြေးဖို့အတွက် သေသေချာချာကိုပင် စိတ်ဒုံးဒုံးချထားလေသည်။ သို့သော်. . မာလု၏လက်မှာကိုင်ထားသည့်မီးရောင်၏အောက်မှာ တွေ့လိုက်ရသည်ကား ဂူပေါက်ဝကြီးတစ်ခုပင်တည်း၊ အဝကိုချုံနွယ်များက ပိတ်ဖုံးလျက်ရှိနေလေသည်။

"အတော်ပဲ၊ ဒါကိုပဲအကြောင်းပြရမယ်၊ ဂူထဲမှာ လိုဏ်လမ်းတွေရှိပါစေလို့ပဲ ဆုတောင်းရတော့မှာပဲ. . "

"ဟာ. . ဟိုမှာ တွေ့ပြီ၊ တွေ့ပြီ၊ အဲ့ဒီဂူပဲ၊ မဖျိမာကိုသွားလို့ရတဲ့ လိုဏ်လမ်းတွေအများကြီးပဲရှိတယ်"

မာလုက အော်ပြီးပြောလိုက်ရာ ဘာနုသည် ထိုနေရာကို စိတ်လှုပ်ရှားစွာဖြင့် လှမ်းကြည့်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



သေနတို့ လူတစ်စုသည် မြင်းတွေကို လှိုဏ်ထိပ်နှင့် မနီးမဝေးတွင် ထားရစ်ခဲ့ကြသည်။ လှိုဏ်ကြီးထဲကို ဆင်းသည့် လှိုဏ်ဂူက်လမ်းမှနေ၍ ဆင်းသွားခဲ့ကြသည်။ စိတြဒေဝီသည် သေနတို့၏နောက်ကဖြစ်ပြီး မျိုးဆက်နှင့် ကိုမိုးက ကပ်ပြီးတော့ လိုက်ပါလာခဲ့ကြလေသည်။ မဇ္ဈိမာ၏ ရဲမက်တော်တော်များများသည်လည်း လိုက်ပါလာခဲ့ကြသည်။

မဇ္ဈိမာတို့သည် အမှောင်ထဲမှာလည်း ကောင်းစွာပင် မြင်နိုင်စွမ်းရှိကြသည်။ ကြောင်မျက်လုံးပိုင်ရှင်များပင်၊ စိတြဒေဝီသည် မျိုးဆက်၏လက်မောင်းကို မသိမသာကိုင်ကာ ထိန်းပြီးတော့ ခေါ်သွားခဲ့သည်။

လှိုဏ်ကြီးထဲမှာပိုပြီးတော့ အေးစိမ့်လျက်ရှိသည်။ မျိုးဆက်နှင့် ကိုမိုးတို့တွင် လက်နှိပ်ဓါတ်မီးများပါလာခဲ့ကြသော်လည်း မသုံးဝံ့ကြချေ။ မီးအလင်းရောင်ကြောင့် ရန်သူများ သိသွားကြမည်ကို စိုးသောကြောင့်ပင်တည်း။

တစ်နေရာကိုရောက်သောအခါ သေနသည် ရပ်လိုက်ပြီး အခြေအနေကို အကဲခတ်ကာ ကြည့်မိလိုက်သည်။ ထို့နောက် လေသံတိုးတိုးလေးဖြင့်. .

"သူတို့ ရှေ့မှာ တော်တော်ခရီးပေါက်သွားကြပြီ. . လာ. . မြန်မြန်သွားကြမယ်. ."

ထို့ကြောင့် ခြေလှမ်းတွေက ပိုပြီးတော့ သွက်လက်လာခဲ့ကြလေသည်။



မာလုက ဂူရှေ့မှာရပ်လိုက်ပြီး ခပ်တည်တည်ဖြင့် ပြောလိုက်သည်မှာ. .

"ဒါ. . မဇ္ဈိမာကိုဝင်တဲ့ လှိုဏ်ဂူက်လမ်းကြောင်းပဲ၊ ကျွန်တော်တို့ ဒီအထဲကနေဝင်ကြရမယ်. ."

ဘာနုက တစ်ချက်တွေဝေကာ အကဲခတ်လိုက်ပြီးမှ. .

"ကောင်းပြီ၊ ဂူဝမှာ ပိတ်ဆို့နေတဲ့ အမှိုက်သရိုက်တွေကိုမြန်မြန်ရှင်းပစ်ကြစမ်း"

စကားကို မဆင်မခြင်ပြောလိုက်သော ဘာနု၏ အသံသည် ကျယ်လောင်သွားခဲ့သည်။ လှိုဏ်ထဲမှာပဲ့တင်ရိုက်ခတ်သွားခဲ့လေသည်။ ဂူပေါက်ဝမှာ ပိတ်ဆို့မှုများကို ရှင်းလင်းပစ်ကြသည်။ ဘာနုကိုကြောက်ပြီး မြန်မြန်ထက်ထက်ပင် လုပ်ကိုင်ကြသည်။ ထို့နောက် ဘာနုက ဂူထဲကို မီးတုတ်ထိုးထည့်ကာ ကြည့်လိုက်ပြီး. .

"မာလု၊ မင်းအရင်ဝင်. ."

ဘာနုက အမိန့်ပေးလိုက်ရာ. . မာလုလည်း မီးတုတ်ကိုကိုင်၍ ကြောက်ကြောက်နှင့် ဝင်သွားခဲ့လေသည်။ ဂူ၏အထဲဘက်တော်တော်လေးကို ရောက်သွားပြီးတော့မှ. .

"ဘာတွေ့သလဲ. ."

"ဒီဘက်မှာ လိုဏ်ပေါက်ဝတွေ တွေ့ရပါတယ်"

မာလုလည်း အံ့အားသင့်သွားခဲ့ရလေသည်။ သူ. . ရမ်းသမ်းပြီးပြောလိုက်သော ဂူကြီးသည် လိုဏ်လမ်းကြောင်းအ ပေါက်နေသော ဂူကြီးတစ်ဂူဖြစ်နေသောကြောင့်ပင်တည်း။ မဇ္ဈိမာသို့ဝင်သည့် ဂူလိုဏ်အစစ်၊ ဟုတ်မဟုတ်ကိုပင် မသိပေ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဖြစ်ဖို့ကတော့ များသည်ဟု ထင်မိသည်။

ဘာနုနှင့် သူ့လူများသည် ဂူထဲကို ပြုံပြီးတော့ ဝင်လာခဲ့ကြလေသည်။ ဘာနုသည် ဂူတွင်းပတ်ပတ်လည်ကို လှည့်ကာကြည့်လိုက်ပြီးမှ. .

"မဖျိမာကိုဝင်တဲ့ လျှို့ဝှက်လမ်းကြောင်းကို ငါတို့တွေ့ပြီ၊ လာကြဟေ့. . ဟောဒီဘက်ကနေလိုက်ကြမယ်"

ဘာနုက အားတက်လာပြီး ညာဘက်ရှိ ဂူလိုဏ်ပေါက်မှ တဆင့်ဝင်သွားခဲ့သည်။ အားလုံး သူ့နောက်ကလိုက်သွားခဲ့ကြလေသည်။ ကွေ့ပတ်နေသော ဂူလိုဏ်လမ်းကြောင်းထဲကိုလျှောက်သွားကြရင်း မြေသားနံရံကျောက်ဖြူသားနံရံများ အဖြစ်သို့ ထူးခြားစွာပင် တဖြည်းဖြည်းနှင့် ပြောင်းလဲလာခဲ့ လေသည်။ ကျောက်သားနံရံများမှ အလင်းရောင်များလည်း ထွက်နေကြသည်။ ထို့ကြောင့် မီးတုတ်များကို ငြိမ်းသတ်လိုက် ကြလေသည်။

"ဒီဂူထဲက ကျောက်သားတွေဟာ အလင်းရောင်ပေးတယ်၊ ငါတို့အာဂါသာဘက်မှာ ဒါမျိုးမရှိဘူး၊ အာဂါသာနဲ့ မဖျိမာ ဘယ်လောက်မှဝေးတာ မဟုတ်ဘူး၊ သဘာဝတရားကြီးက ခွဲခြား. . ခွဲခြားလုပ်ထားတယ်. . မတရားဘူး"

ဘာနုသည် မဖျိမာတို့ဘက်ကို အလိုလိုနေရင်းပင် မကျေမနပ်ဖြစ်နေမိသည်။ တစ်ချိန်လုံးပင် ပေါက်ကွဲနေလေသည်။ သူတို့သည် ဂူလိုဏ်လမ်းထဲမှာ လျင်မြန်သော ခြေလှမ်းများဖြင့်သွားနေကြလေသည်။



ထိုအချိန်တွင်. .

သေနတို့သည် ဘာနုတို့ဝင်သွားခဲ့ကြသော ဂူကြီးဆီကို ရောက်လာခဲ့ကြသည်။ ဂူပေါက်ဝပွင့်နေသော အခြေအနေကို တွေ့လိုက်ရသောအခါ သဘောပေါက်သွားခဲ့ကြလေသည်။ မြေပြင်ထို့အပြင် နှင်းများကလည်း တဖွဲဖွဲဖြင့် ကျနေလျက်ရှိရာ မြေပြင်ထက်မှာဖုံးလွှမ်းနေသော နှင်းများကြောင့် ခြေရာများက ထင်ကျန်နေခဲ့ကြလေသည်။

"သူတို့ ဒီအထဲကို ဝင်သွားကြပြီ၊ သိပ်မကြာသေးဘူး၊ လာ. . အမြန်လိုက်ကြမယ်"

သေနက ခေါင်းဆောင်ပီပီ ဦးဆောင်ပြီးတော့ ဝင်သွားခဲ့ရာ အားလုံးလိုက်ပြီး ဝင်သွားခဲ့ကြလေသည်။ သို့သော် သေနကအစ လက်နက်များကို ပြင်ဆင်ထားလိုက်သည်။ မျိုးဆက်နှင့် ကိုမိုးဓါးများကိုထုတ်ကိုင်ထားလိုက်ကြလေသည်။ မျိုးဆက်နှင့် ကိုမိုးတို့၏ကိုယ်ပေါ်မှာတော့ ပြောင်းရှည်သေနတ်ကြီးများက ကိုယ်စီ၊ ဂူထဲမှာတော့ လက်နှိပ်ဓါတ်မီးများကို သုံးကြသည်။ ကျောက်သားနံရံနှင့် အမိုးများဆီကို မရောက်မချင်းပင်၊ မဖျိမာများသည် လက်နှိပ်ဓါတ်မီးကို အထူးအဆန်းအဖြစ် ကြည့်ကြသည်။

မျိုးဆက်တို့၏ကိုယ်ပေါ်မှ သေနတ်များကိုလည်း တအံ့တသြဖြင့် ကြည့်နေကြလေသည်။ ကျောက်သားနံရံနှင့် အမိုးများဆီကို ရောက်လာကြသောအခါ အလင်းရောင်များကို ရရှိလာခဲ့ကြသည်။

သေနသည် တစ်နေရာကို အရောက်တွင် ဂူလိုဏ်လမ်းကြောင်းက နှစ်ခုဖြစ်နေသည်ကို တွေ့ရရာ၊ ... ရပ်ကာ

www.burmeseclassic.com

www.burmeseclassic.com



အကဲခတ်လိုက်ပြီး ညာဘက်လမ်းကြောင်းကို ညွှန်ပြလိုက်သည်။ ဘာနုတို့ ထွက်သွားကြသည့် လမ်းကြောင်ပင်။

တောင်လျှောက်လိုက်ကြပြန်လေသည်။ ဂူနံရံများမှ လျှို့ဝှက်ကာ မှတ်သားထားသော အမှတ်အသားများကို တွေ့လိုက်ကြရသည်။ လမ်းမပျောက်စေရန် ရှေးလူကြီးများက မှတ်သားထားခဲ့ကြသော သင်္ကေတများပင်။

ဘာနုတို့ကား . . လမ်း၏လျှို့ဝှက်အမှတ်အသားများကို မသိကြပဲ ကြက်ကန်းဆန်အိုးတိုးပမာ သွားနေကြလေပြီ။

လမ်းဆုံးလျှင် ရွာတွေ့သည်ဟု ဆိုရိုးရှိသော်လည်း ဂူလိုဏ်လမ်းကြောင်းများလှသော ဂူကြီးထဲမှာ ဝက်ဘာဂူကြီး ပမာချာချာလည်နေကြတော့မည်သာတည်း။

သေနတို့က ဘာနုတို့၏ ခြေလှမ်းကိုသိထားကြသူမို့ ဝက်ပါလမ်း၏ အနီးဆုံးဖြတ်လမ်းမှ လိုက်ကြလေသည်။ ထိုလမ်းကို အတူပါလာကြသော မဖျိမာများပင် မသိကြပေ။ ယခုမှသာသိကြရသည်။

"ကျုပ်နောက်က လိုက်ခဲ့ကြ၊ လူစုမကွဲကြစေနဲ့၊ လမ်းပျောက်သွားမယ် . ."

သေနက သတိပေးသည်။ ထိုကြောင့် သေန၏ နောက်ကသာ တောက်လျှောက်ပင် လိုက်ကြရလေသည်။





, ဘာနုသည် သွားနေရင်းက နောက်ကြောင်း မအေးသလိုပင်၊ ဂူထွက်ပေါက်ကိုလည်း တော်တော်နှင့် မရောက်နိုင်၍ စိတ်ထဲမှာ တစ်မျိုးတစ်မည်ဖြစ်လာခဲ့ရသည်။

"တော်တော်နဲ့ မရောက်နိုင်ပါလား၊ ငါတို့ မျက်စိလည်နေပြီထင်တယ်၊ ဟော့ကောင် . . မာလု၊ မင်းရဲ့ ဂူလိုဏ်လမ်းကြောင်းက ဆုံးတော့မှာလား . ."

"ကျွန်တော်လည်း ဒီဂူကြီးထဲကို ခုမှရောက်ဖူးတာပါ သခင်ကြီး . ."

"အေး . . ငါလည်း သိပါတယ်၊ မင်းကို အပြစ်ဆိုတာ မဟုတ်ပါဘူး၊ ကဲ . . လာကြ၊ မထူးတော့ဘူး . . ဆက်သွားကြမယ် . ."

ထိုစဉ် . .

"ဟိတ် . . ဘာနု၊ မင်းက ဘယ်ကိုဆက်ပြီးသွားမှာမို့လဲ"

အသံတစ်သံက မမျှော်လင့်ပဲ ထွက်ပေါ်လာခဲ့သည်။ ဘာနုက ရင်ထဲထိတ်ကနဲဖြစ်သွားပြီး လှည့်ကြည့်လိုက်ရာ . .

"ဟင် . . သေန"

ဘာနုသည် သေနတို့က သူတို့နောက်ကို ချက်ချင်းပင် လိုက်လာနိုင်သည့်အတွက် အံ့အားသင့်သွားခဲ့ရလေသည်။ မိမိတို့၏ ရည်ရွယ်ချက်ကိုသိသွားကြပြီဆိုပြီး အထိတ်တလန့်လည်းဖြစ်သွားခဲ့ရလေသည်။ သို့သော် ဘာနုသည် ဟန်ကိုမပျက်စေဘဲ ဆိုသည့်အတိုင်း . .

"အတော်ပဲ . . မင်းတို့အားလုံးကို တစ်နေရာတည်းမှာ စုပြီးတော့ တွေ့လိုက်ရတယ် . . သိပ်ကောင်းတာပေါ့ကွာ၊ မင်းတို့



www.burmeseclassic.com

www.burmeseclassic.com



ငါတို့လက်ထဲက ပြေးမလွတ်ကြတော့ဘူး. . ”

“ဘာနု၊ မင်း အခုရောက်နေတာ ငါတို့ရဲ့ ပိုင်နက်ထဲမှာ ဆိုတာကောသိရဲ့လား၊ ငါတို့က မင်းတို့ဘက်ကို ဘယ်တော့မှ မကျူးကျော်ဘူး၊ မင်းတို့ကသာ ငါတို့ဘက်ကို မကြာခဏ ကျူးကျော်ပြီးလူတွေကို စော်ကားကြတယ်. . ခုလည်း ဘာရည်ရွယ်ချက်နဲ့ ခိုးကြောင်ခိုးဝှက်ရောက်လာခဲ့ရတာလဲ၊ ငါတို့ရဲ့ လျှို့ဝှက်ချက်ကို မင်းတို့သိသွားပြီ၊ အဲ့ဒီတော့ ဒီဂူထဲက အသက်ရှင်လျက်နဲ့ ပြန်မထွက်သွားစေရဘူးကွ. . ”

“ဟား. . ဟား. . ဟား. . ဟား၊ ဘာနုကို ဒီလို ခြိမ်းခြောက်လို့မရဘူးကွ၊ မင်းတို့ မောင်နှမကိုရော၊ ဟိုဇည့်စိမ်းတွေကိုပါ ငါဖမ်းပြီးတော့ ခေါ်သွားမယ်၊ ဟိုကျမှ မင်းတို့ကို ကောင်းကောင်းနှိပ်စက်ပြမယ်၊ မသေမရှင်ဖြစ်အောင် လုပ်ပစ်မယ်. . ”

ဘာနုက သူ၏မသဒ္ဒါစရာကောင်းသော မျက်နှာကြီးကို ရှုံ့မဲ့ကာ ပြောလိုက်လေ၏။ စိတြဒေဝီသည် ဘာနု၏စကားကြောင့် ဆက်ဆက်ခါသွားခဲ့ရပြီး. .

“ဒီမှာ. . ဘာနု၊ ရှင် ကျွန်မတို့ကို အကြိမ်ကြိမ်စော်ကားခဲ့ပြီးပြီ၊ ခုလည်း ထပ်ပြီးစော်ကားပြန်ပြီ၊ ကျွန်မတို့ကို အမိဖမ်းဖို့ကြိုးစားဖို့ကို မစဉ်းစားနဲ့ဦး၊ ရှင့်မျက်နှာကိုလည်း ကြေးမုံပြင်ထဲမှာ ပြန်ပြီးကြည့်လိုက်ဦး၊ .ဘယ်လိုဖြစ်နေသလဲ ဆိုတာ. . ဒါကို ရှင်က မမှတ်သေးဘူးလား”

ဘာနုသည် စိတြဒေဝီ၏စကားကြောင့် ဆတ်ဆတ်ခါသွားခဲ့ရလေသည်။ သူ၏မျက်နှာကိုလည်း ယောင်ယမ်းပြီးတော့





စမ်းသပ်မိလိုက်သည်။ ဒေါသလည်း ထွက်သွားခဲ့ရလေသည်။

“တောက်. . နင်က ငါ့ကို ဝက်တညာဏ်နဲ့ ပတ်ခတ်သွားတာ ငါက အခဲကြေမယ်မှတ်သလား၊ အဲ့ဒီတန်ဖိုးကို နင်ကောင်းကောင်းပေးဆပ်ရမယ်. . ”

ဘာနုသည် စိတ်ကို မထိန်းနိုင်တော့ပဲ ဓါးကြီးကို ဆွဲထုတ်လိုက်ကာ. . တဟုန်ထိုးပင် ခုန်ဝင်လာခဲ့လေသည်။

ဘာနုက ဝင်လာခဲ့သည်နှင့် သူ့လူများကလည်း သေနတို့ကို ရင်ဆိုင်ရန် ပြေးဝင်လာခဲ့ကြလေသတည်း။

ဒေါသကိုမထိန်းနိုင်သော ဘာနုသည် သေနကို ဓါးကြီးဖြင့် မြှောက်ကာ ခုတ်ချလိုက်လေ၏။ သေနကလည်း ဘာနု၏ဓါးချက်ကို ရှောင်လိုက်ပြီး လက်ထဲကဓါးဖြင့် ထိုးထည့်လိုက်လေ၏။ ဘာနုက ခန္ဓာကိုယ်ကို တွန့်လိမ်ပြီးရှောင်ထွက်သွားသည်။

သူတို့နှစ်ယောက်၏ ဓါးချင်းခုတ်သံများသည် ဂူလိုဏ်ထဲမှာညံသွားခဲ့လေတော့သည်။ ဘာနုနှင့် အတူပါလာသောသူသုံးလေးယောက်ကို မျိုးဆက်နှင့် ကိုမိုးတို့က သေသေချာချာပင်ကြည့်မိလိုက်ကြသည်။ လူတစ်ယောက်၏ မျက်နှာပေါက်အတိုင်းဖြစ်သော်လည်း ရုပ်ကြမ်းကြီးတွေနှင့် ဖြစ်သည်။

သေသေချာချာကြည့်လျှင် ဝံပုလွေတစ်ကောင်၏ မျက်နှာလိုလို၊ ခွေးအတစ်ကောင်၏ မျက်နှာမျိုးလိုပင်၊ မာလုကဲ့သို့ပင်၊ ပင့်ကူတစ်ကောင်၏ မျက်နှာမျိုးနှင့် ဆင်ဆင်တူမှုံးကြသည်။

ဘာနုကိုပင်ကြည့်ပါဦး၊ အစက မည်ကဲ့သို့သောရုပ်ရည်



www.burmeseclassic.com

www.burmeseclassic.com



မျိုးလည်းမသိ၊ အခုတော့ ပျက်စီးနေသော မျက်နှာကြီးက မိစ္ဆာမျက်နှာမျိုးပင်ဖြစ်နေလေပြီ၊ မျက်လုံးတစ်ဖက်ကလည်း ဖြူဆွတ်နေသည်။

အာဂါသာများသည် မဇ္ဈိမာတို့ကို တိုက်ခိုက်ရင်း လက်နက်ကိုယ်စီဖြင့် ပြေးဝင်လာခဲ့ကြသည်။

မျိုးဆက်သည် အနီးကပ်ရောက်လာသော ရန်သူတစ်ယောက်ကို ခါးပတ်ပေါ်မှ ပစ္စတိုကိုထုတ်ကာ ပစ်ချလိုက်လေ၏။

"ဒိုင်း"

"အား"

အနီးကပ်အပစ်ခံလိုက်ရသောကြောင့် နောက်ကိုယိုင်ထွက်သွားပြီး ပစ်ကျသွားခဲ့ရလေ၏။ ကိုမိုးလည်း ကျောဘက်မှ ဝင်လာသော ရန်သူကို နောက်သို့လှည့်ပြီး ပစ်ချလိုက်ရသည်။

"ဒိုင်း"

"အား"

ကျယ်လောင်စွာပင် ထွက်ပေါ်လာသော သေနတ်သံများကြောင့် အာဂါသာများသာမက မဇ္ဈိမာများပါ အံ့အားသင့်သွားခဲ့ကြရသည်။ ဤကဲ့သို့သော လက်နက်ဆန်းမျိုးကို သူတို့မမြင်ဖူးကြပေ။ ဂူထဲမှာမို့ သေနတ်သံက နားကွဲမတတ်ပင် ဟိန်းပြီးထွက်သွားခဲ့ကြသည်။

စိတြဒေဝီသည် ကျောထက်ရှိ အအိမ်ထဲမှ ဓါးကိုလက်နောက်ပြန်ဆွဲထုတ်လိုက်ပြီး အာဂါသာရဲမက်များကို





ပတ်ချာလည့်ပြီး တိုက်ခိုက်သည်။ သူမက ဓါးရေးထက်သည်။ လူသုံးယောက်၏ အသက်ဇီဝိန်ကို ဓါးချက်တစ်ချက်တည်းနှင့် နှုတ်ယူသွားခဲ့သည်။

"အား. ."

"အား. ."

"အား. ."

ဂူထဲမှာ ပြင်းထန်စွာပင် တိုက်ခိုက်နေသော်လည်း မာလုသည် ဝင်မတိုက်ပဲ အခြေအနေကို စောင့်ကြည့်နေလေသည်။ ထို့နောက် အားလုံးအလစ်မှာ ထိုနေရာက ထွက်ပြေးလာခဲ့လေသည်။ သို့သော်. . မာလုကို ဘာနုက မြင်တွေ့သွားခဲ့လေ၏။

"ဟင်. . ဟိုကောင်ပြေးပြီ"

ခါးကြားထဲက ဓါးကို ထုတ်ပြီး ပစ်ပေါက်ထည့်လိုက်ရာ. .

"ဝှစ်. ."

"အား"

ဓါးက မာလု၏ကျောပြင်မှာ စိုက်သွားခဲ့သည်။ သို့သော် မာလုသည် ကျောက်ရုပ်ပမာ ရပ်တန့်သွားရာက ရုတ်တရက်ထွက်ပြေးသွားလေတော့သည်။

"ဒီကောင်ပြေးပြီ၊ ပြေးစမ်း၊ မင်း. . ဘယ်လောက်အထိပြေးနိုင်မှာလဲ၊ ဒီ. . ဒဏ်ရာနဲ့ပဲ မင်းသေမှာပဲ"

ဘာနုက မာလုဆီကို အာရုံရောက်သွားစဉ်မှာ ရန်သူ၏ ဓါးချက်က ပခုံးပေါ်ကို ကျလာခဲ့လေရာ. .



www.burmeseclassic.com

www.burmeseclassic.com



"အား"

ဘာနု၏မျက်လုံးတစ်ဖက်က ပျာဝေသွားခဲ့ရသည်။

"မင်း. . မင်း ငါ့အသားကို နာအောင်လုပ်တယ်"

ဒေါသတကြီးဖြင့် သေနကို တိုက်ခိုက်မည်ပြုပြီးမှ ချာကနဲဆို လှည့်ထွက်ပြီးပြေးသွားလေတော့သည်။

(၁၈)

## နေရာသစ်တစ်ခုဆီသို့ ရောက်ရှိသွားကြခြင်း

ဘာနု ထွက်ပြေးသွားသည်နှင့် သူ့လူများသည်လည်း ဦးတည်ရာကို ထွက်ပြေးကြသည်။ မဇ္ဈိမာရဲမက်များက အာဂါသာများ၏နောက်ကို လိုက်ကြလေသည်။

ဘာနု၏ နောက်ကို ပြေးလိုက်သွားကြသူများမှာ. . သေနနှင့် မဇ္ဈိမာရဲမက်များပင်၊ မျိုးဆက်၊ စိတြဒေဝီနှင့် ကိုမိုး တို့မှာ အာဂါသာများ၏နောက်ကို လိုက်သွားခဲ့ကြလေသည်။

"သူတို့ကို မမိလို့မဖြစ်ဘူး၊ လျှို့ဝှက်ဂူလိုဏ်လမ်းကြောင်းကို သိသွားခဲ့ကြပြီ. . "

စိတြဒေဝီက ပြောလိုက်လေ၏။ ထို့ကြောင့်. . ဂူ[illegible] ထဲမှာ လမ်းကွေ့၊ လမ်းကောက်များကို ကျော်ဖြတ်သွား[illegible]ကြရင်း မဇ္ဈိမာများကို မျက်ခြေပြတ်သွားခဲ့ကြလေသည်။

"သူတို့ပျောက်သွားကြပြီ၊ မျက်စိ[illegible]ပြီး ပြန်ထွက်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ကြမှာ မဟုတ်ဘူး၊ တစ်ယောက်တစ်လေပြန်ပြီး ထွက်နိုင်ရင် အင်မတန်ကံကောင်းလို့ပဲ. . "

"ကေသာရော၊ လမ်းတွေမှတ်မိလို့လား. . "

"မှတ်မိပါတယ်၊ ဂူလိုဏ်ပေါက်ဝရဲ့ အချိုးအကွေ့တွေမှာအမှတ်အသားတွေ လုပ်ထားပါတယ်"

စိတြဒေဝီသည် ဂူလိုဏ်လမ်းများကို တော်တော်လေး သိထားဟန်တူသည်။ သူမ,ပြောသည့်အတိုင်းပင် ဂူလိုဏ်နံရံများ၌ ငှက်၊ မြွေ၊ ဖား၊ ကျား၊ ဝံပုလွေအစရှိသော အကောင်ရုပ်သေးသေးလေးများဖြင့် အမှတ်အသားသင်္ကေတများ ပြသထားသည်ကို တွေ့လိုက်ကြရလေသည်။

သို့သော်. .

သင်္ကေတများကို သိတိုင်းလည်း အပေါက်များသော ဝင်္ကပါလမ်းများကို အောင်မြင်စွာ ကျော်ဖြတ်၍ သွားနိုင်ကြမည်မှာ မဟုတ်ပါ။

"သူတို့ဦးတည်ရာကို ထွက်သွားခဲ့ကြပြီ၊ တစ်ယောက်မှ မတွေ့ကြတော့ဘူး၊ အစ်ကိုသေနတ်ဆီကို ပြန်သွားကြရအောင်"

စိတြဒေဝီက အာဂါသာများကို လိုက်မရှာတော့ပဲ လက်လျှော့လိုက်သည်။

ထိုစဉ်. .

ဂူကြီးတစ်ခုလုံးသည် သိမ့်သိမ့်တုန်သွားခဲ့သည်။ အမြဲတစေသတိနှင့်နေတတ်သော စိတြဒေဝီပင်လျှင် ကိုယ်လုံးလေး ယိမ်းခါသွားခဲ့သဖြင့် မျိုးဆက်က ကိုယ်လုံးလေးကို ဖေးမကာ ထိန်းထားလိုက်ရသည်။





"ဘာဖြစ်တာလဲ. . မျိုးဆက်"

"မသိဘူး၊ ငလျင်လှုပ်တာမျိုးပဲ"

စိတြဒေဝီပင်လျှင် ထိုသို့ ရုတ်တရက်ဖြစ်သွားခဲ့ရသည့်အကြောင်းကို မပြောတတ်ပေ။

"အာဂါသာဘက်မှာ မြေအောက်မီးတောင်ကြီးတစ်ခုရှိတယ်၊ အဲ့ဒီက လှုပ်သလားပဲ. . "

စိတြဒေဝီက ပြောလိုက်ရာ မျိုးဆက်နှင့် သူမတို့သည် အဓိပ္ပါယ်ပါသော အကြည့်များဖြင့် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိလိုက်ကြသည်။ ဝိညာဉ်ချုပ်လိပ်ပြာတွင် အာဂါသာ၏ဆိုးရွားသော အခြေအနေကို မြင်တွေ့ခဲ့ကြရသည် မဟုတ်ပါလား။

သို့သော်. .

သူတို့အောက်ရှိမြေပြင်သည် မသိမသာပင် ရွေ့လျားနေသည်။ ဤသည်ကို မျိုးဆက်တို့က မသိသော်လည်း စိတြဒေဝီက သိလိုက်လေသည်။ ဤကမ္ဘာမြေအောက်၏ ခေါင်းပွကမ္ဘာကြီးထဲတွင် မြေကြောရွှံ့သည့်အဖြစ်များရှိတတ်သည်ကို သိထားကြပြီးသားဖြစ်သည်။

"ကေသာ၊ ကိုယ်တို့ရဲ့ရပ်တည်မှုက တစ်မျိုးပဲ၊ အခြေအနေကြောင့်လည်း နေသလိုပဲ. . "

"ဟုတ်တယ်၊ ပြောင်းလဲနေတယ်၊ ရှေ့မှာ ထူးခြားတဲ့ အခြေအနေမျိုး ကြုံတွေ့ရလိမ့်မယ်လို့ ကေသာ ထင်တယ်ကိုမျိုး. . "

စိတြဒေဝီက အေးဆေးစွာပင် ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုမိုး၏ရင်ထဲမှာ အကြောင်းမရှိပဲ အေးကနဲ.. နွေးကနဲ ဝေဒနာမျိုးခံစားဖြစ်ပေါ်နေသည်။ မျိုးဆက်လည်း ထို့အတူပင် ဖော်ပြနိုင်စွမ်းမရှိသော ခံစားချက်မျိုးပင်။

ထိုစဉ်..

သုံးယောက်စလုံး၏ ခန္ဓာကိုယ်များသည် မြောက်တက်သွားပြီး လေထဲမှာ လွင့်မျောသွားခဲ့လေသည်။

ကမ္ဘာ့ဆွဲငင်အားကင်းမဲ့သောနေရာကို ရောက်သွားသူကဲ့သို့ လေဟာနယ်ထဲမှာ လွင့်သွားခြင်းမျိုးပင်ဖြစ်သည်။

စူးလက်သောအလင်းရောင်သည် သူတို့၏ရှေ့မှာ ကြိုဆိုလျက်ရှိသည်။ အလင်းရောင်ထဲမှာ ဖြူဆွတ်သော မြူကန့်လန့်ကာကြီးတစ်ချပ်က ကတ္တီဘာဖြူကားချပ်ကြီးသဖွယ် လွန့်လူးလျက်ရှိလေသည်။ ယင်းကတ္တီဘာကားချပ်ကြီးထဲကို သုံးယောက်စလုံးထိုးဖောက်ပြီးတော့ ဝင်ရောက်သွားခဲ့ကြလေသည်။ ထို့နောက် ကမ္ဘာ့ဆွဲငင်အားရှိသော ဇုန်ထဲကို ပြန်ပြီးတော့.. ရောက်သွားကြသလိုပင်၊ အောက်ကို ရုတ်တရက် ပစ်ကျသွားခဲ့ကြလေသည်။

"အား"

"အား"

သုံးယောက်စလုံး ဒလိမ့်ခေါက်ကွေးဖြစ်သွားခဲ့ကြသည်။ အရှိန်မသပ်နိုင်ကြပဲ လိမ့်သွားကြရာက တစ်နေရာကို အရောက်တွင်ရပ်တန့်သွားခဲ့ကြလေသည်။ ပိတ်ဖုံးနေသော နှင်းကတ္တီဘာဖြူကားချပ်ကြီးသည်လည်း တဖြည်းဖြည်းနှင့် လွင့်ပြတ်သွားခဲ့လေသည်။ ပတ်ဝန်းကျင်တွင် ကျရောက်နေသော အလင်း





ရောင်သည်လည်း တဖြည်းဖြည်းနှင့် မှိန်သွားခဲ့လေသည်။ ထိုအခါ သူတို့အားလုံး၏ရှေ့မှာ အံ့အားသင့်စရာမြင်ကွင်းတစ်ခုကဘွားကနဲဆို ပေါ်လာခဲ့လေသည်။

ညလည်းမဟုတ်ပါ၊ နေ့လည်း မမည်၊ ပြာလဲ့လဲ့မိုးကောင်းကင်ကြီး၏အောက်မှာ မြင့်မားသော တောင်စဉ်တန်းကြီးတစ်ခုက မမျှော်လင့်ပဲ မြင်တွေ့လိုက်ကြရလေသည်။

တောင်စဉ်တန်းကြီးပေါ်မှာ ရှေးဟောင်းကျောင်းတော်ကြီးများ၊ အဆောက်အဦးများကို မြင်တွေ့လိုက်ကြရသည်။ မလှမ်းမကမ်းရှိ တောင်ပူစာလေးတစ်ခုပေါ်မှာ ရေတံခွန်ငယ်လေးတစ်ခုက တဝုန်းဝုန်းဖြင့် ကျနေလျက်ရှိသည်။ ကျားနှင့်သမင်တို့သည် တစ်ကောင်နှင့်တစ်ကောင် ပုတ်ခတ်ကာလူးလိမ့်ကာ ဆော့ကစားလျက်ရှိကြသည်ကို အံ့အားသင့်ဖွယ်ရာမြင်တွေ့လိုက်ကြရလေသည်။

ခွေနေသော မြွေတစ်ကောင်၏ ကိုယ်ပေါ်မှာ ဖားတစ်ကောင်သည် ငြိမ်သက်စွာရှိနေသည်ကိုသော်လည်းကောင်း။

ခြင်္သေ့ကြီးတစ်ကောင်သည် သစ်သီးများကို သားစားသောက်လျက်ရှိနေသည်ကိုသော်လည်းကောင်း၊ အံ့အားသင့်စရာတွေ့လိုက်ကြရလေသည်။

အဖိုးအိုတစ်ယောက်သည် သူတို့ဆီကို လျှောက်လာနေသည်။ ဖြူဆွတ်သော မုတ်ဆိတ်မွေးရှည်များရှိသည်။ တခေါင်း



www.burmeseclassic.com

www.burmeseclassic.com



လုံးဆံပင်များသည်လည်း ဖြူဆွတ်နေကြကာ လွန်စွာမှ ကျက်သရေရှိပြီး ကြည်ညိုစရာကောင်းသော မျက်နှာမျိုးပင်ဖြစ်သည်။ အဖိုးအိုသည် သူတို့ဆီကို တည့်တည့်ပင်လာနေသည်။ မကြာမီမှာပင် အနားကိုရောက်လာခဲ့ကြလေသည်။

သုံးယောက်စလုံးသည် အလိုလိုပင် လက်အုပ်ချီမိလိုက်ကြသည်။ အဖိုးအို၏မျက်နှာက ပြုံးချိုလျက်ရှိလေသည်။

"ဘယ်ကလာကြတာလဲ"

"ကျွန်တော်တို့က မဇ္ဈိမာကပါ အဖိုး"

"အိမ်း. . အိမ်း၊ မဇ္ဈိမာကကိုး. . လာကြကွယ့် လာကြ. . "

အဖိုးအိုက လာရာလမ်းအတိုင်းမဟုတ်ပဲ ရောက်ရှိလမ်းအတိုင်း ထွက်သွားသည်။ နောက်ကလိုက်သွားခဲ့ကြလေသည်။ အလင်းရောင်သည် ပတ်ဝန်းကျင်တစ်ခုလုံးကို အားမပြည့်တပြည့် ဖြန့်ကျက်ထား၍ မှုန်ပျပျလေးရှိနေသည်။ မိမိတို့ရောက်နေသောနေရာသည် မည်သည့်နေရာမှန်း မသိပေ။

"ဒါဟာ ရှန်ဘဲလားပဲကွယ့်၊ မင်းတို့ရဲ့ စိတ်ကူးအိပ်မက်ထဲက ရှန်ဘဲလားပဲပေါ့"

မျိုးဆက်က စိတ်ကူးလိုက်သည်နှင့် အဖိုးအိုက နောက်ကိုမကြည့်ပဲပြောလိုက်လေသည်။

"ငါ. . တွေးလိုက်တာကို သိနေပါလား၊ ဒါဟာ ရှန်ဘဲလားဆိုပါလား. . "

မျိုးဆက်သာမက သုံးယောက်စလုံးပင် အံ့အားသင့်သွားခဲ့ကြလေသည်။ မြေကမ္ဘာပေါ်မှာလည်း ရှန်ဘဲလားကို





သုတေသနလုပ်ကာ ရှာဖွေနေကြသည်။ ယင်းနေရာကို ရောက်သွားကြသောသူများရှိကြသည်ဟု မကြားဖူးကြပါ။

"မျိုးဆက်၊ ရှန်ဘဲလားဟာ ကမ္ဘာမြေအောက်ခေါင်းပွကမ္ဘာကြီးထဲမှာရှိတယ်၊ အာဂါသာရဲ့ မြို့တော်ဟာ ရှန်ဘဲလားဆိုတာ ငါကြားဖူးထားတာကြာပြီ၊ ဒီနေရာကို တော်ရုံလူတွေ မရောက်နိုင်ကြဘူးကွ၊ အခု ငါတို့ရောက်လာခဲ့ကြတာ တော်တော်ကံထူးလို့ပဲ. . "

"ဟုတ်တယ် ကိုမိုး၊ ကေသာတို့လည်း ရှန်ဘဲလားဆိုတာ ကြားသာကြားဖူးတာ၊ ရောက်ချင်တယ်ဆိုတာတောင် တစ်ခါမှ မရောက်ဖူးဘူး၊ ဘယ်မှာရှိမှန်းလည်း မသိဘူး၊ ခု. . ရောက်လာခဲ့တာ. . အိပ်မက်လိုပဲ"

စိတြဒေဝီကလည်း ပြောပြလိုက်လေသည်။ အားလုံး၏ စိတ်ထဲမှာ ထူးဆန်းအံ့ဩလျက်ရှိနေကြလေသည်။

ရှေ့ကသွားနေသော အဖိုးအို၏နောက်ကို အမီလိုက်ကြသော်လည်း မမီချေ။ အဖိုးအိုကတော့ ခြေလှမ်းမှန်မှန်ဖြင့် သာသွားနေသည်။

မကြာမီ. .

တောနက်ကြီးတစ်ခုက ဘွားကနဲဆို ပေါ်လာခဲ့လေသည်။

"ဟင်. . ဒီတောနက်ကြီးက ငါတို့ရှေ့မှာ ရုတ်တရက် ပေါ်လာသလိုပဲ. . စောစောက မတွေ့မိပါဘူး"

မျိုးဆက်သည် မိမိ၏စိတ်ကူးထဲမှာ ပေါ်လာပြီးမှ ပြန်ပြီးတော့ မြိုသိပ်လိုက်ရလေသည်။ ဤသို့တွေးသည်ကို



www.burmeseclassic.com

www.burmeseclassic.com



အဖိုးအိုက မသိပဲနေမှာမဟုတ်။

"ရှန်ဘဲလားဆိုတာ ပျောက်ကွယ်နေတဲ့နေရာ၊ သူတော်စင်၊ သူမြတ်လောင်းတို့ နေထိုင်တဲ့နေရာ၊ မဟိဒ္ဓိ၊ သိဒ္ဓိပုဂ္ဂိုလ်ကြီးတွေထာဝရရှိနေကြတဲ့နေရာပဲ၊ ဒီနေရာကို ဘယ်သူမှ မရောက်နိုင်ကြဘူး၊ သိလည်းမသိနိုင်ကြဘူး၊ ပဋ္ဌာန်းဆက်ရှိမှသာ. . ရောက်နိုင်တယ်၊ သိပ်ပြီးကြုံကြိုက်လွန်းဖို့ဆိုတာ အပုံတစ်ထောင်ပုံတစ်ပုံမလွယ်ပါဘူး. . "

[မိမိမြန်မာပြည်မှာနေစဉ်က ဂန္ဓာရီခရီးလှည့်လည်နေတတ်သော ဆရာကြီးတစ်ဦးက မကြာခဏပြောဖူးခဲ့သည့်စကား၊ ထိုဆရာကြီးနှင့် ရင်းနှီးမှုမရှိပါ၊ တစ်ဆင့်စကားတဆင့်နားဖြင့်ကြားမိခဲ့ရခြင်းပင်ဖြစ်သည်။ ထိုပုဂ္ဂိုလ်ကြီးသည် ရှန်ဘဲလားအကြောင်းကို ကောင်းကောင်းသိထားသူတစ်ဦးဟုဆိုသည်။ သူကိုယ်တိုင်လည်း ရှန်ဘဲလားကို ရောက်ဖူးခဲ့သလိုလို မှတ်သားရဖူးသည်]

တောအုပ်ကြီးထဲကို ဖြတ်သွားခဲ့ကြသည်မှာ ထူးခြားမှုတစ်ခုကိုခံစားမိကြရသည်။ ရင်ထဲမှာ ဖော်မပြနိုင်လောက်အောင် ပီတိများဖြစ်ပွားခဲ့ကြခြင်းပင်. .

ထို့အပြင်. .

ပုဂ္ဂိုလ်များကိုလည်း ဟိုနေရာအနှံ့၊ သည်နေရာအနှံ့ တွေ့နေရသည်။ ထိုပုဂ္ဂိုလ်ကြီးများသည် သျှောင်များကိုထိပ်မှာစုထား၍သော်လည်းကောင်း၊ သျှောင်တစောင်းထုံးထား၍သော်လည်းကောင်းတွေ့ကြရသည်။ ထိုပုဂ္ဂိုလ်ကြီးများသည် မြန်မာပြည်က ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးများနှင့် ခပ်ဆင်ဆင်





တူနေကြလေသည်။

အချို့ကား မုဆိတ်မွေးရှည်ရှည်၊ ပါးမြိုင်းမွေးထူထူနှင့် ဒေါက်ချာကြီးများကို ဆောင်ထားကြသည်။ ရသေ့ကြီးများပင်၊ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများကား နက်မှောင်လှပေသည်။

မိမိတို့၏ မျက်လုံးများနှင့် မရင်းနှီးသော စိမ်းသော ပုဂ္ဂိုလ်ကြီးများကိုလည်း တွေ့ကြရသည်။ သင်တိုင်းဖြူဖြူရှည်ရှည်ကြီးများကို ဝတ်ဆင်ထားကြသည်။ ဖြူဆွတ်သော မုတ်ဆိတ်မွေးရှည်များရှိကြသည်။ ခေါင်းမှာ သံပုရာခွံဦးထုပ်ဖြူဖြူကို ဆောင်းထားကြသည်။ ထိုမဟိဒ္ဓိပုဂ္ဂိုလ်ကြီးများသည် လူမျိုးခြားများပင်ဖြစ်ဟန်တူသည်။

အသွေးအရောင်အမျိုးမျိုးကွဲပြားနေသော ပုဂ္ဂိုလ်ကြီးများသည် တစ်နေရာစီခွဲကာ ထိုင်လျက်သော်လည်းကောင်း၊ မတ်တပ်ရပ်လျက်သော်လည်းကောင်း မလှုပ်မယှက်ပင်ရှိနေကြသည်။ အားလုံးသောမျက်နှာများသည် ရင့်ကျက်နေကြသည်။ ကြည်လင်နေကြသည်။ ရိုသေလေးစားစရာကောင်းနေကြသည်။ ကြည်ညိုစိတ်များဖြစ်ပေါ်လာကာ အလိုလိုပင် လက်အုပ်ချီမိလိုက်ကြလေသည်။

တစ်နေရာကိုအရောက်တွင် အံ့အားသင့်ဖွယ်ရာတစ်ခုကိုတွေ့လိုက်ကြရပြန်လေသည်။ ယင်းကား ရှည်လျားသော ဆံကေသာများကိုထိပ်မှာစု၍ ထုံးနှောင်ထားသော ယော[illegible] အမျိုးသမီးကြီးတစ်ဦးကိုလည်း တွေ့လိုက်ရသောကြောင့်ပင်၊ ယင်းပုဂ္ဂိုလ်မကြီးသည် တင်ပြင်ခွေ၍ ထိုင်နေကာ [illegible]ဖဝါး တစ်ဖက်ပေါ်တစ်ဖက်လှန်၍ တင်ထားလေသည်။ မျက်လွှာကို



www.burmeseclassic.com

www.burmeseclassic.com



ချထားကာ ငြိမ်သက်နေလျက်ရှိသည်။

အဖြူရောင်အဝတ်များကို ဝတ်ဆင်ထားကြသော အမျိုးသမီးယောဂီကြီးများကိုလည်း တွေ့ကြရသေးသည်။

"ဒီလိုနေရာမျိုးမှာလည်း အမျိုးသမီးယောဂီကြီးတွေလည်းရှိနေကြသေးတာကိုး၊ ခုလိုမြင်တွေ့ရတာ တကယ့်ကိုစိတ်ချမ်းသာတယ်၊ ရှန်ဘဲလားကိုရောက်လာခဲ့တာ အိပ်မက်လိုပါပဲ. . ကေသာ"

"ဟုတ်တယ်၊ ကေသာလည်း မောင့်လိုပဲ ခံစားရတယ်၊ ရှန်ဘဲလားရှိတယ်ဆိုတဲ့နေရာကို မမျှော်လင့်ပဲရောက်လာခဲ့ကြတာကံကောင်းတယ်၊ ကေသာရဲ့ဘိုးဘေး ဖခင်ကအစ ရောက်ဖူးဖို့နေနေသာသာ၊ စိတ်ကူးထဲတောင် မထည့်ရဲကြဘူး"

မကြာမီ. .

တောင်ကြီး၏အနားကို ရောက်လာခဲ့ကြသည်။ အဝေးကနေ လှမ်းပြီးတော့ မြင်လိုက်ရသောတောင်ကြီးဆီကိုရောက်လာခဲ့ကြသည်မှာ တခဏတာလေးပင်၊ ရှန်ဘဲလားသည်စိတ်ဆန္ဒရှိသမျှ လွယ်ကူစွာပင် ပြီးမြောက်စေသလား မသိပါ။ တောင်တန်းကြီးသည် ရှည်လျားလှပြီး ပိုပြီးတော့ပင် မြင့်မားနေသည်။

အဖိုးအိုသည် သူတို့ကိုတစ်ချက်ရပ်ပြီးတော့ ကြည့်လိုက်သည်။ စောင့်နေသည့်သဘောပင်၊ ထိုအခါကျမှ မီလာခဲ့ကြသည်။ ညင်သာဖြည်းညှင်းစွာ လျှောက်နေသော အဖိုးအိုတစ်ဦး၏သာမန်ခြေလှမ်းကို မီအောင်မလိုက်နိုင်သည်ကတွေးမိသော်မှ အဖြေကမရှိ။





တောင်ပေါ်ကို တက်သည့် ကျောက်ဖြူသားလှေကားကြီးတစ်ခုက ဘွားကနဲပင်ပေါ်လာခဲ့လေသည်။ လှေကားသည် မတ်မတ်ကြီးမဟုတ်၊ ခပ်ပြေပြေပင်. . အဆစ်ချိုးကွေ့များရှိသည်။

အဖိုးအိုက စ,ပြီးတော့တက်သွားသည်။ မျိုးဆက်နှင့်ကိုမိုးတို့သည် မိမိတို့မှာပါလာကြသော လက်နက်များကိုလှေကားရင်းမှာဘေးကပ်ပြီးချထားလိုက်ကြသည်။ စိတြဒေဝီသည်လည်း လေးမြား၊ ဓါးတို့ကိုဘေးမှာချထားလိုက်သည်။ ထို့နောက်. . အဖိုးအို၏နောက်က လိုက်ပြီးတော့ တက်လာကြလေသည်။

ဤနေရာသည် နေ့ညခွဲခြားထားဟန်မတူ၊ နေ့နှင့်ညတို့သည် တစ်သားတည်းပင်ဖြစ်ဟန်တူသည်။ မှိန်ပျပျတာသမတ်တည်းသော အလင်းရောင်ရှိလေသည်။ တစ်ဆစ်ချိုးကွေ့၊ နှစ်ဆစ်ချိုးကွေ့များကို ကျော်လွန်လာခဲ့ကြသည်။ မြေဆွဲအားကိုဆန့်ကျင်ပြီးတော့ တက်ကြရသည့်တိုင် မောပန်းခြင်းအလျဉ်းမရှိကြ၊ ခွန်အားသစ်များက ပိုပြီးတော့သာ တိုးပွားလာကြသည်ဟုထင်ရသည်။


မကြာမီ. . အမြင့်ဆုံးနေရာကို အရောက်တွင် သူတို့တွေ့လိုက်ကြရသည်ကား. .



www.burmeseclassic.com

www.burmeseclassic.com





## (၁၉)
## ခေါင်းပွကမ္ဘာကြီးထဲက ရှန်ဘဲလား

တောင်ထိပ်ကိုရောက်လာခဲ့ကြလေပြီ။

ကြီးမားခန့်ထည်သော ကျောင်းတော်ကြီးတစ်ဆောင်က မျက်စိအောက်မှာ ဘွားကနဲဆိုပေါ်လာခဲ့ပြန်လေသည်။ အောက်ကနေမော့ပြီးကြည့်လိုက်လျှင် ဘာမှမမြင်ရ၊ အပေါ်ကို ရောက်လာတော့မှ မြင်လိုက်ရခြင်းသည် အာရုံလှည့်စားမှုလား၊ မိမိတို့ပဲ မျက်စိလျှမ်း၍လားဆိုသည်ကို မရှင်းလင်းပြနိုင်ကြ၊ ရှန်ဘဲလားကိုရောက်တော့မှ ဤသို့ပင် ဖြစ်တတ်နေလေသည်။

ကျောင်းတော်ကြီးကား သလင်းကျောက်များဖြင့် တည်ဆောက်ထားကြသော ကျောင်းတော်ကြီးပင်ဖြစ်သည်။ ကျောက်သားနံရံများသည် အလင်းရောင်တစ်မျိုးထွက်နေကြသည်။ စိတြဒေဝီက နံရံများကိုလက်ဖြင့်စမ်းသပ်ကြည့်ရာ. . မဇ္ဈိမာ၏ဂူလိုဏ်များအတွင်းက နံရံများကဲ့သို့ပင် နွေးနေကြောင်း



www.burmeseclassic.com

www.burmeseclassic.com



သိရသည်။

အဖိုးအိုသည် ကျောင်းတော်ကြီးထဲကို ဝင်သွားခဲ့သည်။ ရပ်ကြည့်နေကြသော သူတို့သုံးယောက်ကို ခေါင်းညိတ်ကာ ခေါ်လိုက်သည်နှင့် လိုက်ပြီးတော့ ဝင်သွားခဲ့ကြလေသည်။ ဖိနပ်များကိုကား အပြင်မှာ ချွတ်ခဲ့ကြသည်။

မျက်နှာရှေ့တူရူတွင် ပုဂ္ဂိုလ်ကြီးတစ်ခုက တင်ပြင်ခွေ ကာထိုင်နေသည်။ ရှည်လျားသော ဆံပင်များကို သေသပ်စွာ ဖြင့်ထိပ်မှာထုံးနှောင်ဖွဲ့ထားသည်။ ထူးခြားချက်မှာ ဆံပင်များ သည် ဖြူဆွတ်ခြင်းမရှိပဲ နက်မှောင်နေသောကြောင့်ပင်တည်း။ ဖြူဝင်းသောအသားအရည်သည် ဝင်လျက်ရှိနေပြီး သေချာစွာ ကြည့်လျှင် အရည်ပြားပေါ်မှာ အလင်းရောင်တချို့က ထွက်ပေါ် လျက်ရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။

မျိုးဆက်တို့သည် ထိုပုဂ္ဂိုလ်ကြီးကို မြင်လိုက်ရသည်နှင့် ကြည်ညိုချင်စိတ်ဖြစ်ပေါ်လာခဲ့ရပြီး နေရာမှာထိုင်လိုက်ကြကာ ကန်တော့မည်ပြုလိုက်စဉ်မှာ. .

"ဘုရားကို အရင်ကန်တော့ပါ"

နှုတ်က လှုပ်ရှုံလေးရှိသော်လည်း အသံက ကြည်မြစွာ ဖြင့်ထွက်ပေါ်လာခဲ့လေသည်။ ဘုရားဆိုသော စကားကို သုံးနှုန်းလိုက်သည့်အတွက် အံ့အားသင့်သွားခဲ့ကြလေသည်။ ဝင်လာကြကတည်းက ခန်းမကြီးထဲမှာ ဘုရားကိုမမြင်မိပါ။ ထို့ကြောင့် ဟိုဟို. . ဒီဒီလိုက်ပြီးတော့ ကြည့်မိလိုက်သောအခါ ထိုပုဂ္ဂိုလ်ကြီးနောက်ကျောဘက်မှာပင်လျှင် တင်ပြင်ခွေဆင်းတု တော်ကြီးတစ်ဆူကို ဖူးတွေ့လိုက်ရလေသည်။





ထို့ကြောင့်. .

ပိုပြီးတော့အံ့အားသင့်သွားခဲ့ရသည်။ ခန်းမကြီးထဲကို စ,ပြီးဝင်လာကြကတည်းက ဤကြည်ညိုဖွယ်ရာ ဆင်းတုတော် မြတ်ကြီးကို ဖူးမြင်ကောင်းပါပဲနှင့် မဖူးမိလိုက်ကြသည်က မမြင်မိလိုက်သောကြောင့်ပင်ဟု ဆိုရပေမည်။

ဆင်းတုတော်မြတ်ကြီးသည် မိမိတို့၏ရှေ့မှောက်မှာ ကွယ်ပျောက်နေလေသည်။ ထိုပုဂ္ဂိုလ်ကြီးပြောလိုက်မှ မော့အကြည့်မှာ ဆင်းတုတော်မြတ်ကြီးကို ဖူးမြင်လိုက်ကြရ ခြင်းပင်။

စိတ်အလိုဆန္ဒရှိသောအခါမှ ပေါ်လာခဲ့သော အခြေ အနေများကိုဖြစ်ရပ်များကို ရှန်ဘဲလားသို့ရောက်ကာမှ ကြုံတွေ့ ခဲ့ရဖန်များလေပြီ၊ ထို့ကြောင့် ဆင်းတုတော်မြတ်ကို အားပါးတရ ပင်ဖူးလိုက်ကြသည်။

စိတြဒေဝီသည် မိမိတို့ကဲ့သို့ပင် လက်ဝါးနှစ်ဖက်ကို ပူးကာ နဖူးမှာတင်၍ ရိုသေစွာပင် ဦးချကန်တော့လျက်ရှိသည်။ ကိုမိုးရော၊ မျိုးဆက်ပါ၊ သတိထားပြီးတော့ ကြည့်မိလိုက်ကြ သည်။ ဆင်းတုတော်မြတ်ကြီးက ဉာဏ်တော်အမြင့် နှစ်ဆယ် ပေခန့်ရှိမည့်ဖြစ်ပြီး ရွှေအတိပြီးလေသည်။

ထို့နောက် စောစောက ပုဂ္ဂိုလ်ကြီးဆီကို ပြန်ရောက် လာကြပြီး ကန်တော့လိုက်ကြသည်။

"မင်းတို့ ဒီကိုရောက်လာအောင် ငါခေါ်လိုက်တာပဲ၊ ဒီနေရာဟာ ဘယ်သူတွေနေကြတယ်၊ ဘယ်လိုနေရာမျိုးလည်း ဆိုတာမင်းတို့ သိကြတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ထိုပုဂ္ဂိုလ်ကြီး၏လေသံက သိမ်မွေ့လှသည်။ ကရုဏာအပြည့်ပါသည်။ ဤကျောင်းတော်ကြီးနှင့် မည်သို့ပတ်သက်နေသနည်း၊ ဘွဲ့အမည်ကိုလည်း သိချင်နေသြည်။

"ငါဟာ ဒီကျောင်းတော်ကြီးရဲ့ ဂိုဏ်းချုပ်ကြီးပဲ၊ ငါဟာသူတော်စင်အပေါင်းကို ကိုယ်စားပြုတယ်၊ အမည်နာမကတော့မင်းသိဒ္ဓိအောင်တဲ့. ."

ပုဂ္ဂိုလ်ကြီးက မိမိတို့၏အတွေးကို သိသွားဟန်တူသည်။ ချက်ချင်းပင် အဖြေပေးလိုက်လေသည်။

"မင်းသိဒ္ဓိအောင်တဲ့၊ ရှန်ဘဲလားက ဂိုဏ်းချုပ်ကြီးရဲ့နာမည်ဟာ ငါတို့တရင်းတနှီးနဲ့ခေါ်တတ်တဲ့ နာမည်မျိုးပါပဲလား"

မျိုးဆက်က စိတ်ထဲမှတွေးလိုက်ရာ ပုဂ္ဂိုလ်ကြီးကပြုံးပြီးစောင့်ကြည့်လိုက်လေသည်။

"ငါ. . မင်းတို့ကို ခေါ်လိုက်တဲ့အကြောင်းရင်းကတော့ရှန်ဘဲလားရဲ့ တကယ့်တည်နေရာဟာ ဘယ်မှာရှိတယ်ဆိုတာသိစေချင်လို့ပဲ၊ ဒါပေမယ့် မင်းတို့ရဲ့အမှတ်သညာထဲမှာဘယ်တော့မှ မှတ်သားထားလို့ရမှာ မဟုတ်ဘူး၊ ဘာကြောင့်လည်းဆိုတော့ ဒီနေရာဟာ သီးခြားရပ်တည်မှုရှိနေပေမယ့်လူတိုင်းအတွက်မဟုတ်ဘူး။

ရှင်းရှင်းပြောရရင် တကယ့်ပုဂ္ဂိုလ်ကြီးတွေရဲ့ တရားဘာဝနာကို ဆက်လက်ရှာမှီးရာအရပ်၊ လောကကြီးရဲ့ကောင်းအကျိုးအတွက် ဆွေးနွေးတိုင်ပင်ရာနေရာပဲဖြစ်တယ်။

သူတို့ဟာ အထက်ကမ္ဘာမြေပေါ်မှာလည်း ပုံသဏ္ဍာန်အမျိုးမျိုးနဲ့ရှိနေကြပြီး လောကီအကျိုး၊ လောကုတ္တရာအကျိုး





တွေကို ဆောင်ရွက်နေကြတယ်။

ရှန်ဘဲလားကို ရှာဖွေနေကြတဲ့သူတွေရှိကြတယ်၊ သဲလွန်စတွေကောက်ပြီး ဟိုနေရာ ဟုတ်နိုးနိုး၊ ဒီနေရာ ဟုတ်နိုးနိုးနဲ့စမ်းတဝါးဝါးရှိနေကြတယ်၊ ဒါပေမယ့် သူတော်စင်တွေအနှောင့်အယှက်ဖြစ်ကြမှာစိုးလို့ နေရာမှန်ကို ပျောက်ကွယ်ထားကြတာပဲဖြစ်တယ်၊ ဒါလောက်ဆိုရင် ငါဘာကို ဆိုလိုတာလည်းဆိုတာ မင်းတို့သဘောပေါက်ကြရောပေါ့"

"ဟုတ်ကဲ့၊ သဘောပေါက်ပါတယ်"

"အေး. . မင်းတို့ဒီကိုရောက်လာအောင် ငါတို့ကပဲတမင်ဖန်တီးလိုက်တာဖြစ်တယ်၊ လူသားတွေရဲ့အသိဉာဏ်ထဲမှာ. . ဒီခေါင်းပွကမ္ဘာကြီးဆိုတာကို မသိကြတာများတယ်။

မင်းတို့ကတော့ စိတ်ဝင်စားကြတယ်၊ အရောက်လာလိုကြတယ်၊ ယုံကြည်ကြတယ်၊ ရှန်ဘဲလားဟာ ဒီမြေအောက်ကမ္ဘာကြီးထဲမှာရှိနေတယ်ဆိုတာကို ယုံကြည်ချင်နေကြတယ် မဟုတ်လား. ."

"ဟုတ်ပါတယ် ဘဘ"

"အေး. . မင်းတို့က တစ်ချိန်တုန်းက ရှန်ဘဲလားနဲ့ပတ်သက်ခဲ့ဖူးကြတယ်၊ ဒီနေရာဟာ သူတော်စင်တွေ၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တွေနေကြတဲ့ နေရာဖြစ်ကြသလို သူတော်ကောင်းတွေမဟိဒ္ဓိပုဂ္ဂိုလ်ကြီးတွေကို အလုပ်အကျွေးပြုစုခဲ့ကြတဲ့ဥပါသကာတွေလည်းပဲရှိကြတယ်။

မင်းတို့သုံးယောက်စလုံးဟာ လွန်ခဲ့တဲ့နှစ်ပေါင်းလေးထောင်လောက်က ရှန်ဘဲလားမှာ သူတော်စင်တွေကို အလုပ်



www.burmeseclassic.com

www.burmeseclassic.com



အကျွေးပြုဖူးခဲ့ကြတဲ့ ဥပသကာတွေပဲဖြစ်ကြတယ်၊ ကျင့်ကြံမှု အားနည်းလို့ သေဆုံးသွားကြချိန်မှာလည်း သံသရာ စက်ဝန်းထဲမှာ. . အသွင်အမျိုးမျိုးနဲ့ပြောင်းလဲပြီးနေကြတယ်၊ မကောင်းတဲ့ဘုံဘဝကိုတော့ မရောက်ဖူးခဲ့ကြပါဘူး၊ ဒါဟာ. . ကုသိုလ်အကျိုးဆက်ကြောင့်ပဲဖြစ်တယ်. . ”

မင်းသိဒ္ဓိအောင်၏ မိန့်ကြားချက်ကြောင့် သုံးယောက်စလုံးတစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိလိုက်ကြလေသည်။ ပုဂ္ဂိုလ်ကြီးကတော့ လူပြိန်းနားလည်အောင် ရိုးရိုးရှင်းရှင်းလေးပင် ပြောသွားခဲ့ခြင်းပါ။ ထိုအခါ. . သူတို့သုံးဦးစလုံးသည် ပဋ္ဌာန်းဆက်လူဝင်စားများဖြစ်ကြကြောင်းကို သိနားလည်သွားကြလေတော့သည်။

စိတြဒေဝီသည် မိမိသိလိုသည့်အကြောင်းအရာတစ်ခုကိုမနေ့ာထဲမှ မေးလိုက်လေသည်။

“ဘဘ. . ဒီလိုမွန်မြတ်တဲ့နေရာမှာ ရှိနေကြတဲ့ ပုဂ္ဂိုလ်တွေဟာ အဆင့်အတန်းအနိမ့်အမြင့်အလိုက် သတ်မှတ်ထားကြပါသလား၊ သမီး. . သိချင်လို့ပါ. . ”

ထိုအခါ. .

မင်းသိဒ္ဓိအောင်သည် စိတြဒေဝီကို ကြည်လင်သောအပြုံးဖြင့်ကြည့်လိုက်ပြီး. .

“မှန်တယ်၊ သူ့အဆင့်အတန်းအနိမ့်အမြင့်အလိုက်ပဲရှိကြပါတယ်၊ အသက်၊ ဉာဏ်ပညာ၊ ကျင့်စဉ်ကိုလိုက်ပြီး တစ်ဦးနဲ့တစ်ဦး အပြန်အလှန် လေးစားမှုတွေရှိကြပါတယ်၊ တစ်ခြားခွဲခြားမှုဘာမှမရှိကြပါဘူး၊ လူမျိုးမရွေး၊ ဘာသာမရွေး





အားလုံးဟာ မေတ္တာတရားတစ်ခုတည်းကိုသာ အခြေခံပြီး ဆက်ဆံကြပါတယ်၊ ရှန်ဘဲလားမှာရှိကြတဲ့ ပုဂ္ဂိုလ်တွေအားလုံးဟာစကြာဝဠာတစ်ခုလုံး၊ ကမ္ဘာလောကကြီးတစ်ခုလုံးကို နေ့စဉ်မေတ္တာဓါတ်တွေဖြန့်ဝေပြီး ပို့လွှတ်ကြပါတယ် သမီး. . ”

မင်းသိဒ္ဓိအောင်က ပြန်ပြီးတော့ ဖြေလိုက်ရာ စိတြဒေဝီမှအပ မျိုးဆက်ရော၊ ကိုမျိုးပါ အံ့အားသင့်သွားခဲ့ကြလေသည်။ အမေးမရှိပဲ အဖြေစကားက ထွက်လာခဲ့၍ပင်၊ နောက်တော့မှ စိတြဒေဝီကို ဦးတည်ပြီးပြောလိုက်သည့်အတွက် အမေးပြုသူသည်မည်သူဖြစ်မှန်း သိသွားခဲ့ရလေသည်။

“ဘဝအဆက်ဆက်တွေကို မင်းတို့ကူးပြောင်းကြရဦးမယ်၊ ဘဝအမျိုးမျိုးမှာ မင်းတို့ကျင်လည်ကျက်စားကြရဦးမယ်၊ နောင်တစ်ချိန်မှာ မင်းတို့ဟာ သူတော်စင်တွေဘဝနဲ့ ဒီနေရာကို ပြန်ပြီးတော့ ရောက်ကြရလိမ့်ဦးမယ်၊ ဘယ်ဘဝကိုပဲ ရောက်ရောက်. . တရားသိကြပါ. . တရားရှိကြပါ”

ဟု ဆိုဆုံးမလေသည်။ ထို့နောက် သူတော်စင်ကြီး မင်းသိဒ္ဓိအောင်သည် နေရာမှထ,လိုက်သည်။ သူတို့သုံးယောက်ကိုလက်ယပ်ခေါ်သွားသည်။ အဆောက်အဦးကြီး၏အပြင်ဘက်ကိုလှမ်းကြည့်၍ရသော. . လသာဆောင်ကဲ့သို့သော နေရာမျိုးကိုခေါ်ဆောင်သွားခဲ့လေသည်။

အေးစိမ့်သောလေက တဟူးဟူးဖြင့် တိုက်ခတ်လျက်ရှိသည်။ သို့သော်. . တုန်ခိုက်လောက်သော ချမ်းအေးမှုကို မခံစားမိကြပေ။ သူတော်စင်ကြီးက လသာဆောင်၏အပြင်ဘက်ကို လှမ်းပြီးလက်ညှိုးထိုးပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟောဟိုမှာ . . ကြည့်ကြစမ်း"

လက်ညှိုးညွှန်ရာကို လှမ်းပြီးတော့ ကြည့်လိုက်ကြလေ၏။ ညကဗွလာခြုံထည်သည် ဝါဖျော့ဖျော့အရောင်သန်းနေသည်။ အပြာနုရောင်က တဖြည်းဖြည်းထိုးဖောက်ပြီးတော့ ဝင်လာသည်။ ထို့ကြောင့် လောကဓါတ်ကြီးတစ်ခုလုံးကို လွှမ်းခြုံထားသောအလင်းရောင်သည် ဖြူပြာဝါဖျော့ယှက်ဖောက်ထားသည်။ မြင်တွေ့ရသည်မှာ ထူးခြားသော ခံစားချက်တစ်မျိုးပင်ဖြစ်သည်။

ထိုစဉ် . .

မြင်ကွင်းတစ်ခုက အလိုလိုပင်ပေါ်လာခဲ့လေ၏။ မြေပေါ်ကမ္ဘာထက်မှ မြို့ကြီးပြကြီးများ၏သင်္ချာန်နှင့် ကဗွလာကြီးပေါ်မှာ ပုံရိပ်သွင်ပမာအထင်အရှားပင် မြင်လာခဲ့ကြရလေ၏။ ယင်းမြို့ကြီးများသည် အနောက်ကမ္ဘာကအုပ်စုများဟု မျိုးဆက်ရော၊ ကိုမိုးပါ သိလိုက်ကြရသည်။ လူတွေ၊ ကားတွေ၊ ယာဉ်ရထားမျိုးစုံက အေးဆေးစွာပင် သွားလာနေကြရာမှ ယင်းမြင်ကွင်းသည် ပျောက်ကွယ်သွားကြပြီး လက်နက်များဖြင့် ပစ်ခတ်တိုက်ခိုက်နေကြသော မြင်ကွင်းများက အစားထိုးပြီးတော့ပေါ်လာခဲ့ကြလေသည်။

လေယာဉ်များက ကောင်းကင်ထက်မှ ဗုံးမိုးများရွာချကြသည်။ တဝုန်းဝုန်းနှင့် ပေါက်ကွဲသံများနှင့်အတူ တိုက်တာအိမ်ခြေများပျက်စီးကြကုန်သည်။ လမ်းမကြီးများပေါ်မှာ လူတွေသေကြေပျက်စီးကြသည်။ ဒဏ်ရာများရကာ အော်ဟစ်ညည်းညူနေကြသည်။ မြင်ကွင်းသည် ချက်ချင်းပင် ပြောင်းလဲ



သွားခဲ့ပြီ။ မြို့ကြီးပြကြီးများက အကောင်းပကတိအသစ်တစ်ဖန်ပေါ်လာခဲ့ကြသည်။ လေမုန်တိုင်းများက တိုက်ခတ်ကြသည်။ ပင်လယ်ထဲမှ လှိုင်းလုံးကြီးများက ကမ်းပေါ်ကို တက်လာခဲ့ကြပြီး . . တိုက်တာအိမ်ခြေတွေကို ဖျက်ဆီးသွားခဲ့ကြသည်။ လွှမ်းမိုးတိုက်ချသွားကြလေ၏။ လေဆင်နှာမောင်းကြီးများကလည်း ဖြစ်ပေါ်လာခဲ့ကြပြီး တိုက်တာအိမ်ခြေများကို ဖျက်ဆီးသွားခဲ့ကြလေသည်။

"ဗြဟ္မစိုရ်တရားခေါင်းပါးကြသူတွေရဲ့ . အပြုအမူအကျင့်အကြံတွေဟာ လူသားအချင်းချင်းကိုသာမှ နှိပ်စက်ကလူပြုကြတယ်၊ အနိုင်ကျင့်ကြတယ်၊ ထင်သလိုရက်စက်ကြတယ်၊ ကမ္ဘာအရပ်ရပ်တိုင်းမှာ အင်အားကြီးတဲ့ နိုင်ငံကကိုယ့်ထက်အင်အားသေးငယ်တဲ့ နိုင်ငံတွေကို ဗိုလ်ကျစိုးမိုးကြတယ်၊ ကိုလိုနီပြုလုပ်ချင်ကြတယ်၊ ကိုယ့်ဘက်မပါတဲ့ နိုင်ငံတွေကိုနည်းအမျိုးမျိုးနဲ့ ခြိမ်းခြောက်နှောက်ယှက်ကြတယ် . .

ဒါကို သူတို့က အောင်မြင်တယ်လို့ ပြောနေကြတယ်၊ သူတို့ကို ဘယ်သူကမှ မကျော်လွှားနိုင်ကြဘူးလို့ထင်နေကြတယ်၊ ဒါပေမယ့် အကုသိုလ်အလုပ်ကိုပြုလုပ်တဲ့သူဟာ တန်ပြန်အကျိုးဆက်ကိုလက်ခံရစမြဲပဲ၊ လက်မခံလို့ကို မရဘူး၊ သူတို့ဟာ တူညီသောအကျိုးကိုရရှိကြပြီး ကံတရားရဲ့ ရိုက်ပုတ်ချက်ကြောင့် သဘာဝဘေးအန္တရာယ်တွေကျရောက်ခံကြရတယ်၊ ရောဂါ[illegible]တွေရဲ့ နှိပ်စက်မှုကို ခံကြရတယ်၊ ရာဇဝတ်မှုတွေ ထူ[illegible]လာခဲ့ကြရတယ်၊ ဗြဟ္မစိုရ်တရားကင်းမဲ့မှုကြောင့် တန်[illegible]ခံရခြင်းဖြစ်တယ်၊ ဒါကို မသိကြပဲ ဆက်လက်ပြီးတော[illegible]မိုက်မဲနေကြ

www.burmeseclassic.com

www.burmeseclassic.com



ဆဲပဲလေ၊ တက်ကားကြွကြွမြင့်လွန်းကလျောကျ နောက်ဆုံးရှိ ချေ၏ဆိုတဲ့ စကားကို မင်းတို့ရဲ့ မြေကမ္ဘာပေါ်မှာ သုံးနှုန်းနေကြတဲ့အတိုင်းပဲပေါ့. . ”

သူတော်စင်ကြီး၏ စကားအဆုံးတွင် ထိုမြင်ကွင်းများသည်လည်း ပျောက်ကွယ်သွားခဲ့ကြလေသည်။

“အေး. . ငါမှာချင်တာကတော့ ကိုယ်ကျင့်တရားရှိကြပါ၊ မကောင်းမှုမှန်သမျှ ဘာမှမပြုလုပ်ပဲ မိမိတို့ရဲ့ လိပ်ပြာကိုသန့်စင်ကြပါစေ. . မညစ်နွမ်းကြပါစေနဲ့. .

မကြာခင်မှာ ပျက်စီးရတော့မယ့် မြောက်ဘက်အာဂါသာတွေရဲ့ အန္တိမနိဂုံးအဆုံးသတ်ကို မင်းတို့ဟာ မမြင်ချင်ပေမယ့်လည်း မြင်တွေ့ကြရမယ်၊ မကြုံချင်ပေမယ့်လည်း ကြုံကြရမယ်၊ ငါတို့လည်း မကယ်နိုင်ကြဘူး၊ ဒီအချိန်မှာ သူတို့ရဲ့ဝဋ်ကြွေးကိုပေးဆပ်ရတော့မယ်၊ ဝဋ်ကြွေးဆိုတာ တကယ့်အရင်းအမာပုဂ္ဂိုလ်တွေသော်မှ မလွတ်မြောက်နိုင်ဘူး”

သူတော်စင်ကြီးမင်းသိဒ္ဓိအောင်သည် ကရုဏာလေသံဖြင့် အေးဆေးစွာပြောနေသော်လည်း မျက်နှာပြင်ပေါ်မှာ အပြောင်းအလဲကမရှိ၊ ပကတိ တည်ငြိမ်အေးဆေးလျက်ရှိနေလေသည်။

ရှန်ဘဲလားမှ ပုဂ္ဂိုလ်ကြီးများသည် ကမ္ဘာမြေပြင်ထက်မှ အဖြစ်အပျက်များကိုလည်း အားလုံးပင်သိရှိနေကြသည်တကား။

“ဘဘ၊ ဒီအရပ်မှာ ရဟန္တာအရှင်သူမြတ်တွေလည်း သီတင်းသုံးကြပါသလား ခင်ဗျာ၊ ဖူးမြင်ခွင့်ရှိရင်လည်း ဖူးမြင်ပါရစေ. . ” ၄



“ထွက်ရပ်ပေါက်ရဟန္တာအရှင်သူမြတ်တွေ၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးတွေလည်း ဒီမှာရှိနေကြပါတယ်၊ ဒါပေမယ့် သူတို့ဟာ ကိုယ့်အလုပ်ကိုယ်လုပ်နေကြတဲ့အတွက် အနှောက်အယှက်ပေးဖို့မသင့်တော်ပါဘူး၊ လူမျိုးပေါင်းစုံ၊ အလွှာပေါင်းစုံက ပုဂ္ဂိုလ်ကြီးတွေဟာ ရှန်ဘဲလားမှာပဲ နေနေကြပါတယ်၊ တချို့ကို မြင်တွေ့နိုင်ဖို့ဆိုတာ မလွယ်ပါဘူး၊ မင်းတို့လည်း လမ်းမှာ တွေ့သင့်သလောက်တွေ့ခဲ့ကြပြီးပြီ မဟုတ်လား၊ ကဲ. . ကဲ မင်းတို့လည်း ဒီမှာကြာကြာနေခွင့်မရှိတဲ့အတွက် ငါ. . ပြန်ပြီးတော့ ပို့ပေးပါ့မယ်. . ”

သူတော်စင်ကြီးသည် ကျောင်းဆောင်ခန်းမကြီးဆီကို ပြန်ပြီးတော့ လျှောက်သွားသည်။ နေရာမှာထိုင်လိုက်သည်။ မျိုးဆက်တို့က ရုပ်ပွားတော်မြတ်ကြီးကို အရင်ကန်တော့လိုက်ကြသည်။ ထို့နောက် သူတော်စင်ကြီးမင်းသိဒ္ဓိအောင်ကို ကန်တော့လိုက်ကြလေသည်။

“သာဓု၊ သာဓု၊ သာဓု၊ လိုရာဆန္ဒကောင်းစွာပြည့်စုံကြပါစေ၊ သီလကို စောင့်ထိန်းနိုင်ကြပါစေ၊ ကိုယ်ကျင့်တရားလည်းမြဲမြံကြပါစေ. . ”

ဂိုဏ်းချုပ်ကြီးမင်းသိဒ္ဓိအောင်က ဆုပေးလိုက်သည်။

ထို့နောက် နေရာမှ ထ,လိုက်ကြသည်။ သူတော်စင်ကြီး၏ ရှေ့မှရိုသေစွာဖြင့် ဦးညွှတ်အပြီးထွက်လာခဲ့ကြလေသည်။

စောစောက လိုက်ပို့သော သူတော်စင်အိုးအိုကြီးသည်. . ကျောင်းတံခါးဝမှာစောင့်နေလျက်ရှိသည်။ မည်သို့

www.burmeseclassic.com

www.burmeseclassic.com



ပျောက်ကွယ်သွားပြီး မည်သို့ရောက်လာမှန်း မသိရပေ။ သုံးယောက်စလုံးသည် သူတော်စင်ကြီးကို လက်အုပ်ချီကာ ဂါရဝပြုလိုက်ကြသည်။ ကျောင်းအောက်ကိုဆင်းသွားခဲ့ကြပြီး အောက်ရောက်မှ တဖန်အပေါ်ကို မော့ကြည့်လိုက်ကြရာ. . ရှန်ဘဲလား၏ ဂိုဏ်းချုပ်ကြီး မင်းသိဒ္ဓိအောင်က ပြူတင်းပေါက်မှာရပ်ကာ သူတို့ကိုကြည့်နေလျက်ရှိသည်။

သူတော်စင်ကြီးကို နောက်ဆုံးဂါရဝပြုသည့်အနေဖြင့် လက်အုပ်ချီလိုက်ကြသည်။ သူတော်စင်ကြီးက ရှားပါးသောအပြုံးဖြင့် တုံ့ပြန်လိုက်လေသည်။ ထိုအပြုံးသည် အားလုံး၏ရင်ထဲကို စိမ့်ကာဝင်သွားခဲ့ပြီး တစ်ကိုယ်လုံးပေါ့ပါးလန်းဆန်းသွားခဲ့သည်ဟု ခံစားလိုက်ကြရလေသည်။

ကျောင်းတော်ကြီး၏လှေကားမှာ ချထားကြသောလက်နက်များကို ကောက်ယူလိုက်ကြသည်။ ယင်းလက်နက်များကြောင့် စိတ်ထဲမှာ မသိုးမသန့်ဖြစ်မိသွားကြသေးသည်။

ထိုစဉ်. .

ပတ်ဝန်းကျင်တစ်ခုလုံးသည် အပြာရောင်လွှမ်းခြုံသွားသည်။ ကောင်းကင်ထက်မှာ ကြယ်ကလေးများကပိုပြီးတော့ လင်းလက်တောက်ပလာကြသည်။ မြေပေါ်ကမ္ဘာကြီးရော၊ မြေအောက်ခေါင်းပွကမ္ဘာကြီးပါ စကြာဝဠာကြီးတစ်ခုထဲမှာ အကျုံးဝင်နေသည်။ သို့မဟုတ်. . နှစ်ထပ်စကြာဝဠာကြီးထဲက အာကာသဟင်းလင်းပြင်ကြီးတစ်ခု၊ သီးခြားအာကာသတစ်ခုပင်ဖြစ်သည်။ အနန္တစကြာဝဠာကြီးဟုဆိုထားသည်မဟုတ်ပါလား၊ ထို့ကြောင့်. . ဤခေါင်းပွကမ္ဘာကြီးသည်



အနန္တစကြာဝဠာထဲမှ စကြာဝဠာတစ်ခုနှင့် အကျုံးဝင်နေသည်

သူတော်စင်၊ သူတော်မြတ်တို့ တရားထူးတရားမြတ်ရှာကြရာ. . ဤရှန်ဘဲလားသည် လျှို့ဝှက်နက်နဲဆန်းကြယ်မှုတို့ဖြင့် ပြည့်နေသည်။ လူသာမန်တို့မရောက်နိုင်ကြဟု ဆိုကြသည်။ ဤကမ္ဘာ့မဟာဂန္ထာရီပညာသိုက်ကြီးရှိသည့် နေရာကို မိမိတို့ရောက်ဖူးခဲ့ကြလေပြီ။ ပဋ္ဌာန်းဆက်ရှိကြ၍သာ သုံးဦးတပြိုင်တည်းရောက်လာခဲ့ကြခြင်းပင်ဖြစ်ကြသည်။ ကံထူးကြပေ၏။

မိမိတို့တွေ့မြင်ခဲ့ရသည့် ရှန်ဘဲလားသည် အစိတ်အပိုင်းတစ်ခုမျှသာ၊ မသိအပ်. . မမြင်အပ်သည့် နေရာများစွာကျန်ရှိနေကြသေးကြောင်းကို နားလည်ကြသည်။ အပြာရောင်လွှမ်းခြုံနေသော ရှန်ဘဲလားပတ်ဝန်းကျင်ကြီးတစ်ခုလုံးသည် သူတော်စင်တို့ဒေသ၏ ထူးခြားချက်တစ်ခုပင်ဖြစ်သည်။ မည်သည့်နေရာမှ ဤကဲ့သို့သော ပတ်ဝန်းကျင်ပြောင်းလဲမှုနှင့် အဆန်းတကြယ်အရောင်အသွေးမျိုး မရှိနိုင်ပါ။

သူတော်စင်ကြီးက ရှေ့ကသွားနေသည်။ သုံးဦးက နောက်ကလိုက်ကြသည်။ ကျောင်းတော်ကြီးကို နောက်ပြန်လှည့်ပြီးကြည့်လိုက်ကြသည်။ ခန့်ထည်သော ကျောင်းတော်ကြီးကို. . ယခုထက်တိုင်မြင်ခွင့်ရှိနေသေးသည်။ သူတော်စင်ကြီးမင်းသိဒ္ဓိအောင်ကိုတော့ မတွေ့ရတော့ပါချေ။ တဒင်္ဂမြင်တွေ့လိုက်ရသော်လည်း ဘဝအဆက်ဆက်က သိကျွမ်းရင်းနှီးခဲ့ကြသူများပမာ ခံစားခဲ့ကြရသည်။ သို့ရှိစဉ်မှာ. .

မိမိကိုယ်မိမိပြန်ပြီးတော့ ငုံ့ကြည့်မိလိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖဲပြားကဲ့သို့သော ငွေကြိုးတစ်ချောင်းစီသည် ကိုယ်မှာ ငြိတွယ်လျက်ရှိနေကြသည်။ ယင်းငွေကြိုးလေးသည် ကျောင်းတော်ကြီးဆီအထိ ရောက်သွားကာ ရှည်လျားလှသည်။ တလူးလူးတလွန့်လွန့်နှင့် လင်းလက်နေကြသည်။ ထို့ကြောင့်. . တအံ့တဩနှင့်ပင်ငွေကြိုးလေးသွယ်တန်းထားရာ ကျောင်းတော်ကြီးဆီကို လှမ်းပြီး ကြည့်နေကြဆဲမှာပင်။

ငွေကြိုးလေးသုံးချောင်းသည် မိမိတို့ကိုယ်မှ အလိုလိုနေရင်း ပြတ်တောက်သွားခဲ့ကြသည်။ ယင်းသို့ ပြတ်တောက်သွားခဲ့ကြသည်နှင့် ချက်ချင်းမှာပင် သုံးယောက်စလုံး၏ ခန္ဓာကိုယ်သည် လေထဲမှာ လွင့်မျောသွားခဲ့ကြလေသည်။

အာကာသဟင်းလင်းပြင်ကျယ်ကြီးထဲကို ရောက်သွားကြသလို ခံစားလိုက်ကြရသည်။ မိမိတို့ကို လှမ်းခြုံထားသည့် အပြာရောင်ဝန်းကျင်တစ်ခုလုံး မှုန်ဝါးဝါးနှင့်ပျောက်ကွယ်သွားခဲ့ကြလေ၏။ ထို့နောက်. . ဘေးဘီဝန်းကျင်သည် အမှောင်ဖုံးလွှမ်းသွားခဲ့ပြီး မှေကနဲဆိုဖြစ်သွားခဲ့ကြလေသည်။ တကယ်တော့. . သူတို့ကိုယ်ပေါ်မှာ ဆက်သွယ်ထားသော ငွေရောင်ကြိုးများသည် ရှန်ဘဲလားနှင့် ဆက်သွယ်ထားသော လိပ်ပြာကြိုးများပင်တကား။

(၂၈)

## ဂူထဲမှာ တစဲလည်လည်

ဂူလိုဏ်ကြီးတစ်ခုလုံး တိတ်ဆိတ်မှုဖြင့် ကြီးစိုးလျက်ရှိနေသည်။ မည်သည့်အသံမျိုးမှ မကြားရ၊ အလုံးစုံ ဆိတ်သုန်းလျက်ရှိနေသလိုပင်။

မျိုးဆက်၊ ကိုမိုးနှင့် စိတြဒေဝီတို့သည် ဂူနံရံကို မှီပြီးငြိမ်သက်နေကြသည်။ တစ်နည်းဆိုရလျှင် မိန်းမောနေကြသည့်အသွင်မျိုးပင်ဖြစ်ကြသည်။ တစ်ခဏအကြာတွင် သုံးဦးစလုံးဆတ်ကနဲဆိုလန့်နိုးလာခဲ့ကြသည်။ တစပြိုင်တည်းလိုလိုပင်။ ထိုအခါ. . တစ်ယောက်မျက်နှာ တစ်ယောက်အံ့အားသင့်စွာဖြင့်ကြည့်မိလိုက်ကြလေသည်။

စိတြဒေဝီနှင့် မျိုးဆက်တို့သည် တစ်ယောက်နှင့်တစ်ယောက် အနီးကပ်ဆုံးနေရာမှာ ရှိနေကြသည်။ ကိုမိုးကတော့ တစ်ဖက်ဂူနံရံ၏ထောင့်မှာ မှီပြီးထိုင်လျက်သားဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကေသာ၊ မောင်တို့. . ရှန်ဘဲလားကို ရောက်သွားခဲ့ကြတယ်၊ ကေသာရော. . ကိုမိုးပါ. . အတူရောက်သွားကြတာ သိရဲ့လား. . "

"သိတယ်၊ ဒါပေမယ့်. . လူကိုယ်တိုင်ရောက်သွားကြတာမဟုတ်ဘူး၊ ကေသာတို့ရဲ့ ဝိညာဉ်လိပ်ပြာက ရောက်သွားတာ၊ ရှန်ဘဲလားမှာရှိနေတဲ့ အဓိကပုဂ္ဂိုလ်ကြီးက. . ကေသာတို့ကိုခေါ်ယူလိုက်တာပဲ. . "

စိတြဒေဝီက ဤကိစ္စကို ရှင်းရှင်း လင်းလင်း သိသွားသည်။ ထို့ကြောင့် ချက်ချင်းပင် အကျိုးအကြောင်းကို ပြောခိုင်းခဲ့ခြင်းပင်ဖြစ်သည်။ ကိုမိုးလည်း မျိုးဆက်တို့ဆီကို ရောက်လာပြီး. .

"မျိုးဆက်၊ တော်တော့်ကို ထူးဆန်းတာပဲကွာ၊ ငါတို့စိတ်ကူးထဲမှာသာထားနိုင်တဲ့ ရှန်ဘဲလားကို သုံးယောက်စလုံးရောက်သွားခဲ့ကြတယ်၊ တကယ်တော့ ရှန်ဘဲလားဟာကမ္ဘာမြေပြင်ပေါ်မှာ မရှိပဲ ခေါင်းပွမြေအောက်ကမ္ဘာကြီးထဲမှာပဲရှိနေတာကိုး၊ ရှေးပဝေသဏီကတည်းက ရှိနေတာပဲ ဖြစ်လိမ့်မယ်၊ ဒါကြောင့်မို့ ကမ္ဘာမြေပြင်ထက်မှာ လိုက်ရှာနေကြတဲ့ပုဂ္ဂိုလ်တွေဟာ ရှာမတွေ့နိုင်ပဲရှိနေကြတာကိုး"

ကိုမိုးက တအံ့တသြဖြင့် ပြောလိုက်လေရာ. .

"ဒီလိုရှိတယ် ကိုမိုး၊ ကေသာတို့အားလုံး ရှန်ဘဲလားကို လူကိုယ်တိုင်ရောက်သွားခဲ့ကြတာ မဟုတ်ဘူး၊ ဝိညာဉ်လိပ်ပြာကသာ ရောက်သွားခဲ့တာပါ. . "

"ဟင်. . ဘာရယ်၊ ဘယ်လို. . "





"ဟုတ်တယ်. . ရှန်ဘဲလားကနေ တကယ့်အဓိပတိလူတော်စင်ကြီးမင်းသိဒ္ဓိအောင်. . ကေသာတို့ရဲ့ ဝိညာဉ်လိပ်ပြာငွေကြိုးလေးတွေကို မနောဆက်နည်းနဲ့ ဆက်သွယ်ပြီးခေါ်ယူသွားခြင်း ခံကြရတာပါ. . "

"ဟင်. . ဟုတ်လား၊ ကျွန်တော်ကတော့ ကိုယ်ကိုတိုင်ရောက်သွားခဲ့တယ်လို့ပဲ ထင်နေတာ၊ ဒါဆိုရင်. . ဒီခန္ဓာကိုယ်ကြီးက. . "

"ခန္ဓာကိုယ်ကြီးက ဒီမှာပဲကျန်ခဲ့တာပေါ့၊ ဒါ. . ဘာမှဆန်းပါဘူး၊ ဘယ်သူပဲဖြစ်ဖြစ်၊ အိပ်ပျော်နေကြတဲ့အခါမှာအိပ်မက်,မက်ကြသလိုမျိုးပေါ့၊ ဒါလည်း ကိုယ့်ခန္ဓာကိုယ်ထဲကဒုတိယကိုယ်ပွားခန္ဓာဖြစ်တဲ့ ဝိညာဉ်လိပ်ပြာက ပြင်ပခရီးကိုထွက်သွားခဲ့ရတာပဲ မဟုတ်လား. . "

"အင်း. . ဟုတ်တော့ ဟုတ်တာပေါ့၊ ဒါပေမယ့် ခုလိုအဖြစ်မျိုးကတော့ ထူးခြားတယ်၊ တစ်မျိုးပဲ၊ ကျွန်တော်ဖြင့်ရှန်ဘဲလားကို ရောက်သွားပြီး ချက်ချင်းလိုလို ပြန်လာခဲ့ရတာအိမ်မက်နည်းမိသလိုပဲဗျာ. . "

"ဒါပေမယ့် လူသာမန်တွေ မရောက်နိုင်ကြတဲ့ နေရာကိုကေသာတို့ရောက်သွားခဲ့ကြတာ တော်တော်လေးကို ကံထူးလို့ပဲ၊ လူတော်စင်ကြီးမင်းသိဒ္ဓိအောင်က ပြောလိုက်တယ် မဟုတ်လား၊ သုံးယောက်စလုံးဟာ ပဋ္ဌာန်းဆက်ပါရှိနေကြတဲ့သူတွေလို့ဆိုတာလေ. . "

ရှန်ဘဲလားနှင့်ပတ်သက်ပြီး တစိမ့်စိမ့်နှင့်ပြန်တွေးနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကေသာတို့လည်း အာဂါသာတွေရဲ့ နောက်ကိုလိုက်ကြတာ ရှန်ဘဲလားကို မမျှော်လင့်ပဲရောက်သွားခဲ့ကြတော့တာပဲ၊ အဖနဲ့အစ်ကို သေနတောင် ရောက်ဖူးသွားခဲ့ကြတယ်လို့ သတင်းမကြားဖူးဘူး၊ မဇ္ဈိမာက တချို့သူတော်စင်ကြီးတွေကတော့. . ရောက်ဖူးကြမှာပေါ့လေ၊ ကိုယ်ကသိနိုင်ခွင့်မှ မရှိပဲကိုး. ."

"ထွက်ပြေးသွားခဲ့ကြတဲ့ ဘာနုနဲ့ သူ့လူတွေဟာ ဒီလျှို့ဝှက်ဂူလမ်းကြောင်းထဲက လွတ်မြောက်သွားနိုင်ပါ့မလား"

"သူတို့လွတ်မြောက်နိုင်ဖို့ကတော့ အတော်လေးကို ခဲယဉ်းတယ်၊ ဒီဂူလိုဏ်ကြီးထဲမှာ နဂါးပွက်အိုင်ကြီးတွေလည်း ရှိနေကြတယ်၊ ပြေးရင်းလွှားရင်း. . ကျွံကျသွားကြပြီး ဒုက္ခရောက်ကုန်ကြမှာပဲ၊ ဒါမှမဟုတ်ရင်လည်း ထွက်ပေါက်ကို မတွေ့ကြပဲ တဝဲလည်လည်ဖြစ်ပြီး အစာငတ်ရေငတ်နဲ့ သေဆုံးသွားနိုင်တယ်။

ကဲ. . ဘာနုရဲ့နောက်ကို လိုက်သွားတဲ့ အစ်ကိုသေနနဲ့ သူ့လူတွေလည်း အခြေအနေဘယ်လိုရှိသလဲ မသိဘူး၊ ကေသာတို့ ပြန်ကြရအောင်. ."

လမ်းအမှတ်အသားများကို ပြုလုပ်ထားသောကြောင့် စိတြဒေဝီ၏ဦးဆောင်မှုဖြင့် မြေအောက်လျှို့ဝှက်လမ်းကြီးမှ လျှောက်လာခဲ့ကြသည်။ တစ်နေရာကိုရောက်သောအခါ ဂူလိုဏ်ကွေ့တစ်ခုမှ ရုတ်တရက်ထွက်လာကြသော သေနတို့ အုပ်စုနှင့်ပက်ပင်းတိုးမိကြလေသည်။

"ဟင်. . အစ်ကို၊ ဘာနုတို့ကို ရှာတွေ့ခဲ့ကြသလား"



"မတွေ့တော့ဘူး ညီမ၊ ဦးတည်ရာကို လျှောက်ပြေးသွားကြရင်း ပျောက်ကုန်ကြတယ်၊ ဒါပေမယ့် အာဂါသာတွေဟာဒီလျှို့ဝှက်ဂူကြီးထဲက ထွက်ပြေးလွတ်မြောက်ကြဖို့ဆိုတာ မလွယ်ပါဘူးလေ. ."

"ဒါပေမယ့် မဇ္ဈိမာနဲ့ အာဂါသာဆက်သွယ်ထားတဲ့ လျှို့ဝှက်ဂူငါးလုံးထဲက တစ်လုံးကိုတော့ သူတို့ရှာတွေ့သွားခဲ့ကြပြီ၊ သတိတော့ထားကြရတော့မယ် အစ်ကို. ."

"ဟုတ်တယ်၊ မြောက်ပိုင်းအာဂါသာတွေဟာ ဒီနေရာကိုနောက်တစ်ခေါက် ပြန်မလာနိုင်ကြဘူးလို့ မပြောနိုင်ဘူးလေ၊ ဒီကနေ့ကစပြီး ပိုပြီးတော့ သတိထားကြရတော့မယ်၊ အစောင့်တွေကိုလည်း ပိုပြီးတော့ ချထားရလိမ့်မယ်. ."

သေနက သတိပေးလိုက်သည်။ ထို့နောက် ထိုနေရာမှ ထွက်လာခဲ့ကြလေသည်။

စိတြဒေဝီတို့မောင်နှမသည် မျိုးဆက်တို့နှင့်အတူ မဂ္ဂဆီကို ရောက်လာခဲ့ကြလေသည်။ ထိုအချိန်တွင် မဂ္ဂသည် မဇ္ဈိမဂိုဏ်းချုပ်ကြီးရာဇနှင့်အတူ ရှိနေသည်။ သေနက အကျိုးအကြောင်းကိုပြောပြရာ ဧည့်သည်များဖြစ်ကြသော မျိုးဆက်တို့ပါဝင်ခွင့်ရကြလေသည်။ သူတို့တွေ့ကြသည့် နေရာကား ဂိုဏ်းချုပ်ကြီးရာဇ၏ သီးသန့်ဆွေးနွေးဆောင်မှာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရာဇသည် လွန်စွာမှ တည်ကြည်ခန့်ညားသောသူ ဖြစ်သည်။ ဥပတိရုပ်ကောင်းသည်။ ဆံပင်၊ ပါးမြိုင်းမွေး၊ မုတ်ဆိတ်မွေးများသည် ဆွတ်ဆွတ်ဖြူလျက်ရှိနေကြသည်။ သို့သော်. . မျက်လုံးတွေကတော့ ထူးခြားစွာပင် အရောင်တောက်ပလျက်ရှိနေကြသည်။ စိတ်တန်ခိုးရှင်တစ်ဦး၏ မျက်လုံးမျိုးပင်။

မျိုးဆက်တို့ဝင်လာကြသည်ကို အေးဆေးစွာဖြင့် ကြည့်နေသော်လည်း ထိုအကြည့်က ဆွဲငင်အားအပြည့်ရှိနေသည်။ လူတစ်ယောက်၏ စိတ်ကိုကောင်းစွာ ထိန်းချုပ်ထားနိုင်စွမ်းရှိသည်။

စိတြာဒေဝီနှင့် သေနတို့က ရာဇကို ဦးညွှတ်ပြီး အရိုအသေပေးလိုက်သည်။ မျိုးဆက်တို့ကလည်း ဂုဏဝုဒ္ဓိ၊ ဝယဝုဒ္ဓိ ဟူသောစကားအတိုင်း အရွယ်အားဖြင့်သော်လည်းကောင်း၊ ဂုဏ်အားဖြင့်သော်လည်းကောင်း၊ ကြီးမြတ်သောသူကို လေးစားကြရမည်ဖြစ်ရာ ဦးညွှတ်ပြီး အရိုအသေပေးလိုက်ကြလေသည်။

"မြေပေါ်ကမ္ဘာသားများ၊ သက်တောင့်သက်သာနဲ့ ထိုင်ကြပါ၊ ကျုပ်ကြောင့် အနေရအထိုင်ရခက်တာမျိုး မဖြစ်ကြပါနဲ့. . "

လေသံက တိုးငြင်သော်လည်း ကရုဏာအပြည့်ရှိသည်။ ဟန်ဆောင်မှုမပါ၊ ရာဇသည် စားပွဲ၏ထိပ်ဆုံးမှာထိုင်သည်။ လက်ယာဘက်အနီးကပ်ဆုံးမှာ မဂ္ဂကထိုင်သည်။ မှူးမတ်များ (သို့မဟုတ်) အတိုင်ပင်ခံလူကြီးများက ဝဲယာစားပွဲတစ်ဖက်တစ်ချက်စီမှာ ထိုင်နေကြသည်။ စိတြာဒေဝီ၊ သေနနှင့်





မျိုးဆက်တို့သည် လွတ်နေသော ကုလားထိုင်များမှာ ဝင်ထိုင်လိုက်ကြလေသည်။

"သေန၊ မြောက်ပိုင်းအာဂါသာတွေနဲ့ တွေ့ဆုံခဲ့ရပုံကို ဂိုဏ်းချုပ်အကြီးအကဲရာဇကို ပြောပြလိုက်ပါ"

မဂ္ဂက သေနကို ပြောလိုက်ရာ. .

"ဟုတ်ကဲ့၊ ကျွန်တော်တို့ သတင်းအရလိုက်သွားကြတဲ့အခါမှာ ဘာနုခေါင်းဆောင်တဲ့ အာဂါသာတွေဟာ လျှို့ဝှက်ဂူပေါက်ထဲကို ရောက်နေကြပါပြီ၊ ကျွန်တော်တို့အားလုံး ဝင်လိုက်သွားကြတော့. . "

သေနသည် ရာဇကို သူကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်အတွေ့အကြုံများကို ပြန်ပြီးပြောပြလိုက်လေ၏။

"ဒါဆိုရင် ဘာနုတို့ ဒီဂူကြီးထဲမှာပဲရှိနေကြသေးသလား၊ ဒါမှမဟုတ်. . လွတ်မြောက်သွားကြပြီလားဆိုတာကို မသိနိုင်ကြသေးဘူးပေါ့. . "

"ဟုတ်ပါတယ် ခင်ဗျာ"

ရာဇသည် စိတြာဒေဝီကို တစ်ချက်လှမ်းကြည့်လိုက်ပြီး-

"စိတြာဒေဝီ. . မင်းကာကော. . "

"ကျွန်မတို့လည်း အာဂါသာတွေကို သုတ်သင်ဖို့ လိုက်သွားကြရင်း ထူးခြားတဲ့အတွေ့အကြုံတွေကို ရရှိခဲ့ကြပါတယ်. . "

"ဘယ်လို၊ ထူးခြားတဲ့အတွေ့အကြုံ. . ဟုတ်လား၊ ဘာကိုလဲကွယ့်၊ ငါ့ကို သေသေချာချာပြောပြစမ်းပါဦး"

"ဟုတ်ကဲ့ ဒီလိုပါ. . "



www.burmeseclassic.com

www.burmeseclassic.com



စိကြဒေဝီသည် အာဂါသာများကို လိုက်လံရှာဖွေရင်း လိပ်ပြာလွင့်ကာ မနေ့ခရီးဖြင့် ရှန်ဘဲလားသို့ ရောက်သွားပုံကို ပြောပြလိုက်လေသည်။ ရှန်ဘဲလားနှင့်ပတ်သက်ပြီး ပြောနေစဉ်မှာ. . ရာဇ၏မျက်နှာအမူအရာမှာ လေးနက်သောအသွင်ကို ဆောင်နေလေသည်။

"မှန်တာပေါ့။ ဒါ. . ထူးခြားချက်တစ်ခုပေါ့။ ရှန်ဘဲလားကို လူသာမန်တွေရောက်ဖို့ မလွယ်ဘူး၊ မင်းတို့တစ်တွေ ရောက်သွားခဲ့ကြတာ ဂုဏ်ယူစရာပဲ၊ မြေပေါ်ကမ္ဘာသားတွေလည်းဒါတို့ မဇ္ဈိမာကို ရောက်လာခဲ့ကြတာ. . ဒီကနေ တဆင့် ရှန်ဘဲလားကို ရောက်ဖို့ အစီအစဉ်ဖြစ်လာခဲ့ကြတာပဲ၊ သူတော်စင်ကြီးမင်းသိဒ္ဓိအောင် မြွက်ကြားခဲ့သလို. . ဒါဟာ ဘဝ. . ဘဝက အကြောင်းပါလာလို့. . ပဋ္ဌာန်းဆက်ရှိကြလို့ပဲ။

ဧည့်သည်တော်တွေက မဇ္ဈိမာကို ရန်စကျူးကျော်ဝင်ရောက်ဖို့ကြိုးစားကြတဲ့ မြောက်ပိုင်းအာဂါသာတွေကို တွန်းလှန်တိုက်ခိုက်ပေးတဲ့အတွက် ကျုပ်က ကျေးဇူးတင်ပါတယ်။

မောင်ရင်တို့မြေပေါ်ကမ္ဘာက အသိပညာရှင်၊ အတတ်ပညာရှင်တွေက သတ်မှတ်ထားကြတဲ့ ကျုပ်တို့ရဲ့ မြေအောက်ကမ္ဘာကြီးကို တစ်ခြားလူစိမ်းတွေ မရောက်ဖူးခဲ့ကြပါဘူး၊ ဒါပေမယ့် ရှာရှာဖွေဖွေရောက်ရှိလာကြတဲ့ သူတွေလည်း ရှိကြပါတယ်၊ သူတို့ဟာ မြောက်ပိုင်းအာဂါသာတွေရဲ့ လက်ထဲကိုရောက်သွားကြပြီး အစအနမကျန် သတင်းမရရှိကြပဲ ပျောက်သွားခဲ့ကြပါတယ်"

"ဟုတ်ကဲ့. . ဒီမြေအောက်ခေါင်းပွကမ္ဘာကြီးကို





မမျှော်လင့်ပဲ ရောက်လာနိုင်တဲ့အတွက်လည်း ဝမ်းမြောက်မိပါတယ်. . မဇ္ဈိမာဟာ ကျွန်တော်တို့ကို နွေးထွေးစွာနဲ့ ကြိုဆိုလက်ခံကြပါတယ်. . "

မျိုးဆက်က ပြောလိုက်ရာ. . ရာဇက. .

"မောင်ရင်တို့ ဒီကိုရောက်လာနိုင်ခဲ့တာ မဟိဒ္ဓိ ပုဂ္ဂိုလ်ကြီးတွေရဲ့ လိုက်လျောမှုလည်းပါတယ်၊ သူတို့က လက်မခံရင် ဒီခရီးကို မအောင်မြင်ပဲ ဒီကိုဘယ်နည်းနဲ့မှ မရောက်နိုင်ကြပါဘူး၊ သူတို့ရဲ့ စိတ်စေတသိက်တန်ခိုးနဲ့ မောင်ရင်တို့ကို လမ်းပြပေးခဲ့တာ၊ ကျုပ်တို့ဆီကိုရောက်လာနိုင်ဖို့အတွက် မြေအောက်ကမ္ဘာကိုဆင်းနိုင်တဲ့ လမ်းအစစ်အမှန်ကို တွေ့ခဲ့ကြတာ၊ မောင်ရင်တို့ရဲ့ ဝီရိယကြောင့်ချည်းပဲလည်း မဟုတ်ဘူး၊ ဒါကိုတော့ယုံကြည်ထားပါ. . "

ရာဇ၏စကားကို မျိုးဆက်တို့က မည်သို့မျှ မတုံ့ပြန်ပဲ ငြိမ်နေလိုက်ကြလေ၏။

"မြောက်အာဂါသာတွေရဲ့ ပျက်စီးကိန်းကိုတော့ အတိတ်တဘောင်စကားရှိခဲ့လို့ ကျုပ်လုံးဝမဝေဖန်လိုပါဘူး၊ အာဂါသာတွေလည်း ဒါကိုသိထားကြပါတယ်၊ ဒါပေမယ့် သူတို့ဟာ ယုံကြည်မှုမရှိကြဘူး၊ ကျုပ်တို့ မဇ္ဈိမာတွေနဲ့တောင် အာဂါသာတွေရဲ့ မလိုတမာစကားပဲလို့သာ ထင်နေကြတယ်။

ကိုင်းရှိစေတော့၊ သေနက အာဂါသာတွေရဲ့ ရန်ကို ကာကွယ်ဖို့အတွက် ပိုပြီးအားထုတ်ပါ၊ မဂ္ဂက ကူညီပါ၊ ဧည့်သည်တော်နှစ်ယောက်လည်း သက်တောင့်သက်သာနဲ့ နေကြပါ. . "



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် တွေ့ဆုံမှုကို ရုပ်သိမ်းလိုက်လေသည်။ မျိုးဆက်တို့လည်း ပွင့်ပန်းလှပြီဖြစ်၍ အနားယူရန် ဧည့်ဂေဟာ ဆီကိုမြင်းရထားဖြင့် ပြန်လာခဲ့ကြသည်။ လမ်းမှာ. .

"ကေသာ၊ ရာဇဟာ ရှန်ဘဲလားနဲ့ ပတ်သက်ပြီ သာမန်စကားလောက်ပဲ ပြောသွားခဲ့တယ်၊ သူရှန်ဘဲလားကို ကောင်းကောင်းသိနေသလားမပြောတတ်ဘူး. ."

"အင်း၊ ဂိုဏ်းချုပ်အကြီးအကဲရာဇဟာ တစ်ဖက် ကလည်း သူတော်ကောင်းတွေရဲ့ ကျင့်စဉ်ကို ကျင့်ကြံအားထုတ် နေတဲ့သူပဲ၊ မဟိဒ္ဓိ၊ သိဒ္ဓိဖိုဂိုလ်ကြီးတွေနဲ့ ဆုံတွေ့နိုင်၊ မဆုံတွေ့ နိုင်ဆိုတာကတော့ ကေသာလည်းမသိဘူး"

စိတြာဒေဝီက ခပ်ပေ့ပေ့ပင် ပြန်ပြောလိုက်လေသည်။

မြင်းလေးကောင်က,သောရထားသည် တောင်ကြီးတစ် တောင်မှတစ်တောင်ကို ဆက်သွယ်ထားသော တံတားမှတဆင့် တဟုန်ထိုးဖြတ်ကျော်သွားခဲ့ရာ လျှင်မြန်လွန်းလှသည်။ တစ်ခါက အာဂါသာတို့ဖက်မှ ပစ်ခတ်လိုက်သော ကျောက်တုံးကြီး တစ်တုံးကို ပြန်ပြီးအမှတ်ရသွားခဲ့ကြသည်။ ကျောက်တုံးကြီး သည် ဤတံတားပေါ်မှပင် ကျော်ဖြတ်သွားခဲ့ခြင်းပင် ဖြစ်ပါ သတည်း။



အာဂါသာနှင့် မဖြိုမာကို ဆက်သွယ်ထားသော ဂူလိုဏ် ကြီးတစ်ခုအတွင်း။

ဘာနုနှင့် သူ့လူများသည် ပိတ်မိနေကြသည်။

"တော့က်၊ ငါတို့ ထွက်ပေါက်လည်း ရှာမတွေ့ကြတော့ ဘူး၊ ဒီအထဲမှာ တဝဲလည်လည်နဲ့ရှိနေကြတာကြာပြီ၊ ငါတို့ လူတွေထဲက တချို့လည်း တော်တော်လေးကို နည်းသွားကြပြီ၊ ဘာတွေဖြစ်ကုန်ကြသလဲတော့ မသိဘူး၊ ဟော့ကောင်တွေ တစ်ယောက်တစ်ကွဲစီမသွားကြနဲ့၊ ငါ့နောက်က လိုက်ကြစမ်း"

သူနှင့်အတူပါလာကြသော အာဂါသာ ဆယ်ယောက် ကိုသတိပေးလိုက်သည်။ ဂူထဲမှာ အလင်းရောင်များက ရနေ၍ တော်ပေသေးသည်။ ဂူလိုဏ်လမ်းကြောင်းများကား ဝက်ပါ ကဲ့သို့ပင် ရှုပ်ထွေးလျက်ရှိနေသည်။ လမ်းမသိပဲနှင့် မိမိတို့ အားလုံးစွတ်ရွတ်ပြီး ထွက်ပြေးလာခဲ့ကြသည့်အတွက် ယခုလို မျက်စိလည်နေကြရခြင်းပင်ဖြစ်သည်။

"တစ်နေရာရာမှာတော့ အာဂါသာဘက်ကိုသွားတဲ့ လမ်းက ပေါက်နေမှာပဲ၊ အားမလျော့ကြနဲ့ဟေ့၊ ငါတို့မရောက် ရောက်အောင်ရှာပြီး သွားကြမယ်၊ ထွက်ပေါက်တွေ့ကို တွေ့ရမယ်ကွာ. ."

ဘာနုက အားပေးလိုက်သည်။ ပခုံးမှ ဒဏ်ရာ စစ်စစ်နှင့် ကိုက်လာသည်။ သေနဓ၏ဓါးချက်မိသွား၍ဖြစ်သည်။

"သေန၊ သေန၊ မင်းနဲ့ ငါတွေ့ရဦးမှာပေါ့ကွာ၊ ငါ. . မသေသေးဘူးဟေ့. ."

အံကိုကြိတ်ကာ ကြိမ်းဝါးလိုက်သည်။ ထိုအခါ

www.burmeseclassic.com

www.burmeseclassic.com



ဖျက်စီးနေသော သူ၏ မျက်နှာကြီးမှာ ပိုပြီးတော့ ကြောက်စရာကောင်းလာခဲ့လေ၏။

ထိုစဉ်. .

သူ့ဆီကို ဒယိမ်းဒယိုင်ဖြင့် လျှောက်လာနေကြသော အာဂါသာနှစ်ယောက်ကို အမှတ်မထင်ပင် တွေ့လိုက်ရလေ၏။

"ဟော့ကောင်တွေ၊ မင်းတို့ ဘယ်လိုဖြစ်လာကြတာလဲ"

"ဟို. . ဟိုဘက်မှာ အလင်းရောင်တွေ့တယ်၊ ဒီဘက်မှာ လူသံကြားလို့ လျှောက်လာခဲ့တာပါ၊ သခင်ကြီးရဲ့ အသံပဲလို့ လက်ခံထားတာ၊ အခုတော့ ကျွန်တော်ထင်တဲ့အတိုင်းပဲ. . "

"အလင်းရောင်. . ဟုတ်လား"

"ဟုတ်တယ်၊ တော်တော်လေးကို စူးရှလင်းလက်နေတယ်. . "

"ဂူထွက်ပေါက်များဖြစ်နေမလားပဲ၊ သွား. . အဲ့ဒီနေရာကိုပြန်သွား. . "

ဘာနုတို့သည် ထိုနေရာကို လျှောက်သွားခဲ့ကြသည်။ အလင်းရောင်က ဂူထဲကို ပိုပြီးထိုးဖောက်ဝင်ရောက်လာသည်။

"ဟာ. . မင်းပထွေးတဲ့မှပဲ၊ ဒါ. . ဂူထွက်ပေါက်ကွ. . "

ဘာနုက လွှတ်ကနဲဆို ထွက်သွားခဲ့လေ၏။ သူတို့တွေ့လိုက်ကြရသည်ကား ဂူပေါက်ဝပင်တည်း။

(၂၁)

## တောင်ပိုင်းအာဂါသာခရီး

မြင်းလေးကောင်ကသောရထားတစ်စီးသည် မြေပြင်ပေါ်မှာ ခပ်မှမှန်ပင် ပြေးသွားလျက်ရှိနေသည်။ မြင်းလှည်းပေါ်မှာ မဂ္ဂတစ်ဦးတည်းသာ ပါလာသည်။ မြင်းလှည်းသမားနှင့်ဆိုလျှင် နှစ်ဦး။

မြင်းရထား၏နောက်မှာ လိုက်ပါလာကြသည့် သန်မာထွားကျိုင်းကြသည့် အမွေးရှည်ရှည်နှင့် မြင်းများ၊ မြင်းများပေါ်တွင် သေန၊ စိတြဒေဝီ၊ မျိုးဆက်နှင့် ကိုမိုးတို့အပါအဝင်။ မဖျိုမရဲမက်လေးဆယ်ကျော်တို့လည်း လိုက်ပါလာခဲ့ကြသည်။

သူတို့ဦးတည်ရာလမ်းကြောင်းမှာ တောင်ပိုင်းအာဂါသာဆီသို့ပင်၊ မဖျိုမာနှင့် တောင်ပိုင်းအာဂါသာတို့သည် အဆက်အသွယ်ရှိကြသည်။ သံတမန်ဆက်သွယ်မှုများ နှစ်ပေါင်းထောင်ချီမကာရှိခဲ့ကြလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



တောင်ပိုင်းအာဂါသာမှ လူကြီးများက မဇ္ဈိမာဂါ လျှို့ဝှက်ဆက်သွယ်လာခဲ့ကြသည့်အတွက် လျှို့ဝှက်တိတ်တဆိတ် ထွက်လာခဲ့ကြခြင်းပင်။

မြေကမ္ဘာပေါ်မှ ဧည့်သည်များဖြစ်ကြသော မျိုးဆက်နှင့် ကိုမိုးတို့ကိုခေါ်ဆောင်လာခဲ့ရခြင်းအကြောင်းရင်းမှာ ရောက် တုန်းရောက်ခိုက်တွင် တောင်ပိုင်းအာဂါသာကို မြင်ဖူး၊ တွေ့ စေလိုသောကြောင့်ပင်၊ သူတို့နှစ်ဦးကို ဝင်ခွင့်ပေးရန်အတွက် တောင်ပိုင်းအာဂါသာများ၏ ခွင့်ပြုချက်ကိုရပြီးဖြစ်သည်။

မဇ္ဈိမာနှင့် တောင်ပိုင်းအာဂါသာ၊ ခရီးကအတန်ငယ် လှမ်းသည်။ မြောက်အာဂါသာနယ်နိမိတ်နှင့် မနီးမဝေး ဖြတ်သန်းသွားရမည်ဖြစ်သည်။ ထို့ကြောင့် အထူးပင် သတိထား ပြီးသွားကြရသည်။ ထို့နောက် လမ်းရိုးမှမသွားကြတော့ဘဲ တောင်ကြားလမ်းများမှ တဆင့် ဖြတ်ထွက်ကာ သွားကြလိမ့် မည်။ မည်သူမှ အသုံးမပြုကြသောလမ်းကို မဇ္ဈိမာတို့က အသုံးပြုတတ်ကြသည်။

ဖြတ်လမ်းမှထွက်လျှင် တောင်အာဂါသာကို နေ့ဝက် ခရီးမရှိတရှိနှင့် ရောက်သွားနိုင်သည်။ မြောက်အာဂါသာတို့ သည် အနိမ့်ပိုင်းကျသည်။ မဂ္ဂသည် အဝေးဆီမှာ လှမ်းပြီး မြင်နေရသော မြောက်အာဂါသာကို အကဲခတ်ကာ မြင်းရထား ပေါ်မှလိုက်သွားခဲ့လေသည်။ မကြာမီ. . တောင်ကြားဒေသကို ရောက်လာကြသည်။ ရထားထိန်းသည် သွားရိုးသွားစဉ်လမ်းမှ ဖဲကျဉ်ပြီးတောင်ကြားဒေသကို ဖြတ်ကျော်ကာမောင်းသွား သည်။





အနားကိုရောက်လာလေလေ၊ တောင်ကြီးတွေက ပြီးတော့ မြင့်လွန်းလာလေလေဟု ထင်ရသည်။ တောင်နံရံ များမှာ. . သစ်ပင်ကြီးငယ်တွေက ကပ်ပြီးတော့ ပေါက်နေကြ သည်။ စိမ်းစိမ်းစိုစိုနှင့် ရှိနေကြသည်။ နေ့အခါဖြစ်၍ လင်းနေ သော်လည်း နေ၏အလင်းရောင်က အားပျော့လှသည်။ နကွယ်နေသော်လည်း တောင်များ၏အရိပ်က မြေပေါ်ကို ထိုးပြီးတော့ ကျနေကြလေသည်။

တောင်ခြေမှာ မြင့်လွန်းသော သစ်ပင်ကြီးများ၊ ချုံကြီး များကပေါက်ရောက်နေကြသည်။ အချို့သစ်ပင်ကြီးများသည် ည်လျားသောအရွက်များရှိကြသည်။ ကြာဖက်ကဲ့သို့ကြီးမား ကြသည်။ ကျွန်းပင်ကြီးများကဲ့သို့ ဖြောင့်မတ်နေကြသည်။ မြေကမ္ဘာပေါ်မှာမရှိသော သစ်ပင်အမျိုးအစားကြီးများပင်။ အံ့သြစရာကောင်းလှသည်။

ဤခေါင်းပွကမ္ဘာကြီးထဲမှာ ရှိနေကြသည့် သဘာဝ တရားကြီးသည် ကျွန်ုပ်တို့၏ မြေပေါ်ကမ္ဘာအတိုင်းပါပဲလား၊ ယုံကြည်နိုင်စရာပင်မရှိပေ။

တော်တော်ကလေးခရီးပေါက်လာသောအခါ မမျှော် လင့်သော အခြေအနေတစ်ခုကို ကြုံတွေ့လိုက်ကြရလေသည်။ ညာဘက်ရှိ တောအုပ်ကြီးထဲမှ အကောင်နှစ်ဆယ်ကျော်ခန့်ပါ မည်ဖြစ်သော ဆင်ရိုင်းကြီးတစ်အုပ်သည် အမှတ်မထင် ထွက်လာကြသောကြောင့်ပင်တည်း၊ ဆင်ရိုင်းကြီးများ၏ ဦး ပေါ်တွင် ထူထဲသောအမွေးရှည်ကြီးများက ပေါက်နေကြသည်။ အစွယ်ကြီးနှစ်ချောင်းကလည်း ကိုယ်ထည်နှင့်မလိုက်အောင်ပင်



www.burmeseclassic.com

www.burmeseclassic.com



ကြီးမားနေကြသည်။ အစွယ်တုတ်တုတ်ကြီးတွေဖြစ်ပြီ၊ အဖျားများက ချွန်မြည့်ကော့လန်နေကြသည်။ ကမ္ဘာမြေပေါ်က ဆင်ရိုင်းကြီးများထက် ပိုပြီးတော့ ကြီးမားကြလေသည်။

ဆင်ရိုင်းကြီးများသည် လမ်းကြောင်းမှာ ပိတ်ပြီးတော့ ရပ်နေကြကာ ရန်မူကြမည့် အသွင်မျိုးရှိနေကြသည်။ ကြီးမား သော်နှာမောင်းကြီးတွေကို ဦးကင်းထက်မှာ တင်ကာ. . ရန်ပြု ရန်ကြွေးကြော်အော်ဟစ်လို့လာကြလေသည်။

"ဗူး. . အူး. . "

ဆင်ရိုင်းကြီးများ၏ အော်ဟစ်သံများသည် တစ်တော လုံးတစ်တောင်လုံး ဟိန်းထွက်သွားခဲ့ကြလေ၏။ တောင်တစ် တောင်နှင့်တစ်တောင်ပဲ့တင်သံများသည်လည်း ရိုက်ခတ်သွား ခဲ့ကြလေသည်။

"ဟိတ်. . ရပ်လိုက်. . "

မဂ္ဂက လက်ကိုပြပြီးတားလိုက်ရာ မြင်းရထားလည်း ရပ်သွားသည်။ နောက်မှလိုက်ပါလာကြသော မြင်းများသည် လည်း ရပ်သွားခဲ့ကြလေသည်။ ဆင်ရိုင်းကြီးများသည် ခြေ ထောက်များကို မြေပြင်ပေါ် ဆောင့်ချလိုက်၊ တကျိုကျိုအသံပေး လိုက်ကြနှင့် ရှိနေကြသည်။ မဗ္ဗိမာများသည် ဆင်ရိုင်းကြီးများ ကိုမြင်းထက်မှနေ၍ မမှိတ်မသုန်နှင့် ရပ်ပြီးတော့ ကြည့်နေကြ သည်။ သေနနှင့် စိတြဒေဝီတို့သည်လည်း ပါလာကြသော လေးမြားများကို မထုတ်ကြ။ ကိုမိုးက မျိုးဆက်နားကို မြင်းနှင့်ကပ်လာပြီး. .

"ငါတို့ လက်နက်ထုတ်သုံးလို့ မဖြစ်သေးဘူး၊ သူတို့





ဆောင်မှ မလှုပ်ကြတာ. . "

"ဟုတ်တယ် ကိုမိုး၊ အကြောင်းတစ်ခုခုတော့ ရှိလိမ့် မယ်၊ ဆရာကြီး မဂ္ဂက ဘာလုပ်ဦးမလဲမသိသေးဘူး၊ သူ့ကို ကျော်ပြီး ကျွန်တော်တို့ ပစ်ခတ်လို့ မဖြစ်သေးဘူးဗျ. . "

တစ်ယောက်ကို တစ်ယောက် သတိပေးလိုက်ကြသည်။

မဂ္ဂသည် မြင်းရထားထက်မှနေ၍ ရှေ့ဆုံးက ခေါင်းဆောင်ဆင်ကြီးကို စူးစိုက်ပြီးတော့ ကြည့်နေသည်။ မျက်တောင်ပင်မခတ်၊ ဆင့်ရိုင်းကြီးကလည်း နားရွက်တွေ တဖျတ်ဖျတ်နှင့် ခတ်ရင်းက ငြိမ်ကျသွားသည်။ နားရွက်တွေ လည်း မလှုပ်ကြတော့။

"မင်းတို့ ထွက်သွားကြပါ၊ ငါတို့ကို အနှောင့်အယှက် မပေးကြပါနဲ့"

မဂ္ဂက တည်ငြိမ်သောလေသံဖြင့် ပြောလိုက်သည်။ ဆင်ရိုင်းကြီးသည် မလှုပ်မယှက်နှင့် ပေပြီးတော့ ရပ်နေကြ သေးသည်။ သူ့နောက်က ဆင်ရိုင်းကြီးများသည်လည်း မလှုပ် မယှက်နှင့် နေရာမှာရပ်နေကြသည်။ တကယ့်ရုပ်တုကြီးတွေ အလား. . ငြိမ်သက်နေကြသည်။ ဤအတိုင်း စက္ကန့်တော်တော် များများကြာသွားခဲ့ကြသည်။ ထို့နောက်. . ဆင်ရိုင်းခေါင်း ဆောင်ကြီးက ဦးဆောင်ပြီး လာရာလမ်းအတိုင်း ပြန်လှည့် ထွက်သွားခဲ့ကြလေသည်။ တောထဲကို တဖြည်းဖြည်းနှင့်ပြီး ပျောက်သွားခဲ့ကြသည်။

ထိုအခါကျမှပင်. . မျိုးဆက်တို့သည်လည်း သက်ပြင်း ချမိလိုက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . သွားကြမယ်"

မဂ္ဂက ရထားထိန်းကို သတိပေးလိုက်သည်။ ထိုစဉ်မှာပင်လျှင် မြင်းရထားသည် လေးညို့မှပစ်လွှတ်လိုက်သည့် မြားတစ်စင်းအလား နေရာမှ တဟုန်ထိုးပင်ပြေးထွက်သွားခဲ့လေသည်။ မြင်းရထား၏နောက်မှ မြင်းများသည်လည်း ခပ်သော့သော့နှင်ကာလိုက်သွားခဲ့ကြလေ၏။

လမ်းမှာ မြင်းများကို သုံးကြိမ်ပဲ အနားပေးရသည်။ မကြာမီ. . လွင်ပြင်ကျယ်မှ ကြီးကျယ်ခန့်နားသော မြို့ကြီးတစ်မြို့ကို မျိုးဆက်တို့ တွေ့လိုက်ကြရလေသည်။ ယင်းကား တောင်ပိုင်းအာဂါသာမြို့ကြီးပင်တည်း၊ ကမ္ဘာ့မြေအောက်ခေါင်းပွကမ္ဘာကြီးထဲရှိ ဒုတိယအကြီးဆုံးမြို့ကြီးပင်တည်း။

[ရှန်ဘဲလားသည် မြေအောက်ကမ္ဘာကြီး၏ အကြီးဆုံးမြို့တော်ကြီးဖြစ်သည်။ သို့သော် မျိုးဆက်တို့ ရောက်သွားခဲ့သည်က. . ရှန်ဘဲလား၏ အစိတ်အပိုင်းတစ်ခုသာ၊ ကျန်သောအပိုင်းသည် မည်မျှကျယ်ပြန့်ပြီး မည်သည့်ပုဂ္ဂိုလ်တွေ နေထိုင်ကြသည်ကို မသိနိုင်ကြပါ]

တကယ်တော့ အာဂါသာသည် မဇ္ဈိမာကဲ့သို့ပင် အမြင့်ပိုင်းမှာ တည်ရှိနေသည်။ အာဂါသာသို့ ဝင်ရောက်ရန် အောက်ပိုင်းကို ဆင်းသွားခဲ့ကြရလေသည်။ ထိုအခါ မြို့ကို မမြင်ရတော့၊ ကြီးမားသော မြို့ရိုးတံတိုင်းကြီးတစ်ခုက ဆီးပြီး





တော့ကြိုဆိုနေလေသတည်း။ မြင်းရထားသည် မြို့ရိုးအနားကို ရောက်သောအခါ ရပ်တန့်လိုက်သည်။

တောင်ပိုင်းအာဂါသာဆီသို့ ဆက်သားလွှတ်ကာ ကြိုတင်အကြောင်းကြားထားပြီးဖြစ်သည်။ မဂ္ဂကိုလည်း သိထားကြပြီးဖြစ်သည်။ ထို့ကြောင့် မြို့ရိုးထိပ်မှာ ကြည့်နေသော တာဝန်ရှိသူများနှင့်တကွ တံခါးမှူးသည် တံခါးကို ဖွင့်ပေးလိုက်ကြလေသည်။ မြင်းရထားသည် ရှေ့ကဦးဆောင်ပြီးတော့ ဝင်သွားခဲ့သည်။ သူ့နောက်မှ. . မြင်းများကလည်း လိုက်ပါသွားခဲ့ကြလေသည်။

တောင်ပိုင်းအာဂါသာတို့၏ အဆောက်အဦးများသည် ကြီးမားခန့်ထည်လှသည်။ ထူးခြားချက်က အမိုးသည် အုပ်ကြွပ်နီနီများဖြစ်ကြပြီး အကာများကတော့ တစ်တောင်ခန့်ထုရှိသော အုတ်ခဲကျောက်များပင်၊ အချို့ကား တစ်ထပ်တိုက်များဖြစ်ကြပြီး. . အချို့ကား နှစ်ထပ်ဆောက်ထားကြလေသည်။ လက်လုပ်လက်စားဆင်းရဲသားများပင်လျှင်. . သပ်ရပ်သော တိုက်ပုလေးများကို ဆောက်ထားကြလေသည်။ [သစ်သားသုံးကြသည်ကို မတွေ့ကြရပါ]

"ကိုမိုး. . ဟိုမှာ ကြည့်လိုက်စမ်း"

မျိုးဆက်က မြင်းပေါ်မှနေ၍ လက်ညိုးထိုးပြလိုက်သည်။ သူတို့တွေ့လိုက်ကြရသည်ကား ဘာသာရေးအဆောက်အအုံတစ်ခုပင်။

"အေးကွာ၊ ငါ. . သူတို့ရဲ့ကိုးကွယ်မှုကိုသိချင်တယ်"

"ကျွန်တော်လည်း သိချင်တာပဲ၊ ဒါပေမယ့် သူများ



www.burmeseclassic.com

www.burmeseclassic.com



နေရာမှာ ကိုယ့်သဘောနဲ့ကိုယ် သွားချင်တိုင်းသွားလို့မရဘူးဗျ"

လမ်းတွင် ဖြတ်သွားဖြတ်လာရှိနေကြသော သူများသည်. . လမ်းဘေးကို ခပ်ရို့ရို့ပင် ရှောင်ပေးကြသည်။ ယောကျ်ားများ၏ ဝတ်စားဆင်ယင်မှုသည် ကော်လာမပါသော ရှပ်အင်္ကျီများနှင့် ဘောင်းဘီပွပွများပင်၊ မိန်းကလေးတို့သည်ကား. . ရင်ဖုံးအင်္ကျီနှင့် ထဘီလိုမျိုးကို ဝတ်ဆင်ထားကြ၍ အံ့အားသင့်သွားခဲ့ကြရလေသည်။

"ငါတို့တိုင်းပြည်က မိန်းကလေးတွေဝတ်ပုံစားပုံအတိုင်းပါပဲလားကွ. ."

"ဒီကလူကြီးတွေဟာ ကျွန်တော်တို့ရဲ့ တိုင်းပြည်နဲ့ အဆက်အသွယ်ရှိနေကြသလား မသိပါဘူး၊ မျက်နှာတွေလည်း ဆင်ဆင်တူကြတယ်၊ အသားအရောင်ကလည်း မဖြူမညိုပဲ ကိုမိုးရ. ."

သို့သော်. . ကိုမိုးသည် မိန်းကလေးများ၏ အလှကို စိတ်ဝင်စားသူမဟုတ်ပေ။ ခံစားချက်ကင်းမဲ့နေသလို ရှိနေသည်။ သူသည် ဒီတစ်သက် အိမ်ထောင်ကျမည့်သူ မဟုတ်၊ တစ်နေရာကိုရောက်သောအခါ မြင်းရထားကို ရပ်တန့်လိုက်သည်။ အားလုံးမြင်းပေါ်မှ ဆင်းကြသည်။

မဂ္ဂကိုကြိုဆိုကြသော တောင်အာဂါသာမှ လူကြီးများသည်ကော်လာမပါသော အင်္ကျီလက်ရှည်ပွပွကြီးကို ဝတ်ဆင်ထားကြသည်။ လုံချည်မှာ ခါးမှ ရွှေရောင်ခါးပတ်ပြားကြီးတစ်ခုဖြင့်ရစ်ပတ်ထားလေသည်။ မိမိတို့တိုင်းပြည်မှ ဝန်ကြီးများဆောင်းသော ဦးထုတ်ရှည်ကြီးများကို နှစ်ယောက်က ဆောင်း





ထားသည်။ ကျန်နှစ်ဦးက ဦးထုတ်နိနိချွန်ချွန်ကြီးများကို ဆောင်းထားကြလေသည်။ သူ့နောက်မှာ စစ်သူကြီးများ၊ ရဲမက်များကလည်း ရှိနေကြသည်။ ထိုသူများဝတ်စားထားကြပုံသည် ရှေးက မြန်မာစစ်သူကြီးများ၊ ရဲမက်များနှင့် ခပ်ဆင်ဆင် တူကြလေသည်။

မဂ္ဂကို လာရောက်ကြိုဆိုကြသော သူများသည် တစ်ခန်းတစ်နားပင်ရှိနေကြသည်။ ယင်းကိုကြည့်၍ မဇ္ဈိမာ၏ ဒုတိယအကြီးအကဲ မဂ္ဂသည် မည်မျှအရေးပါကြောင်းကို ဖော်ပြနေသည်။ ဖက်လှဲတကင်းပင် ကြိုဆိုကြသည်။ ထိုသူများသည် မျိုးဆက်နှင့် ကိုမိုးတို့ကို အကဲခတ်သော အကြည့်များဖြင့်ကြည့်ကြသည်။ သို့သော်. . အကြည့်များသည် တစ်ဖက်သားကိုအနေရမခက်စေပါ၊ ယဉ်ကျေးသိမ်မွေ့ကြသည်။

ပြောဆိုဆက်ဆံကြသော စကားလုံးအသုံးအနှုန်းများသည် ပါဠိစကားလုံးများပင်ဖြစ်ကြသည်။ မျိုးဆက်နှင့် ကိုမိုးတို့သည်. . ပါဠိစာပေနှင့် စကားကို ကောင်းစွာပင်လေ့လာထားကြသူများပေမို့ သုံးပုံနှစ်ပုံလောက်ကို နားလည်လေသည်။

"ကိုမိုး၊ ကျွန်တော်တို့ကို သူတို့ရဲ့ လူကြီးတွေနဲ့ တွေ့ဆုံကြရာမှာ လိုက်ခွင့်မပြုဘူးတဲ့၊ အပြင်မှာပဲ နေခဲ့ရမယ်တဲ့"

"ဟုတ်တယ်၊ ဘယ်တတ်နိုင်မလဲကွာ၊ သူတို့ရဲ့. . စည်းကမ်းပဲ. . လိုက်နာရမှာပေါ့. ."

မျိုးဆက်နှင့် ကိုမိုးတို့ပြောနေကြသော စကားကို တောင်အာဂါသာမှ လူကြီးများက ကြားသွားကြလေသည်။ ထို့ကြောင့်အမတ်နှင့်တူသော တစ်ယောက်က မျိုးဆက်



www.burmeseclassic.com

www.burmeseclassic.com



၏အနားကိုရောက်လာပြီး. .

"ကျုပ်တို့ တောင်အာဂါသာရဲ့ စည်းကမ်းကို အသိအမှတ်ပြုတဲ့အတွက် လေးစားပါတယ်၊ ဒါပေမယ့် မြေပေါ်ကမ္ဘာသားဧည့်သည်တွေကို ယုံကြည်မှုအပြည့်ရှိထားကြတာမို့ တောင်အာဂါသာရဲ့ မြို့တွင်းပတ်ဝန်းကျင်ကို အလည်အပတ်ခွင့်ပြုထားပါတယ်၊ အဲ့ဒီအတွက်လည်း ကျွန်တော်တို့စီစဉ်ထားပြီးသားပါ၊ ကျုပ်ရဲ့နာမည်က ဣန္ဒပါ၊ အမတ်ချုပ်ကြီးဣန္ဒပါ. ."

ဣန္ဒက ယဉ်ကျေးသိမ်မွေ့သော စကားဖြင့်လိုက်လျောစွာပြောသည်။ တကယ်တော့ သူသည် အမတ်ချုပ်ကြီးတစ်ဦးပင်တည်း။

"ဟုတ်ကဲ့၊ ကျွန်တော်တို့ကို ဧည့်သည်အဖြစ် အသိအမှတ်ပြုတဲ့အတွက် ဝမ်းသာပါတယ် ဘဘ. ."

ဣန္ဒကပြုံးလိုက်ပြီး စိတြဒေဝီကိုကြည့်လိုက်ကာ. .

"ကဲ. . ငါ့သမီးက ဒီကိုမကြာခဏရောက်ဖူးနေတာပဲ၊ ဧည့်သည်တော်တွေကို လိုက်ပြီးပြလိုက်ပါ၊ လေ့လာစရာရှိတာကိုလေ့လာပါစေ. ."

"ကောင်းပါပြီ. . ဘဘ. ."

စိတြဒေဝီက လက်အုပ်လေးချီပြီးတော့ ပြောလိုက်သည်။ တောင်အာဂါသာကလူကြီးများသည် စိတြဒေဝီကိုကောင်းစွာပင် သိထားကြလေသည်။ မဂ္ဂနှင့် သေနတို့သည် တောင်အာဂါသာမှ အကြီးအကဲများနှင့် တွေ့ဆုံရန် လိုက်သွားကြသည်။ မဇ္ဈိမာရဲမက်များကို ကောင်းစွာ နေရာချထားပေးပြီး





အဆောက်အဦးကြီးတစ်ခုထဲတွင် အနားယူစေကာ လိုလေသေး
မရှိအောင်ပင် ကျွေးမွေးကြလေသည်။
စိတြဒေဝီနှင့် မျိုးဆက်၊ ကိုမိုးတို့ကို သီးခြားအဆောင်
တစ်ခုတွင် ကောင်းစွာပြုစုကျွေးမွေးသည်။ ထို့နောက် မြို့တွင်း
သို့လှည့်ပတ်သွားလာခွင့်ပြုထားလေသည်။
"ကေသာ၊ စောစောက တွေ့ခဲ့ရတဲ့ ဘာသာရေး
အဆောက်အဦးကြီးဆီကို သွားကြရအောင်"
"သွားလေ. . သွားပေါ့"
ဘာသာရေးအဆောက်အဦးကြီးဆီကို လျှောက်သွား
ခဲ့ကြသည်။ အဝင်ဝတွင် ပိတ်ဖြူဝတ်ထားသော ဖိုးသူတော်ကြီး
တစ်ဦးက သူတို့ကိုဆီးပြီးတော့ကြိုသည်။
"မင်္ဂလာပါ၊ အထဲကိုဝင်ပြီး လေ့လာနိုင်ကြပါတယ်. ."
မျိုးဆက်တို့ကလည်း ဖိုးသူတော်ကြီးကို အရိုအသေ
ပေးလိုက်ကြပြီး ကျောင်းပေါ်ကိုတက်သွားခဲ့ကြလေ၏။ ရှေးဦး
စွာမမျှော်လင့်ပဲတွေ့လိုက်ရသော မြင်ကွင်းကြောင့် အံ့အားသင့်
သွားခဲ့ရလေသည်။ မတ်ရပ်ဆင်းတုတော်ကြီးတစ်ဆူကို မမျှော်
လင့်ပဲ ဖူးတွေ့လိုက်ရသောကြောင့်ပင်တည်း။
"ဟင်၊ တောင်ပိုင်းအာဂါသာတွေလည်းပဲ ဗုဒ္ဓမြတ်စွာ
ကို ကိုးကွယ်ကြတာပါပဲလား၊ ဗုဒ္ဓရဲ့ သာသနာတော်ဟာ ဒီအထိ
ပျံ့နှံ့ခဲ့တာကိုး. ."
"ဒီမှာ တခြားဘာသာဝင်တွေလည်း ရှိကြပါသေး
လူလေး. . မည်သူမဆို မိမိတို့နှစ်သက်ရာကို ကိုး ခွင့်
ပြုထားပါတယ်. ."



www.burmeseclassic.com

www.burmeseclassic.com



ဖိုးသူတော်ကြီးက နောက်ကလိုက်လာပြီး ရှင်းပြလေသည်။

"ဟုတ်ကဲ့၊ ခုလိုရှင်းပြတာ ဝမ်းသာပါတယ်. ."

ထို့နောက် ဖိုးသူတော်ကြီးက ကျောင်းဝင်းအတွင်း အခြားနေရာများကို ခေါ်သွားခဲ့လေသည်။ သူတော်စင်တို့၏ ရုပ်တုများထားရာ အဆောက်အဦးတစ်ခုဆီကို ရောက်လာခဲ့ကြသည်။ [ဓါတ်ခန်းကြီးတစ်ခုဟု ယူဆရသည်]

ရုပ်တုများစွာကို တွေ့ရလေသည်။ ဆာဒူး၊ ဖကီးကြီးများကဲ့သို့သော ပုဂ္ဂိုလ်ကြီးများ၊ ဆံကျစ်ရသေ့ကြီးများ၊ ဝတ်ဖြူစင်ကြယ်နှင့် သူတော်စင်ကြီးများ၊ ရဟန္တာအရှင်သူမြတ်များ၏ ရုပ်တုများကို မြင်တွေ့လိုက်ကြရသည်။ ရိုသေစွာပင် လက်အုပ်ချီမိလိုက်ကြလေသည်။

ရုပ်တုများ၏အောက်တွင် အမည်နာမများကို ရေးထိုးမထားကြပါ။ [မဟိန္ဒရာသူတော်စင်ရုပ်တုနှင့်တူသော ရုပ်တုကိုလည်းတွေ့ရသည်။ တစ်နေရာတွင် မြန်မာပြည်က လူသိထင်ရှားသော ဂန္ဓာရီနယ်ပယ်မှ ပုဂ္ဂိုလ်ကြီးတစ်ဦး၏ ရုပ်တုကိုလည်းတွေ့မြင်လိုက်ရသောအခါ. . အံ့အားမသင့်ပဲမနေနိုင်မိတော့၊ ယင်းပုဂ္ဂိုလ်ကြီးကား. . ]

တစ်နေရာတွင် နောက်ထပ်တွေ့လိုက်ရသည့် ရုပ်တုကြီးကား ရှန်ဘဲလားမှ ဂိုဏ်းချုပ်ကြီး မင်းသိဒ္ဓိအောင်ပင်တည်း။

"တောင်ပိုင်းအာဂါသာဟာ ရှန်ဘဲလားက သူတော်စင်ကြီး. . မင်းသိဒ္ဓိအောင်နဲ့ အဆက်အသွယ်ရှိတယ်ထင်တယ်၊



သူ့ရဲ့ရုပ်ပုံကို တစ်ထေရာတည်းတူအောင် ထုထားတာကိုပဲ ကြည့်လေ. ."

"ဒီမှာလည်း မဟိဒ္ဓိ၊ သိဒ္ဓိပုဂ္ဂိုလ်ကြီးတွေ ရှိနေကြတာပဲ၊ ရှန်ဘဲလားကို လိပ်ပြာဝိညာဉ်ကူးပြီးတော့ သွားလာနေကြတာ၊ တယ်လပသီလို့ခေါ်တဲ့ မနောဆက်နည်းတွေနဲ့ ဆက်ဆံနေကြတာ၊ မင်းသိဒ္ဓိအောင်ဟာ တောင်ပိုင်းအာဂါသာကို မရောက်ခဲ့ဘူးလို့ ဘယ်သူက ပြောနိုင်မှာလဲ. ."

စိတြာဒေဝီက သူမ၏ယူဆချက်ကို ပြောပြလိုက်လေသည်။

"ဒီကျောင်းမှာ ရဟန်းသံဃာသူတော်စင်တွေကို မတွေ့ရပါလား. . ဦးသူတော်"

ကိုမိုးက မေးလိုက်ရာ. .

"သူတို့ဟာ လူတွေနဲ့ နီးနီးကပ်ကပ်မနေကြပါဘူး၊ သူတို့ရဲ့ အကျင့်သီလကို ထိခိုက်ကြမှာစိုးလို့၊ ဝိနည်းသိက္ခာတွေကို မပွန်းပဲ့စေချင်ကြလို့ ဟိုးတောင်တန်းကြီးတွေပေါ်မှာ တောနက်ကြီးတွေထဲမှာပဲ ကျောင်းဆောက်ပြီးနေထိုင်ကြပါတယ်. ."

ဖိုးသူတော်ကြီးကို ကျေးဇူးတင်စကားပြောပြီး ကျောင်းမှ ထွက်ခွာလာခဲ့ကြလေသည်။ ထို့နောက်. . လွန်စွာမှ သာယာသောဥယျာဉ်ကြီးများ၊ ရေကန်ကြီးများဆီကို ရောက်ကြသည်။ တောင်အာဂါသာမှ လူများသည် မျက်နှာချိုသာကြသည်။ သူတို့ကို ဖော်ရွေသောအပြုံးများဖြင့် ကြည့်သွားခဲ့ကြသည်။ အထူးသဖြင့် မျိုးဆက်နှင့် ကိုမိုးတို့ကို မသိမသာ အကဲခတ်

www.burmeseclassic.com

www.burmeseclassic.com



ပြီးကြည့်သွားခဲ့ကြလေသည်။

မိမိတို့ရောက်နေသော နေရာသည် ကမ္ဘာမြေအောက် ခေါင်းပွကမ္ဘာကြီးထဲမဟုတ်ပဲ၊ ကမ္ဘာမြေပေါ် ကိုပင် ပြန်ရောက်နေသလားဟုပင် သံသယဖြစ်သွားခဲ့ကြရလေသည်။

ထူးခြားသည်မှာ မျိုးဆက်နှင့် ကိုမိုး လူစိမ်းနှစ်ယောက်ကိုတွေ့လိုက်ကြရသော်လည်း လွန်စွာပင် အံ့အားသင့်သွားကြသောအမူအရာမျိုးဖြစ်ပေါ်မလာကြပါ။

[နောက်မှသိရသည်မှာ မျိုးဆက်တို့ကို မိမိတို့၏ မြေအောက်ကမ္ဘာသားအချင်းချင်းပင် ထင်နေကြပုံရသည်။ လွန်စွာမှဝေးကွာသော တိုင်းပြည်တစ်ခုခုက ရောက်လာကြသည့် ဧည့်စိမ်းများဟု ယူဆထားကြလေသည်။

ထိုသူများသည် မြေပေါ်၊ မြေအောက် ကမ္ဘာဟု ခွဲခြားပြီးသိထားကြဟန်မတူကြပါ၊ မြေပေါ်ကမ္ဘာကြီးမှာပင်လျှင် မြေပေါ်ကမ္ဘာအပြင်. . မြေအောက်ခေါင်းပွကမ္ဘာကြီးတစ်ခုရှိနေသေးသည်ကို သုတေသီပညာရှင်အချို့မှလွဲ၍ မည်သူမှ မသိကြ၊ ဤအကြောင်းအရာများသည် အငြင်းပွားနိုင်စရာ၊ မယုံကြည်နိုင်စရာများပင် မဟုတ်ပါလား]

ထို့နောက်. . ရောက်တုန်းရောက်ခိုက်မှာ ပြတိုက်ကြီးတစ်ခုဆီကိုလည်း သွားကြသည်။ ပြတိုက်ထဲတွင်. . အာဂါသာတို့၏ မင်းအဆက်ဆက်များ၊ အနုပညာပန်းချီပန်းပုလက်ရာများကို တွေ့ရှိကြရသည်။

ယခင်က အာဂါသာသည် ဤနေရာတစ်နေရာတည်းမှာပင် တည်ရှိသည်။ တစ်စင်ထောင်လိုသော အာဂါသာတချို့





သည် သူတို့၏ ဆန္ဒအလျောက် ခွဲထွက်သွားခဲ့ကြသည်။ ထိုသူတို့သည် ရုပ်ရင်းကြမ်းတမ်းသောသူများဖြစ်ကြသည်။ မိစ္ဆာအယူဝါဒကို ယူကြသည်။ မျက်နှာပုံပန်းသဏ္ဌာန်တွေကမိစ္ဆာဆန်ဆန်၊ ဆိုရလျှင် တိရစ္ဆာန်များတို့၏ မျက်နှာများကဲ့သို့ပင်တည်း။

အားလုံးတော့ မဟုတ်ပါ။ တချို့ပြေပြစ်သော ရုပ်ရည်များရှိကြပါသည်။ ထိုသူများသည် မြောက်ပိုင်းအာဂါသာဟု သီးခြားတစ်ပြည်ထူထောင်လိုက်ကြလေသည်။

တောင်ပိုင်းအာဂါသာလူကြီးများနှင့် မဇ္ဈိမာမှ လူကြီးဖြစ်သော မဂ္ဂနှင့် သေနတို့ ဆွေးနွေးပွဲကား ပြီးဆုံးသွားခဲ့လေပြီ။ မဂ္ဂနှင့် သေနတို့သည် ဧည့်သည်တော်များအတွက် သီးသန့်ပေးထားသော အဆောင်မှာ စိတြာဒေဝီတို့နှင့် လာရောက်တွေ့ဆုံကြသည်။

"အဖ. . ဘယ်လိုအရေးကိစ္စကြောင့်၊ သမီးတို့ကို ခေါ်ပြီးတော့ တွေ့ရတာလဲ. ."

မဂ္ဂသည် ပတ်ဝန်းကျင်ကို တစ်ချက်အကဲခတ်လိုက်သည်။ တံခါးများပိတ်ထားသော်လည်း နံရံတွေ၊ အမိုး၊ ကြမ်းပြင်တွေကိုစေ့စပ်စွာပင် လိုက်ပြီးတော့ကြည့်သည်။ ချောင်းကြည့်ပေါက်များ၊ သံသယဝင်စရာများရှိမရှိ၊ စိတ်ချရအောင်မှ . .

"တောင်ပိုင်းအာဂါသာနဲ့ ငါ့တို့မဇ္ဈိမာကမ္ဘာကို မြောက်



www.burmeseclassic.com

www.burmeseclassic.com



အာဂါသာက တစ်ရက်တည်း၊ တပြိုင်တည်းဝင်ပြီး တိုက်ဖို့ အစီအစဉ်ရှိတယ်၊ ဒါလျှို့ဝှက်သတင်းပဲ၊ မပေါက်ကြားစေနဲ့"

မဂ္ဂ၏စကားကြောင့် စိတြဒေဝီနှင့် မျိုးဆက်တို့သည် အံ့အားသင့်သွားခဲ့ကြရလေသည်။

"ဒါပေမယ့် ငါတို့နှစ်ယောက်စလုံး ဒီကိစ္စကို မသိချင်ယောင်ဆောင်နေကြရမယ်၊ သူတို့က စစ်မကြေငြာပဲ အလစ်မှာဝင်တိုက်ကြမှာ၊ ငါတို့ဖက်က ကြိုတင်ပြီး ပြင်ဆင်ထားကြရမယ်"

မဂ္ဂသည် ထို့ထက်ပို၍ပြီးတော့ မပြောတော့ပေ။ ဒါလောက်ဆို နားလည်ကြလေပြီ။

"မြောက်အာဂါသာတွေက အင်အားကြီးမားကြတယ်၊ ဒါပေမယ့် သမီးတို့ မဇ္ဈိမာတွေကို ဘယ်တုန်းကမှ အလုံးအရင်းနဲ့ဝင်တိုက်လို့မရခဲ့တာ၊ အလစ်မှာဝင်တိုက်ကြမယ်ဆိုတော့. . ဒီလိုလည်း ရနိုင်မတဲ့လား၊ တွေ့ကြသေးတာပေါ့. . "

စိတြဒေဝီသည် ထိမထင်မျက်နှာထားလေးဖြင့် အံကိုကြိတ်ကာ ကြိမ်းဝါးလိုက်လေသည်။



## (၂၂)
## တိုက်ပွဲစတင်ခြင်း

မြောက်အာဂါသာ၏ လွင်ပြင်ပိုင်းကျသောနေရာများနှင့် တောတောင်များထူထပ်သော နေရာများတွင် ထူးခြားမှုများက စတင်ပြီးဖြစ်ပေါ်လာခဲ့ကြသည်။ မြေပြင်သည် မသိမသာအက်ကွဲလာပြီး. . အက်ကြောင်းလေးတွေထဲမှ မီးခိုးများက. . ထွက်လာခဲ့ကြခြင်းပင်။

တောတောင်များထူထပ်သောနေရာများတွင်လည်း မီးခိုးငွေ့များက ထွက်လာကြကာ. . အချို့နေရာများတွင် ရွှံ့ရည်ပူပူစ်ချွဲချွဲများက စိမ့်ပြီးတော့ ထွက်လာခဲ့ကြသည်။ အနိမ့်ပိုင်းနေရာများဆီကို စီးသွားခဲ့ကြလေသည်။

"ဝုန်း"

"ဝုန်း"

တစ်ခါတရံတွင် မြေပြင်သည် လှုပ်ခါသွားတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တောင်မြင့်ကြီးများပေါ်မှ ကျောက်တုံးကျောက်ခဲများက ပြိုကျလာတတ်သည်။ မြောက်အာဂါသာမှ လူများသည် ထိုအဖြစ်မျိုးကိုရံဖန်ရံခါ ကြုံတွေ့ရတတ်သော်လည်း ယခုအခါမှာတော့ မြေပြင်တုန်ခါခြင်း၊ တောင်ပြိုခြင်း. . စသည်တို့သည် ပိုပြီးတော့ စိတ်လာခဲ့သည်။

"နတ်ဘုရားတွေက ငါတို့ကို မဗ္ဗိမာနဲ့ တောင်အာဂါသာကိုတိုက်ကြမယ့်ကိစ္စအတွက် ကောင်းချီးပေးနေကြတာ၊ အဲဒီအတွက် ငါတို့ရဲ့ နတ်ဘုရားတွေကို ပူဇော်ပသကြရမယ်၊ ဒါမှ ငါတို့ မုချအောင်မြင်ကြမှာ ကျိန်းသေတယ်"

မြောက်အာဂါသာမှ အကြီးအကဲများက လွှန်စွာမှ တက်ကြွနေကြသည်။ နတ်ဆရာများကို ပင့်ဖိတ်ကာ ကျွဲနွားများကို သတ်ဖြတ်၍ ယဇ်နတ်ပူဇော်ကြလေသည်။

"ဒီစစ်ပွဲကို ငါတို့ ကျိန်းသေအောင်မြင်ရမယ်၊ မဗ္ဗိမာရော၊ တောင်အာဂါသာရော၊ ငါတို့ရဲ့လက်ထဲကို ရောက်လာစေရမယ်. . "

လွှန်စွာမှ အရုပ်ဆိုးအကျည်းတန်သော မြောက်အာဂါသာတို့၏စစ်သူကြီးဘာနုက ကြိမ်းဝါးလိုက်လေ၏။ ပျက်စီးယိုယွင်းနေသော မျက်နှာကြီးသည် ကြောက်စရာကောင်းလှသည်။ တစ္ဆေတစ်ကောင်၏ မျက်နှာနှင့်တူသော ဘာနုကို သူတို့အချင်းချင်းပင် ကြောက်ရွံ့ကြလေသည်။

မြောက်အာဂါသာ၏ အောက်တည့်တည့်မှာ မြေအောက်မီးတောင်ကြီး တစ်ခုက ရှိနေသည်။ မူလက. . လှုပ်ရှားမှုသိပ်မရှိသော်လည်း တစ်နှစ်ထက်တစ်နှစ်မတူပဲ





လှုပ်ရှားမှုတွေက ပိုလာခဲ့သည်။

ယခုတော့ တစ်ရက်ထက်တစ်ရက် မတူတော့ပဲ နေ့စဉ်ပင်လှုပ်ရှားမှုတွေက စိတ်လာခဲ့ကြလေသည်။

တောင်အာဂါသာနှင့် မဗ္ဗိမာဘက်က လှမ်းပြီးတော့ ကြည့်မည်ဆိုလျှင်. . မြောက်အာဂါသာဘက်တွင် မီးခိုးများက ဝေနေလျက်ရှိနေကြသည်။ ပြာမှုန့်များသည်ပင်. . မဗ္ဗိမာဘက်ကိုလေသင့်ပြီး လွင့်မျောလာခဲ့ကြလေသည်။

"အင်း. . မြောက်အာဂါသာဘက်မှာတော့ မီးခိုးတွေ တစ်လုံးလုံးနဲ့ဖြစ်နေပြီ၊ အဲဒီအတွက် ပျော်ပွဲရွှင်ပွဲတွေ လုပ်နေကြလေရဲ့. . "

မြောက်အာဂါသာမှလှုပ်ရှားမှုများကို မဗ္ဗိမာတို့ဘက်မှ သတင်းမပြတ်ရရှိနေကြလေသည်။ မိမိတို့လွှတ်ထားကြသော သူလျှိုများတဆင့် စစ်ရေးသတင်းကိုလည်း တိကျစွာပင် ရရှိထားကြသည်။ ထို့ကြောင့် မဗ္ဗိမာဘက်မှာလည်း နေ့ချင်းညချင်းပင် ပြင်ဆင်ထားကြလေသည်။ အေးဆေးစွာပင် စီမံကြသည်ဖြစ်၍ စစ်ရေးအကွက်ပြင်ဆင်နေကြသည်ကို မည်သူကမှ မရိပ်မိကြချေ။

သေနက မျိုးဆက်တို့ လုပ်ကိုင်နေပုံကိုကြည့်နေပြီး. .

"မာလုက ဒီမီးပေါက်သေနတ်ရဲ့ အစွမ်းသတ္တိကို သိထားဟန်တူတယ်၊ ကြောက်လည်းကြောက်သွားကြသယ်၊ မြောက်အာဂါသာမှာ ပြောမဆုံးရှိနေခဲ့တယ်၊ ကျုပ်တော့ အရေးကြုံလာမှပဲဒီလက်နက်ရဲ့ အစွမ်းကို ကြည့်ဦးမယ်. . "

"ဟုတ်ကဲ့၊ ဒီလက်နက်ဟာ ရန်သူကို အဝေးကနေ



www.burmeseclassic.com

www.burmeseclassic.com



လွှမ်းပြီးတော့ ပစ်တဲ့နေရာမှာ သိပ်ပြီးထိရောက်ပါတယ်၊ သင်ယူမယ်ဆိုလျှင် တတ်မြောက်မြန်ပါတယ်"

"မသင်တော့ပါဘူးလေ၊ အချိန်လည်း သိပ်ပြီးတော့ မရှိတော့ပါဘူး. ."

သေနက သူ့ရဲ့မက်များကို စစ်ဆေးရန် ထွက်သွားခဲ့လေသည်။

"မင်းရဲ့ ယောက်ဖလောင်းကတော့ သူညီမနဲ့ မင်းနဲ့ အနေအထိုင်အပြောအဆိုကို မရိပ်မိပဲနေမှာ မဟုတ်ပါဘူး၊ ငါ့အကဲခတ်မိရသလောက်ဆိုရင် မင်းအပေါ်မှာတော့ လိုလိုလားလားပဲကွ. . မျိုးဆက်"

"ကျွန်တော်တို့ကို ဒီမှာပဲ တစ်သက်လုံးနေသွားကြလိမ့်မယ်လို့ထင်နေသလား မသိပါဘူးဗျာ၊ ဒီလိုထင်ပြီး ဘာမှဝင်မစွက်ဖက်တာပဲနေမှာပေါ့. . ကိုမိုး"

"အေး. . နောက်တစ်ချက်က ငါတို့ကို မဖွံ့မာကနေ ကမ္ဘာမြေပေါ်ကို ပြန်လွှတ်လိမ့်မယ်လို့ထင်နေသလား၊ ဒါလောက်လျှို့ဝှက်မှုကြီးကျယ်တဲ့နေရာကြီးကို ဘယ်သူတွေက လူသိခံမှာလဲ မျိုးဆက်"

"မဟုတ်သေးဘူး ကိုမိုး၊ ဒီခေါင်းပွကမ္ဘာကြီးနဲ့ မြေပေါ်ဟာတစ်နည်းမဟုတ်တစ်နည်း အဆက်အသွယ်ရှိနေကြတယ်၊ သူတို့ဟာ အထက်ကမ္ဘာပေါ်က အကြောင်းတွေကို အကုန်သိနေကြတယ်၊ ကျွန်တော်တို့ ပြန်သွားကြလည်း သူတို့အတွက် အကြောင်းမဟုတ်ဘူး"

"အေးကွာ၊ စောင့်ကြည့်ရသေးတာပေါ့၊ မဖွံ့မာတွေဟာ





ငါတို့အပေါ်မှာ ဒီလိုမကောင်းတဲ့စိတ်တွေ မွေးကြမှာတော့ မဟုတ်ပါဘူးလေ. ."

ကောင်းသော ကြမ္မလား၊ မကောင်းသော ကြမ္မာဖြစ်လာနိုင်သလား၊ နှစ်ယောက်စလုံး မတွေးကြတော့ပါ။

တစ်ရက်တွင်. .

မျိုးဆက်နှင့် စိတြဒေဝီတို့သည် လက်ဝါးတောင်ဆီကိုသွားရောက်ခဲ့ကြသည်။ ယင်းမှတဆင့် ကြွက်ဝမ်းပူကြီးတစ်ကောင်ဝပ်နေသည်နှင့်တူသော သလင်းကျောက်တောင်ကုန်းကြီးဆီကို ရောက်သွားခဲ့ကြလေသည်၊ လျှို့ဝှက်တံခါးပေါက်မှ ဝင်သွားကြကာ. . မသကျောက်မျက်လုံးလိပ်ပြာကို ယူဆောင်လာခဲ့ကြလေသည်။

"ကေသာ၊ ဒီပစ္စည်းကို ဘာလုပ်မလို့လဲ"

"မြောက်အာဂါသာတွေနဲ့ တိုက်ခိုက်တဲ့အခါ အသုံးလိုချင်လို့မှာပေါ့ မောင်၊ လိုရမယ်ရယူထားတာပါ. ."

"ဦးရီးမဂ္ဂကောသိရဲ့လား"

"သိပါတယ်၊ အဖကိုပြောပြီးမှ ယူတာပါ၊ သူမသိပဲ ဘာမှမလုပ်ပါဘူး"

မျိုးဆက်နှင့် စိတြဒေဝီတို့သည် ဖက်ရမ်းနမ်းရှုံ့လိုက်ကြသည်။

"မြောက်မဖွံ့မာတို့ရဲ့ ရန်သတ္တရုလုပ်ပြီး ဝင်လိုက်ကြတော့မယ်၊ မောင်တို့က ဧည့်သည်ပီပီကောင်းကောင်းမနေကြရပဲ ဝင်ပြီးပါကြရဦးမယ်၊ ကေသာတို့ ဧည့်ဝတ်မကျေသေးမီမှာ ဒီလိုဖြစ်ရတာ စိတ်မကောင်းဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ကောသာရယ်၊ မောင်တို့ဟာ. . ယောက်ျားတွေဖြစ်ပြီး ဒီလိုအရေးမှာ ကျောပေးနေရမှာလား၊ ကိုယ့်မိတ်ဆွေနိုင်ငံအတွက် အကူအညီပေးရမှာပေါ့၊ အထူးသဖြင့် ဟောဒီကကောသာ့အတွက် ကိုယ့်အသက်နဲ့လဲပြီးတော့တောင် အကာအကွယ်ပေးလိုက်ဦးမယ်. . "

"အို. . မောင်ရယ်"

စိတြာဒေဝီသည် မျိုးဆက်ကို တင်းတင်းပင် ဖက်မိလိုက်လေသည်။

ညနေစောင်းကာလကို ရောက်လာခဲ့လေပြီ။

မြေအောက်ကောင်းကင်ကြီးတစ်ခုလုံး ပြာမှုန့်များဖြင့် မှိုင်းရီဝေလျက်ရှိနေလေသည်။ မြောက်အာဂါသာမှ ဘာနုခေါင်းဆောင်သော ရဲမက်များသည် မဇ္ဈိမာကို တစ်ခဲနက်ဝင်ရောက်တိုက်ခိုက်ရန် စစ်ချီလာခဲ့ကြလေပြီ။

ထို့အတူ. .

နောက်ထပ်ခွဲပြီး ချီတက်သွားသော စစ်တပ်ကြီးကားတောင်အာဂါသာဘက်ဆီသို့ တစ်ပြိုင်တည်းမှာပင် စစ်ကြောင်းနှစ်ကြောင်းက ချီတက်သွားကြခြင်းပင်ဖြစ်ကြသည်။ တောင်အာဂါသာဘက်ဆီကို ချီတက်သွားသော စစ်ကြောင်းကိုဦးဆောင်သောသူကား မြေခွေးမျက်နှာရှိသည့် ဗိုလ်ချုပ်ကြီးပုတ္တာပင်တည်း။ မြောက်အာဂါသာများသည် မဇ္ဈိမာနှင့် တောင်





အာဂါသာနှစ်နိုင်ငံလုံးကို စစ်မကြေညာပဲ အလစ်မှာဝင်ရောက်တိုက်ခိုက်ကြခြင်းပင်။

"ငါတို့ အင်အားသုံးပြီးတော့ တိုက်ခိုက်ကြရင် သင်းတို့ဘယ်ခံနိုင်ကြမလဲကွ၊ တစ်နေ့. . တစ်ညတည်းနဲ့ ငါတို့ရဲ့လက်အောက်ကို ကျရောက်ကြရမယ်ဟေ့. . "

ဘာနုက သူ၏ဓါးကြီးကိုမြှောက်ကာ ကြိမ်းဝါးလိုက်လေသည်။ ဘာနုတို့က မဇ္ဈိမာကို အလုံးအရင်းနှင့် ချီတက်လာကြသလို ပုတ္တာသည်လည်း တောင်အာဂါသာကို သိမ်းပိုက်ရန်ချီတက်သွားခဲ့ကြလေပြီ။ တပ်အင်အားအလုံးအရင်းနှင့်ဖြစ်သည်။ ဘာနုတို့ မသိကြသည်ကား. . မဇ္ဈိမာမှ ရဲမက်များသည်. . မဇ္ဈိမာသို့အဝင်မခံကြပဲ နယ်နိမိတ်အလွန်မှာပင်ကြိုပြီးတော့ စောင့်နေကြသည့် အဖြစ်ပင်တည်း။

သေနဦးဆောင်သော တပ်သည် တောင်အာဂါသာဘက်ဆီကို လျှို့ဝှက်လမ်းကြောင်းမှ သုံးရက်အလိုကပင် ချီတက်သွားခဲ့ကြသည်။ တောင်အာဂါသာ့ရဲမက်များနှင့် ပူးပေါင်းကာမြောက်အာဂါသာတို့ကို တိုက်ခိုက်ကြမည်ဖြစ်ကြသည်။

မဇ္ဈိမာမှ စစ်ဗိုလ်ချုပ်များ၊ စစ်ကဲများနှင့် ရဲမက်များတို့သည် တောင်အာဂါသာတို့ဝင်ရောက်လာကြမည့် လမ်းအသီးသီးမှပိတ်ဆို့ကာ. . ကြိုပြီးစောင့်နေကြသည်မှာ သုံးရက်ပင်ရှိနေခဲ့လေပြီ။

သည်မှာဘက်တွင် စိတြာဒေဝီ၊ မျိုးဆက်နှင့် ကိုမိုးလှိုင်တို့ကားမဇ္ဈိမာစစ်ကဲကြီးများ၊ ဗိုလ်မင်းများနှင့်အတူ ကွပ်ကဲလျက်ရှိနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာနုသည် မြင်းတပ်ကြီး၏ အလယ်မှလိုက်လာသည်။ သူ့ရှေ့မှာ အခြားသော စစ်ခေါင်းဆောင်များက ကွပ်ကဲပြီးတော့ လိုက်ပါသွားကြသည်။ မြင်းခွာသံများသည် မြေကိုတုန်ဟည်းကာ ထွက်ပေါ်နေကြသည်။

"ဟိတ်. . မဖျိမာကို ရအောင်သိမ်းပိုက်ကြ၊ ဘယ်သူ့အသက်ကိုမှ ချမ်းသာမပေးကြနဲ့၊ သုတ်သင်ပစ်ကြ. ."

ဘာနုက ဓါးကြီးကို မြှောက်ကာ မြင်းပေါ်မှ အော်ဟစ်ရင်းလိုက်ပါလာခဲ့လေ၏။ သို့ရှိနေစဉ်မှာ ကောင်းကင်ထင်ကို မြားတွေက တစ်စင်းပြီးတစ်စင်းတက်လာခဲ့ကြသည်။

ဘာနုသည် ကောင်းကင်ပေါ်သို့ တစ်စင်းပြီးတစ်စင်း တက်လာသော မြားများကို အမှတ်မထင် မြင်တွေ့သွားခဲ့လေရာ. . အံ့အားတသင့်ဖြစ်သွားခဲ့ရလေသည်။

"ဒီ. . ဒီမြားတွေကို ဘယ်သူပစ်လိုက်တာလဲ"

ကြည့်နေဆဲမှာပင် မြားတွေက အောက်ကို စိုက်ကျလာခဲ့ပြီး. .

"အား. ."

"အား"

မြောက်အာဂါသာမှ ရဲမက်များကို ထိမှန်ကြကုန်လေတော့သည်။ ခြေလျင်ပြေးလိုက်လာကြသော ရဲမက်များသည်လည်း မြားဒဏ်သင့်ကာ တဘိုင်းဘိုင်းနှင့်ပစ်လဲပြီးတော့ ကျကုန်ကြလေ၏။

"ရန်သူဟေ့. . ရန်သူ"

မြောက်အာဂါသာမှ ဗိုလ်မှူးအဆင့်ရှိသောသူများက





အော်ဟစ်ပြီးတော့ သတိပေးလိုက်သော်လည်း နောက်ကျသွားခဲ့လေပြီ။ မမျှော်လင့်သော အဖြစ်အပျက်များက ထပ်မံဖြစ်ပေါ်လာခဲ့ကြသောကြောင့်ပင်တည်း။

"ဝုန်း"

"ဝုန်း"

မြေပြင်မှ ပေါက်ကွဲမှုများက ဆင့်ကဲ၊ ဆင့်ကဲပင်ဖြစ်ပေါ်လာခဲ့ကြသည်။ မြင်းရော၊ လူတွေပါ မြောက်တက်သွားခဲ့ကြလေ၏။ မိုးပေါ်မှာလည်း ပြာမှုန့်တွေက တလုံးလုံး၊ မြေပြင်ထက်မှာလည်း ဖုန်တလုံးလုံးနှင့် ထ,သွားခဲ့ကြသည်။ ပတ်ဝန်းကျင်သည် ချက်ချင်းမှာပင် အော်ဟစ်၊ ညည်းတွားသံများ၊ အမိန့်ပေးသံများဖြင့် ဆူညံသွားခဲ့ကြသည်။ ဘာနုသည် မိမိမျှော်လင့်မထားမိသော အခြေအနေကြောင့် လွန်မင်းစွာပင် အံ့အားသင့်သွားခဲ့ရသည်။ အထိတ်တလန့်ဖြစ်သွားခဲ့ရသည်။

"မဖျိမာတွေ. . မဖျိမာတွေ၊ ငါတို့ရဲ့အကြံကို ကြိုတင်ပြီးသိသွားကြပြီ၊ ယုတ်မာကြတယ်. . တက်. . တိုက်ကြ၊ နောက်မဆုတ်ကြနဲ့၊ ဟို. . ကမ္ဘာသားတွေနဲ့ပေါင်းပြီး လက်နက်ဆန်းတွေနဲ့ငါတို့ကို တိုက်တာ"

ဘာနုသည် ဓါးကြီးကိုဝင့်ကာ ရှေ့သို့ပန်းပြီးတော့ တက်သွားသည်။ မြင်းတွေကြားထဲမှ ဖောက်ထွက်သွားသည်။ ဖရိုဖရဲဖြစ်သွားသော တပ်ကိုပြန်ပြီးတော့ ထိန်းသည်။ မြင်းတွေရော၊ လူတွေပါ. . သေသူတွေက သေကုန်ကြလေပြီ။

"တောက်. . စိတြဒေဝီ၊ ဒါ. . နင့်ရဲ့အကြံအစည်ပဲ၊ ငါကိုယ်တိုင် နင့်ကို လက်ရဖမ်းမယ်ဟေ့၊ နင့်ကိုမသေမရှင်



www.burmeseclassic.com

www.burmeseclassic.com



ညှင်းပြီးမှ အဆုံးစီရင်ပစ်မယ်. . ”

တောင်ကုန်းကြီးတစ်ခုပေါ်မှာကား. .

စိတြဒေဝီသည် မြားတွေကို တစ်စင်းပြီးတစ်စင်း ပစ်လွှတ်လျက်ရှိသည်။ ထူးခြားလှသည်။ မြားများသည် လေးညို့မှ အဆက်မပြတ်ထွက်သွားကြသည်။ ရှေ့ကမြား နောက်မှ နောက်ကမြားများက တသီတတန်းကြီးလိုက်ပါသွားခဲ့ကြလေသည်။

ဘာနုတို့၏ စစ်တပ်ကြီးက မဇ္ဈိမာ၏ နယ်နိမိတ်ကို ရောက်မလာကြသေး၊ ဝေးကွာလှသေးသည်။ သို့သော် မြားများသည် မှောဝင်နေကြသည့်အလား ထိုအဝေးဆီကိုပင်လျှင် မြန်သောအဟုန်ဖြင့် ပြေးသွားနေကြလေသည်။

မြားတံများသည် တောင်အာဂါသာရဲမက်များထဲသို့ တစ်စင်းပြီးတစ်စင်းကျနေလျက်၊ မြေပြင်ထက်မှာလည်း ဖေါက်ကွဲသံများက အဆက်မပြတ်ပင် ထွက်ပေါ်နေကြလျက်. .

“ဝုန်း”

“ဝုန်း”

“အား. . ”

“အား. . ”

အော်ဟစ်သံများသည် ဆူညံလျက်ရှိနေကြလေသည်။ တောင်အာဂါသာရဲမက်များမှာ မဇ္ဈိမာတို့ဆီကို မရောက်ကြမီ





အလူးအလဲပင် ခံနေကြရလေသည်။

“ဒါ. . ဒါ. . ဒေဝီဆီက ရောက်လာတဲ့မြားတွေ၊ ကဝေမ၊ ပဉ္စလက်မ၊ သင်းအကြံဦးသွားတယ်. . ”

ဘာနုသည် ရှေ့ဆက်သွားလို့ မဖြစ်မှန်းသိသွားခဲ့ရသည်။ ထို့ကြောင့် သူ၏ရဲမက်များကို နောက်သို့ပြန်ပြီးတော့ ဆုတ်စေသည်။

“ဆုတ်ကြ. . ပြန်ဆုတ်ကြ. . ”

အော်ဟစ်ပြီးတော့ သတိပေးသော်လည်း မရတော့၊ တပ်သည် ကျွံဝင်ခဲ့လေပြီ၊ မြေပြင်မှ ပေါက်ကွဲသံများက ထွက်ပေါ်လာလေတိုင်း လူရော. . မြင်းပါ ထိခိုက်ကုန်ကြသည်။

မိမိ၏ရဲမက်များသည် မည်သည့်အတွက်ကြောင့် သတ်ကွင်းထဲကို ပြေးဝင်နေကြသလဲဆိုတာကို မပြောတတ်ကြတော့ပါ။

“ဟား. . ဟား. . ဟား. . ဟား၊ ဘာနု. . ရှင်ဘာတတ်နိုင်သေးသလဲ စိတြဒေဝီကို ဒီလိုကြောလို့မရဘူး၊ မဇ္ဈိမာဟာ ရှင်တို့ရဲ့လက်ထဲကို ဘယ်တော့မှ မရောက်စေရဘူး၊ သိပ်ပြီးတော့စိတ်ကူးယဉ်မနေနဲ့. . ”

စိတြဒေဝီ၏အသံသည် လေထဲမှာ လွင့်မျောသွားကာ ဘာနုဆီကို ရောက်သွားခဲ့လေ၏။

“စိတြဒေဝီ၊ နင်ဘယ်ကနေပြောနေတာလဲ၊ ငါ့ကို ပဉ္စလက်အတတ်ပညာတွေနဲ့ ခြိမ်းခြောက်နေတာလား၊ အဝေးကနေအော်မနေနဲ့၊ နင်သတ္တိရှိရင် ငါ့ဆီကိုလာခဲ့. . ”

ဘာနုသည် အရပ်လေးမျက်နှာပတ်ပတ်လည်ကို



www.burmeseclassic.com

www.burmeseclassic.com



မော့ကြည့်ပြီး သွေးရူးသွေးတမ်းဖြင့် အော်ဟစ်လိုက်လေသည်။

ထိုစဉ်. .

ကောင်းကင်ထက်မှာ ငှက်ကြီးတစ်ကောင်က ပျံသန်းလာသည်။ ရေခဲငှက်ကြီးတစ်ကောင်ပင်တည်း၊ ရေခဲကို ထုလုပ်ထားသည့်သဏ္ဍာန်နှင့်တူသည်။ ရေခဲငှက်ကြီးသည် သလင်းကျောက်ကို ဖောက်လုပ်ထားသကဲ့သို့ ကြည်လင်နေပြီး ခန္ဓာကိုယ်တစ်ဖက်မှတစ်ဖက်ကို ဖောက်ထွင်းပြီးတော့ မြင်ရလောက်အောင် ကြည်လင်လွန်းလှသည်။

ရေခဲငှက်ကြီးသည် စိတြဒေဝီ ပစ်လွှတ်လိုက်သော မြားများကို ကြီးမားသော နှုတ်သီးကြီးဖြင့် တစ်ချောင်းပြီး တစ်ချောင်းဖမ်းယူကာ လည်တံကို မွှေ့ယမ်းပြီးမှ လွှတ်ထုတ်လိုက်သည်။

"ဝှစ်"

"ဝှစ်"

မြားတံများသည် လေးညို့မှ ပစ်လွှတ်လိုက်သည်ထက်ပင်. . ပိုပြီးတော့ ပြင်းထန်သေးသည်။ လေထဲမှာ ဖြတ်သန်းသွားသည်မှာ လေပွတ်အားကြောင့် မီးတောက်မီးလျှံများပင်ထွက်သွားခဲ့ရလေသည်။

ဘာနုသည် စိတြဒေဝီမွေးထားသော ရေခဲငှက်ကြီးကို မြင်တွေ့သွားခဲ့လေပြီ။

"ဟာ. . ရေခဲငှက်ကြီး၊ ဒါ. . ဒါ. . စိတြဒေဝီရဲ့ ငှက်ကြီးပဲ၊ ဒီငှက်ကြီးရောက်လာရင် ငါတို့အထိနာတော့မယ်၊ မကောင်းဆိုးဝါးငှက်၊ ဒီငှက်ကို ပစ်ချလိုက်ကြစမ်းဟေ့. . "





ဘာနုက အမိန့်ပေးလိုက်ရာ ခြေလျင်ရဲမက်လေးသည်ဇတော်များသည် ရေခဲငှက်ကြီးကို လေးမြားဖြင့် ပစ်ချကြသည်။

"ဝှစ်"

"ဝှစ်"

သို့သော် ရေခဲငှက်ကြီးက လျင်မြန်စွာဖြင့် ရှောင်တိမ်းသွားခဲ့သည်။ မြန်ဆန်လွန်း၍ မြင်ကွင်းထဲကပင် ပျောက်ကွယ်သွားခဲ့လေသည်။

"ဟာ. . ရေခဲငှက်ကြီးပျောက်သွားပြီ၊ ဘယ်ရောက်သွားသလဲ မသိဘူး. . "

ထိုစဉ်. .

"ဝိုး. . "

လေကိုခွင်းကာ ထွက်ပေါ်လာသော အသံကြီးတစ်ခုကို မမျှော်လင့်ပဲကြားလိုက်ကြရသည်။ လှည့်ကြည့်လိုက်ကြသောအခါ. .

"ဟာ"

ရေခဲငှက်ကြီးသည် လေထဲမှာပင် ရုတ်တရက်ပေါ်လာကာ. . ရဲမက်များကို တဟုန်ထိုးဗင် ဝင်ရောက်တိုက်ခိုက်လေတော့သည်။

"အား"

ရေခဲငှက်ကြီး၏ ချွန်မြည့်သော နှုတ်သီးက ရဲမက်များ၏မျက်နှာကို ထိုးသည်။ သံချွန်နှင့်အထိုးခံလိုက်ရသလိုပင် နာကျင်မှုကို အသည်းခိုက်အောင်ပင် ခံစားလိုက်ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အား . . ကန်းပါပြီဗျာ"

"ဟာ . . ဒီကောင်တွေ၊ ဒီငှက်တစ်ကောင်ကိုတောင် မပစ်နိုင်ကြဘူးလား"

ဘာနုက မြင်းကိုရပ်ပြီး လေးညို့မှ မြားကိုတင်လိုက်သည်။ ရေခဲငှက်ကြီးကို ပစ်ခတ်ရန် ချိန်လိုက်သောအခါ . .

"ဟင် . . မရှိတော့ဘူး၊ ဘယ်ပျောက်သွားပြီလဲ . ."

မျက်စိအောက်မှာပင် ပျောက်ကွယ်သွားခဲ့လေပြီ။

သို့သော် . .

"ဝုံး . ."

ဘာနု၏ကျောဘက်မှ အသံတစ်သံက ထွက်ပေါ်လာသည်။ လွန်စွာမှကြီးမားသော ရေခဲငှက်ကြီးသည် တရှိန်ထိုးပင်ပျံသန်းလာပြီး ဘာနု၏ကျောပြင်ကို ထိုးဆိတ်လိုက်လေတော့သည်။

"အား"

ဘာနုက မအောင့်အည်းနိုင်တော့ပဲ အော်မိလိုက်လေသည်။ ဒေါသလည်း ထွက်သွားခဲ့ရပြီး နောက်ကိုလှည့်ကာ ဓါးဖြင့် ခုတ်ချလိုက်သောအခါ ရေခဲငှက်ကြီးကား မရှိတော့။

မြောက်အာဂါသာမှ လူများသည် တပ်ကိုပြန်ဆုတ်ကြသည်။ ပေါက်ကွဲမှုများကြောင့် ရဲမက်တော်တော်များများ ကျဆုံးကုန်ကြလေပြီ။ တာဝန်ရှိသူများက အတတ်နိုင်ဆုံး ပြန်ပြီးစုစည်းကြသော်လည်း အားလုံးဖရိုဖရဲနှင့် ဖြစ်ကုန်ကြလေပြီ။

မြောက်အာဂါသာဘက်သို့ ဆုတ်ခွာလာခဲ့ကြသော ရဲမက်များကို တောထဲက ထွက်လာကြသော မျိုးဆက်တို့နှင့်





မဇ္ဈိမာရဲမက်များက ဆီးကြိုကာ တိုက်ခိုက်ကြသည်။

ဘွားကနဲဆိုပေါ် လာကြသည်ဖြစ်၍ အံ့အားတသင့်နှင့် ရှိနေကြဆဲမှာပင်။

"ဒိုင်း"

"ဒိုင်း"

မျိုးဆက်နှင့် ကိုမိုးတို့က မြင်းများပေါ်မှ လူနှစ်ယောက်ကိုသေနတ်များဖြင့် ပစ်ချလိုက်ကြလေ၏။ နှစ်ယောက်စလုံး မြင်းထက်က ပစ်ကျသွားခဲ့ကြသည်။ မဇ္ဈိမာရဲမက်များသည် အဝေးကနေ၍ မြားများဖြင့် ပစ်ခတ်ကြသည်။

"ဝှစ်"

"ဝှစ်"

ခြေလျင်စစ်သည်များသည် မြောက်အာဂါသာရဲမက်များဆီကို ပြေးဝင်သွားခဲ့ကြပြီး . . ဓါး၊ လှံ၊ ရဲဒင်းအစရှိသည့် လက်နက်များဖြင့် တိုက်ခိုက်ကြလေသည်။

"အား"

"အား"

ကြီးကျယ်သော တိုက်ပွဲကြီးတစ်ခုက နယ်စပ်နှစ်ခုကြားမှာ ဖြစ်ပွားလျက်ရှိနေလေပြီ။ မဇ္ဈိမာတို့သည် စိတ်ဓါတ်ပျော့သည်ဟု ထင်ရသော်လည်း တကယ်တမ်းကျတော့ ရှပ်ရှပ်ချွန်ချွန်ပင်တိုက်ခိုက်နိုင်ကြသည်ကို တွေ့ကြရသည်။

မျိုးဆက်နှင့် ကိုမိုးတို့သည် သေနတ်ပစ်အသင်းဝင်များဖြစ်ကြ၍ လက်ဖြောင့်ကြသည်။ ဒီလို တိုက်ပွဲကြီးမျိုးကို တစ်ကြိမ်တစ်ခါမှ မကြုံဖူးကြပါ၊ ပွဲလည်း မတိုးဖူးကြပါ၊ ယခုလို

www.burmeseclassic.com

www.burmeseclassic.com



မလွှဲမရှောင်ကြုံကြိုက်မိရတော့ စိတ်လှုပ်ရှားမိကြသည်မှာ အမှန်ပင်။

"ဟော့ကောင် မျိုးဆက်. . မင်းနောက်မှာ"

ကိုမိုးက ရှေ့မှလှံကိုင်ပြီး တက်လာသောသူကို သေနတ်နှင့် ပစ်ချလိုက်ပြီး လူတစ်ယောက်အား ရိပ်ကနဲဆို မြင်လိုက်သည်နှင့် မျိုးဆက်ကို သတိပေးလိုက်လေ၏။

ရန်သူတစ်ယောက်က တောင်ကုန်းပေါ်ကို တက်လာပြီး မျိုးဆက်ကို လှံဖြင့်ပစ်လွှတ်ကာ တိုက်ခိုက်မည် အပြုမှာ. .

"ဒိုင်း"

"အား"

မျိုးဆက်က နောက်ကိုလှည့်ပြီး ပစ္စတိုသေနတ်ဖြင့် ပစ်ချလိုက်ရာ ရန်သူသည် နောက်ကိုလန်သွားသည်။ ထို့နောက် တောင်ကုန်းထက်မှ အောက်ကို ထိုးကျသွားခဲ့လေသည်။

ထိုစဉ်. .

စိတြဒေဝီသည် မဇ္ဈိမာရဲမက်များနှင့်အတူ မျိုးဆက်တို့ ဆီကိုရောက်လာခဲ့သည်။

"ကေသာ၊ မြောက်ပိုင်းအာဂါသာတွေကတော့ တော်တော်လေးကို ချောက်ချားနေကြပြီ။ သူတို့ပြန်ပြီးတော့ ဆုတ်ခွာနေကြတယ်. ."

"သူတို့ကို မယုံကြနဲ့ မောင်၊ တချို့ဟာ မြေအောက် လိုဏ်လမ်းကြောင်းကနေ မဇ္ဈိမာကိုဝင်ဖို့ ကြိုးစားကြလိမ့်မယ်၊ ကေသာတို့အချိန်မီ သွားရှင်းကြမှဖြစ်လိမ့်မယ်. ."





"ဟင်. . ဟုတ်လား"

"ဒါထက်. . ဘာနုတို့ကို ဘယ်လိုရှင်းမလဲ"

"ဘာနုတို့လည်း စောစောကရှိနေကြသေးတယ်၊ အခု သူ့လူတော်တော်များများကိုခေါ်ပြီး ပျောက်သွားကုန်ကြပြီ၊ မြေအောက်လှိုဏ်ဂူလမ်းကြောင်းကနေဝင်ပြီး မဇ္ဈိမာမြို့ထဲကို ရောက်အောင်သွားကြလိမ့်မယ် ထင်တယ်"

"ဟာဒီလိုဆို မဖြစ်ဘူး၊ အမြန်လိုက်ကြမှပဲ"


"တောင်အာဂါသာတွေကို ကေသာတို့ရဲ့ ရဲမက်တွေ ကနိုင်အောင်တိုက်နိုင်ကြပါတယ်၊ တချို့တစ်ဝက်ကိုတော့ ခေါ်သွားကြမှဖြစ်မယ်. ."

ထို့ကြောင့် လူအနည်းငယ်ထပ်မံစုပြီး လှိုဏ်ဘက်ကို ထွက်သွားခဲ့ကြသည်။ အရေးကြီးလာလေပြီ။

www.burmeseclassic.com

www.burmeseclassic.com





## (၂၃)
## ကောင်းကင်ထက်က ပြာမှုန်များ

တောင်အာဂါသာကို တိုက်ခိုက်ရန်တက်သွားကြသော မြောက်အာဂါသာမှ ရဲမက်များ၊ မဖျိုမာကို တိုက်ရန်ကြိုးစားသကဲ့သို့ပင် တောင်အာဂါသာကိုလည်း အလစ်မှာတိုက်ခိုက်ရန် တိတ်တဆိတ်တက်လာကြခိုက်မှာ. .

မဖျိုမာမှ ဧသနဦးဆောင်သော တပ်နှင့် တောင်အာဂါသာမှရဲမက်များက ဘွားကနဲဆိုပေါ်လာခဲ့ကြလေရာ. .

"ဟာ. . တောင်အာဂါသာက ရဲမက်တွေ ငါ. . ငါတို့ကို ကြိုပြီးတော့ စောင့်. . စောင့်နေကြတယ်"

အားလုံးအထိတ်တလန့်ဖြစ်သွားခဲ့ကြသည်။ မယုံကြည်နိုင်လောက်အောင်ပင် အံ့အားသင့်သွားခဲ့ကြလေရာ.

တောင်အာဂါသာမှ ရဲမက်များသည် အခွင့်ကောင်းယူ၍ မြောက်အာဂါသာရဲမက်များဆီကို ပြေးဝင်သွားကြလေတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။ နှစ်ဖက်စလုံးရောထွေးသွားခဲ့ကြပြီး တိုက်ပွဲကြီးတစ်ပွဲဖြစ်သွားခဲ့လေတော့သည်။ သေနသည် တိုက်ပွဲကြားထဲကိုပြေးဝင်သွားခဲ့ကာ ဓါးနှစ်လက်ဖြင့် မြောက်အာဂါသာမှ လူများကိုတစ်ယောက်ပြီးတစ်ယောက် သုတ်သင်ကာ တိုက်ခိုက်လေရာ. .

မြောက်အာဂါသာမှ မြေခွေးမျက်နှာနှင့် ဗိုလ်ချုပ်ကြီးပုတ္တသည် မမျှော်လင့်ပဲ အတိုက်ခိုက်ခံရမှုကို အံ့အားသင့်သွားခဲ့ရလေ၏။

"ဟင်၊ မဖ္လိမာနဲ့ တောင်အာသာပူးပေါင်းပြီးတော့ ငါတို့ကို တိုက်ခိုက်ကြတာပါလား၊ သိပြီ. . သိပြီ၊ ဒါ. . ငါတို့ရဲ့အကြံအစည်တွေ ပေါက်ကြားသွားလို့ပဲဖြစ်ရမယ်၊ သူတို့ရဲ့ပြင်ဆင်မှုနဲ့ လျှို့ဝှက်ချက်ကို ငါတို့မသိလိုက်ဘူး. . နာတာပဲ"

မြေခွေးပုတ္တသည် ဒေါသအမျက်ချောင်းချောင်းထွက်သွားခဲ့ရသည်။ သူ၏ကြီးမားသော ဓါးကြီးကို အအိမ်ထဲကထုတ်လိုက်ကာ ပြေးတက်သွားသည်။ မြင်းကို တအားနှင်ကာရန်သူ့တပ်ထဲကို ဖောက်ဝင်သွားခဲ့သည်။ သူကိုယ်တိုင်တိုက်ခိုက်လေတော့သည်။ စစ်မြေပြင်တွင် လက်နက်များအချင်းချင်းထိခိုက်သံများ၊ အော်ဟစ်ညည်းညူသံများ၊ မာန်သွင်းကာကြွေးကြော်သံများက ဆူညံနေကြသည်။

ဒဏ်ရာရသွားကြသူများသည် မြေပြင်မှာ မထနိုင်ကြတော့၊ ထိုသူများကို မြင်းများက နင်းချသွားခဲ့ကြလေသည်။

"အား"

သေနသည် မြင်းပေါ်မှနေ၍ ရန်သူများကို ထိုးဖောက်တိုက်ခိုက်သွားသည်။ ဓါးချက်တွေက အလဟဿမဖြစ်ပဲ ထိရောက်



သည်။ ရန်သူ့ကိုယ်ထဲကို စူးနစ်ပြီးတော့ ဝင်သွားခဲ့ ကြသည်။

"အား"

မြောက်အာဂါသာမှ ရဲမက်များသည် တောင်အာဂါသာကိုဝင်ရောက်တိုက်ခိုက်ရန် စိတ်ကူးယဉ်အိပ်မက်က ပျက်ပြယ်သွားခဲ့ရလေပြီ။ နယ်စပ်တစ်နေရာမှာပင်လျှင် ဆီးကြိုပြီးအတိုက်ခိုက်ခံလိုက်ကြရသည်။ မဖ္လိမာနှင့်တောင်အာဂါသာပေါင်းပြီးတိုက်ခိုက်ကြသောကြောင့် မြောက်အာဂါသာမှ ရဲမက်များ အထိနာနေကြသည်။

စစ်တလင်းတွင် ငရဲပွက်သံများက ဆူညံလျက်ရှိနေကြသည်။ မြောက်အာဂါသာမှ ရဲမက်တစ်ယောက်သည် ဓါးကြီးကိုကိုင်ကာ သေနဆီကို ပြေးဝင်လာခဲ့သည်။ သေနသည် ထိုသူကို မည်သို့မှ တုန့်ပြန်ရန် မကြိုးစားပဲ စူးစိုက်ပြီးတော့ ကြည့်နေမိလိုက်သည်။ ထိုသူသည် ပြေးလာရာက တုန့်ကနဲဆိုရပ်လိုက်သည်။ ဓါးရိုးကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ မိမိရင်ဝကို တအားပင် စိုက်ချလိုက်လေတော့သည်။

"အား"

ထိုအဖြစ်အပျက်ကိုမြင်သွားခဲ့ကြသော မြောက်အာဂါသာရဲမက်များနှင့် တောင်အာဂါသာရဲမက်များသည် အံ့အားသင့်သွားခဲ့ကြရလေသည်။ အထိတ်တလန့်လည်း ဖြစ်သွားခဲ့ကြလေသည်။

"ဟာ. . ဒီ. . ဒီလူဟာ လူတစ်ယောက်ကို စိတ်ညှို့ပြီးကိုယ့်ကိုယ်ကို သတ်သေခိုင်းနိုင်တယ်၊ မိစ္ဆာတစ်ဦးပဲ၊ သူ့မျက်လုံးကိုမကြည့်ကြနဲ့ဟေ့၊ မျက်နှာတွေလွှဲထားကြ"

www.burmeseclassic.com

www.burmeseclassic.com



သေန၏အနားကို မည်သူမှ မကပ်ရဲကြတော့၊ ထွက်ပြေးသူက ပြေးကြသည်။ ပုတ္တသည် သေနကို တွေ့သွားခဲ့လေရာ. .

“ဟင်၊ မဖ္ဖိမာက စစ်သေနာပတိချုပ်ကြီး သေန၊ သင်းဟာ ငါတို့ရဲ့ လူတွေကို မညှာမတာ တိုက်ခိုက်နေတယ်၊ ဒီကောင့်ကို ငါကိုယ်တိုင် သုတ်သင်ပစ်မယ်”

ပုတ္တသည် သေနဆီသို့မြင်းကို ဒုန်းစိုင်း၍စီးကာ ဝင်ရောက်လာလေ၏။ သေနကလည်း ပုတ္တလာနေသည်ကို မြင်လိုက်လေပြီ။

“ပုတ္တ. . ပုတ္တ၊ သင်းက ငါ့ကိုအငြိုးကြီးနဲ့ တိုက်ခိုက်တော့မယ်ပုံပဲ၊ ပုတ္တ. . မင်းကို ငါရပ်ပြီးစောင့်မနေဘူး၊ လာပြီဟေ့. .”

သေနကလည်း မြင်းကိုဒုန်းစိုင်းနှင်ကာ ဝင်သွားခဲ့သည်။ သေန၏မြင်းမှာ မြေပြင်ကိုထိသည်ဟု မထင်ရတော့ပဲ လေထဲမှာပင် ခွာလေးဘက်မကျပဲ ရွေ့လျားသွားသည်။ ပုတ္တသည်ပင် သေန၏မြင်းက လျင်မြန်လွန်းလှ၍ အံ့အားသင့်သွားခဲ့ရသည်။ အနားကိုရောက်ပင် ရောက်လာမှန်းမသိလိုက်ရ။ သူ့ကိုယ်ပေါ်ကိုကျလာသော သေန၏ဓါးချက်ကို လက်ထဲမှ ဓါးဖြင့်ဆီးပြီးတော့ ခံလိုက်ရသည်။

“ထန်”

သံသံချင်းပြင်းထန်စွာဖြင့် ထိခတ်သံကြော့် မီးများပင် ပွင့်ထွက်သွားခဲ့ရသည်။ ထို့နောက် တရစပ်ပင် ထိုးခုတ်ကာ တိုက်ခိုက်ကြလေတော့သည်။ သေန၏ဓါးချက်များသည်





ကျက်လက်လွန်းလှ၍ သာမန်လူတစ်ယောက်၏ ဓါးပညာနှင့် မတူ
တော့ ပုတ္တ၏ စိတ်ထဲမှာ သေနကို ကောင်းကင်ဘုံမှ ကျလာ
သော နတ်ဒေဝတာတစ်ဦးဟုပဲ ထင်မှတ်မိရမလောက်ပင်။

“သေနက ထက်တယ်လို့ မင်းကြားဖူးရုံပဲ မဟုတ်လား၊ ဟော့ကောင် ပုတ္တ၊ အခုတော့ နှဖူးတွေ၊ ဒူးတွေ. . တွေ့လိုက်ရတော့ ဘယ်နှယ်နေသလဲကွ”

ပုတ္တသည် သေနကို စကားပင်ပြန်ပြီးတော့ မပြောနိုင်၊ မြင်းပေါ်မှာပင် သေန၏ဓါးချက်များ မမိစေရန် ရှောင်တိမ်းနေရသည်။ ချွေးဒီးဒီးကျလာသည် အထိပင်။ ထိုစဉ်. .

ကောင်းကင်ထက်မှာ ပြာမှုန့်များက ပိုပြီးသိပ်သည်းစွာဖြင့်ကျလာခဲ့ကြသည်။ ယင်းသို့ရှိနေဆဲမှာပင် ထူးခြားချက်တစ်ခုကအမှတ်မထင်ပင် ဖြစ်ပေါ်လာခဲ့လေသည်။

ယင်းပြာမှုန့်များသည် ကောင်းကင်ထက်တစ်နေရာတည်းမှာပင် စုဝေးသွားခဲ့ကာ ကြီးမားသော လိပ်ပြာကြီးတစ်ကောင်အဖြစ်သို့ ပြောင်းလဲသွားခဲ့လေသည်။ ပြာမှုန့်များစုပေါင်းပြီး ဖြစ်သွားသော လိပ်ပြာကြီးသည် ဝေ့ဝဲပျံသန်းနေပြီးမှ မြောက်အာဂါသာဘက်ကို ပျံဝဲကာ ထွက်သွားခဲ့လေသည်။

ယင်းလိပ်ပြာကြီးကို ပုတ္တရော ရဲမက်များ အားလုံးပါ မြင်တွေ့သွားခဲ့ကြလေရာ. .

“ဟာ. . ဝိညာဉ်ချုပ်လိပ်ပြာကြီး၊ အတိတ်အနာဂါတ်မျက်လုံးပိုင်ရှင်၊ သူဟာ မရဏတမန်ပဲ၊ ငါတို့မြောက်အာဂါသာဘက်ကိုရွေ့လျားသွားပြီ၊ နမိတ်မကောင်းဘူး၊ ငါတို့မြောက်အာဂါသာတွေရဲ့ ဝိညာဉ်တွေကို နှုတ်ယူပြီး ချုပ်ကိုင်ထားတော့



www.burmeseclassic.com

www.burmeseclassic.com



မလို့လား၊ ငါတို့ကို သေကြေကြစေတော့ မလို့လား"

ပုတ္တသည် အထိတ်တလန့်ဖြစ်သွားကာ ပြောလိုက်ရ မှာ. . ရင်ထဲမှာ စူးစာနဲ့ပင် ဖြစ်သွားရသည်။

"အင့်"

သူသိလိုက်လေပြီ၊ သေန၏ဓါးချက်မိသွားပြီဟု သူ့ရင်ဘတ်ကိုပြန်ပြီးတော့ ငုံ့ကြည့်မိလိုက်သည်။ သွေးများ တရဟော်ပင် စီးကျလာခဲ့ပြည်။

ပုတ္တမျက်လုံးပြူးသွားသည်။ မျက်နှာသည် ချက်ချင်းပင် သွေး ဆုတ်သွားခဲ့သည်။ သတိတစ်ချက်အလစ်မှာ ခံလိုက်ရလေပြီ။

"သေန၊ မင်း. . မင်း ငါ့ကို. . ငါ့ကို"

ပုတ္တသည် သေနကို မျက်လုံးကြီးပြူးကာ ကြည့်နေလိုက် သည်။ သူဒီလိုဖြစ်သွားလိမ့်မည်ဟု မထင်မိ။

"ပုတ္တ၊ မင်းသွားနှင့်ပါ၊ မင်းရဲ့နောက်က မင်းရဲ့လူတွေ လိုက်လာခဲ့မယ်၊ မကြာပါဘူး. . ငါပို့လိုက်မယ်၊ သူတစ်ပါးရဲ့ နိုင်ငံကို မတရားကျူးကျော်ရတဲ့အရသာကို နောင်တမလွန်ဘဝ အထိယူသွားတော့. . "

သေနက ပြောပြီးမြင်းကိုလှည့်ကာ ထွက်သွားသည်။ ပုတ္တအသက်ထွက်သွားချိန်အထိ မစောင့်တော့၊ ပုတ္တ၏ မျက်လုံး တွေဝေဝါးလာသည်။ အားအင်တွေချက်ချင်းပင် ဆုတ်ယုတ် သွားခဲ့သည်။ လက်ထဲမှ ဓါးလွတ်ကျသွားသည်။ သူလည်း မြင်းပေါ်ကထိုးကျသွားခဲ့လေသည်။ မြေခွေးကြီးကျသွားပြီ။

မြောက်အာဂါသာမှ ရဲမက်များသည် သူတို့၏ စစ်ဗိုလ်ချုပ်ကြီးပုတ္တသေဆုံးသွားသည်ကို မျက်ဝါးထင်ထင်





မြင်တွေ့လိုက်ကြရသောအခါ တုန်လှုပ်ချောက်ချားသွားခဲ့ကြ ရလေသည်။

"ဟာ. . ငါတို့ရဲ့. . စစ်ဦးစီးခေါင်းဆောင်ကျသွားပြီ ဟေ့၊ အဲ့ဒါမှ ပြဿနာပဲ၊ ငါတို့ကို ဘယ်သူတွေက ကွပ်ကဲ တော့မလဲ. . "

မြောက်အာဂါသာမှ ရဲမက်များသည် စိတ်ဓါတ်အကြီး အကျယ်ကျသွားခဲ့ကြသည်။ တပ်လည်း ဖရိုဖရဲနှင့် ဖြစ်သွားခဲ့ လေပြီ။ နစ်ဖက်အကျအဆုံးများရှိကြသည်ထက် မြောက်အာဂါ သာမှ ပိုပြီးတော့ အကျအဆုံးများလာခဲ့ကြသည်။ ထို့ကြောင့်. .

ကြံ့ကြံ့မခံနိုင်ကြတော့ပဲ ထွက်ပြေးကြလေတော့သည်။ သို့သော်. . မဇ္ဈိမာနှင့် တောင်အာဂါသာရဲမက်များက လိုက်ပြီး တော့တိုက်ထုတ်ကြသည်။ မြောက်အာဂါသာမှ ရဲမက်များကား ခံစစ်နှင့်ဆုတ်ခွာကြပြီး တပြေးတည်းပင် ပြေးနေကြသည်။ စိတ်ဓါတ်ကျပြီဆိုလျှင် ဘယ်လိုမှ တင်းခံမနေနိုင်ကြတော့၊ အကျအဆုံးများစွာနှင့် ရှုပ်ပျက်ဆင်းပျက်ဖြစ်ခဲ့ကြရလေပြီ။

ထိုစဉ်. .

စစ်မြေပြင်ကို ခြေမြန်တော်တစ်ဦးက ရောက်လာခဲ့ သည်။ သေနကို စာတစ်စောင်ပေးလိုက်လေသည်။

**အစ်ကိုသေန**

မြောက်အာဂါသာက လူတွေ၊ လျှို့ဝှက်ဂူကြီးတွေ ဘက်ကို ထွက်သွားကြပြီ၊ မဇ္ဈိမာကို မြေအောက်လမ်းကြောင်း ကနေဝင်ပြီး ရှာကြလိမ့်မယ်၊ အမြန်လိုက်ခဲ့ပါ. .

ကေသာ



www.burmeseclassic.com

www.burmeseclassic.com



"ဟင်၊ မြောက်အာဂါသာကလူတွေ တော်တော်အတင့်ရဲကြပါလား၊ သူတို့ရဲ့လက်ရှိအခြေအနေကို မသိကြသေးဘူးနဲ့တူတယ်"

သေနသည် မိမိ၏တပ်မှ စစ်ကဲကြီးများနှင့် ဗိုလ်မင်းတို့ကို ထားရစ်ခဲ့သည်။

"ခင်ဗျားတို့ ဒီမြောက်အာဂါသာက လူတွေကို အပြီးအပိုင်မောင်းထုတ်ပစ်လိုက်ကြ၊ အရေးကြီးနေပြီ၊ ကျုပ်. . လိုက်သွားရဦးမယ်"

"စိတ်ချပါ. . ကျုပ်တို့ လုံးဝအောင်ပွဲခံတဲ့အထိ ဆက်ပြီးတော့ တိုက်ပါ့မယ်"

သေနသည် သူ့လူအနည်းငယ်ကိုခေါ်ပြီး လှိုဏ်ကြီးဘက်ကိုထွက်လာခဲ့ကြလေသည်။

"ဟီ. . ဟီ. . ဟီ. . ဟီ"

တဟီဟီနှင့် အသံကြီးက ထွက်ပေါ်လာခဲ့သည်။ မြေပြင်သည်လည်း ဆွဲကိုင်လှုပ်ရမ်းလိုက်သလိုပင် တုန်ခါသွားခဲ့လေ၏။ တောင်ဟီသလို အသံကြီးဖြစ်ပြီး မြေအောက်မှ ထွက်ပေါ်လာခဲ့ခြင်းပင်။

ပတ်ကြားအက်ကြောင်းကြီးများက ပိုပြီးတော့ များပြားလာကြသည်။ အက်ကြောင်းအကွာအဝေးသည် တစ်ဖက်နှင့်တစ်ဖက် ကျယ်ပြန့်လာသည်။ မီးခိုးတွေက မွန်ထူအောင်ထွက်လာနေကြသလို နီရဲနေသော ရွှံ့ပူရည်များကလည်း





တပွက်ပွက်နှင့် ထွက်လာနေကြသည်။

ယင်းအက်ကြောင်းကြီးများသည် တောထဲတောင်ထဲမှ တဆင့်. . မြို့တွင်းသို့ပင် တစ်စထက်တစ်စဝင်ရောက်လာခဲ့လေပြီ။ လူများမှာ အထူးအဆန်းဖြစ်ကာ ဝိုင်းအုံစုပြုံပြီးတော့ ကြည့်နေကြသည်။

မြောက်အာဂါသာများသည် ရှေ့မှာကြုံတွေ့ကြရတော့မည့်အခြေအနေကို မသိကြသေးပဲ အေးအေးဆေးဆေးပင် ရှိနေကြသည်။

"အခုလောက်ဆို. . ငါတို့ရဲ့ မြောက်အာဂါသာရဲမက်တွေဟာ အောင်ပွဲခံနေလောက်ပြီကွ၊ မဇ္ဈိမာနဲ့ တောင်အာဂါသာကလူတွေဟာ ငါတို့ရဲမက်တွေရဲ့ လက်ချက်နဲ့ ပြားပြားမှောက်နေလောက်ပြီ၊ နတ်ဘုရားတွေက ငါတို့အနိုင်ရကြလိမ့်မယ်ဆိုတာကို သွယ်ဝိုက်တဲ့နည်းနဲ့ သင်္ကေသပြနေတာပဲ. ."

မြေပတ်ကြားအက်ကြားထဲက ထွက်လာသော ရွှံ့ရည်ပူများကိုကြည့်ကာ ကျေနပ်အားရနေကြလေသည်။

ထိုစဉ်. .

မြေအောက်မိုးကောင်းကင်ထက်မှာ မီးခိုးတွေ၊ ပြာတွေစုပြီး လိပ်ပြာကြီးသဏ္ဍာန်ပုံဝဲလာသောကြောင့် မြောက်အာဂါသာမှ လူများမှာ အထိတ်တလန့်ဖြစ်သွားခဲ့ကြလေ၏။

"ဟာ. . လိပ်ပြာကြီးတစ်ကောင်၊ ဒါလောက်ကြီးမားတဲ့ လိပ်ပြာကြီးမျိုးကို တစ်ခါမှ မတွေ့ဖူးသေးဘူး"

"အလိုလေးလေး၊ ဒီလိပ်ပြာကြီးဟာ မ[illegible]မှာ ရှိတဲ့ ဝိညာဉ်ချုပ်လိပ်ပြာကြီးနဲ့ သဏ္ဍာန်တူလိုက်တာ ဒါဟာ မကောင်း



www.burmeseclassic.com

www.burmeseclassic.com



တဲ့လက္ခဏာပဲ၊ ငါတို့ရဲ့ အသက်ဘေးအန္တရာယ်ကိုလာပြီးတော့ ဖော်ပြနေတာပဲ. . ”

ဝိညာဉ်ချုပ်လိပ်ပြာကို မမြင်ဖူးကြသော်လည်း ရှေးဘိုးဘေးဘီဘင်များ၏ ပြောစကားအရ. . ထင်ကြေးနှင့် ပြောနေကြခြင်းပင်တည်း။

မြောက်အာဂါသာမှ လူများ၏ စိတ်များမှာ အလိုလိုပင် ညှိုးနွမ်းလာခဲ့ကြလေသည်။

ဘာနုနှင့် သူ့လူများသည် လှိုဏ်ကြီးထဲကို ဆင်းလာခဲ့ကြသည်။ သူတို့တစ်ခါက ရောက်ဖူးခဲ့ကြသော လှိုဏ်ဝှက်ဂူလိုဏ်ပေါက်ကတစ်ဆင့် မဇ္ဈိမာကိုဝင်ရောက်ရန် ကြံစည်ကြပြန်သည်။ ဂူပေါက်ဝသည် မဇ္ဈိမာတို့က ပြန်ပြီး ပိတ်ခြင်းမရှိပဲ ဖွင့်လျက် သားပင်။

“လာကြဟေ့. . ငါတို့အရင်ဦးအောင် ရောက်မှ ဖြစ်မယ်”

ဘာနုက လမ်းကြောင်းအမှန်ကိုသိသလိုလိုဖြင့် ပြောလိုက်လေ၏။ ဝင်္ကဘာလိုကွေ့ကောက်နေသည်။ ဂူလိုဏ် လမ်းကြောင်းထဲမှာ မိမိတို့ပိတ်ဆို့ခံခဲ့ကြရကာ တဝဲလည်လည် ဖြစ်ခဲ့ရသည်။ အဖြစ်အပျက်ကို မေ့သွားကြပြီထင်သည်။ ထို့အပြင်. .

မဇ္ဈိမာတို့က ဂူလိုဏ်ပေါက်တချို့ကို ပိတ်ဆို့ထားခဲ့ကြ



သည်။ သူတို့ဝင်ရောက်သွားကြမည့် လမ်းသည် လမ်းမှားပဲ ဖြစ်ကြလိမ့်မည်။ သေမင်းသည် သူတို့ကို စောင့်ကြိုနေကြသည်ကိုလည်း လုံးဝမတွေးမိကြပါ။

မှောင်လာပြီဖြစ်သည်။ အပြင်ဘက်မှာ မြေသားဂူနံရံဖြစ်၍ အလင်းရောင်ကမရှိ၊ ထို့ကြောင့်. . မီးတုတ်များကို ထွန်းညှိကာ ဝင်လာခဲ့ကြလေ၏။

အတွင်းပိုင်းကိုရောက်လာကြလေလေ၊ မဇ္ဈိမာဘက်သို့ သွားသည့်လမ်းကြောင်းမှ သွေဖီလာခဲ့ကြလေလေဖြစ်သည်။

“ငါ့နောက်က လိုက်ခဲ့ကြ၊ လူစုမကွဲကြစေနဲ့. . ”

ဘာနုက လူတတ်ကြီးလုပ်ကာ ရှေ့ကနေဝင်သွားသည်။ သူ့လူတွေက ကြောက်ကြောက်နှင့် လိုက်ပါလာခဲ့ကြသည်။ ဘာနု၏အကြံအစည်မှာ စိတြဒေဝီတို့ အပြင်မှာရှိနေကြခိုက် မဇ္ဈိမာသို့အရောက်သွားပြီး လူကြီးများနှင့် မဂ္ဂကို ဓါးစာခံအဖြစ် ဖမ်းဆီးကြရန်ဖြစ်သည်။

“လမ်းဆုံးရင် ရွာတွေ့မှာပဲ၊ မဇ္ဈိမာကို ရောက်ကို ရောက်ရမယ်. . ”

ကိုယ့်ကိုယ်ကို အထင်ကြီးကာ အသားလွတ်ကြိမ်းဝါးလိုက်လေ၏။

သို့သော်. .

ထောင်ချောက်များထဲကို တဖြည်းဖြည်းနှင့် တိုးဝင်နေမိကြသည့် သူတို့၏ အဖြစ်ကို ယုံမှားသံသယပင် မရှိကြချေတကား။

ဂူလမ်းကြောင်းသည် တဖြည်းဖြည်းနှင့် ကျဉ်းဝန်းလာ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ သူတို့သတိနှင့် လျှောက်သွားကြစဉ်မှာ မမျှော်လင့်သော အခြေအနေတစ်ခုကို တွေ့လိုက်ကြရလေ၏။

ရှေ့မှလွန်စွာမှ ကြီးမားသော မြွေကြီးတစ်ကောင်က ခွေနေသည်။ ငြိမ်သက်လျက်ရှိသည်။

"ဟာ. . မြွေကြီး"

လူတစ်ယောက်က အော်လိုက်လေ၏။ သတိထားပြီး ကြည့်လိုက်သောအခါ ကျောက်ဖြစ်ရုပ်ကြွင်းမြွေကြီးတစ်ကောင် ပင်တည်း။

"မင်းတို့က သေသေချာချာ မကြည့်ကြဘူး၊ ဒါကျောက်ဖြစ်ရုပ်ကြွင်းမြွေကြီးကွ. . "

ဘာနုက သူလူများကို မာန်မဲလိုက်လေ၏။ ထိုစဉ်. .

ကျောက်ဖြစ်ရုပ်ကြွင်းမြွေကြီးသည် တဖြည်းဖြည်းနှင့် လှုပ်ရှားလာခဲ့သည်။ အရောင်လည်းပဲ ပြောင်းသွားသည်။ ဘာနုအံ့အားသင့်သွားခဲ့ရသည်။ သက်ရှိမြွေကြီးတစ်ကောင် အဖြစ်သို့ ပြောင်းလဲသွားသည်ကို တွေ့လိုက်ရသောကြောင့် ပင်တည်း။

"ဟာ. . ဒါဘယ်လိုဖြစ်သွားတာလဲ"

မြွေကြီးသည် အသက်ဝင်ဝင်လာချင်း တဟုန်ထိုးဆင်းချလာကာ အတင်းထိုးပြီးတော့ လိုက်လေတော့သည်။

"ဟာ. . ပြေး. . ပြေးကြ"

ပါးပျဉ်းကြီးထောင်ကာ ပြေးလိုက်လာသော မြွေကြီးသည် သူ၏ရှည်လျားသော အမြီးကြီးကိုဝှေ့ယမ်းကာ ရိုက်ချလိုက်လေတော့သည်။





"ဖြန်း"

"အား"

"အား"

လူသုံးလေးယောက်မှာ ဧရာမမြွေကြီး၏ တိုက်ခိုက်မှုကြောင့်လွင့်ထွက်သွားခဲ့ကြရသည်။ ဘာနုကတော့ လွတ်မြောက်သွားခဲ့လေသည်။ မြွေကြီးက ထွက်ပြေးကြသော သူများ၏ နောက်ကို ပြေးလိုက်သွားခဲ့သည်။

"ဟား. . ဟား ဟား ဟား၊ ပြေးကြစမ်း၊ ဘယ်လောက်အထိပြေးကြမလဲ. . "

တဟားဟားဖြင့် ရယ်မောကာ ဂူနံရံအကွယ်က ထွက်လာသူကတော့ စိတြဒေဝီ၊ လက်ထဲမှာ မံသကျောက်မျက်လုံးကိုကိုင်ထားသည်။ အနီရောင်အဖုလေးကို နှိပ်လိုက်၍ ကျောက်ဖြစ်ရုပ်ကြွင်းမြွေကြီးသည် အသက်ဝင်သွားခဲ့ခြင်းပင်။

မျိုးဆက်၊ ကိုမိုးနှင့် သေနတို့သည် ဘာနုတို့၏ နောက်ကိုအချိန်မီလိုက်လာခဲ့ကြခြင်းပင်။

"ကေသာ၊ ငါတို့က. . လမ်းမှန်တွေကို ပိတ်ဆို့ထားပေမယ့် အားလုံးကို ပိတ်ဆို့ထားတာ မဟုတ်ဘူး၊ ဘာနုတို့ဟာ တစ်နေရာမဟုတ် တစ်နေရာတွေ့သွားနိုင်တယ်၊ လာ လိုက်ကြမယ်"

သေနက ပြောလိုက်ရာ စိတြဒေဝီနှင့် မျိုးဆက်တို့ပါ လည်းထောက်ခံလိုက်ကြသည်။ ထို့နောက် မိမိတို့၏ ဖွဲ့မှာ ရဲမက်များနှင့်အတူ လိုက်သွားခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြွေကြီး၏ရန်ကြောင့် ထွက်ပြေးသွားကြသူများ၊ ကြောက်အားပိုပြီးတော့ ပြေးသွားခဲ့ကြသည်မှာ ဦးတည်ရာသို့၊ ထို့ကြောင့် တစ်ယောက်တစ်ကွဲစီဖြစ်သွားခဲ့ကြရလေ၏။

မြောက်အာဂါသာရဲမက်များသည် သွေးရူးသွေးတမ်းနှင့်ပြေးသွားခဲ့ကြရင်း မမျှော်လင့်သော အခြေအနေတစ်ခုကို ကြုံတွေ့လိုက်ကြရလေ၏။

ရှေ့မှာ အငွေ့တစ်ထောင်းထောင်းနှင့် ပွက်ပွက်ဆူနေသော ရွှံ့ပူအိုင်ကြီးတစ်ခု၊ သာမန်အနေအထားဖြင့်ကြည့်လျှင် မြေပြင်လိုပဲထင်ရသည်။ ထို့ကြောင့် အရှိန်ဖြင့် ပြေးသွားကြသူများသည် ရွှံ့ပူအိုင်ကြီးထဲကို ပစ်ကျသွားခဲ့ကြလေတော့သည်။

"အား"

"အား"

ထိုသူများသည် ပူလောင်သောဝေဒနာများကို မချိမဆန့်ဖြင့်ခံစားသွားကြရကာ လောကငရဲကိုခံစားကြရရင်း အောက်ကို တဖြည်းဖြည်းနှင့် နစ်မြုပ်သွားခဲ့ကြလေတော့သည်။

ဘာနုတို့ပြေးကြသည့် လမ်းက တစ်လမ်း၊ မြွေကြီးက ဘာနုတို့၏နောက်ကို တောက်လျှောက်လိုက်လာရင်း ရုတ်တရက်ရပ်တန့်သွားခဲ့ရသည်။ မလှုပ်မယှက်ဖြစ်သွားခဲ့လေ၏။ ထို့နောက် ခန္ဓာကိုယ်သည် တဖြည်းဖြည်းအက်ကွဲလာကာ တစ်စစီကြွေကျသွားခဲ့သည်။ ထို့နောက် မြေမှုန့်များအဖြစ်သို့ပြောင်းလဲသွားခဲ့လေ၏။ ကျောက်ဖြစ်ရုပ်ကြွင်းဘဝမှ အသက်ဝင်လာကြသော သတ္တဝါများသည် တာရှည်မခံကြပါ။

ဘာနုသည် မြွေကြီး၏အဖြစ်ကိုကြည့်ပြီး သဘော





ပေါက်သွားခဲ့ရသည်။

"ဒါ. . ဒါ မံသမျက်လုံးကြောင့်ပဲဖြစ်ရမယ်၊ ဘယ်သူ့လက်ချက်လဲ. . စိတြဲဒေဝီ. . ဟုတ်တယ်၊ သူ့လက်ချက်ပဲဖြစ်ရမယ်. . ဒီအထဲမှာ သူရှိနေပြီ. ."

ဘာနုသည် သူ့လူများနှင့်အတူ ပတ်ဝန်းကျင်မှာ လှည့်ပတ်ပြီးတော့ ရှာနေမိသည်။

"ဟေ့ကောင်တွေ၊ တစ်နေရာတည်းမှာ ရပ်ပြီးမနေကြနဲ့၊ လူခွဲပြီးရှာကြစမ်း"

"သခင်ကြီး၊ ကျွန်တော်တို့ လမ်းမကျွမ်းပါဘူး၊ မျက်စိလည်ပြီးဒုက္ခရောက်ကုန်ကြပါလိမ့်မယ်"

"ဘာကွ၊ မင်းတို့က ငါအမိန့်ပေးတာကို အာခံကြသလား. . ကဲကွာ"

"ဝှစ်"

"အား"

ထိုသူသည် ဘာနု၏ဓါးချက်မိပြီး လဲကျကာ သေဆုံးသွားခဲ့လေ၏။ ကျန်လူများသည်လည်း ဘာနု၏ ရက်စက်ပုံကြောင့် အကြောက်ကြီးကြောက်သွားခဲ့ကြလေ၏။

"ငါ့အနားမှာ ငါးယောက်လောက်ပဲနေခဲ့ကြ၊ မင်းတို့အားလုံးရန်သူကို မတွေ့မချင်းလိုက်ရှာကြ၊ တွေ့တဲ့နေရာမှာ သုတ်သင်ပစ်ခဲ့ကြ. ."

ထိုသူများသည် ဘာနုကို ကြောက်ရွံ့ပြီး ထိုနေရာမှ အလောတကြီးဖြင့် ထွက်သွားခဲ့ကြလေ၏။

"ကျန်တဲ့ကောင်တွေ. . ငါနဲ့လိုက်ခဲ့ကြ. ."



www.burmeseclassic.com

www.burmeseclassic.com



ဘာနု၏ ရှုံ့စရာကောင်းသော မျက်နှာကြီးသည် ပို၍ပင် ခက်ထန်လာသည်။ လူအရှင်လတ်လတ်က မကောင်းဆိုးရွားဘဝကိုရောက်နေသူပင်ဖြစ်သည်။ တကယ်တော့ သူသည် စိတ်ထင်ရာစိုင်းပြီးတော့ ဂူထဲကိုဝင်လာခဲ့သူဖြစ်သည်။ သူကိုယ်တိုင်လမ်းပျောက်နေ၍ ပိုပြီးတော့ ဒေါသထွက်နေရလေသည်။

မီးတုတ်ကြီးတွေကိုကိုင်ပြီး ရောက်ချင်ရာရောက်၊ ရှေ့ကိုဆက်ပြီး တိုးခဲ့ကြရာ. .

တစ်နေရာကို အရောက်တွင်. .

"ဟင်"

လူတစ်စုကို မမျှော်လင့်ပဲ တွေ့လိုက်ရသည်။ ဘာနုနှင့် သူ့လူများသည် ထိုသူများကို တိုက်ခိုက်ရန် ပြင်ဆင်လိုက်ကြလေရာ. .

"ဒီလူတွေက မလှုပ်မယှက်နဲ့. . ဘာတွေလဲ. ."

အနားကိုကပ်သွားကြပြီး သေသေချာချာကြည့်လိုက်ကြသောအခါ. .

"ဟာ. . ကျောက်၊ ကျောက်ရုပ်တွေပဲ. ."

ထိုသူများကား ကျောက်ရုပ်များပင်တည်း။



## (၂၄)
## ဘာနု၏ဇာတ်သိမ်း

ဘာနုတို့တွေ့လိုက်ကြရသော ကျောက်ရုပ်များသည် လက်နက်များအပြည့်အစုံကိုင်ထားကြသော ရဲမက်များပင်တည်း။ နှစ်ပေါင်းထောင်နှင့်ချီပြီး ကျောက်ဖြစ်ရုပ်ကြွင်းဘဝကို ရောက်နေကြသူများပင်၊ မံသကျောက်မျက်လုံးများ၏ လက်ချက်ကြောင့် လူစင်စစ်က ကျောက်သားများဖြစ်သွားခဲ့ကြခြင်းပင်။

ထိုစဉ်. .

သေးမျှင်သောအလင်းတန်းလေးတွေက ကျောက်ရုပ်များဆီကို ဖျတ်ကနဲ. . ဖျတ်ကနဲဆို ရောက်လာခဲ့ကြသည်။ သေးမျှင်လွန်း၍ မည်သူမှ မသိလိုက်ကြပါ၊ စိတြွေခေါ်ဘာ တစ်နေရာမှနေ၍ မံသကျောက်မျက်လုံးကိုကိုင်ကာ အသုံးပြုလိုက်ခြင်းပင်။

ထိုအခါ. .



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဖြစ်ရုပ်ကြွင်းရဲမက်များသည် ကျောက်သား အရောင်မှ လူတစ်ယောက်၏အသားအရောင်ကို တဖြည်းဖြည်း ပြောင်းလဲသွားခဲ့သည်။ မျက်လုံးတွေ အသက်ဝင်လာသည်။ ဟိုကြည့်. . ဒီကြည့်နှင့် ရှိလာကြသည်။

လက်တွေခြေတွေလည်း လှုပ်ရှားလာကြလေသည်။ ဘာနုတို့သည် မမျှော်လင့်မိသော မြင်ကွင်းကြောင့် အထိတ်တလန့်ဖြစ်သွားခဲ့ကြရလေသည်။ အသက်ဝင်လာကြသော ရဲမက်များသည် ခြေလှမ်းတွေက ရွေ့လျားလာခဲ့ကြပြီး ဘာနုတို့ကို ဝင်ရောက်တိုက်ခိုက်ကြလေတော့သည်။

"ဟာ. . ငါတို့ကို တိုက်ခိုက်ကြပြီဟေ့. . "

ထိုသူများသည် မကောင်းဆိုးရွားများက အသက်ဝင်လာကြသလို မှတ်ဉာဏ်လည်း မကောင်းကြတော့၊ ရန်လိုကြသောလက္ခဏာများကို ပြလာခဲ့ကြသည်။ ထိုရှေ့ခေတ်ရဲမက်များသည် အားအင်တွေ ချက်ချင်းပင် ပြည့်လာကြသလို ရိုင်းစိုင်းကြမ်းတမ်းစွာဖြင့် ထိုးခုတ်တိုက်ခိုက်ကြသည်။ ဘာနုတို့မှာ. . ပထမသော် လက်တွန့်နေကြသေးသည်။ နောက်တော့ မိမိတို့၏အသက်ကို ကာကွယ်ကြရတော့မည်ဖြစ်ရကား ပြန်ပြီးတော့ တိုက်ခိုက်ကြရလေတော့သည်။

စိတြဒေဝီတို့သည် ဘာနုတို့၏ အခြေအနေကို စောင့်ကြည့်နေကြသည်။ မိမိတို့က အပင်ပန်းခံပြီးတော့ မတိုက်ခိုက်ကြတော့။

"ကေသာ၊ နင်. . ဘာနုတို့ကို သက်သက်မဲ့ အလုပ်ပေးတယ်၊ ကိစ္စတစ်ခုကို မြန်မြန်ရှင်းလိုက်တာ မဟုတ်ဘူး"





စိတြဒေဝီက ရယ်နေလိုက်ပြီး. .

"ဒီကျောက်ဖြစ်ရုပ်ကြွင်းတွေကို ဘာနုတို့ကြာကြာ မတိုက်ခိုက်ရပါဘူး၊ အစ်ကိုကြည့်နေပါ"

စိတြဒေဝီက ခေါင်းမာသည်။ သေနသည် သူ့ညီမ၏ စိတ်ဓါတ်ကိုသိသည်။ ကျောက်ဖြစ်ရုပ်ကြွင်းဘဝကို အသက်ဝင်လာကြသူများသည် ဟိုးရှေးခေတ်အခါက ဓါးရေးကျွမ်းခဲ့ကြသူများဖြစ်ကြဟန်တူသည်။ မြောက်အာဂါသာရဲမက်များကို ဓါးချက်တစ်ချက်တည်းနှင့် သုံးလေးယောက်ကို အသက်ပါပျောက်သွားစေခဲ့သည်။

"ဝှစ်"

"အား"

"အား"

ထိုသူများသည် ယခင်က ရှေးဟောင်းမြောက်အာဂါသာမှ စစ်သူကြီးများပင်ဖြစ်ကြသည်။ မဖ္ဍိမာကို ခိုးဝင်လာကြသူများပင်၊ ထိုစဉ်က မဖ္ဍိမာမှ လူများသည် မံသကျောက်မျက်လုံးတော်တော်များများကို ပိုင်ဆိုင်ခဲ့ကြသည်။ မိမိတို့၏ လောကီအတတ်ပညာဖြင့် စီရင်ထားကြသော ပစ္စည်းများပင်တည်း။

ရှေးဟောင်းမြောက်အာဂါသာမှ လူများသည် မဖ္ဍိမာကိုခိုးဝင်လာကြရာ၌ မံသမျက်လုံးလက်ချက်ကြောင့် ကျောက်ရုပ်များဖြစ်သွားခဲ့ကြခြင်းပင်။

စိတြဒေဝီသည် တစ်နေရာဆီကို ပြေးသွားသည်။ နောက်ထပ်ကျောက်ဖြစ်ရုပ်ကြွင်းရဲမက်များ၊ အစ်ကဲများကို မံသကျောက်မျက်လုံးဖြင့် အသက်သွင်းလိုက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ရုပ်များသည် အရောင်တလက်လက်နှင့် ဖြစ်သွားခဲ့ကြပြီး ချက်ချင်းလိုလိုပင် အသက်ဝင်လာခဲ့ကြလေ၏။ သူတို့သည် စကားပြောနိုင်စွမ်းမရှိကြပါ။ ပါးစပ်တွေကို ဟကာ ကြွေးကြော်လိုက်ကြသော်လည်း အသံကား ထွက်မလာကြ။ ဘာနုတို့ဆီကို တစ်လှမ်းချင်း လျှောက်သူတွေက လျှောက်သွားကြ၊ ရန်သူအနံ့ကိုခံပြီး တစ်နေရာကို ထွက်သွားခဲ့ကြသော မြောက်အာဂါသာရဲမက်များဆီကို လိုက်သူတွေက လိုက်ကြနှင့် ရှိကုန်ကြတော့သည်။

ဘာနုတို့တွင် ရဲမက်နှစ်ယောက်လောက်သာရှိတော့သည်။ သုံးယောက်မှာ ကျောက်ရုပ်လူသားများ၏ လက်ချက်ဖြင့် ကျဆုံးကုန်ကြလေပြီ။

ဘာနုသည် သူ့လူများကို သုတ်သင်ပစ်လိုက်ကြသည့် ကျောက်ရုပ်လူသားများကို ဒေါသထွက်ထွက်နှင့် အတင်းဝင်ရောက်တိုက်ခိုက်သည်။

သို့သော်. .

ထူးခြားချက်တစ်ခုက ဖြစ်ပေါ်လာခဲ့လေသည်။ တိုက်ခိုက်နေကြသော ကျောက်ရုပ်လူသားများသည် ရုတ်တရက် နေရာမှာ ရပ်တန့်သွားခဲ့ကြသည်။ မလှုပ်မယှက်နှင့် ဖြစ်သွားခဲ့ကြလေ၏။ ထို့နောက် တစ်ကိုယ်လုံးအက်ကွဲလာပြီး တစ်ပိုင်းစီတစ်စစီ. . အောက်ကို ပြုတ်ကျကုန်ကြသည်။ တဖြည်းဖြည်းနှင့်ကျောက်မှုန်များ အဖြစ်သို့ ကူးပြောင်းသွားခဲ့ကြလေသည်။

ဘာနုတို့သည် ထိုအခါကျမှ သက်ပြင်းချမိလိုက်ကြသည်။



သို့သော်. .

တာမရှည်ပါ။ နောက်ထပ်အသက်ဝင်လာခဲ့ကြသော ကျောက်ရုပ်များသည် ဘာနုနှင့် သူ့လူနှစ်ယောက်ကို ဝင်ရောက်၍တိုက်ခိုက်ကြပြန်လေသည်။

“ဟာ. . အများကြီးပဲ ရောက်လာကြပြန်ပြီ၊ ဒီကောင်တွေ. . ကုန်ပဲမကုန်နိုင်ကြတော့ပါလား”

သုံးယောက်နှင့် ကျောက်ဖြစ်ရုပ်ကြွင်းလူသားတွေ၊ ဘယ်လိုမှနိုင်ကြမှာမဟုတ်။

“ဟေ့ကောင်တွေ၊ ဘာရပ်ကြည့်နေကြတာလဲ၊ မင်းပထွေးတွေက မင်းတို့ကို အလှကြည့်နေကြမှာ မဟုတ်ဘူး၊ ဝင်တိုက်ကြလေကွာ. .”

ဘာနုက ကြောင်ပြီးတော့ကြည့်နေကြသော သူ့လူနှစ်ယောက်ကို သတိပေးလိုက်သည်။ ထိုအခါကျမှ သတိရလာကြပြီး ကျောက်ရုပ်လူသားများကို ဝင်ပြီးတော့ တိုက်ခိုက်ကြလေတော့သည်။

ဘာနု၏လူများသည် မြေအောက်လိုဏ်လမ်းကြောင်းကြီးထဲမှာ ရန်သူကို ရှာဖွေရန် ထွက်သွားခဲ့ကြသည်။

ဝင်္ကဘာကြီးလိုဖြစ်နေ၍ လမ်းမှားကြမှာကိုလည်း စိုးရိမ်နေမိကြသည်။

“ဟေ့. . ဟေ့၊ ရှေ့ဆက်မသွားကြနဲ့၊ လမ်းပျောက်သွား

www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ်၊ ရန်သူကိုမတွေ့ဘူးဆိုပြီး ဘာနုဆီကို ငါတို့ပြန်သွားကြမယ်. . "

တစ်ယောက်က ပြောလိုက်သည်။ အားလုံးသဘောတူလိုက်ကြပြီး နောက်ကြောင်း ပြန်လှည့်လိုက်ကြသည်။

ထိုစဉ်. .

ကျောက်ရုပ်လူသားများသည် သူတို့ဆီကို မမျှော်လင့်ပဲ ရောက်လာခဲ့ကြသည်။ .

"ဟာ. . ဘာတွေလဲ၊ ငါတို့ကို ရန်မူကြတော့မယ်ဟေ့"

"ဒီလိုအဝတ်အစားမျိုးနဲ့ ရဲမက်တွေကို ငါတစ်ခါမှ မမြင်ဖူးဘူး၊ ထူးဆန်းတာပဲ. . "

တကယ်တော့ ထိုသူများသည် ကျောက်ဖြစ်ရုပ်ကြွင်းလူသားများကို မမြင်ဖူးကြပါ၊ ကြားဖူးရုံသာရှိထားကြခြင်းပင်။ ကျောက်ရုပ်လူသားများက သူတို့ကို ပတ်ချာဝိုင်းလာကြသောအခါ. . မလွှဲမရှောင်သာတော့ပဲ တိုက်ခိုက်ရလေတော့သည်။

မြောက်အာဂါသာရဲမက်များသည် ခါးရေးကျွမ်းကြသော်လည်း ထိုသူများကို မယှဉ်နိုင်ကြ၊ တစ်ယောက်ပြီးတစ်ယောက်ထိကုန်ကြသည်။ လဲကျသေဆုံးသွားကြသည်။ ဒဏ်ရာအနာတရရှိကုန်ကြသည်။

"အား. . "

"အား"

"မဟန်ဘူးဟေ့၊ ပြေးမှ. . "

ထွက်ပြေးကြသည်။ ဘာနုတို့ဆီကို ပြန်ပြီးတော့ ရောက်သွားခဲ့ကြသည်။ သို့သော်ဘာနုတို့ကလည်း ကျောက်ရုပ်





လူသားများကို ရင်ဆိုင်ပြီး တိုက်ခိုက်နေကြချိန်. .

ကျောက်ရုပ်လူသားများသည် မြောက်အာဂါသာများနောက်ကို လိုက်လာကြလေပြီ. .

"ဆရာကြီး. . ဟိုမှာ. . ဟိုမှာ၊ မျက်နှာသေကြီးတွေနဲ့ ကျွန်တော်တို့ကို လိုက်ပြီးတိုက်ခိုက်နေကြတယ်. . "

"ဟာ. . ဟိုမှာလည်း ကျောက်ရုပ်လူသားတွေ၊ စိတြဒေဝီတော့ သူတို့ကိုယ်တိုင် ငါတို့ကို မတိုက်ပဲ မံသကျောက်မျက်လုံးရဲ့အကူအညီနဲ့ ကျောက်ဖြစ်ရုပ်ကြွင်းတွေကို အသက်သွင်းနေပြီ၊ ငါတို့ကို တိုက်ခိုက်ခိုင်းနေပြီ. . "

ဘာနုမှာ ဒေါသထွက်သွားခဲ့ရလေ၏။ မတတ်နိုင်ပါ။ အပြေးဝင်ရောက်လာခဲ့ကြသော ရန်သူများကို မျက်နှာချင်းဆိုင်ကာ ရင်ဆိုင်တိုက်ခိုက်ကြဖို့မှလွဲ၍ ဘာမှမရှိကြတော့၊ မြေအောက်လိုဏ်လမ်းကြောင်းကြီးထဲမှာ လက်နက်ချင်းထိခိုက်သံ၊ အော်သံ၊ ဟစ်သံ၊ ကြွေးကြော်သံများက ဆူညံသွားခဲ့ကြပြန်သည်။

စိတြဒေဝီ၏ မံသကျောက်မျက်လုံးမှ အသက်သွင်းလိုက်သော ကျောက်ဖြစ်ရုပ်ကြွင်းမြောက်အာဂါသာရဲမက်များသည် ဘာနုတို့ကိုသာမဟုတ်၊ မျိုးဆက်တို့ကိုပါ ဝင်ရောက်တိုက်ခိုက်လာကြသည်။

မျိုးဆက်သည် သူ့နောက်ဖက် လိုဏ်ကွေ့ထော တစ်ခုမှ ပြေးဝင်လာကြသော ကျောက်ရုပ်လူသားများ၏ ခြေသံကြောင့် ဆတ်ကနဲဆို လှည့်ကြည့်လိုက်လေ. .

"ဟာ. . ဒီဟာတွေ၊ ငါတို့ကိုပါ တိုက်ခိုက်ဖို့ ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



နေကြပြီ၊ မတတ်နိုင်ဘူး. .”

ဓါးကြီးကို မြှောက်ကာ ပြေးဝင်လာသော ရန်သူနှစ်ဦးကို ပစ္စတိုသေနတ်ဖြင့် အနီးကပ်ပစ်ချလိုက်ရသည်။

“ဒိုင်း”

“ဒိုင်း”

ထိုသူများသည် မအော်နိုင်ကြပါ။ ပါးစပ်ကြီးတွေသာ ‘ဟ’သွားကြပြီး ပစ်လဲကျသွားခဲ့ကြသည်။ ထို့နောက် တခဏအတွင်းမှာပင် ကျောက်သားကိုယ်ထည်များပြန်ဖြစ်သွားခဲ့ကြပြီး ကျောက်မှုန်များဘဝကို ပြောင်းလဲသွားခဲ့ကြလေသည်။

ကိုမိုးလည်း လှံကြီးကိုင်ပြီး ပြေးဝင်လာသောသူကို ပစ်ချလိုက်ရလေ၏။

“ဒိုင်း”

ထိုသူသည် အနီးကပ်ရောက်လာသူဖြစ်၍ နောက်သို့ကန်ကာ ပက်လက်လန်လဲကျသွားသည်။ သေနဆီကို ပြေးဝင်လာသော ကျောက်ရုပ်လူသားတစ်ဦးကို မျိုးဆက်ကပင် သေနတ်နှင့် ပစ်ချလိုက်ရသည်။

“ဒိုင်း”

ကျောက်ရုပ်လူသားရဲမက်များသည် ဘာနုတို့ကိုလည်း တိုက်ခိုက်ကြသည်။ စိတြဒေဝီကိုလည်း တိုက်ခိုက်ကြသည်။ စိတြဒေဝီသည် ထိုသူတို့ကို မူလကျောက်ရုပ်အဖြစ်သို့ ပြန်ပြီးပြောင်းလဲရန် မံသစက္ခုကျောက်မျက်လုံးမှ လက်ကိုင်ပေါ်ရှိ အနက်ဖုကို နှိပ်ရန် ရည်ရွယ်လိုက်သော်လည်း စိတ်ကပြောင်းသွားသည်။





“သူတို့ကို ငါကိုယ်တိုင် တိုက်ကြည့်ချင်တယ်”

ထို့ကြောင့်. .

သူမဆီကို ပြေးဝင်လာခဲ့ကြသော ကျောက်ရုပ်လူသားနှစ်ဦးဆီကို ပြေးသွားခဲ့ပြီး ဓါးဖြင့်ရင်ဆိုင်ကာ တိုက်ခိုက်သည်။

“ထန်”

“ထန်”

ကျောက်ရုပ်လူသားရဲမက်များသည် အားပါလှသည်။ ဓါးရေးလည်းကောင်းကြသည်။ သွက်လက်ဖျတ်လတ်ကြသည်။ ဓါးရေးထက်သော စိတြဒေဝီပင်လျှင် ဂရုစိုက်ပြီးနှတော့ တိုက်ခိုက်နေရသည်။ တကယ်တော့ စိတြဒေဝီသည် ရှေးဟောင်းရဲမက်တို့၏ အစွမ်းသတ္တိကို ကိုယ်တိုင်သိလိုသောကြောင့် စမ်းသပ်ခြင်းပင်ဖြစ်ပါသတည်း။

သေနသည်လည်း ဝင်လာသမျှ ကျောက်ရုပ်လူသားမျိုးကိုရော၊ မြောက်အာဂါသာရဲမက်များကိုပါ တိုက်ခိုက်နေရသည်။ ဘာနုသည်လည်း စိတြဒေဝီတို့နှင့် ပက်ပင်းတိုးမိခဲ့လေပြီ။

“ဟော့ကောင်တွေ၊ သူတို့ကို အသေမသတ်နဲ့၊ အရှင်မိအောင်သာဖမ်း. . မဗ္ဗိမာကို ဝင်တဲ့လမ်းကို ပြခိုင်းရမယ်၊ ဟိုလူစိမ်းနှစ်ယောက်ကိုတော့ သတ်ပစ်လိုက်. .”

ဘာနုက အော်ဟစ်ပြီးတော့ သတိပေးလိုက်သည်။

ထို့ကြောင့်. .

မြောက်အာဂါသာမှ ရဲမက်များသည် မျိုးဆက်တို့ကို အသေတိုက်ခိုက်ရန် ပြေးဝင်လာခဲ့ကြလေ၏. .



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . ဒီလူတွေကတော့ ကိုယ့်အသက်ကိုတောင် မနှမြောကြတော့ဘူးလား မသိဘူး"

"ဒိုင်း"

"ဒိုင်း"

"အား"

"အား"

မျိုးဆက်နှင့် ကိုမိုးတို့သည် ကျောခြင်းကပ်ပြီးတော့ ပစ်ခတ်ကြသည်။ ကိုယ့်အသက်ကို ကာကွယ်ရတော့မည်။ မညှာနိုင်ကြတော့၊ တချို့. . မြောက်အာဂါသာရဲမက်များသည် ကျောက်ဖြစ်ရုပ်ကြွင်းလူသားများ၏ လက်ချက်ကြောင့် အသက်ထွက်သွားခဲ့ကြသည်။

ဘာနုသည် စိတြာဒေဝီ၏ ဘယ်လက်မှာကိုင်ထားသော မံသစက္ခုကျောက်မျက်လုံးကို မြင်တွေ့သွားခဲ့လေရာ. .

"ဒေဝီ၊ သူက ဒီကျောက်မျက်လုံးကို အသုံးချပြီး ကျောက်ဖြစ်ရုပ်ကြွင်းတွေကို တိုက်ခိုက်ခိုင်းနေတာ၊ ဒီစွမ်းအားရှိတဲ့ပစ္စည်းကို ငါရအောင်ယူရမယ်"

ထို့ကြောင့်. .

စိတြာဒေဝီဆီကို တဟုန်ထိုးပင် ပြေးသွားခဲ့သည်။

"ဟင်"

စိတြာဒေဝီသည် ဘာနုအနားကိုရောက်လိုက်မှ သိသွားခဲ့လေရာ. . ဓါးသွားက သူမ၏ အပေါ်ကိုမိုးပြီးတော့ အရှိန်ဖြင့် ကျလာခဲ့လေရာ. .

"ထန်"



"ထန်"

စိတြာဒေဝီ၏ ဓါးချက်က သွက်လက်စွာဖြင့် ဝင်သွားခဲ့ရပြီး ဆီးခံလိုက်သည်။

"ပေးစမ်း. . ဒီပစ္စည်း"

လက်တစ်ဖက်ကလည်း စိတြာဒေဝီ၏ လက်ထဲက မံသကျောက်မျက်လုံးကို ဝင်လုသည်။ ထိုအခါ မမျှော်လင့်သော အခြေအနေတစ်ခုကို ကြုံတွေ့လိုက်ရသည်။ ဘာနု၏ လက်သည် စိတြာဒေဝီကိုင်ထားသော မံသကျောက်မျက်လုံး၏ လက်ကိုင်မှ အနက်ဖုလေးကို နှိပ်မိသွားခဲ့သည်။ သေးမျှင်သော အစိမ်းရောင်အလင်းတန်းလေးတစ်ခုသည် ထွက်ပေါ်လာပြီး ဘာနု၏ကိုယ်ပေါ်ကို တိုက်ရိုက်ပင်. . ကျရောက်သွားခဲ့လေ၏။

ထိုအခါ. .

ဘာနု၏ကိုယ်သည် ဆတ်ကနဲဆိုဖြစ်သွားသည်။ လှုပ်ရှားမှုမရှိတော့ပဲ ရပ်တန့်သွားခဲ့သည်။ အသားအရောင်သည်တဖြည်းဖြည်းနှင့် ပြောင်းသွားကာ ကျောက်သားပမာမာကြောလာသည်။ မျက်လုံးတွေလည်း လှုပ်ရှားမှုမရှိကြတော့။ မိနစ်ပိုင်းအတွင်းမှာပင် ဘာနုကျောက်သားပကတိ ဖြစ်သွားခဲ့လေပြီ။

"ဟင်. ."

စိတြာဒေဝီရော၊ မျိုးဆက်ပါ. . အံ့အားသင့်သွားခဲ့ရသည်။ သေနနှင့် ကိုမိုးတို့သည်လည်း အနားကိုရောက်လာခဲ့ကြသည်။

"ညီမ၊ သူ့ကို ဒီအတိုင်းမထားနဲ့ မူလအခြေအနေ

www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ပြန်ပြောင်းပေးလိုက်၊ သူ. . ငါတို့ကို ယှဉ်ချင်လည်း လက်ရုံးချင်း၊ ပညာချင်းယှဉ်ပါစေ. . ”

သေနက စိတြဒေဝီကို သတိပေးလိုက်သည်။

“ဒါ. . မမျှော်လင့်ပဲ ဖြစ်သွားရတာပါ၊ ကေသာသူကို ဒီအထိ ဖြစ်သွားဖို့ မရည်ရွယ်ပါဘူး၊ သူ့ကြောင့် ဖြစ်သွားခဲ့ရတဲ့ကိစ္စ. . ”

ကေသာသည် အနီဖူလေးပြန်နှိပ်ပြီး ဘာနုကို ပြန်ပြီး အသက်သွင်းပေးမည်အပြုမှာ. . မမျှော်လင့်မိသော အခြေအနေတစ်ခုက ဖြစ်သွားခဲ့လေသည်။ ဂူလိုဏ်တစ်နေရာမှ ကျောက်တုံးကြီးတစ်တုံးကို ကိုင်ကာပြေးလာသူတစ်ယောက်၊ သူကား. . အခြားသူ မဟုတ်၊ မာလုပင်တည်း။

“ဟေ့. . ဟေ့၊ မာလု. . မလုပ်နဲ့. . မလုပ်နဲ့. . ”

သေနက ဟန့်တားလိုက်သည်။ သို့သော်. . မာလုသည်. . မကြားမိ၍ပဲလား၊ စိတ်ဇောကပ်နေ၍ပဲလားမသိ၊ ဘာနု၏ အနားကိုရောက်သည်နှင့် ကျောက်တုံးကြီးကို ခေါင်းပေါ်ကနေ ထုချလိုက်လေတော့သည်။

“ခွမ်း”

ရေအိုးတစ်လုံးကို ရိုက်ခွဲလိုက်သလိုပင်၊ ကျောက်သားဖြစ်နေသော ဘာနု၏တစ်ကိုယ်လုံး စိစိညက်ညက်ကြေသွားခဲ့သည်။ ကျောက်ရုပ်အပိုင်းအစများသည် မြေပြင်ပေါ်ကို ပွဲကြွေပြီးတော့ ကျသွားခဲ့ကြသည်။ သွားပြီ၊ ဘာနုပြန်ပြီး မဖြစ်တော့ပါ၊ သူကား. . ရုပ်ပျက်ဆင်းပျက်နှင့် တစ်ကယ်ပင် သေဆုံးသွားခဲ့ရလေပြီတည်း၊ အားလုံးသည် မည်သို့မှ မထင်



မှတ်သော အဖြစ်အပျက်တစ်ခုကြောင့် အံ့အားသင့်၍ မဆုံးမိကြမီမှာပင်. .

“ဝုန်း”

ပြင်းထန်သော ပေါက်ကွဲသံကြီးတစ်ခုက အပြင်ဘက်မှာဖြစ်ပေါ်လာခဲ့လေ၏။ မြေပြင်တစ်ခုလုံး သိမ့်သိမ့်ခါ သွားခဲ့ရသည်။ ဂူမျက်နှာကြက်မှာ မြေစိုင်ခဲတချို့သည်ပင် အောက်ကို တစ်စစီပွဲပြီးတော့ ကျလာခဲ့ကြသည်။

ဂူလိုဏ်ထဲမှာရှိနေကြသော သူများသည် အံ့အားတသင့်ဖြစ်သွားခဲ့ကြရသည်။ ထို့နောက်. . သေနက အရင်သတိရသွားခဲ့ပြီး. .

“လာ. . လာ တို့ ဟိုဘက်ကို ပြေးကြမယ်”

လေးယောက်စလုံး လျှို့ဝှက်ကာမှတ်သားထားသော ဂူလိုဏ်ပေါက်မှတဆင့် ပြေးကြသည်။ ကျန်လူများသည် ပြေးမိပြေးရာပြေးကြသည်။ မဖျိုမာရဲမက်များသည်သာလျှင် သေနတို့၏ နောက်ကို တောက်လျှောက်ပင် လိုက်သွားခဲ့ကြလေသည်။

“ဝုန်း”

နောက်ထပ်ပေါက်ကွဲသံကြီးတစ်ခုက မိနစ်မခြားပဲဆင့်ပြီးတော့ ထွက်ပေါ်လာခဲ့လေသည်။ ဂူမျက်နှာခြင်းမှ မြေစိုင်မြေခဲများက ထပ်ပြီးတော့ ပြိုကျလာခဲ့ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com





## (၂၅)
## မီးတောင်ပေါက်ကွဲခြင်း

မြောက်အာဂါသာဘက်တွင် မြေအောက်ကောင်းကင်ကြီးတစ်ခုလုံးက ပြာမှုန့်များကြောင့် မှိုင်းဝေလျက်ရှိသည်။ ထိုပြာများသည် မြောက်အာဂါသာကိုသာမက တောင်အာဂါသာနှင့် မဇ္ဈိမာဘက်သို့ပင် လွင့်ပျံ့လာခဲ့ကြသည်။

ထိုစဉ်. .

ထူးခြားမှုက ဖြစ်ပေါ်လာသည်။ မြေပြင်သည် အလိုလိုနေရင်း ပူခြစ်လာခဲ့ခြင်းပင်၊ လမ်းလျှောက်သွားကြသောသူများပင်လျှင် အပူငွေ့၏ ရိုက်ခတ်သောဒဏ်ကို မခံနိုင်ပဲဖြစ်သွားခဲ့ကြရသည်။

"အား. . ပူလိုက်တာ၊ အောင်မယ်လေးဗျ. . "

"အလိုလေးလေး၊ မြေပြင်ကို နင်းလို့တောင်မရတော့ပါလား. . "

www.burmeseclassic.com

www.burmeseclassic.com



ဆောက်တည်ရာမရဖြစ်အောင် ခံစားသွားကြရကာ ထွက်ပြေးသူကပြေး၊ သစ်ပင်ကြီးတွေ၏ အရိပ်အောက်ကို ပြေးဝင်ကြသူတွေကလည်း သွေးရူးသွေးတမ်းနှင့် ဖြစ်ကုန်ကြသည်။

သို့သော်. .

သက်သာမှုက ဖြစ်မလာပါ၊ မြေပြင်သည် ပတ်ကြား အက်ကြောင်းကြီးများ ဆင့်ကဲ. . ဆင့်ကဲဖြစ်ပေါ်လာလေတော့၏။

ယင်းပတ်ကြားအက်ကြောင်းကြီးများထဲမှ ချော်ရည်ပူများ၊ မီးတောက်မီးလျှံများပ ပန်းပြီးတော့ ထွက်ပေါ်လာခဲ့ကြလေသည်။ နေရာအနှံ့အပြား ထိုသို့ဖြစ်ပေါ်လာကြသောအခါ လူတွေမှာ မျက်လုံးပြူး၊ မျက်ဆံပြူးဖြစ်လာခဲ့ကြရလေတော့သည်။

ထိုအခါကျမှ အထိတ်တလန့်ဖြင့် ထွက်ပြေးကြလေတော့သည်။ တချို့ မီးတောက်မီးလျှံများ၊ ချော်ရည်ပူများ ဝိုင်းဝိုင်းလည်ခံနေကြရကာ ထွက်ပေါက်ပိတ်ကုန်ကြလေသည်။

"ကယ်ကြပါ. . ကယ်တော်မူကြပါ"

အိမ်ခြေဝင်းတွေထဲ၊ နတ်ဘုရားကျောင်း၊ ဥယျာဉ်ပန်းခြံတွေထဲမှာလည်း အက်ကြောင်းကြီးများဖြစ်ပေါ်လာခဲ့ကြကာ. . ချော်ရည်များ၊ မီးတောက်မီးလျှံများထွက်ပေါ်လာခဲ့ကြသည်။ ချော်ရည်များပန်းထွက်လာခဲ့ကြသည်။ အဆောက်အဦးများကို မီးတောက်မီးလျှံများက ဝါးမြိုသွားခဲ့ကြလေသည်။

မြို့ကြီးများနှင့်တကွ၊ တစ်တိုင်းတစ်ပြည်လုံး ကမ္ဘာပျက်





ကြသည့်ပမာ ပွက်ပွက်ညံကုန်ကြတော့သည်။ သားသည် မိခင်များက မိမိတို့၏ ရင်သွေးများကို ချီပြီးတော့ ထွက်ပြေးကြသည်။

ပြေးရင်းမှာပင် ရုတ်တရက်ဖြစ်ပေါ်လာသော ပတ်ကြား အက်ကြောင်းကြီးများထဲသို့ ထိုး၍ကျသွားခဲ့ကြသည်။

ထိုစဉ်. .

"ဝုန်း"

"ဝုန်း"

ပေါက်ကွဲသံကြီးများက ဆင့်ကဲ၊ ဆင့်ကဲပင် ထွက်ပေါ်လာခဲ့ကြလေ၏။ မြေအောက်မှ ပွင့်ကန်ပြီး ထွက်လာသော ပေါက်ကွဲသံကြီးနှင့်အတူ ချော်ရည်ပူများက တစ်မိုင်အမြင့်လောက်အထိ ပန်းပြီးတော့ ထွက်လာခဲ့ကြသည်။ ညအခါဖြစ်သောကြောင့် ကောင်းကင်ထက်သို့ ပန်းပြီးထွက်သွားကြသော ချော်ရည်များသည် မီးကျည်းခဲများပမာ ရဲရဲတောက်နေကြသည်။

ထိုချော်ရည်ပူများက အောက်ကိုပြန်ပြီးတော့ ကျလာခဲ့ကြရာတွင် အနိမ့်ဘက်ကို တရဟောပင် စီးဆင်းသွားကြလေတော့သည်။ မြေအောက်မီးတောင်ကြီးနှစ်ခုက ဆင့်ကဲ. . ဆင့်ကဲပေါက်ကွဲပြီးကျဆင်းလာခဲ့ကြသော ချော်ရည်ပူများသည် မြို့များဆီသို့ ဦးတည်ပြီး စီးဆင်းသွားခဲ့ကြသည်။

"ဟာ. . ချော်ရည်တွေ၊ ချော်ရည်တွေ၊ စီးလာကြပြီ၊ ပြေးကြဟေ့. . ပြေးကြ"

လူများမှာ မည်သည့်ပစ္စည်းကိုမှ မယူနိုင်ကြပဲ အသက်လုပြီးတော့ ထွက်ပြေးကြရသည်။ ပြေးနေရင်းမှာပင် မြေပြင်မှာ အက်ကြောင်းကြီးများ ဖြစ်ပေါ်လာကာ ထိုအက်ကြောင်းကြီးများ



www.burmeseclassic.com

www.burmeseclassic.com



ထဲကို ကျကုန်ကြလေတော့သည်။

"အား"

မြေအောက်မီးတောင်ကြီးနှစ်ခုမှ ပေါက်ကွဲပြီးထွက်လာခဲ့ကြသော ချော်ရည်များသည် မြောက်မဇ္ဈိမာတစ်ခွင်လုံး ပျံ့နှံ့သွားခဲ့ကာ. . လူနေအိမ်များ၊ အဆောက်အဦးများပင် စက္ကန့်ပိုင်းအတွင်းမှာပင် ဖုံးအုပ်သွားခဲ့ကြလေတော့သည်။ ရှေ့က ပြေးလွှားနေကြသော သူများကို နောက်မှလိုက်လာကြသော ချော်ရည်စီးကြောင်းကြီးက တမဟုတ်ချင်းပင် ဖုံးလွှမ်းခဲ့ကြလေသည်။

အချို့ချော်ရည်များသည် အနိမ့်ပိုင်းဆီကို တရဟော ထိုးဆင်းသွားခဲ့ကြသည်။ ချောက်ကြီးများထဲအထိ ရောက်သွားခဲ့ကြသည်။ အိမ်ထဲမှာ အိပ်ပျော်နေကြသော သူများသည် ချော်ရည်များ၏ အောက်ကို ရောက်သွားခဲ့ကြကာ သေဆုံးသွားကုန်ကြသည်။

မြောက်မဇ္ဈိမာတစ်ခွင်လုံး အော်သံ၊ ဟစ်သံ၊ ညည်းညူသံများက ငရဲပွက်သံတမျှ အသည်းခိုက်အောင် ဆူဆူညံလျက်ရှိနေကြသည်။ မြောက်အာဂါသာဆီသို့ ပြန်ပြေးကြသော ရဲမက်များသည်လည်း ချော်ရည်များဖုံးလွှမ်းခံရ၍သော်လည်းကောင်း၊ ပတ်ကြားအပ်ကြီးများထဲသို့ ကျသွားကြ၍လည်းကောင်း၊ မီးတောက်မီးလျှံများ၏ ဝါးမြိုခြင်းကို ခံကြရ၍သော်လည်းကောင်း၊ မရဏသေမင်း၏ ခေါ်ဆောင်သွားခြင်းကို ခံလိုက်ကြရလေသည်။

မဇ္ဈိမာတွင်ကား. .



မြောက်အာဂါသာ၏ ကပ်ဆိုက်နေသော အခြေအနေများကို ဖလ်လုံးကြီးထဲမှာ ကြည့်ရှုနေကြသူတစ်စု။

မဇ္ဈိမာအကြီးအကဲများနှင့် မဂ္ဂတို့ပင်တည်း။

"သြော်. . သူတို့ရဲ့ ကံကြမ္မာအတိုင်းဖြစ်လာကြတာကို ငါတို့ဘယ်လိုမှ မကယ်တင်နိုင်ကြတော့ဘူး၊ သူတစ်ပါးအပေါ်မှာ လွှမ်းမိုးဖို့ကြိုးစားကြသူတွေရဲ့ ဇာတ်သိမ်းဟာ မကောင်းလှပါလား. ."

မဇ္ဈိမာမှ ပုဂ္ဂိုလ်များသည် အားလုံးအတွက် စိတ်မကောင်းခြင်းကြီးစွာ ဖြစ်သွားခဲ့ကြရသည်။

မြောက်အာဂါသာမှ ထွက်ပြေးသွားခဲ့ကြသော သူများထဲမှ တော်တော်များများသည် လွတ်မြောက်သွားခဲ့ကြသည်။ တောင်အာဂါသာဘက်ကိုသော်လည်းကောင်း၊ မဇ္ဈိမာဘက်ကိုသော်လည်းကောင်း ရောက်သွားခဲ့ကြလေသည်။

မြောက်အာဂါသာတစ်ခွင်လုံး ချော်ရည်များဖုံးလွှမ်းသွားကြကာ တစ်တုင်းတစ်ပြည်လုံး ပျက်စီးသွားခဲ့လေသည်။ ဒုက္ခသည်များကို မဇ္ဈိမာနှင့် တောင်အာဂါသာတို့မှ ကောင်းစွာပင် ထိန်းသိမ်းကာ စောင့်ရှောက်ထားလေသည်။

မြေအောက်လှိုဏ်ဝှက်လမ်းကြောင်းမှ ထွက်ပြေးကြသော မြောက်အာဂါသာမှ ရဲမက်များသည်ကား ပြေးမပြေးရာ ပြေးမိကြသည်ဖြစ်၍ လမ်းများမှားကုန်ကြသည်။ မီးတောင်မှ

www.burmeseclassic.com



ပေါက်ကွဲပြီး ထွက်လာခဲ့ကြသော ချော်ရည်များသည် ပွင့်နေသော ဂူပေါက်များထဲသို့ တရဟောပင် စီးပြီးဝင်ကုန်ကြသည်။

"ဟာ. . ချော်ရည်တွေ. . ချော်ရည်တွေ"

အော်ဟစ်ပြီး နောက်ကြောင်းကို ပြန်လှည့်ကာ ပြေးကြသည်။ သို့သော် ပြေးသူတွေ၏နောက်က လျင်မြန်စွာ လိုက်လာခဲ့ကြသော ချော်ရည်များကို လွတ်အောင် မရှောင်နိုင်ကြတော့ နောက်က ဖုံးလွှမ်းသွားခဲ့ကြလေသတည်း။

"အား"

စိတြဒေဝီတို့သည် ထွက်ပေါက်များကို သိထားကြသူများပေမို့ ဝင်လာသည့် ဂူပေါက်ဝမှ ပြန်မထွက်မိကြတော့၊ ချော်ရည်များက ချောက်ထဲကို တရဟောစီးဆင်းလာခဲ့ကြကာ ဂူထဲကိုဝင်ရောက်လာခဲ့ကြပြီမို့ပင်။

"ကျုပ်နောက်က မြန်မြန်လိုက်လာခဲ့ကြ. . "

သေနက ဂူလိုဏ်လမ်းကြောင်းအတိုင်း ကွေ့ကာ. . ပတ်ကာ လျှောက်ပြီးတော့ ပြေးနေသည်။

မြေအောက်မီးတောင်ကြီးပေါက်ကွဲသွားပြီကို သူတို့ သိလိုက်ကြသည်။ မဇ္ဈိမာရဲမက်များသည်လည်း လမ်းကြောင်းကို မသိကြ၍ သေနနှင့် စိတြဒေဝီ၏ နောက်မှလိုက်သွားခဲ့ကြသည်။ အဆင်းလမ်းတစ်ခုကို သူတို့ရောက်လာခဲ့ကြသည်။

"ညာဘက်ကိုကွေ့ရင် မဇ္ဈိမာမြို့ထဲကိုရောက်ပြီ"

သေနက ပြောလိုက်သည်။ ဂူနံရံမှ အလင်းရောင်များက. . ထွက်နေကြ၍ တော်ပေသေးသည်။ လမ်းကိုကောင်းစွာ





ပင်မြင်နေကြရသည်။ တဝုံးဝုံးနှင့် ပြိုကျနေသော ဂူမျက်နှာကြက်မှ မြေသားများကြောင့် လွတ်အောင်ရှောင်ပြေးကြရသည်။

"ဟီး. . ဟီး. . ဟီး"

ထိုစဉ်. .

တဟီးဟီးနှင့် ထူးခြားသော အသံကြီးတစ်ခုက ထွက်ပေါ်လာခဲ့သည်။ လျှင်တော်လဲသံလိုလို၊ တောင်ဟီးသံကြီးလိုလိုပင်၊ သူတို့ရှေ့မှာ မဇ္ဈိမာသို့သွားသည့် လှို့ဝှက်လမ်းကြီးက ဘွားကနဲဆို ပေါ်လာခဲ့သည်။

သေနနှင့် ရဲမက်များသည် ထိုလမ်းကြီးပေါ်ကို ရောက်သွားခဲ့ကြသည်။ စိတြဒေဝီ၊ မျိုးဆက်နှင့် ကိုမိုးတို့က နောက်မှာ။ သူတို့သုံးယောက်သည် မဇ္ဈိမာသို့သွားသည့် လမ်းကြောင်းပေါ်ကိုမရောက်မီမှာ. .

မမျှော်လင့်မိသော အခြေအနေတစ်ခုက ဖြစ်ပွားခဲ့ရလေသည်။ ဂူလိုဏ်ထဲကအထွက် ကြီးမားသော အက်ကြောင်းကြီးတစ်ခုက ခြေတစ်လှမ်းအကွာမှာ ရုတ်တရက်ဖြစ်ပေါ်လာလေ၏။

"ဟင်"

"ဟာ"

မျိုးဆက်သည် စိတြဒေဝီ၏ လက်မောင်းကို ဖမ်းဆွဲထားလိုက်ရသည်။ ထိုသို့သာမဟုတ်ခဲ့လျှင် သူမသည် ပေါက်ကြားအက်ကြီးထဲကို ထိုးပြီးတော့ ကျသွားလိမ့်မည်ဖြစ်သည်။

သေနသည် ထိုအခြေအနေကို မြင်တွေ့သွားခဲ့သည်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရကား. .

"မြန်မြန်ခုန်ကူးလိုက်ကြ. . "

အော်ဟစ်ကာ သတိပေးလိုက်သော်လည်း နောက်ကျသွားခဲ့လေပြီ၊ အက်ကြောင်းကြီးသည် ပို၍ ကြီးမားလာသည်။ အက်ကြောင်း ဟိုဘက်ဒီဘက်သည် တစ်ဖြည်းဖြည်းနှင့် ဝေးသွားသည်။ သေသေချာချာကြည့်လျှင် မြေပြင်သည် ရွေ့လျားနေသည့်အဖြစ်ပင်တည်း။

"ဟာ. . ဝေးသွားပြီ၊ ဝေးသွားပြီ၊ ကူးလို့မရကြတော့ဘူး၊ ဂူထဲကိုပြန်ပြီးတော့ မဝင်ကြနဲ့တော့၊ ချော်ရည်တွေက တောက်လျှောက်စီးပြီးတော့ ဝင်လာနေကြပြီ. . "

သေနက တစ်ဖက်မှ လှမ်းအော်ပြီး သတိပေးလိုက်လေ၏။ မှန်သည်။ ချောက်ကြီးထဲကို စီးဆင်းလာခဲ့ကြသော ချော်ရည်များသည် တစ်ဖက်ဂူပေါက်ဝထဲသို့ ဝင်လာခဲ့လေပြီတည်း။ ဂူလိုဏ်လမ်းကြောင်းရှိသမျှ တောက်လျှောက်ပင် အရှိန်ပြင်းစွာဖြင့် စီးဝင်လာခဲ့ကြသည်။

"ချော်ရည်တွေ ဒီကိုရောက်လာဖို့ အချိန်နည်းနည်းပဲ လိုတော့တယ် ကေသာ၊ ရှေ့မှာချောက်ကြီးက ဖြစ်သွားပြီ၊ နောက်ကိုပြန်လှည့်လို့ကတော့ မဖြစ်တော့ဘူး"

မျိုးဆက်က ပြောလိုက်သည်။ ကိုမိုးက နောက်ကို လှည့်ပြီး နားစွင့်လိုက်ရာ. .

"ဟော. . ချော်ရည်တွေ စီးလာတဲ့အသံတွေကြားနေရပြီ၊ ရေလှိုင်းကြီးတွေလိုမျိုး ထွက်ပေါ်လာကြတဲ့ အသံတွေလိုပဲ. . "





မျိုးဆက်နှင့် စိတြဒေဝီတို့ကလည်း နားစွင့်လိုက်ကြရာ. .

"ဘွမ်း. . ဘွမ်း"

"ဝုန်း. . ဝုန်း. . "

"ဟုတ်တယ်. . ဟုတ်တယ်၊ အသံတွေက နီးလာကြပြီ"

စိတြဒေဝီက ပြောလိုက်သည်။ ချော်ရည်ပူ (ရွံ့ရည်ပူ) များက နီရဲနေကြသည်။ ယင်းမှ ထွက်နေကြသော အပူငွေ့များ၏ရိုက်ခတ်မှုများကိုပင် ခံစားနေကြရလေပြီ။

ဂူလိုဏ်လမ်းတွေပေါ်မှာ လျှောက်ပြေးနေကြသော မြောက်အာဂါသာမှ ရဲမက်များ၏အဖြစ်ကို မတွေးရဲကြတော့ပါ။ ထိုချော်ရည်ပူများသည် ထိုသူတို့၏ အသက်ကို ချမ်းသာရာ ပေးကြမည်မဟုတ်။

"ဟာ... ဟိုမှာ၊ ကြည့်စမ်း. . "

ကိုမိုးက ဂူအတွင်းပိုင်းဆီကို မေးငေါ့ပြလိုက်ရာ. . ဂူလိုဏ်ကွေ့တစ်ခုမှ တဝုန်းဝုန်းဖြင့် စီးဝင်လာသော ချော်ရည်များကို တွေ့လိုက်ကြရလေတော့သည်။

ရှေ့မှာလည်း ပတ်ကြားအက်ကြောင်းကြီးက ဝေးသထက်ဝေးသွားပြီး ချောက်ကြီးတစ်ခုအဖြစ်သို့ ရောက်သွားခဲ့လေပြီ။ နောက်ကို လှည့်ကြည့်လိုက်လည်း ချော်ရည်တွေ၏ ရန်က မလွတ်၊ ပတ်ကြားအက်ကြောင်းကြီးထဲကိုလည်း ချော်ရည်များက တရဟောပင်စီးပြီးဝင်လာနေကြသည်ကို တွေ့လိုက်ကြရပြန်သည်။

"ကဲ. . ဘယ်လိုလုပ်ကြမလဲ၊ အန္တရာယ်တွေကတော့



www.burmeseclassic.com

www.burmeseclassic.com



အဖက်ဖက်ကဝိုင်းနေကြပြီ. . "

မျိုးဆက်က ဘယ်လိုမှ မတတ်သာတော့သော အခြေအနေမို့ မေးလိုက်သည်။ စိတြဒေဝီသည် မိမိ၏ ထင်မြင်ချက်ကိုမပြော၊ ဂူအပြင်အပေါ်ကိုသာ မော့ကြည့်လိုက်သည်။ သူမ၏ မျက်နှာလေးသည် ချက်ချင်းမှာပင် တည်ငြိမ်သွားခဲ့လေ၏။

[စိတ်ဖြင့် အမိန့်တစ်ခုခု ပေးနေသည်ဟု ထင်၏။]

မကြာလိုက်ပါ။

"ဂီး"

စူးရှသောအသံကြီးတစ်ခုကို ကြားလိုက်ကြရသည်။ မြောက်အရပ်မှ သဏ္ဌာန်တစ်ခုက ပျံသန်းလာသည်။ ထိုသဏ္ဌာန်သည်ကား. .

ရေခဲငှက်ကြီးပင်တည်း။

ရေခဲငှက်ကြီးသည်. . သူ့တစ်ကိုယ်တည်းမဟုတ်၊ ကျောက်ဖျာကြီးတစ်ချပ်၏ထိပ်မှ လိုက်ပါလာခြင်းပင်ဖြစ်သည်။ မျိုးဆက်နှင့် ကိုမိုးတို့ အံ့အားသင့်သွားခဲ့ကြရသည်။

ယင်းကျောက်ဖျာဖြူဖြူကြီးသည် မီးတောင်ပေါက်ကွဲမှုကြောင့် လွင့်စင်လာပြီး ရေခဲငှက်ကြီးက စီးပြီးလိုက်လာခဲ့လေသလား၊ သို့မဟုတ် ရေခဲငှက်ကြီးသည် သူ၏ခွန်အားသတ္တိဖြင့် ကျောက်ဖျာကြီးကို ချီနိုင်ခဲ့လေသလား။

ရေခဲငှက်ကြီးသည် ကျောက်ဖျာကြီးပေါ်မှ လိုက်ပါလာခဲ့လေရာ. . မျိုးဆက်တို့၏ အနားကိုရောက်လာခဲ့သည်။

"မြန်မြန်. . ခုန်ချကြ"

စိတြဒေဝီက သတိပေးလိုက်သည်နှင့် ကျောက်ဖျာကြီး





ပေါ်ကို တစ်ပြိုင်တည်းပင် ခုန်ချလိုက်ကြလေသည်။ မျိုးဆက်သည် ဒလိမ့်ခေါက်ကွေးဖြစ်သွားကာ ကျသွားတော့မလိုဖြစ်သွားခဲ့ရ၍ စိတြဒေဝီက လှမ်းဆွဲထားလိုက်ရသေးသည်။ ထိုသို့ဖြစ်မိသွားသည့်အတွက် အရှက်ရသွားမိသေးသည်။ မိန်းကလေးလောက်သူက. . မဖျတ်လတ်၍။

သူတို့ကျောက်ဖျာကြီးပေါ်ကို ရောက်သွားခဲ့ကြသည်နှင့် ဂူထဲသို့ စီးဝင်လာခဲ့ကြသော ချော်ရည်ပူများမှာ ဂူပေါက်ဝမှ တဆင့် အောက်ကို တဝေါဝေါဖြင့် ထိုးကျသွားခဲ့ကြလေတော့သည်။ သီသီလေးပဲ လွတ်သွားခဲ့ကြခြင်းပင်။

သေနနှင့် သူ့လူများသည် ကျောက်ဖျာကြီးပေါ်မှာ ပါသွားခဲ့ကြသည်။ စိတြဒေဝီတို့ကို မြင်တွေ့လိုက်ရသည်။ ထို့နောက် မြင်ကွင်းထဲမှ လုံးကန်ဆို ပျောက်ကွယ်သွားခဲ့လေသည်။

ကျောက်ဖျာကြီးသည် တောင်စောင်းတစ်ခုနှင့် ရိုက်ခတ်ပြီးခါထွက်သွားသည်။ ရေခဲငှက်ကြီးသည်လည်း ရုတ်တရက် ထ,ပျံသွားသည်။ အရှိန်မသတ်နိုင်သော ကျောက်ဖျာကြီးသည် နောက်ထပ်တောင်ထိပ်တစ်ခုနှင့် ဆောင့်တိုက်မိသွားပြီးအပေါ်ကို ထောင်တက်သွားသည်။

သို့ရှိစဉ်. .

စိတြဒေဝီ၏လက်ထဲမှ မံသကျောက်မျက်လုံးအစုံကို တစ်ဦးတစ်ယောက်က ဆွဲယူလိုက်သလို ခံစားလိုက်ရသည်။ မျက်လုံးတွေက အောက်ကိုတပြိုင်တည်းလိုလို ရောက်သွားခဲ့ကြလေရာ တောင်တစ်ဖက်ခြမ်းကမူစွန်းတစ်ခုမှာ သဏ္ဌာန်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကို မမျှော်လင့်ပဲ တွေ့လိုက်ကြရလေ၏။

ညဘက်ရောက်နေသော်လည်း မြေအောက်ခေါင်းပွ ကမ္ဘာကြီးထဲရှိ အလင်းရောင်က လသာနေသကဲ့သို့ ထိန်ထိန် လင်းနေလျှက်ရှိသည်။ တည်ငြိမ်သော မျက်နှာဖြင့် သူတို့ကို လှမ်းပြီးတော့ ကြည့်နေသော ပုဂ္ဂိုလ်ကား. . သူတော်စင်ကြီး မင်းသိဒ္ဓိအောင်ပင်တည်း။

ရှန်ဘဲလားမှ ဂိုဏ်းချုပ်ကြီးမင်းသိဒ္ဓိအောင်ဖြစ်နေ သည်မှာ မလွဲနိုင်ပါ။ စိတြဒေဝီ၏လက်ထဲမှ မံသစက္ခုကျောက် မျက်လုံးသည် သူတော်စင်ကြီး၏လက်ထဲကို ရောက်ရှိသွား ခဲ့ပြီဖြစ်သည်။ သုံးယောက်စလုံး လက်အုပ်ချီမိလိုက်ကြသည်။

ထိုစဉ်. .

နားထဲမှာ ထူးခြားသောအသံများကို မမျှော်လင့်ပဲ ကြားလာခဲ့ကြရသည်။

"ဝူး. . ဝူး. . ဝူး"

"ဝေါ. . ဝေါ. . ဝေါ"

လေပြင်းတိုက်ခတ်လာသံများလိုလို၊ ငလျင်တော်လဲ သံများလိုလိုပင်၊ အရှိန်ဖြင့် လွင့်ပျံနေသော ကျောက်ဖျာဖြူဖြူ ကြီးပေါ်မှာ ဝမ်းလျားမှောက်ပြီးတော့ နေနေကြရသည်။ ကျောက်ဖျာတစ်ဖက်စွန်းကို လက်ဝါးနှစ်ဖက်ဖြင့် ဆုပ်ကိုင်ထား ကြရလေသည်။ မကြာမီ. . မြူထုကြီးကရှေ့မှာ ရုတ်တရက် ကျလာခဲ့သည်။ ဘာဆိုဘာမှ မမြင်ရတော့ပါ။

"ဒုန်း"

ကျောက်ဖျာကြီးသည် တစ်စုံတစ်ခုကို ဝင်ပြီး တိုက်မိ





သွားပြန်သည်။ အပေါ်ကို ထောင်တက်သွားခဲ့သည်ဟု ထင်မိလိုက်ကြသည်။ အသံတွေက နားထဲမှာ ပိုပြီးတော့ ဆူညံလာခဲ့ကြသည်။ စကားပြောသံတွေလိုလို။

လေဝဲကြီးထဲကိုရောက်နေသလိုမျိုး. . တစ်ခါတရံမှာ မဇ္ဈိမာ. . မြောက်အာဂါသာ၊ တောင်အာဂါသာဘက်မှ လူများ ၏စကားပြောသံများလိုလို ထွက်ပေါ်လာကြသည်။

မဂ္ဂ၏အသံ၊ သေန၏အသံ၊ နောက်ဆုံး ဘာနု၏ ကြိမ်းမောင်းသံများက မိမိတို့၏ အနားမှာ ပဲ့တင်ထပ်ကာ ပိပိသသကြားလိုက်ရပြီး ဝေးသထက်ဝေးသွားခဲ့ကြလေသည်။ မိမိတို့၏နောက်ကို အသံများ ထိုပုံရိပ်များက လိုက်ပါလာခဲ့ ကြလေသလားမသိပါ။

မီးတောင်ကြီးပေါက်ကွဲအပြီး မြောက်အာဂါသာမှ လူများ၏ ဒုက္ခဆင်းရဲကြုံတွေ့ကြရ၊ အော်ဟစ်၊ ညည်းညူသံများ ကလည်း နားတွေထဲမှာ ပေါက်ကွဲနေကြဆဲ။

ထို့နောက်. .

ယင်းအသံဗလံများက ဝေးသွားခဲ့ကြပြန်သည်။ ဘာကိုမှလည်း မမြင်ကြရတော့ပါ။ ကျောက်ဖျာကြီးသည် အမှောင်တစ်ခုခုကို ဝင်တိုက်ပြီးတိုင်း အရှိန်က ပိုပိုပြီးတော့ တင်လာသည်။ အောက်ကိုပဲ ဆင်းနေသလား၊ အပေါ်ကိုပဲ တက်နေသလား၊ မသိနိုင်ကြတော့ပါ။

"မြဲမြဲကိုင်ထားကြ၊ အောက်ကိုကျသွားကြလိမ့်မယ်. ."

မျိုးဆက်က သတိပေးလိုက်သည်။ သုံးယောက်စလုံး မှောက်ခုံကြီးဖြစ်ကာ လိုက်ပါသွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤကျောက်ဖျာကြီးသည် မည်သည့်အကြောင်းကြောင့် အရှိန်မတန့်နိုင်သေးပါသလဲ၊ ကျောက်ဖျာကြီးသည် အသက်ဝင်နေ၍လား၊ ဂမ္ဘီရစွမ်းအားရှင် ပုဂ္ဂိုလ်တစ်ဦးဦး၏ စွမ်းဆောင်မှုကြောင့်လား၊ ရေခဲငှက်ကြီးသည်လည်း ဘယ်ပျောက်သွားသလဲမသိ။

ဆူညံသောအသံဗလံများကြောင့် နားတွေထဲမှာ အူသထက်အူလာခဲ့ကြလေပြီ။ တစ်ယောက်နှင့်တစ်ယောက် သတိပေးသံများကိုလည်း မကြားကြရတော့။

ထိုစဉ်. .

"ဒုန်း"

ကျောက်ဖျာကြီးက အမာခံတစ်ခုခုကို ဝင်တိုက်မိလိုက်ဟန်တူသည်။ လည်ထွက်သွားသည်။ ရဟတ်ပမာလည်ပြီး အပေါ်ကိုတက်သွားသည်။

"ကိုင်ထားကြ၊ မြဲမြဲကိုင်ထားကြ. ."

မျိုးဆက်က အော်ပြီးတော့ သတိပေးလိုက်ပြန်သည်။ ကောင်းကင်ထက်မှာ အလင်းပေါက်ကြီးတစ်ခုကို မြင်တွေ့မိလိုက်ကြသလိုလိုပင်။ ထို့နောက် ကျောက်ဖျာကြီးက ရုတ်တရက်လှုပ်ခါသွားပြီး သုံးယောက်စလုံး လွင့်ထွက်သွားခဲ့ကြလေသည်။

"အား"

"အား"

(၂၆)

## မြေပေါ်ကမ္ဘာဆီသို့

အလင်းရောင်က မျက်လုံးထဲကို စူးလက်စွာဝင်လာ ခဲ့သည်။ မနေနိုင်တော့၍ မျက်ခွံတွေကို ဖွင့်ကြည့်မိလိုက်သည်။ တော်တော်နှင့် ဖွင့်၍ မရ၊ ထို့အပြင် မိမိ၏ ရင်ဘတ်ပေါ်မှာ လေလံ၍နူးညံ့သော အရာတစ်ခုက ဖိထားသည်ဟုလည်း ခံစား နေရသည်။ မျက်လုံးတွေကို ဖွင့်နိုင်ခဲ့ပြီဖြစ်သည်။ ရှေးဦးစွာ မြင်လိုက်ရသည်က မိုးကောင်းကင်ကြီးပင်။

ကောင်းကင်ပြာပြာကြီးက ကြည်လင်လျက်ရှိသည်။ တိမ်တွေက ရွေ့လျားနေကြသည်။

"ငါ. . ဘယ်ကိုရောက်နေတာလဲ"

မိမိ၏မှတ်ဉာဏ်တွေကို စုစည်း၍မရ၊ ဘာလိုပဲစဉ်းစား စဉ်းစား. . ရုတ်တရက်ပေါ်မလာ၊ ခေါင်းထောင်ပြီးတော့ ကြည့်လိုက်ရာ. .

www.burmeseclassic.com

www.burmeseclassic.com



"ဟင်.."

မိန်းကလေးတစ်ယောက်က မိမိ၏ရင်ဘတ်ပေါ်မှာ ကိုယ်တစ်ပိုင်းတင်ကာ မှောက်လျက်သားရှိနေသည်။ ထို့ကြောင့်.. အံ့အားတသင့်ဖြစ်သွားခဲ့ရသည်။ မိန်းကလေးကို လက်နှစ်ဖက်နှင့် ဆွဲထူပြီး ပွေ့ချီလိုက်လေရာ..

"ဟင်.. ဆာရာ.. ဆာရာ"

သူမကားအခြားသူမဟုတ်၊ ဂျစ်(ပ်)စီမလေးဆာရာဖြစ်နေသောကြောင့်ပင်တည်း၊ ဆာရာသည် သတိမေ့နေဟန်တူသည်။ တစ်ကိုယ်လုံးပျော့ခွေလျက်ရှိသည်။

မျိုးဆက်သည် တခဏအတွင်းမှာပင် အဖြစ်အပျက်များကိုပြန်ပြီးတော့ မှတ်မိနိုင်စွမ်းရှိလာခဲ့ရသည်။ ခေါင်းပွကမ္ဘာကြီးထဲမှာ ဖြစ်ပျက်ခဲ့ကြသည်များ၊ မန္တိမာ၊ အာကါသာတို့တွင် ကြုံတွေ့ခဲ့ကြရသည်များ၊ ရှန်ဘဲလားကို မမျှော်လင့်ပဲရောက်သွားခဲ့ကြ၍ သူတော်စင်ကြီးမင်းသိဒ္ဓိအောင်နှင့် ဆုံမိခဲ့ကြသည်များကစီကာ စဉ်ကာပင် ပေါ်လာခဲ့ကြသည်။ ထို့အပြင်..

ခေါင်းပွကမ္ဘာကြီးထဲမှ မြေအောက်မီးတောင်ကြီးနှစ်ခု ပေါက်ကွဲခဲ့အပြီး ကြုံတွေ့ခဲ့ကြရသည့် အနိဋ္ဌာရုံများ၊ လှိုဏ်ဂူလိုဏ်လမ်းကြောင်းထဲက ကျောက်ဖြစ်ရုပ်ကြွင်းရုပ်တုများ၊ မသေမီက မိစ္ဆာတစ်ပိုင်းဖြစ်နေသော ဘာနု၊ မံသစက္ခုကျောက်မျက်လုံး၊ ဝိညာဉ်ချုပ်လိပ်ပြာ၊ ရေခဲငှက်၊ စသည်.. စသည်တို့သည် တစ်ခုပြီးတစ်ခု ခေါင်းထဲမှာပေါ်လာခဲ့ကြလေ၏

ကျောက်ဖျာကြီးပေါ်မှ လိုက်ပါခဲ့ကြသည့် သူနှင့်ကိုမိုး၊ စိတြဒေဝီတို့ကို ပြန်ပြီးတော့ သတိရသွားခဲ့သည်၏ အဆုံးမှာ-





"ဟင်.. ကေ.. ကေသာ"

စိတြဒေဝီကိုလည်း သူ.. သတိရသွားခဲ့သည်။ သို့သော် သူ့ရင်ခွင်ထဲမှာ ရှိနေသည့် မိန်းကလေးကား ဂျစ်ပ်စီမလေးဆာရာသာတည်း။ သူ.. ဘယ်လိုမှ နားမလည်နိုင်တော့။

"ကိုမိုး.. ကိုမိုး၊ ခင်ဗျား.. ခင်ဗျား၊ ဘယ်မှာလဲ"

ကိုမိုးကိုလည်း အော်ဟစ်ကာ ခေါ်မိလိုက်လေသည်။ သုံးလေးကြိမ် ဆက်တိုက်ခေါ်ပြီးတော့မှ ..

"ဟေး.. မျိုးဆက်၊ ငါ.. ဒီမှာကွ"

တောင်ကုန်းအောက်မှလာသည့်အသံပင်ဖြစ်သည်။ မျိုးဆက် ဝမ်းသာသွားခဲ့ရလေ၏။

"ခင်ဗျားဘာဖြစ်သွားသေးသလဲ.. ကိုမိုး"

"ငါ.. ဘာမှမဖြစ်ပါဘူး၊ မင်းတို့ကော.."

"ဘာမှမဖြစ်ဘူး၊ ခင်ဗျားမြန်မြန်တက်လာခဲ့စမ်းပါ၊ ဒီမှာအထူးအဆန်းပြစရာရှိလို့.."

"ဟော့.. ဘာများလည်းကွာ.."

တစ်ခဏအကြာတွင် မျိုးဆက်သည် တောင်ကုန်းပေါ်ကို ကုပ်တွယ်၍တက်လာခဲ့လေသည်။ သူတို့၏ကိုယ်ပေါ်မှာ သေနတ်၊ လေး၊ မြားအစရှိသည့် ပစ္စည်းများ မရှိကြတော့ပါ။

"ငါတို့ ဘယ်ကိုကနေ ဘယ်လိုဖြစ်ပြီး ဒီနေရာကို ရောက်နေကြတာလည်းကွာ၊ ဒါ.. မြေအောက်ခေါင်းပွကမ္ဘာကြီးပဲလား၊ ဟို.. မင်းကောင်မလေးက သတိမေ့နေတာလား"

"ကိုမိုး.. အဲ့ဒီမေးခွန်းတွေက အရေးမကြီးဘူး၊ ဟောဒီမှာကြည့်စမ်းပါဦး.. ဘယ်သူလဲလို့"



www.burmeseclassic.com

www.burmeseclassic.com



ကိုမိုးက မျိုးအက်၏ရင်ခွင်ထဲက မိန်းကလေးကို သေချာစွာကြည့်လိုက်လေရာ. .

"ဟင်. . သူ စိတြဒေဝီလည်း မဟုတ်ပါလား၊ ဘယ်သူလဲ. . မျိုးဆက်"

"ဘယ်သူ ရမှာလဲဗျာ၊ ကျွန်တော်. . ခင်ဗျားကို ပြောပြောနေတဲ့ ဆာရာပေါ့. . "

"ဆာရာ၊ ဂျစ်ပ်စီမလေးဆာရာ. . ဟုတ်လား၊ သူ. . သူကဘယ်လိုကြောင့် မင်းရင်ခွင်ထဲကို ရောက်နေတာလဲ"

"အဲ့ဒီအဖြေကို ကျွန်တော်လည်း သိချင်နေတာပဲ၊ ကေသာလည်း ဘယ်ရောက်သွားသလဲ မသိဘူး"

ဘယ်လိုမှ မယုံကြည်နိုင်စရာကောင်းသော အဖြစ်အပျက်ကို ကြုံတွေ့ခဲ့ကြရပြီး ယခုလည်း ထူးဆန်းသော အခြေအနေတစ်ရပ်ကို ထပ်ပြီး ကြုံတွေ့လိုက်ကြရပြန်သည်။

ထိုစဉ်. .

ဆာရာသည် မျိုးဆက်၏ရင်ခွင်ထဲမှာ လွန့်လူးလာခဲ့လေ၏။ သူမ၏ပိတ်ထားသော မျက်ခွံမို့မို့လေးတွေက အလိုလို ပင်ဖွင့်လာခဲ့လေသည်။

"ဟော. . သတိရလာပြီ၊ ဆာရာ၊ မင်း. . ဘယ်လိုကြောင့် ဒီကိုရောက်နေတာလဲ"

"မောင့်ကို လာကြိုတာလေ၊ မောင်တို့ ဒီနေရာကို ရောက်လာလိမ့်မယ်ဆိုတာကို သိလို့ပေါ့"

"ဘာ. . လာကြိုတာ. . ဟုတ်လား၊ မဖြစ်နိုင်တာ. . ငါတို့ဘာတွေဖြစ်ပျက်ပြီး ဒီကိုဘယ်လိုရောက်လာကြတယ်





ဆိုတာကိုမင်းက သိထားလို့လား"

"သိတာပေါ့ မောင်ရယ်၊ မောင်တို့က ဟောဒီမြေပေါ် ကမ္ဘာကြီးရဲ့အောက်က ခေါင်းပွကမ္ဘာကြီးထဲကို ရောက်သွားခဲ့ကြတာ မဟုတ်လား၊ ခုပြန်ရောက်ချိန်တန်လို့ ရောက်လာခဲ့ကြတာလေ၊ ကျွန်မက အနာဂတ်ဖလ်လုံးကြီးကိုကြည့်ပြီးတော့ ပြောပြနိုင်တာပေါ့၊ ဘရာသာလည်း ဒီဖလ်လုံးကြီးရဲ့ အစွမ်းကို သိမြင်ဖူးခဲ့ပြီ မဟုတ်လား"

ဆာရာက မခို့တရို့ဟန်လေးနှင့် ပြောလိုက်လေရာ. .

"ဒါ. . ဒါနဲ့ ငါနဲ့အတူပါလာတဲ့ မိန်းကလေးတစ်ယောက် ရော. . မင်းတွေ့လိုက်သေးသလား"

"ဟင့်အင်း. . မတွေ့ဘူး၊ မောင်သတိလစ်နေတာကို စောင့်နေရင်း ကျွန်မလည်း အိပ်ပျော်သွားမိတာ၊ ဒီမှာ. . မောင် တစ်ယောက်တည်းကိုပဲ တွေ့ရတယ်"

"ဒါနဲ့ မင်းက ငါ့ကို ဘာဖြစ်လို့မောင်လို့ ခေါ်ရတာလဲ"

"အို. . မခေါ်ရဘူးလား၊ ခေါ်သင့်လို့ ခေါ်တာပေါ့ မောင်ကလည်း. . "

ဆာရာသည် မျိုးဆက်ကို မှီနွဲ့နေပြန်ရာ နှစ်ယောက်စလုံးအံ့အားသင့်သွားခဲ့ကြလေသည်။ ဆာရာသည် တစ်ခစ်ခစ်နှင့်ရယ်လိုက်ကာ ရင်ခွင်ထဲက ထိုးထွက်လိုက်သည်။ ထို့နောက် လက်တစ်ဖက်က ပါးဆီကို ရောက်သွားသည်။ သူမ၏ နှာရွက် အစပ်ကနေ၍ တစ်စုံတစ်ရာကို ဆွဲခွာလိုက်လေ၏။ အသားကပ်သားရေတုမျက်နှာက ကွာသွားသည်။ ပေါ်လာသည့် မျက်နှာကတော့ စိတြဒေဝီ. .



www.burmeseclassic.com

www.burmeseclassic.com



"ဟင်... ကေ. . ကေသာ၊ မင်း. . မင်း. ."

"ဟုတ်ပါတယ် ကေသာဟာ တစ်ခြားသူမဟုတ်ပါဘူး၊ ဆာရာပါပဲ မောင်ရယ်. ."

စိတြဒေဝီသည် ပြုံးပြုံးလေးပင် ပြန်ပြောလိုက်လေ၏။ သူမ၏နဖူးထက်မှ ရတနာဆံကျစ်မဲ့ကနက်ကလေးက ပေါ်လာခဲ့လေသည်။

"ကေသာ၊ မင်းတော်တော်တတ်နိုင်တာပဲ၊ မောင်. . မင်းကိုဆာရာဆိုတာ ဘယ်လိုမှ မရိပ်မိခဲ့ဘူးကွာ. ."

"ဟောဒီမျက်နှာဖုံးလေးဟာ မဖွိုမာပညာရှင်တွေရဲ့ လက်ရာပေါ့၊ ကေသာအမြဲဆောင်ထားတာ၊ တစ်နေ့ကျရင် ကေသာဟာ ဘယ်သူလဲဆိုတာ မောင်သိအောင်လို့ပေါ့၊ ကေသာ တမင်လျှို့ဝှက်ထားတာ မဟုတ်ပါဘူး၊ ကေသာဟာ ဒီကမ္ဘာမြေအောက်က ခေါင်းပွကမ္ဘာကြီးထဲက လာတဲ့သူဆိုတာ ဘယ်သူ့ကိုမှ မသိစေချင်ဘူးလေ"

"ခုတော့ သိသွားကြပြီလေ. . ကေသာ"

"သိချိန်တန်လို့ ကေသာက အသိပေးလိုက်တာပေါ့၊ ဘာဖြစ်လို့လည်းဆိုတော့ ကေသာက ကမ္ဘာ့မြေအောက် ခေါင်းပွကမ္ဘာကြီးထဲကို ပြန်မသွားတော့ဘူး. ."

"ဘာဖြစ်လို့"

"မောင်နဲ့ပဲ အတူတူနေတော့မလို့လေ"

"ကောင်းဗျာ၊ ဒါနဲ့. . ကေသာလို ဒီကမ္ဘာမြေပေါ်မှာ မြေအောက်ခေါင်းပွကမ္ဘာကြီးထဲက လူတွေ ရှိနေကြသေးသလား"

"အဲ့ဒါတော့ ကေသာမသိဘူး မောင်၊ မြေအောက်





ကမ္ဘာကြီးထဲကို သွားတဲ့ လျှို့ဝှက်တွင်းပေါက်ကြီးတွေ တော်တော်များများရှိနေကြတာ၊ အဝင်အထွက်ရှိချင်လည်း ရှိနေကြမှာပေါ့၊ ဒီမြေပေါ်ကမ္ဘာက လူတွေကသာ ကမ္ဘာမြေအောက်ကို မရောက်သလောက်ရှိနေကြတာ. ."

မျိုးဆက်နှင့် ကိုမိုးတို့သည် ခေါင်းကိုယမ်းခါလိုက်ကြလေ၏။ ဤကမ္ဘာမြေကြီး၏အောက် ခေါင်းပွကမ္ဘာကြီးထဲကို မမျှော်လင့်ပဲ ရောက်သွားခဲ့ကြသော သူတို့၏အဖြစ်သည် ယုံကြည်နိုင်စရာပင် မရှိပါ။ သူတို့အတွက်မှာလည်း ခြောက်အိပ်မက်တစ်ခုကို မက်ခဲ့သလိုသာတည်း။

မိမိတို့သည် ဤကမ္ဘာမြေပြင်ထက်ကို မည်သို့သော နည်းဖြင့် ရောက်လာခဲ့သည်လည်း မသိပါ။

"မျိုးဆက်၊ ငါတို့ ဘယ်ဒေသကို ရောက်နေကြသလဲ ဆိုတာလိုက်ပြီး လေ့လာကြည့်လိုက်ဦးမယ်၊ မင်းတို့နှစ်ယောက် ဒီမှာနေခဲ့ကြဦး. ."

"ကိုမိုး. . မသွားနဲ့၊ ကေသာ. . သိတယ်၊ ဒီနေရာဟာ မာန်အောင်ကျွန်းလို့ခေါ်တဲ့ မိန်းမလှကျွန်းပေါ်က တောင်နီ တောင်ကြီးတစ်ဝိုက်မှာပဲ. ."

"ဟင်. . ဟုတ်လား၊ ကေသာ. . ဘယ်လိုကြောင့် သိတာလဲ"

"ကေသာက ဂျစ်ပ်စီမလေး ဆာရာပဲလေ၊ နေရာအနှံ့ အပြားလျှောက်သွားနေတဲ့သူပဲ၊ သိတာပေါ့၊ အခုဒီ မာန်အောင်ကျွန်းရဲ့တောင်နီကြီးတစ်ဝိုက်မှာ ကမ္ဘာ့မြေအောက် ကမ္ဘာကြီးထဲကိုဆင်းတဲ့ ကယ်ပေါက်ကြီးတွေထဲက တစ်ပေါက်



www.burmeseclassic.com

www.burmeseclassic.com



ရှိနေတယ်၊ ကေသာတို့က အဲ့ဒီလှို့ဏ်ကယ်ပေါက်ကြီးထဲက ထွက်လာခဲ့ကြတာ. . "

"ဟင်. . ဒါတွေကို ကိုယ်တို့မသိခဲ့ရပါလား၊ ကေသာက အတတ်ပြောနိုင်လို့လား"

"မယုံရင် ကေသာ လိုက်ပြမယ်လေ"

"လိုက်ပြမနေပါနဲ့တော့ ကေသာရယ်၊ ဒီလှို့ဏ်ပေါက်ကြီးဟာ ဒီအတိုင်းပဲ ရှိနေပါစေတော့. . "

"မျိုးဆက်၊ ငါတို့မြေအောက်ကမ္ဘာက ထွက်လာကြတော့. . ညဘက်ကြီးပဲ ဒီကမ္ဘာမြေပြင်ပေါ်ကို ရောက်တော့ နေ့ဖြစ်နေပြီ၊ ဘယ်လိုနည်းနဲ့ ရောက်လာခဲ့ကြသလဲ မသိဘူး၊ ဟိုကျောက်ဖျာကြီးလည်း မတွေ့ရတော့ဘူး. . "

"ဟုတ်တယ်၊ ကျောက်ဖျာကြီးပေါ်မှာ ကျွန်တော်တို့ လိုက်ပါလာခဲ့ကြတာ၊ ဒါလောက်ကြီးတဲ့ ကျောက်ဖျာကြီးက ဘယ်ကိုရောက်သွားသလဲ. . "

ထိုအဖြေကို စိတြဒေဝီဆီက ရလိမ့်မည်ဟု ထင်သော်လည်း. . သူမက ဘာမှမပြောရပါ။ ထူးခြားသည်က မိမိတို့သည် ခရီးတစ်လျှောက်လုံး ပင်ပန်းခဲ့ကြသော်လည်း ယခုတော့ လန်းဆန်းတက်ကြွနေကြသည်။

တကယ်တော့ မိမိတို့ရောက်ခဲ့သည့်နေရာသည် လွန်စွာမှ လှို့ဏ်သော မြေအောက်ကမ္ဘာကြီးတစ်ခုပင်ဖြစ်သည်။ ယုံနိုင်စရာပင် မရှိချေ။

"ကျွန်တော်တို့ အပြန်လမ်းကို ရှာကြမယ် ကိုမိုး. . "

သုံးယောက်စလုံးနေရာမှ ထ,လိုက်ကြသည်။ ကိုမိုးက





တောင်ကုန်းလေး၏ တစ်ဖက်ကို ဆင်းသွားခဲ့လေသည်။

"ကေသာ၊ မဖွို့မာမှာ ကေသာက သိပ်ပြီးတော့ ထက်မြက်တဲ့မိန်းကလေးတစ်ယောက်ပဲ၊ ထူးခြားတဲ့စွမ်းအင်တွေလည်းရှိတယ်၊ ဒီမှာနေရင်တော့ ကေသာဟာ သာမန်မိန်းကလေးတစ်ယောက်ပဲ ဖြစ်လိမ့်မယ်. . "

"မောင် မသိသေးဘူးထင်တယ်၊ မဖွို့မာမှာ ကေသာဟာဘယ်လောက်ပဲ ထက်မြက်၊ ထက်မြက်၊ ထူးခြားတဲ့သူဖြစ်နေနေ၊ ဒီမှာတော့ ကေသာဟာ အဲ့ဒီစွမ်းအင်တွေ မရှိတော့ပါဘူး၊ သူ့အလိုလိုကွယ်ပျောက်သွားခဲ့ပါပြီ. . "

"ဘာကြောင့်လဲ ကေသာ"

"မဖွို့မာရဲ့ ဓါတ်သဘာဝစွမ်းအင်ကို ဒီမြေပေါ်ကမ္ဘာ အထိယူဆောင်လာလို့ မရဘူး၊ အားလုံးတော့ မဟုတ်ဘူး။ တချို့တစ်ဝက်တော့ ဆုံးရှုံးသွားခဲ့ရတယ်၊ ကေသာဟာ ဂျစ်ပ်စီမလေးလိုနေပြီး အတိတ်၊ အနာဂတ်ရဲ့အကြောင်းအရာတွေကို ဟောပြောတဲ့အတတ်ပညာတွေကို အသုံးချခဲ့တာပါ. .

အမှန်မှာတော့ ဒီကမ္ဘာမြေပေါ်မှာပဲ နေချင်တာ၊ မြေအောက်ကမ္ဘာကို ပြန်မသွားချင်တော့ဘူး၊ မောင်တို့ရဲ့ ဆန္ဒကို ဖြည့်ပေးချင်တဲ့အတွက် ကေသာက ခေါင်းပွကမ္ဘာကြီးထဲကို ပြန်ပြီး ဆင်းရတာပါ. .

ရှန်ဗဲလားက မဟိဒ္ဓိပုဂ္ဂိုလ်ကြီးတွေကလည်း မောင်တို့နှစ်ယောက်ကို လိုလားကြလို့ လမ်းမှန်ကို ပြပေးခဲ့ကြတာလို့လည်းယုံကြည်မိတယ်၊ တော်ရုံလူဟာ မြေအောက်ကမ္ဘာကြီးဆီကိုရောက်ဖို့ မလွယ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



စိတြဒေဝီက မျိုးဆက်ကို ရှင်းပြနေလေသည်။

"ဒီမှာ လာကြည့်ကြစမ်းပေ့"

ကိုမိုး၏အသံကို ကြားလိုက်ကြရသည်။ ပြေးသွားပြီး ကြည့်လိုက်လေရာ. . လွန်စွာမှ ကြီးမားသော ကျောက်ဖျာကြီး တစ်ချပ်ကို တွေ့လိုက်ကြရလေ၏။

"ဒါ. . ကေသာတို့ကို သယ်ဆောင်လာတဲ့ ကျောက်ဖျာကြီးပဲ၊ ဒါပေမယ့် ဒီကျောက်ဖျာကြီးဟာ အမြဲရှိနေမှာ မဟုတ်ဘူး၊ တစ်ချိန်ချိန်မှာ ပျောက်ကွယ်သွားမှာပဲ. ."

တောင်နီတောင်ကြီးကို လှမ်းပြီးတော့ မြင်နေရသည်။ တောင်နီတောင်၏ အရိပ်အာဝါသအောက်တွင်ရှိကသော သစ်ပင်များ၊ ကျောက်ခဲများ၊ သဲမြေများနှင့် ရွှံ့နွံများသည် အားလုံးအနီရောင်သာဖြစ်ကြ၏။ ထိုတောင်ရှိ တတိုင်းမွှေးပန်းများသည် တောင်၏ နယ်နိမိတ်မှာသာလျှင် အမွှေးရနံ့ရှိကြသည်။ ယင်းတောင်၏ နယ်နိမိတ်က ကျော်လွန်လျှင် အမွှေးရနံ့လုံးဝမရှိဟု အဆိုရှိ၏။

ခေါင်းပွကမ္ဘာကြီးထဲကိုဆင်းသော လှို့ဂှက်တွင်းပေါက်ကြီးများထဲမှ တစ်ခုသည် ဤမာန်အောင်ကျွန်းခေါ် မိန်းမလှကျွန်း၏ တောင်နီတောင်ကြီးတစ်ဝိုက်တွင် ရှိနေသည်။ ထို့အပြင် ကမ္ဘာ့ဗဟိုချက်တည်ရာ အရပ်သည် မြန်မာနိုင်ငံဖြစ်နေသည်ဟု ဆိုလျှင်. . ပို၍ပင် အံ့အားသင့်မိရလေသည်။ ထူးဆန်းလှသည်တကား။

"မျိုးဆက်ရေ၊ ငါတို့ကြုံတွေ့ခဲ့ကြတာတွေကို လူတကာ ပြောပြလည်း ယုံနိုင်စရာမရှိဘူး၊ ဟိုလူတွေကိုလည်း ပြောမပြ





ပါနဲ့တော့၊ ထပ်ပြီးတော့ အငြင်းအခုန်ဖြစ်ကြရဦးမယ်. ."

"ဟုတ်တယ်၊ ဘယ်သူ့ကိုမှ ပြောမပြတာ အကောင်းဆုံးပဲ. . ကိုမိုး၊ ဒါမျိုးဆိုတာ ယုံကြည်ရခက်တဲ့ ကိစ္စမျိုးပျ. . ကေသာကရော"

"လှို့ဝှက်အပ်သောစကားကို မည်သူ့ကိုမှ ပြောမပြရဘူးတဲ့၊ ဘုရားအလောင်းပညာရှိမဟောသဓာက သတိပေးဖူးခဲ့တယ်လေ မောင်ရဲ့. . ဟင်း. . ဟင်း. . ဟင်း"

စိတြဒေဝီ၏ စကားကြောင့် မျိုးဆက်အံ့အားသင့်သွားခဲ့ရသည်။ ဤမိန်းကလေးသည် ထူးဆန်းအံ့ဩဘွယ်ကောင်းသည်။ တော်တော်လေးကို နှံ့စပ်သည်။

"ကေသာ နဖူးက ရတနာဆံကျစ်မှဲ့နက်လေးက မောင့်အတွက် အမှတ်အသားတစ်ခုပဲ၊ ဂျစ်ပ်စီမလေးဆာရာ အသွင်ပြောင်းထားတဲ့ စိတြဒေဝီဆိုတာ ယုံကြည်လောက်တဲ့ သက်သေပဲ၊ ဒါပေမယ့်. ."

"ဘာ. . ဒါပေမယ့်လဲ မောင်"

"နောက်ထပ်ထင်ရှားတဲ့ အမှတ်အသားလေးတွေ ရှိသေးတယ်၊ ကိုယ်ထပ်ပြီးရှာရဦးမယ်. . ဒါမှ. ."

"အို. . မောင်ကလည်း"

သူမက ရှက်စနိုးဖြင့် ပြောလိုက်သည်။ မျက်နှာလေးကလည်း ပန်းနုရောင်သန်းသွားခဲ့လေ၏။

ထိုစဉ်. .

"ဂိ. ."

ကောင်းကင်ထက်မှ ရုတ်တရက်ထွက်ပေါ် လာသော



www.burmeseclassic.com

www.burmeseclassic.com



အသံ၊ မော့ကြည့်လိုက်ကြရာ လွန်စွာမှ ကြီးမားသော ငှက်ကြီး တစ်ကောင်သည် သူတို့အပေါ်မှ ဝဲပျံသွားရင်း တောင်နှီတောင် ၏တစ်နေရာကို ထိုးဆင်းသွားခဲ့လေသည်။ ရေခဲငှက်ကြီးပင် တည်း။ ခေါင်းပွကမ္ဘာထဲသို့ဆင်းသော တွင်းပေါက်ကြီးထဲသို့ ဝင်ရောက်သွားလေသလားဟု ထင်မိလိုက်ကြလေသည်။ ရေခဲငှက်ကြီးကား သူတို့၏အခြေအနေကို ကြည့်ပြီး စိတ်ချရ တော့မှ ပြန်သွားခဲ့လေသလား မပြောတတ်ပါ။

"ရေခဲငှက်ကြီးဟာ ဒီအထိအောင် လိုက်လာတယ်နော် ကေသာ. ."

"ဟုတ်တယ်၊ သံယောဇဉ်ပေါ့လေ၊ ဒါပေမယ့်. . သူ ဒီမှာကြာကြာမနေနိုင်ပါဘူး"

သူမက ပြန်ပြောလိုက်သည်။ မျိုးဆက်သည် ကေသာ၏ လက်ကို ဆုပ်ကိုင်ထားလိုက်သည်။ ကမ္ဘာ့မြေ အောက်ခေါင်းပွကမ္ဘာကြီးထဲမှာ မွေးဖွားခဲ့သော မိန်းကလေး တစ်ယောက်နှင့် ဆုံဆည်းခဲ့ရလိမ့်မည်ဟု မည်သည့်အခါမှ မထင်မှတ်မိခဲ့ပါ၊ မြေပေါ်ကမ္ဘာသားမျိုးဆက်နှင့် မြေအောက် ကမ္ဘာသူ စိတြဒေဝီခေါ် ကေသာတို့ ဖူးစာဆုံခဲ့ကြရသည်မှာ ထူးဆန်းလှချေသည်တကား. . .

ဆက်၍ကြိုးစားပါဦးမည်

မင်းစက္က





မှီငြမ်းပြု

ကမ္ဘာမြေကြီးအလယ်ဗဟိုမှ ဥမင်လိုဏ်ခေါင်းကြီး..

[PYRENEES MOUNTAINS IUNDER SEA TUNNEL]

[SUN....15.12.92]

ရေခဲပြင်ပေါ်မှာ မိုင်ပေါင်းရာကျော် (တင်ထွန်းအုန်း)

[THE DISCOVERY OF THE NORTH POLE]

ပတ်ဝန်းကျင်မှ [ဆရာဒီမွှ]

[THE HOLLOW EARTH...]

စာရေးသူ၏ ကိုယ်တွေ့ဖြစ်ရပ်များနှင့် အတွေ့တွေ့ဗဟုသုတ။

သင်ဆရာမြင်ဆရာ၊ ကြားဆရာအပေါင်းတို့နှင့်..တကွ

ကျမ်းပြုပုဂ္ဂိုလ်အပေါင်းတို့အား ရိုသေလေးမြတ်စွာဖြင့် ဂါရဝပြုပါသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

